မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၆၈)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖိလစ်ပိုင်သံအမတ်ကြီးနှင့် နီပေါသံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်

စာမျက်နှာ ၃ ကော်လံ ၅ ❁

နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ နီပေါ ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘင်း ကေ အူးဒက်စ်အား လက်ခံတွေ့ဆုံစဉ်

(သတင်းစဉ်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ဦးစားပေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် ကြေညာချက်ထုတ်ပြန်

စာ » ၃

မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး

စာ » ၄

လူဝင်မှုကန့်သတ်ချက်ဥပဒေကို အမေရိကန်အမြင့်ဆုံးတရားရုံးက ပြန်လည်ခွင့်ပြု

စာ » ၁၀

မြန်မာ-ဂျပန်ပူးပေါင်းပြီး မြန်မာ့စာတိုက်ပုံးအသစ်များတည်ဆောက်မည်

သတင်းနှင့်ဓာတ်ပုံ

တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံရှိ စာပို့ဝန်ဆောင်မှုတိုးတက်ကောင်းမွန်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ မြန်မာ့စာတိုက်ပုံးအသစ်ပြန်လည် တည်ဆောက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့စထရင်းဟိုတယ်၌ ဇွန် ၂၇ ရက် နံနက်က ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံပြည်တွင်းရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ပူးတွဲပြီး မြန်မာနိုင်ငံစာပို့ဝန်ဆောင်မှု တိုးတက်လာစေရန် ၂၀၁၄ ခုနှစ်မှ စတင်ကာ ဂျပန်နိုင်ငံက ကူညီထောက်ပံ့ခဲ့ခြင်း ဖြစ်သည်။ လောလောဆယ်တွင် မြန်မာနိုင်ငံတစ်ဝန်း စာတိုက်ပုံးများ အသစ်ပြန်လည်တည်ဆောက်ရာ၌ ရန်ကုန်၊ နေပြည်တော်

စာမျက်နှာ ၃ ကော်လံ ၄ ❍

ရန်ကုန်မြို့ကမ်းနားလမ်းရှိ မြန်မာ့စာတိုက်ပုံးအသစ်သို့ စာလာထည့်သူနိုင်ငံခြားသားတစ်ဦးအား တွေ့ရစဉ်

KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အား အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေး

SME (Small and Medium Enterprise) အသေးစားနှင့်အလတ်စား လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားတွင် အရေးပါသော အခန်းကဏ္ဍများ၌ ရှိနေကြသည်။ စီးပွားရေးအင်အားကြီးနိုင်ငံများတွင်ပင် SME များသည် အရေးပါကြပြီး ကမ္ဘာကျော်ကုန်အမှတ်တံဆိပ်ပိုင်ရှင် ကော်ပိုရေးရှင်းကြီး တချို့သည်ပင် SME ဘဝမှစတင်ခဲ့ကာ မိမိတို့၏ ထုတ်ကုန်များအတွက်လည်း SME များနှင့် ချိတ်ဆက်၍ လုပ်ငန်းခွဲဝေလုပ်ကိုင်ကြရသည်။ နိုင်ငံများအနေဖြင့်လည်း SME ခေါ် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးသည်နှင့်အမျှ အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည့်အတွက် SME များ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးကြရသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်း အဓိပ္ပာယ်သတ်မှတ်ရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားမှုတို့ရှိသည်။ မိမိတို့နိုင်ငံအနေဖြင့် အသေးစားလုပ်ငန်းများအား ထုတ်လုပ်မှုကဏ္ဍ၌ လုပ်သား ၁၀ ဦးမှ ၇၀ ကြား၊ မြေအရင်းအနှီးဖိုးမပါ ကျပ်သန်း ၅၀၀ အောက်ရင်းနှီးမြှုပ်နှံထားသောလုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်သားဦးရေ ၁၀ ဦးမှ ၅၀ ကြား၊ မြေတန်ဖိုးမပါ ကျပ်သန်း ၂၀၀ အောက်ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများကိုဆိုလိုပြီး အလတ်စားလုပ်ငန်းများကိုမူ ထုတ်လုပ်မှုကဏ္ဍတွင် လုပ်သားအင်အား ၇၀မှ ၁၅၀ ကြားရှိပြီး ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၁၀၀ အောက်နှင့် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်သား အင်အား ၅၀ မှ ၁၀၀ ကြားရှိပြီး ရင်းနှီးမြှုပ်နှံမှုကျပ်သန်း ၅၀၀ အောက် ရှိသောလုပ်ငန်းများဟု ဖွင့်ဆိုထားသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဖြင့် စတင်ကြရသည့်အလျောက် နိုင်ငံတော်အစိုးရက SME လုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားကာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ယမန်နှစ်အတွင်းကပင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

တစ်ဖက်တွင်လည်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်နှင့် ၎င်းတို့ကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုအားပေးရန်အချက်များကို စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် သက်ဆိုင်ရာဥပဒေများတွင် ပါဝင်ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။ မိမိတို့နိုင်ငံပြည်တွင်းစီးပွားရေးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ရှိသည့်အလျောက် SME များ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ၊ အခြေခံအဆောက်အအုံများ စသည့်ပံ့ပိုးကူညီမှုများကို ဖိဖိစီးစီးဆက်လက်ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းဈေးကွက်အတွင်းသို့ ပတ်ဝန်းကျင်နိုင်ငံများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများမှသည် သားငါးနှင့် ပန်းမန်၊ သစ်သီးဝလံများအထိ ဝင်ရောက်လာနေကြရာ ပြည်တွင်းရှိနည်းပညာအရ၊ ရင်းနှီးမြှုပ်နှံမှုအရ နိမ့်ကျသော၊ အရည်အသွေးလည်းကောင်းမွန်မှုမရှိ၊ ထုတ်လုပ်မှုစရိတ်လည်း မြင့်နေသော လုပ်ငန်းများအနေဖြင့် ယှဉ်ပြိုင်နိုင်မှုမရှိဘဲ တစ်စတစ်စနှင့်ပြိုလဲသွားမည့်အခြေအနေသို့ ရောက်ရှိသွားနိုင်မည် ဖြစ်သည်။ ယင်းအခြေအနေတို့ကို ရှောင်လွှဲနိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဖန်တီးပေးကာ အစိုးရနှင့်ပုဂ္ဂလိကတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု ရှုမြင်မိပါကြောင်း။ ။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကမ္ဘာ့သင်္ဘောသားများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့သင်္ဘောသားများနေ့နှင့် (၁၅) ကြိမ်မြောက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ရန်ကုန်မြို့အင်းလျားလမ်းရှိ ရွှေရှမ်းကန်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်နာယကဆရာကြီး ဒေါက်တာတင်လှိုင်၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ သင်္ဘောသားမိသားစုများထဲမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ၅၄ ဦးကို တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် ဇွန် ၂၅ ရက်ကို အပြည်ပြည်ဆိုင်ရာ သင်္ဘောသားနေ့အဖြစ် သတ်မှတ်ထားကြောင်းသိရသည်။ အဖွဲ့ချုပ်၏ လုပ်ငန်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ကပ္ပတိန်ကျော်မြဦးက "သင်္ဘောသားတွေဟာ အရေးကြီးတဲ့အစိတ်အပိုင်းမှာပါပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကုန်သွယ်ရေးကြောင်း၊ ကုန်ပစ္စည်းသယ်ပို့မှုဟာ သင်္ဘောသားတွေရဲ့အလုပ်ပါ။ ကျွန်တော်တို့ ခုတွေ့မြင်နေရတဲ့ ပစ္စည်းတွေအကုန်လုံးဟာ ကုန်သွယ်ရေးကြောင်းကသယ်လာတဲ့ ပစ္စည်းတွေပါ။ ကုန်သွယ်ရေးကြောင်းရဲ့ အဓိက တစ်ကမ္ဘာလုံးရှိတဲ့ ကုန်ပစ္စည်းတွေကို တစ်နေရာက တစ်နေရာကို ပို့ဆောင်ပေးတာပါ။ ဒီလိုလုပ်ဖို့ဟာလဲ၊ သင်္ဘောသားတွေ မရှိလို့မဖြစ်ဘူး။ ဒါကြောင့် သင်္ဘောတွေကော သင်္ဘောသားတွေပါ အရေးကြီးတယ်လို့ ပြောချင်ပါတယ်" ဟု ပြောကြားသည်။

၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့ရေကြောင်း အဖွဲ့ချုပ်ကသတ်မှတ်ထားသော ဆောင်ပုဒ်မှာ "Seafarers Matter" ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်တွင် အဖွဲ့ဝင် ၈၀၀၀ ကျော်ရှိကြောင်းသိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

အခွန်ပညာပေးအလုပ်ရုံဆွေးနွေး

သီပေါ ဇွန် ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အခွန်ဦးစီးဌာနမှ ကြီးမှူး၍ အခွန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အေးငြိမ်းက ၂၀၁၇ခုနှစ်ပြည်ထောင်စု၏အခွန်ကောက်ဥပဒေနှင့် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၁၇ တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ထင်သာမြင်သာ ပြုပြင်စရာ

ပျက်စီးနေသော မြို့လယ်လမ်းမကြီး ပြန်လည်ပြုပြင်ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ ပေါက်တိုက်ရပ်ကွက်နှင့် အောင်မေတ္တာရပ်ကွက်အစပ် (ပါဝါစက်သုံးဆီဆိုင်ရှေ့)၊ ပြည်ထောင်စုလမ်းမသည် ရဟန်းရှင်လူပြည်သူများ၊ ဈေးသွားဈေးပြန် ဈေးသည်များ၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်းသွား လာရာတွင် အဓိကဖြတ်သန်းသွားလာရသော လမ်းဖြစ်သည်။

ယင်းသို့ဖြတ်သန်းသွားလာရာတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီး၊ စက်ဘီးအပြင် လမ်းလျှောက်သွားလာကြသူများသည် ရွှံ့ချိုင့်ခွက်များပေါ် ဖြတ်သန်းသွားလာရသဖြင့် အဆင်မပြေမှုများ ဖြစ်ကြရသည်။ နယ်စပ်မြို့ဖြစ်သည်နှင့်အညီ အဓိကမြို့လယ် လမ်းမကြီး အချိန်ကြာမြင့်စွာ ပျက်စီးနေသော်လည်း ပြုပြင်ခြင်းမရှိသဖြင့် နှစ်စဉ် မိုးရာသီကာလတွင် သွားလာရေးအဆင်မပြေဖြစ်ကြရသည်။ ဖွံ့ဖြိုးတိုးတက်နေသော နယ်စပ်မြို့အနေဖြင့် မြို့လယ်လမ်းမကြီးပျက်စီးနေမှုကြောင့် မြို့အလှပုံရိပ် ကျဆင်းရပြီး အများပြည်သူအတွက် သွားလာရေး အဆင်ပြေချောမွေ့စေရန် သက် ဆိုင်ရာတာဝန်ရှိသူများက ပြုပြင်ပေးရန် ပြည်သူများက လိုလားနေကြကြောင်း သိရသည်။ **(၁၁၈)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၆-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၀၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၅၅၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၀၉၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၀/၆၈၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၃၅ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၀/၇၀၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၆၁ . ၀
ဥရောပ	တစ်ယူရို	၁၅၂၄ . ၀
စင်ကာပူ	တစ်ဒေါ်လာ	၉၈၁ . ၂၉
ထိုင်းဘတ်	တစ်ဘတ်	၄၀ . ၁၁
အိန္ဒိယ	တစ်ရူပီး	၂၁ . ၀၉
တရုတ်	တစ်ယွမ်	၁၉၉ . ၀၇
မလေးရှား	တစ်ရင်းဂစ်	၃၁၇ . ၄၀

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘင်း ဂေ အူးဒက်စ်သည် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာက ၎င်း၏ခန့်အပ်လွှာပေးအပ်စဉ်
(သတင်းစဉ်)

ဦးကိုကိုရှိန်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်း ကိုယ်စားလှယ် ဦးကိုကိုရှိန်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး စစ်ဆေး

ဖယ်ခုံ ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီးဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသခံတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်နှင့် ရုံးဌာနများကို အများပြည်သူ စဉ်ဆက်မပြတ်ဝင်ထွက်သွားလာသည့်နေရာ၊ ပြည်သူများနှင့် အကျွမ်းတဝင်ရှိသည့် နေရာများဖြစ်လာစေရေး ဆောင်ရွက်ရန်၊ စာပေဗဟုသုတများ လေ့လာဖတ်ရှုရန်၊ မိမိတို့၏ စွမ်းရည်များမြင့်မားစေရေးဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ကိုထွေး(ဖယ်ခုံ)၊ မောင်မောင်ထွေး(ပြန်/ဆက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ဦးစားပေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် ကြေညာချက်ထုတ်ပြန်

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀/၂၀၁၆ ဖြင့် ပြဋ္ဌာန်းပေးခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ အတည်ပြုပေးခဲ့သည့်အတွက် ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူမြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် အောက်ဖော်ပြပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများအား အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများ တင်ပြကြရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ။
- (ခ) တိရစ္ဆာန် မွေးမြူထုတ်လုပ်ခြင်းနှင့် ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများ။
- (ဂ) ပို့ကုန်မြှင့်တင်နိုင်မည့် ကုန်ထုတ်လုပ်ငန်းများ။
- (ဃ) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ။
- (င) လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ။
- (စ) ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာလုပ်ငန်းများ။
- (ဆ) ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ။
- (ဇ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။
- (ဈ) တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ။
- (ည) စက်မှုမြို့တော်တည်ဆောက်မှု လုပ်ငန်းများ။

၃။ သို့ဖြစ်ပါ၍ အထက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာ့ဂီတနေ့အခမ်းအနား မကွေးမြို့၌ ကျင်းပ

မကွေး ဇွန် ၂၇

နိုင်ငံသမိုင်းခေတ်အဆက်အဆက်တွင် ပြည်သူနှင့်နိုင်ငံတော်ကို အလုပ်အကျွေးပြုခဲ့သော ဂီတပညာရှင်များအား ဂုဏ်ပြုသောအားဖြင့် သတ်မှတ်ခဲ့သည့် မြန်မာ့ဂီတနေ့အခမ်းအနားကို ဇွန် ၂၇ ရက်နံနက်က မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာအား မြန်မာနိုင်ငံဂီတ အစည်းအရုံး(မကွေး)ဥက္ကဋ္ဌ ဦးသိုက်ထွန်းက ဖတ်ကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးက သက်ကြီးဂီတပညာရှင်ငါးဦးအား ကန်တော့ငွေများ ပေးအပ်ခဲ့သည်။

ဇေယျတု(မကွေး)

သံတွဲမြို့နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များ ရွေးချယ်

သံတွဲ ဇွန် ၂၇

သံတွဲမြို့နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေး ကော်မတီဝင်များ တစ်နှစ်သက်တမ်း ကာလကုန်ဆုံးသွားပြီဖြစ်သဖြင့် ကော်မတီ အသစ်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၂၇ ရက် နံနက်က သံတွဲမြို့ ဒွါရာဝတီမြို့နယ် ခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်ရေး ကော်မတီရွေးချယ်ဖွဲ့စည်းခြင်း၊ ရွေးချယ်ခြင်းနှင့်ပတ်သက်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ယာဉ်လုပ်ငန်း ကြီးကြပ်ရေးအတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌကိုယ်စားလှယ်များကို မဲစနစ်ဖြင့်ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ကြရာအတွင်းရေးမှူး ဦးသန်းဇော်မင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးညီလေး၊ ဥက္ကဋ္ဌ ဦးထွန်းသန့်ကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်း၊ ဘဏ္ဍာရေးမှူး ဦးဟန်ရှိန်၊ စာရင်းစစ် ဦးကျော်သူထွန်းနှင့် အဖွဲ့ဝင်အဖြစ် ဦးညွှန့်ဝင်းတို့ကို ယာဉ်လိုင်း ခုနစ်လိုင်းမှ ကိုယ်စားလှယ် ၂၁ ဦးတို့က ရွေးချယ်တင်မြှောက်ပေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

❍ ရှေ့ဖုံးမှ

နှင့် မန္တလေးမြို့တို့တွင် စတင်ဆောင်ရွက်နေပြီး စုစုပေါင်းစာတိုက်ပုံးသစ် ၂၅၀ ကို တည်ဆောက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် စာတိုက်ပုံးသစ် ၁၅၀ ကိုတည်ဆောက်နိုင်ခဲ့ပြီးဖြစ်သလို နေပြည်တော်တွင် စာတိုက်ပုံးအသစ် ၅၀ နှင့် မန္တလေးမြို့တွင် စာတိုက်ပုံးအသစ် ၅၀ ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ စာတိုက်ပုံးများကို နောက်ဆုံးပေါ် ဂျပန်စာတိုက်ပုံးများအဖြစ် အသစ်ပြောင်းလဲတည်ဆောက်မှုအား Fuji Xerox နှင့် Nagata Myanmar တို့က ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စာပို့လုပ်ငန်းနယ်ပယ်တွင် မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်ရာ၌ ဂျပန်နိုင်ငံ Fuji Xerox က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံပြည်သူများအနေဖြင့် စာတိုက်ကိုယုံကြည်မှုတိုးတက်လာစေရန် ကြိုးစားသွားမည်ဖြစ်ပြီး စာတိုက်ကလည်း သတ်မှတ်အချိန်၊ နေ့ရက်များအတိုင်း စာများပေးဝေသွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စာပို့လုပ်ငန်းများ ထင်သာမြင်သာရှိရန် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး လက်ရှိဆောင်ရွက်နေသော ပြည်တွင်း ပြည်ပစာပို့လုပ်ငန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများဆွေးနွေး

နေပြည်တော် ဇွန် ၂၇

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian-Ludwig Weber-Lortsch အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ-ဂျာမနီ နှစ်နိုင်ငံစစ်ရေးနှင့် မသက်ဆိုင်သည့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ဂျာမနီနိုင်ငံမှ ကူညီဆောင်ရွက်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian-Ludwig Weber-Lortsch အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ (ယာပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ငါးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လေးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး)၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့် စီမံကိန်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကာကွယ်ရေးနှင့် သယံဇာတ)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေးနှင့်မူဝါဒ)တို့က သုံးဘာသာဂုဏ်ထူးရှင် ၂၄ ဦးတို့အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မထက်စံရွှန်းလဲ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၅ ဦး စုစုပေါင်း ၁၉၉ ဦးမှ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး ရိုးရိုးအောင်မြင်သူ ၅၃၆ ဦးအပါအဝင် စုစုပေါင်း ၇၃၅ ဦး အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်ပုံတင်ထားသော မြေသြဇာများ စံချိန်စံညွှန်းနှင့်မကိုက်ညီလျှင် မြေသြဇာဥပဒေအရ အရေးယူလျက်ရှိ

နေပြည်တော် ဇွန် ၂၇

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေး တိုးတက်မြင့်မားရေး၊ စားသုံးသူ ဘေးကင်းလုံခြုံရေးတို့အတွက် အဓိကသွင်းအားစုဖြစ်သော မြေသြဇာနှင့် သွင်းအားစု စိုက်ပျိုးရေးသုံးဆေးဝါးများ အရည်အသွေးပြည့်ဝရေး၊ ဘေးကင်းလုံခြုံမှုရှိစွာ သုံးစွဲနိုင်ရေးတို့အတွက် ဥပဒေ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်နိုင်ရန် မြေသြဇာကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အကြိမ်(၂၀)မြောက် မြေသြဇာကော်မတီအစည်းအဝေးကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး မြေသြဇာကော်မတီအတွင်းရေးမှူးက အစည်းအဝေးက စိစစ်ဆုံးဖြတ်ရမည့် ကိစ္စရပ်များအား ဖတ်ကြားတင်ပြရာ မြေသြဇာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဝိုင်းဝန်း ဆွေးနွေးအကြံပြုဆုံးဖြတ်ခဲ့ကြသည်။

မြေသြဇာကော်မတီအနေဖြင့် ၁၀ နှစ်တာကာလအတွင်း ပြည်တွင်းထုတ်လုပ်မြေသြဇာမှတ်ပုံတင်လက်မှတ်၊ ပြည်တွင်းသို့ တင်သွင်းမှတ်ပုံတင်လက်မှတ်နှင့် ပြည်ပသို့တင်ပို့သည့် မှတ်ပုံတင်လက်မှတ် စုစုပေါင်း ၃၆၅၇ စောင်တို့အား ထုတ်ပေးခဲ့ပြီး ခေတ်စနစ်နှင့် လျော်ညီစေရန် မြေသြဇာဥပဒေ၊ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုပြင်ဆင်ခဲ့ရာ မြေသြဇာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှုန်ကန်ရေးအတွက် မြေသြဇာအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မြေသြဇာများကိုသာ မှတ်ပုံတင်ခွင့်ပြုပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချစေလျက်ရှိကြောင်း သိရသည်။

မှတ်ပုံတင်လျှောက်ထားလာသည့် မြေသြဇာတွင်ပါဝင်သော အာဟာရဓာတ်အချိုးအစားကို စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးပြီး အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီမှုသာ မြေသြဇာကော်မတီက မှတ်ပုံတင်ခွင့်ပြုကြောင်း၊ ဈေးကွက်အတွင်းရှိသည့် မြေသြဇာများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဖွဲ့စည်းပေးထားသည့် မြေသြဇာစစ်ဆေးရေးအဖွဲ့များက မှတ်ပုံတင်ထားခြင်း ရှိ/မရှိ၊ အလေးချိန်ပြည့်ဝမှု ရှိ/မရှိနှင့် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှု ရှိ/မရှိ တို့အား မြေသြဇာနမူနာများရယူ၍ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ ဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပြီး မှတ်ပုံတင်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိပါက မြေသြဇာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်းမဟတ်ချောင်းကူးတံတား ကမ်းကပ်ခုံများ ရေတိုက်စားမှုကာကွယ်ရေးဆောင်ရွက်

ဖန်းမော် ဇွန် ၂၇

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျပျက်စီးလျက်ရှိရာ ဗန်းမော်နှင့် ကုန်းမဟတ်-ညောင်ပင်သာကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကုန်းမဟတ်ချောင်းကူး ကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်းများ ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက ဆက်လက်မြင့်တက်နေတော့ ကုန်းမဟတ်ချောင်းတွေအထိ ရေကြီးရေလျှံမှုတွေ ဖြစ်နေတဲ့တွက် ကုန်းမဟတ်ချောင်းကူးတံတားရဲ့ ချဉ်းကပ်လမ်းတွေ၊ ကမ်းကပ်ခုံတွေ၊ မြေထိန်းနံရံတွေ မြစ်ရေတိုက်စားမှုဘေးမှ ကာကွယ်နိုင်ဖို့ ကျွန်တော့်အနေနဲ့ ဒေသခံတွေနဲ့ ပူးပေါင်းပြီး သဲအိတ်တွေ ချခြင်းကို ဇွန် ၂၆၊ ၂၇ ရက်တွေမှာ ဆောင်ရွက်ခဲ့တယ်။ နောက်ပြီး ရေဘေးကာကွယ်ရေးအနေနဲ့ အမြင့် ရှစ်ပေရှိတဲ့ ကမ်းကပ်ခုံ၏ တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းတွေကိုလည်း ဆက်တိုက်ဆောင်ရွက်နေပါတယ်"ဟု အောင်မြင်အေးချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ ဦးဇော်ဝင်းအောင်က ပြောသည်။

အဆိုပါ ကုန်းမဟတ်ချောင်းကူးတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၉ ဒသမ ၅၁၅ သန်းဖြင့် ကုမ္ပဏီက ဆောက်လုပ်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ ကွန်ကရစ်တံတား (၇၅× ၁၅×၁၅) ပေ ဖြစ်ကြောင်း သိရသည်။

သတင်း-မောင်လွင်၊ဓာတ်ပုံ-အကြီးကိုကို

ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြုလုပ်ခဲ့သည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ဇွန် ၂၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆုရရှိသူများ

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု ထွန်းပိုင်အောင်(နန်းရှေ့)၊ ဒုတိယဆု ကျော်စွာမျိုး(ယဉ်ကျေးမှု)၊ တတိယဆု ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)တို့က ရရှိကြသည်။ အထူးဆုများအဖြစ် ချမ်းသာ၊ ရဲကျော်သူနှင့် လုအောင် (Photo Garden) တို့က ဆုရရှိခဲ့ကြသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဒေါ်ချိုနွယ်ဒွေးဝင်း(ရှင်းသန့်ချို)က 'အဖြူရောင်ပုံပြင်'စာမူဖြင့် လည်းကောင်း၊ ဒုတိယဆု ဦးသက်နောင်(ဖိုးသီ)က 'ပုခက်လွှဲခွင့်မရခဲ့သောလက်'စာမူဖြင့် လည်းကောင်း၊ တတိယဆု ဒေါ်တင်ဥမ္မာအောင် (မြနှင်းဝေအောင်)က 'အမေကျေနပ်နိုင်ပါစေ' စာမူဖြင့် လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးကျော်စိန်(ဟသ်ာတ-မိုးကျော်)က 'ပန်းမုဆိုး'စာမူဖြင့် လည်းကောင်း၊ ဒေါ်သန္တာဝင်း(ရွှေပိုးဉ)က 'အမုန်မထင်ပေမယ့် စံတင်လောက်ပါတယ်'စာမူဖြင့်လည်းကောင်း၊ ဦးနိုင်မိုး(ပီတိ-ပေကြီး)က 'မြန်မာပြည်ကိုချစ်တယ်' စာမူဖြင့် လည်းကောင်း ဆုရရှိခဲ့ကြသည်။

ဆုချီးမြှင့်

ဆုရရှိကြသူများအား ဇူလိုင် ၃ ရက်တွင် ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်အောင်မြင်ဘုရားလမ်း၊ ဒက္ခိဏသီရိမြို့နေပြည်တော် ဖုန်း ၀၆၇-၄၁၉၁၇၄၊ ၀၆၇-၄၁၉၁၈၉၊ ၀၆၇-၄၁၉၁၉၀၊ ၀၆၇-၄၁၉၁၉၁ သို့ ဇွန် ၃၀ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။**(မိုး/ဇလ)**

ကျန်းမာရေးဆေးပေးခန်းများနှင့် လက်လှမ်းမမီသည့်ဒေသများရှိ အမျိုးသမီးများအတွက် ကိုယ်တိုင်အသုံးပြုနိုင်သော အရေပြားအောက်ထိုးထည့်ရသည့် သန္ဓေတားဆေး မိတ်ဆက်

နေပြည်တော် ဇွန် ၂၇

ကိုယ်တိုင်အသုံးပြုနိုင်သော အရေပြားအောက် ထိုးထည့်နိုင်သည့် သန္ဓေတားဆေးကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ရရှိနေပြီဖြစ်ကြောင်း ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hotel Max တွင် ကျင်းပသည့် အဆိုပါ ဆေးဝါးမိတ်ဆက်ပွဲအခမ်းအနား၌ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စ ဂျဲနက်ဂျက်ဆင်က ပြောကြားသည်။ ယခုစီမံချက်သည် သန္ဓေတားဆေးအမှန်တကယ်လိုအပ်လျက်ရှိသည့် ဝေးလံခေါင်သီသော ဒေသများနှင့် ပဋိပက္ခဖြစ်ပွားသော ဒေသများတွင် နေထိုင်ကြသော အမျိုးသမီးများနှင့် ချင်း၊ ကချင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ အိုးအိမ်စွန့်ခွာရှောင်တိမ်းနေထိုင်ကြရသည့် အမျိုးသမီးများ လက်လှမ်းမီရရှိနိုင်ရေး ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုမိတ်ဆက်လိုက်သည့် သုံးလခံသန္ဓေတားဆေးကို ကျန်းမာရေးဝန်ထမ်းများက အမျိုးသမီးများကိုယ်တိုင် အသုံးပြုလာနိုင်စေရန် တဖြည်းဖြည်း သင်ကြားပြသပေးမည်ဖြစ်ပြီး အလွယ်တကူအသုံးပြုနိုင်မည်ဖြစ်ကာ မလိုလားသည့် ကိုယ်ဝန်ဆောင်ခြင်းများကို ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

Sayana Press ဟုခေါ်သည့် အဆိုပါ သုံးလခံသန္ဓေတားဆေး(အရေပြားအောက်ထိုးဆေး)တွင် DMPA 104 မီလီဂရမ်ပါဝင်ပြီး သုံးလတစ်ကြိမ် ထိုးပေးရမည်ဖြစ်ကာ ဆေးကြိုတင်ဖြည့်ထားသော တစ်ခါသုံး ထိုးဆေးဖြစ်သည်။ တစ်လက်မ၏ ရှစ်ပုံ သုံးပုံ(၀ ဒသမ ၈၅ မီလီမီတာ)ရှည်သော ဆေးထိုးအပ်ဖြင့် အရေပြားအောက်ရှိ အဆီပြင်ထဲသို့ ထိုးထည့်ရခြင်းဖြစ်ပြီး အသားဆေးနှင့်တူညီသော သားဆက်ခြားအာနိသင် ထိရောက်မှု၊ ဘေးကင်းစိတ်ချရမှုနှင့် ဘေးထွက်အာနိသင်များ ရှိကြောင်း သိရသည်။

"အရေပြားအောက်ထိုးသွင်းနိုင်သည့် သန္ဓေတားဆေးများကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ရင်သွေးကို ဘယ်အချိန်မှာ ဘယ်လောက်အရေအတွက်အထိ ယူတာမျိုးလို ကိုယ်နဲ့သက်ဆိုင်တဲ့ အရေးကိစ္စတွေမှာ ကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်ကြတော့မှာဖြစ်ပါတယ်။ ဒီလိုဆုံးဖြတ်ချက်ချလာနိုင်တာနဲ့အမျှ အမျိုးသမီးတွေအတွက် ကိုယ်ပိုင်အရည်အသွေးတွေကို ထုတ်ဖော်ခွင့်ပိုမိုရရှိလာကြတော့မှာဖြစ်ပြီး ပိုကောင်းတဲ့ အလုပ်တွေကို ရှာဖွေလုပ်ကိုင်နိုင်လာကြမှာဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် သူတို့ရဲ့မိသားစုကို ပိုမိုကောင်းမွန်အောင် ဖန်တီးလာနိုင်ကြမှာ ဖြစ်သလို၊ နိုင်ငံဖွံ့ဖြိုးရေးမှာလည်း တစ်တပ်တစ်အား ပါဝင်နိုင်ကြမှာဖြစ်ပါတယ်"ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စ ဂျဲနက်ဂျက်ဆင်က ပြောသည်။

ယခုစီမံချက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပထမအဆင့်အနေဖြင့် မြို့နယ်ပေါင်း ၆၀ မှ သားဖွားဆရာမ ၃၀၀၀ အား သင်တန်းများပေးကာ သန္ဓေတားဆေးအသုံးပြုသူများအတွက် လိုအပ်သည့်အကူအညီများ ပေးသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ UNFPA သည် ယခု စီမံချက်အတွက် ဒေါ်လာတစ်သန်းကျော် ထောက်ပံ့ကူညီသွားမည်ဖြစ်ကာ ၂၀၁၇-၁၈ ခုနှစ်အတွင်း အမျိုးသမီး ၂၀၀၀၀၀ ကျော်အတွက် ယခုမိတ်ဆက်လိုက်သည့် သန္ဓေတားဆေးကို အသုံးပြုသွားနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

"Sayana Press ကို အခုမှစတင်မိတ်ဆက်တာဖြစ်ပြီးတော့ ဒီဆေးဟာ အရင်တုန်းကသုံးနေတဲ့ သုံးလခံထိုးဆေး Depo နဲ့အတူတူပဲ၊ ဒါပေမယ့် Depo ကျတော့ ကျန်းမာရေးဝန်ထမ်းတွေရဲ့အကူအညီကိုယူရပြီးတော့ Sayana Press မှာကျတော့ ထိုးတဲ့နည်းလမ်းက အလွယ်တကူအသုံးပြုနိုင်ပြီး ကိုယ်တိုင်အသုံးပြုနိုင်တဲ့ အားသာချက်ရှိတာပါပဲ။ ဘေးထွက်ဆိုးကျိုးအနေနဲ့ကတော့ Depo နဲ့အတူတူပါပဲ။ ဒါပေမယ့် ကိုယ့်လူမျိုးတွေကိုတော့ Self Injection အနေနဲ့ လွှတ်ပေးလိုက်လို့တော့ မရဘူး။ သူများနိုင်ငံမှာတော့ ကိုယ်တိုင်ထိုးကြတယ်။ မြန်မာနိုင်ငံမှာတော့ သားဖွားဆရာမတွေနဲ့ Volunteer တွေကတစ်ဆင့် သင်ကြားပေးပြီးမှပဲ အသုံးပြုစေမှာဖြစ်ပါတယ်။ တစ်ခါသုံးအပ်နဲ့ သုံးတာဖြစ်လို့ ထပ်သုံးလို့မရတဲ့ တစ်ခါသုံးစနစ်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရွာပေါင်းက ခြောက်သောင်းကျော်ရှိတယ်။ ဒါပေမယ့် ကျန်းမာရေးဆရာမက ၁၂၀၀၀ ပဲ ခန့်နိုင်သေးတယ်။ ရွာတိုင်းကို ကျန်းမာရေးဆရာမတွေ မသွားနိုင်သေးတဲ့အတွက် မလွယ်ကူတဲ့ ခက်ခဲတဲ့ဒေသတွေ၊ ကျန်းမာရေးဆေးခန်းတွေမရှိတဲ့နေရာက အမျိုးသမီးတွေကို ဦးတည်တာ ဖြစ်ပါတယ်။ တကယ့်ကို လက်လှမ်းမမီတဲ့ နေရာတွေအတွက် အဓိကအသုံးပြုသွားမှာဖြစ်ပါတယ်။ ဒီစီမံချက်က လူဦးရေလျှော့ချဖို့အတွက် လုပ်တာမဟုတ်တဲ့အတွက်ကြောင့် အတင်းအကျပ်ပေးမှာတော့မဟုတ်ဘူး။ သူတို့လိုအပ်လို့ လာယူရင်သာ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဦးစားပေးမြို့နယ် ၆၀ ဆိုပေမယ့် ရခိုင်ပြည်နယ်လို နေရာမျိုးမှာကျတော့ နည်းနည်းခက်ခဲတယ်။ လူမျိုးရေးတွေလည်းပါတယ်၊ ဘာသာရေးတွေလည်း ပါတယ်။ ဒါပေမယ့် ဒီထဲကို ဝင်နေတဲ့ ပါတနာတွေကနေတစ်ဆင့် ကျေကျေလည်လည်ဆွေးနွေးပြီးမှ သဘောပေါက်အောင်လုပ်သွားမှာဖြစ်တဲ့အတွက် သူတို့လိုချင်မှသာ ပေးမှာဖြစ်ပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာလှမြတ်သွေးက ပြောသည်။

အဆိုပါ သန္ဓေတားဆေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်ရှိ သားဖွားဆရာမများနှင့် သင်တန်းရယူထားသော ရပ်ရွာအခြေစိုက် အရန်သားဖွားဆရာမများမှတစ်ဆင့် အခမဲ့ရရှိနိုင်ရန် ဆောင်ရွက်ထားပြီး အစိုးရထိန်းချုပ်နယ်မြေမဟုတ်သော ဒေသများရှိ အမျိုးသမီးများ၊ အိုးအိမ်စွန့်ခွာလာရသော အမျိုးသမီးများအတွက် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများ၊ Marie Stopes International နှင့် Population Services International အပြင် အခြားသော အစိုးရမဟုတ်သည့် အကူအညီပေးရေးအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းသည် သန္ဓေတားလိုလျက် သန္ဓေတားနည်းလမ်းများကို လက်လှမ်းမမီကြဘဲ မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ရမှုများရှိနေပြီး နှစ်စဉ် အမျိုးသမီးဦးရေ ၂၈၀၀ ခန့်သည် ကိုယ်ဝန်ဆောင်နေချိန်၊ ကလေးမီးဖွားချိန်နှင့် ကိုယ်ဝန်ဖျက်ချခြင်းများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးနေကြရသည်။ မြန်မာနိုင်ငံသည် ကိုယ်ဝန်ဆောင်စဉ် အမျိုးသမီးများသေဆုံးနေရခြင်း အကြောင်းအရင်းများအနက် ကိုယ်ဝန်ဖျက်ချခြင်းကြောင့် သေဆုံးနေရမှုမှာ တတိယအများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါသန္ဓေတားဆေးသည် မိသားစုများနှင့် အမျိုးသမီးများအား မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းကို ရှောင်ရှားပေးနိုင်ခြင်း၊ မိမိလိုချင်သည့်အချိန်တွင် ရင်သွေးရယူနိုင်စေခြင်းဖြင့် မြန်မာနိုင်ငံမိသားစုစီမံချက်ကို အထောက်အကူပြုမည်ဖြစ်ကာ ထိုသို့ပြုလုပ်ခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်သေနှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးလုပ်သားအကူအညီဖြင့် သန္ဓေတားဆေး သုံးလတစ်ကြိမ် ရယူခြင်းသည် မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဖြစ်ကာ ယခုအသစ်ထွက်ပေါ်လာသော သုံးလခံသန္ဓေတားဆေးကြောင့် ကျန်းမာရေးဌာနများထံအလွယ်တကူ လက်လှမ်းမမီနိုင်သော အမျိုးသမီးများအတွက် နေအိမ်တွင်ပင် ကိုယ်တိုင်လက်မောင်း(သို့မဟုတ်) ပေါင်အရေ့ဘက် (သို့မဟုတ်) ဝမ်းဗိုက်အတွင်း ထိုးသွင်းအသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီကထွက်ပေါ်လာသော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် မိသားစုစီမံကိန်း လုပ်ဆောင်သူ အမျိုးသမီး ၅၂ ရာခိုင်နှုန်းရှိပြီး ထိုအထဲမှ ၉၈ ရာခိုင်နှုန်းသည် ခေတ်မီသန္ဓေတားဆေးများ သုံးစွဲလိုကြကြောင်း သိရသည်။ အဆိုပါ အမျိုးသမီးများ၏ ထက်ဝက်ကျော် ၅၅ ရာခိုင်နှုန်းသည် သုံးလခံသန္ဓေတားဆေး (အသားဆေး)ကို အသုံးပြုကြကြောင်း သိရသည်။

သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- သီဟစည်သူ

ကျောဖုံးမှ

"ကျွန်တော် ရွှေခါးပတ်ကာကွယ်နိုင်ဖို့၊ ဆက်လက်ထိန်းထားနိုင်ဖို့အတွက် လေ့ကျင့်ပြင်ဆင်ချိန် နှစ်လယူခဲ့တယ်။ ဒီနှစ်လအတွင်းမှာ ကောင်းကောင်းအနားယူခဲ့တယ်။ ဒါကြောင့် လက်ရှိမှာတော့ အကောင်းဆုံးအနေအထားရှိနေပါပြီ။ တိုက်ကွက်နည်းမျိုးပေါင်းစုံကို ဒီနှစ်လအတွင်းမှာ လေ့ကျင့်ခဲ့ပါတယ်။ ဒီပွဲက အောင်လရဲ့မွေးရပ်ဖြစ်တော့ အရင်ပွဲထက် နည်းနည်းတော့ ခက်ခဲမယ်လို့ထင်တယ်။ ပြီးတော့ အောင်လမှာက ထူးထူးခြားခြား အားနည်းချက်ဆိုတာ သိပ်မရှိဘူး။ မတ်တတ်ရော၊ ground Fight ပါ ကစားအားကောင်းတဲ့ ဖိုက်တာတစ်ဦးပါ။ ဒါပေမယ့် ရာနှုန်းပြည့် ယုံကြည်မှုမရှိရင် ဒီကို ကျွန်တော်ရောက်မလာပါဘူး။ ယုံကြည်မှုအပြည့်နဲ့ ဒီပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ သူ့မှာ ပရိသတ်အားရှိတယ်။ ဒါပေမယ့်လည်း ဒီပွဲကတော့ ကျွန်တော့်အတွက် နိုင်ပွဲတစ်ပွဲအဖြစ်က လွဲမှာမဟုတ်ပါဘူး။ လက်ရှိ ရွှေခါးပတ်ကို ဆက်လက်ကာကွယ်သွားမှာပါ။ အောင်လအနေနဲ့လည်း အမိမြေပေါ်မှာ ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်မယ်ဆိုတာ ယုံကြည်ပေမယ့် အဲဒီအပေါ်မှာ တုန်လှုပ်နေမှာ မဟုတ်ပါဘူး။ ကျွန်တော့်ပခုံးထက်က လက်ရှိရွှေခါးပတ်ကို ယုံကြည်မှုအပြည့်နဲ့ ဆက်လက်ကာကွယ်သွားမှာပါ" ဟု One Championship ၏ လက်ရှိ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဗစ်တာလီဘစ်ဒက်ရှ်က ပြောသည်။

One Championship ၏ လက်ရှိမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဗစ်တာလီဘစ်ဒက်ရှ်သည် ယခုလက်ရှိ ရွှေခါးပတ်ကို ပြီးခဲ့သော ၂၀၁၅ ခုနှစ် အောက်တိုဘာလက ရှုံးပွဲမရှိ စံချိန်တင်ကာ ချန်ပီယံဖြစ်ခဲ့သူတစ်ဦးဖြစ်ပြီး လျင်မြန်ဖျတ်လတ်ကစားဟန်ရှိပြီး အဆိုပါဝိတ်တန်းတွင် ပြိုင်ဘက်ကင်းသူတစ်ဦးလည်းဖြစ်သည်။ မာဂုဏ်မြင့်ပြီး ပြိုင်ဘက်တိုင်း ရင်ထဲစွဲမြဲသွားစေသော သန်မာမှု၊ မြန်ဆန်မှုနှင့်အတူ ပါဝါအပြည့်သုံးကစားတတ်သော ဖိုက်တာတစ်ဦးဖြစ်ခြင်းကြောင့် MMA(Max Martial Art) ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲလောကတွင် ထင်ပေါ်ကျော်ကြားလာသည့် ကစားသမားတစ်ဦးဖြစ်ကာ လက်ရှိရွှေခါးပတ်ချန်ပီယံဆုကိုလည်းယုံကြည်မှုအပြည့်ဖြင့် ဆက်လက်ထိန်းသိမ်းသွားမည်ဟု ကြုံးဝါးထားသူတစ်ဦးဖြစ်သည်။

ယခု One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲ ယခုလာမည့် ဇွန် ၃၀ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ Main Fight ပွဲစဉ်နှင့်အတူ ဂျင်မီရာဘို(ဖိလစ်ပိုင်)နှင့် ဘရူနိုပူစီ(ဘရာဇီး)၊ ကီဗင်ချောင်(တောင်ကိုရီးယား)နှင့် ရှောင်ကျန်ယီ (တရုတ်)တွဲဆိုင်းများအပြင် အမျိုးသမီးအထူးပွဲစဉ်အဖြစ် ဂျင်နီယောင်(တရုတ်တိုင်ပေ)နှင့် မာရာဂူရှိ(ဂျပန်)တို့က MMA(Mix Martial Art) ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပြည်တွင်းမြန်မာ့ရိုးရာလက်ဝှေ့စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့တွဲဆိုင်းများမှာ သွေးသစ်ဝင်းလှိုင်နှင့် စိုးထက်ဦး၊ စောမင်းမင်း(T&T သထုံ)နှင့် ကျားဘဟိန်း(ဝင်းထွန်းကလပ်)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ပက်ကျော်လင်းနိုင်(တိုက်ဂါး)၊ ရွှေကျောင်းသား (T&T သထုံ)နှင့် ရဲရင့်သွေး (1886 Mandalay)၊ သပြေညို (Adventure) နှင့် ထက်အောင်ဦး(တောင်ကလေး)၊ စောရန်ပိုင်(ဘိလပ်မြေစက်ရုံ)နှင့် စောဘဦး(တောင်ကလေး)တို့က မြန်မာ့ရိုးရာလက်ဝှေ့ အလဲထိုးစနစ်စည်းကမ်းဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ယခင် စောမင်းမင်း(T&T သထုံ)နှင့် ထွန်းလွင်မိုး (နဂါးမာန်) တွဲဆိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ထွန်းလွင်မိုး မယှဉ်ပြိုင်နိုင်ဘဲ ကျားဘဟိန်းကို အစားထိုးလိုက်ရပြီး ရဲသွေးနီ(တောင်ကလေး)နှင့် ပက်ကျော်လင်းနိုင်(တိုက်ဂါး)တို့တွဲဆိုင်းမှ နိုင်သူနှစ်ဦး ပြန်လည်ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဇွန် ၂၄ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(နေပြည်တော်ရုံး)မှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက သတ်မှတ်အမြန်နှုန်းအတိုင်းမောင်းနှင်ရေးနှင့် အချက်ပြမီးစနစ်မှန်ကန်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးဟောပြောဆောင်ရွက်သည်။

ဟောပြောပွဲသို့ ဒေသခံပြည်သူများ၊ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူများ စိတ်ဝင်တစား တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုမျိုး(ရွှေပေါက်ကံ)

ကျောဖုံးမှ

"ဒီပြိုင်ပွဲက ကျွန်တော်တို့အသင်းအတွက် အလွန်ကိုအကျိုးရှိပါတယ်။ အာရှယူ-၂၃ ခြေစစ်ပွဲ ၊ ဆီးဂိမ်းပြိုင်ပွဲ မယှဉ်ပြိုင်ခင်မှာ အချိန်တိုက်ပြီး ကျင်းပတာဖြစ်လို့ ကျွန်တော်တို့အသင်း အကောင်းဆုံးပြင်ဆင်ပြီး ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲမှာအောင်မြင်မှုရချင်တယ်ဆိုရင် ပွဲတိုင်းမှာ ရလဒ်ကောင်းဖို့လိုပါတယ်။ အဖွင့်ပွဲမှာ ကစားရမယ့် ကမ္ဘောဒီးယားအသင်းဟာ အလွန်ကို တိုးတက်လာတဲ့အသင်းပါ။ သေချာဂရုစိုက်ပြီး ကစားရမှာပါ။ အကောင်းဆုံးရလဒ်တစ်ခု ရယူသွားမှာပါ။ အဖွင့်ပွဲအတွက် ဘယ်လို ရလဒ်ထွက်မလဲဆိုတာကို အတိအကျမပြောနိုင်ပေမယ့် အကောင်းဆုံးကစားသွားမယ်ဆိုတာကို ကတိပေးပါတယ်" ဟု ပြောသည်။

ကမ္ဘောဒီးယား ယူ-၂၂ အသင်းနည်းပြချုပ် လီယိုနာဒိုက "မြန်မာအသင်းအကြောင်းကို ကောင်းကောင်းသိပါတယ်။ လက်ရွေးစင်ကစားသမား အများအပြားပါလာတယ်လို့လည်း သိရပါတယ်။ အဖွင့်ပွဲကတော့ အရေးကြီးတာကြောင့် ရလဒ်ကောင်းဖို့ကြိုးစားသွားမှာပါ အသင်းမှာ လက်ရွေးစင်ကစားသမား ငါးဦးပါဝင်လာသလို အသက် ၁၇၊ ၁၉ နှစ်အရွယ် ကစားသမားတွေလည်း ပါဝင်လာပါတယ်။ ကျွန်တော်တို့က အာရှယူ-၂၃ ခြေစစ်ပွဲနဲ့ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေတာဖြစ်ပြီး ဒီပြိုင်ပွဲမှာ ကျွန်တော့်ကစားသမားတွေရဲ့ ခြေစွမ်းကို လေ့လာစောင့်ကြည့်သွားမှာပါ။ ကျွန်တော်တို့အသင်းကို ပြိုင်ပွဲဝင်ဖို့ ဖိတ်ကြားတဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ဟောင်ကောင် ယူ-၂၂ အသင်းနည်းပြချုပ် ကင်ပန်ဇွန်က " အဖွင့်ပွဲကစားရမယ့် ဂျပန်တက္ကသိုလ်အသင်းနဲ့ ပွဲကတော့ အလွန်ကို ခက်ခဲမှာပါ၊ ပြိုင်ဘက်အသင်းကို လေးလေးစားစား ကစားသွားမှာပါ။ ကျွန်တော်တို့အသင်းက အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ လာရောက်ယှဉ်ပြိုင်တာပါ" ဟု ပြောကြားသည်။ ဂျပန်တက္ကသိုလ်အသင်းနည်းပြက "အသင်းမှာ အသက် ၂၀ အောက် ကစားသမားတွေပဲ ပါလာတာကြောင့် အသက်အငယ်ဆုံးအသင်းလို့တောင် ပြောလို့ရပါတယ်။ တက္ကသိုလ်တွေက ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာပါ"ဟု ပြောသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇွန် ၂၇

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့၌ ၄ ဒသမ ၉၆ လက်မ၊ ချောင်းဆုံမြို့၌ ၃ ဒသမ ၉၀ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၃ ဒသမ ၇၈ လက်မ၊ ခန္တီးမြို့၌ ၃ ဒသမ ၃၉ လက်မ၊ ကျိုက္ခမီမြို့၌ ၃ ဒသမ ၂၃ လက်မ၊ မော်ဘီ(စိုက်ပျိုးရေး)၌ ၃ ဒသမ ၀၅ လက်မ၊ လပွတ္တာမြို့၌ ၂ ဒသမ ၇၆ လက်မ၊ ပေါင်မြို့၌ ၂ ဒသမ ၆၄လက်မ၊ညောင်တုန်းမြို့၌ ၂ ဒသမ ၅၃ လက်မနှင့် လောင်းလုံးမြို့၌၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုပန်းတိုင်သို့

ကိုကိုအောင်(စက်မှုဆေးဝါး)

မြန်မာနိုင်ငံသည် မြွေများရှင်သန်ပေါက်ပွားရာ အပူပိုင်းဒေသတွင်း တည်ရှိပြီး လူအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသဖြင့် အဆိပ်ရှိမြွေဆိုးအန္တရာယ်ကြောင့် နိုင်ငံသားများ အသက်မဆုံးရှုံးရန်အတွက် ပြည်တွင်း၌ မြွေဆိပ်ဖြေဆေး လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။

စက်မှုဝန်ကြီးဌာနအောက်ရှိ BPI ဆေးဝါးစက်ရုံသည် ၁၉၅၈ ခုနှစ်တွင် ဖွင့်လှစ်တည်ထောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်ကတည်းကပင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု စတင်ခဲ့ပါသည်။ သို့ရာတွင် ကျန်းမာသန်စွမ်းသည့် မြင်းဝယ်ယူရရှိမှု အခက်အခဲကြောင့် တဖြည်းဖြည်းတိုးပွားလာသည့် လူဦးရေအတွက် ပြည်တွင်း၌ မြွေဆိပ်ဖြေဆေးလုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသည့် အခြေအနေဖြစ်ပေါ်လာခဲ့သည်။

မြွေဆိပ်ဖြေဆေး (Snake Anti Venom) ထုတ်လုပ်ရန် ပထမအဆင့်အနေဖြင့် မြွေဆိပ်အား သန့်စင်အောင် (Venom Preparation) ပြုလုပ်ပြီးနောက် ကြားခံသတ္တဝါအဖြစ် ကျန်းမာသန်စွမ်းသည့် မြင်းတွင် သတ်မှတ်ထားသည့် မြွေဆိပ်ပမာဏ အဆင့်ဆင့်အား ကာလအပိုင်းအခြားအလိုက် အရေပြားအောက် (Subcutaneous) ထိုးသွင်းခြင်းဖြင့် မြင်း၏ခန္ဓာကိုယ်ခုခံအားစနစ်တွင် မြွေဆိပ်ကို ချေဖျက်နိုင်သည့် ပဋိပစ္စည်း(Anti Body)ရရှိအောင် ပြုလုပ်ရသည်။ ဒုတိယအဆင့်အနေဖြင့် မြွေဆိပ်ချေဖျက်နိုင်စွမ်းရရှိထားသည့် မြင်း၏ သွေးရည်ကြည်မှ ခေတ်မီနည်းပညာနှင့် စက်ကိရိယာများဖြင့် အဆင့်ဆင့်မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်းဖြစ်သည်။

မြွေဆိပ်ဖြေဆေး ထုတ်လုပ်နေစဉ်

မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)တွင် ကျန်းမာသန်စွမ်းသည့် ဆေးဝါးသုံးမြင်းများ မွေးမြူထားရှိပုံ

ပြည်တွင်း၌စီးပွားဖြစ် မြင်းမွေးမြူရေးလုပ်ငန်းများ မရှိသဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်လိုအပ်သည့် မြင်းဝယ်ယူရရှိမှု ခက်ခဲခြင်းကြောင့် ၁၉၉၉ ခုနှစ်တွင် ဟဲဟိုးမြင်းမွေးမြူရေးစခန်းနှင့် ၂၀၀၅ ခုနှစ်တွင် ရန်ပယ်မြင်းမွေးမြူရေးစခန်းများ တည်ထောင်ဖွဲ့စည်းကာ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် လိုအပ်သည့် မြင်းများမွေးမြူခဲ့သည်။ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန် ထပ်မံလိုအပ်သည့် မြင်းများကိုလည်း ပြည်တွင်း ဒေသအသီးသီးမှ ဝယ်ယူလျက်ရှိသည်။ မြင်းမွေးမြူ ခြင်းအား အစ၊ အလယ်၊ အဆုံးဆောင်ရွက်ပါက ဆေးထုတ် လုပ်မှုစရိတ် (Cost of Production) များပြားလွန်းသဖြင့် မြွေဆိပ်ဖြေဆေး၏ ဈေးနှုန်းကြီးမြင့်လာနိုင်သည်ကိုလည်း ထည့်သွင်းတွက်ချက်ရသည်။

မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ၁၉၅၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ မြင်းများကိုတင်သွင်း မွေးမြူခဲ့သော်လည်း ပြည်တွင်းဒေသခံမြင်းများကဲ့သို့ ရာသီဥတုနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်နည်းပါးခြင်း၊ ပြည်တွင်းမြွေမျိုးစိတ်၏ မြွေဆိပ်ဒဏ်ကို မခံနိုင်ခြင်းနှင့် ကုန်ကျစရိတ် မြင့်မားလွန်းခြင်းတို့ကြောင့် နောက်ပိုင်းတွင် ပြည်တွင်းမှ မြင်းများကိုပင် ဆက်လက်အသုံးပြုခဲ့ရသည်။

မြင်းဝယ်ယူရရှိမှု အခက်အခဲကြောင့် မြွေဆိပ်ဖြေဆေး လုံလောက်အောင်ထုတ်လုပ်နိုင်မှု မရှိခြင်းအား ကျော်လွှားနိုင်ရေးအတွက် BPI ဆေးဝါးစက်ရုံမှ ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ၂၀၁၀ ပြည့်နှစ်တွင် သိုးမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုအား ပြည်ပအကူအညီမပါဘဲ တီထွင်ထုတ်လုပ်ခဲ့ပြီး မြွေပေါက်ခံရသည့် လူနာများ၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သုတေသနစစ်တမ်းများအရ မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးလိုအပ်ချက်မှာ နှစ်စဉ်အလုံးရေ ၈၀၀၀၀ ဖြစ်သော်လည်း ၂၀၁၄ ခုနှစ် အထိ ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်နိုင်စွမ်းမရှိခဲ့ဘဲ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရသည့် မြင်း သေဆုံးမှုနှုန်းမှာလည်း အလွန်ပင်မြင့်မားခဲ့သည်။ ပြည်တွင်း မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုမလုံလောက်သဖြင့် မြွေပေါက်ခံရသူ လူနာများအတွက် ပြည်ပမှ မြွေဆိပ်ဖြေဆေးများ တင်သွင်းကုသခဲ့ရသော်လည်း ပြည်ပမှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးမှာ ၎င်းတို့နိုင်ငံရှိ မြွေမျိုးစိတ်(Species)၏အဆိပ်မှ ထုတ်လုပ်ထားခြင်းကြောင့် မြန်မာပြည်မှ မြွေဆိပ်ကို ထိရောက်စွာ ချေဖျက်နိုင်စွမ်းရှိရန် ခက်ခဲနိုင်သည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩစတြေးလျနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအတွက် လိုအပ်သည့် အကူအညီများရရှိရေး ဩစတြေးလျအစိုးရနှင့် ညှိနှိုင်းခဲ့သည်။ ထို့အတွက်ကြောင့် ဩစတြေးလျအစိုးရ (DFAT-GPFD Australia Department of Foreign Affiar and Trade Government Partnership For Development) မှ Myanmar Snakebite Project ဖြင့် နည်းပညာအကူအညီနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်း အကူအညီများရရှိခဲ့ပြီး ယခုအချိန်ထိ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု တိုးတက်ရန်အတွက် များစွာ အထောက်အကူဖြစ်စေခဲ့သည်။

ထို့အပြင် ဘရာဇီးနိုင်ငံအစိုးရ Brazil Cooperation Agency ၏ ထောက်ပံ့မှုဖြင့် Instituto Butantan မှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ နည်းပညာများကိုလည်း ရရှိခဲ့သဖြင့် မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုတိုးတက်ရန်အတွက် ပိုမိုအထောက်အကူဖြစ်စေခဲ့သည်။

BPI ဆေးဝါးစက်ရုံတွင် ၂၀၁၅ ခုနှစ်မှစတင်ပြီး နှစ်စဉ် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆေးဝါးသုံး မြင်းမွေးမြူမှုအား မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးစက်ရုံခွဲ (မှော်ဘီ)သို့ ရွှေ့ပြောင်း၍ ခေတ်မီမြင်းဇောင်းများ၊ သဘာဝအတိုင်း လွှတ်ကျောင်းထားနိုင်သည့် မြင်းလွှတ်ကွင်းများ တည်ထောင်ခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ GMP နှင့်အညီ ကမ္ဘာ့အဆင့်မီ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေး စက်ရုံသစ် (New Snake Anti Venom Production Plant)အား BPI ဆေးဝါးစက်ရုံဝင်းအတွင်း ၂၀၁၅ ခုနှစ်တွင် ထပ်မံတည်ထောင် ဖွင့်လှစ်၍ အရည်အသွေးကောင်းမွန်သည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု စတင်နိုင်ခဲ့သည်။

မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေးအတွက် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံအားပေးမှု၊ ပြည်တွင်းပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုနှင့် ပြည်ပနည်းပညာ အကူအညီရရှိမှုများကြောင့် ပုံတွင်ပြထားသည့်အတိုင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကတည်းကပင် အရည်အသွေးကောင်းမွန်စွာဖြင့် ပြည်တွင်းလိုအပ်ချက် ဆေးအလုံးရေ ၈၀၀၀၀ ထက်ကျော်လွန်ကာ အလုံးရေ ၁၀၀၀၀၀ ထုတ်လုပ်နိုင်သည်အထိ အောင်မြင်မှုရရှိလာသည်။ BPI ဆေးဝါးစက်ရုံအနေဖြင့် မြွေဆိပ်ဖြေဆေးတိုးမြှင့်ထုတ်လုပ်ရန် အဘက်ဘက်က ကြိုးပမ်းအားထုတ်မှုများ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် လက်ရှိ နိုင်ငံတော်၏ မြွေဆိပ်ဖြေဆေး နှစ်စဉ်လိုအပ် အလုံးရေ ၈၀၀၀၀ ၏ နှစ်ဆလိုအပ်မည်ဆိုပါကလည်း ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့်အပြင် ဒေသတွင်းအိမ်နီးချင်း နိုင်ငံများသို့ တင်ပို့ရောင်းချရန်ပင် ကြိုးပမ်းလျက်ရှိသည်။



မြွေဆိပ်ဖြေဆေးများသည် Biological Products ဖြစ်သည့်အပြင် တိရစ္ဆာန်၏ သွေးရည်ကြည်မှ ထုတ်လုပ်သော ဆေးဝါးများဖြစ်သဖြင့် အချို့သောလူနာများတွင် အလွန်ရှားပါးသောဖြစ်စဉ် (မြင်းသွေး (သို့မဟုတ်) သိုးသွေးစနှင့် ဓာတ်မတည့်ခြင်း)ရှိနိုင်ကြောင်းလည်း ကမ္ဘာက လက်ခံထားပြီးဖြစ်သည်။ မြွေပေါက်ခံရသူလူနာအသက်ကယ်အဖြစ် မြွေဆိပ်ဖြေဆေးထိုးနှံပါက Anti Shock Measures များ အဆင်သင့်ထားရှိပြီးမှသာလျှင် ထိုးနှံသင့်ကြောင်းနှင့် သွေးကြောသွင်း ဖြည်းညင်းစွာ ထိုးနှံခြင်း (2ml/min)နှုန်း သို့မဟုတ် Infusion အနေဖြင့်သာ ထိုးနှံခြင်းဆောင်ရွက်ရကြောင်း WHO Guidelines နှင့် National Treatment Guidelines တွင် ဖော်ပြထားသည်။

WHO Guidelines တွင် အဆိပ်ရှိသော မြွေအကိုက်ခံရမှု သေချာပါက မြွေဆိပ်ဖြေဆေးသည်သာလျှင် တစ်ခုတည်းသော ထိုးနှံရမည့် ဆေးဝါးဖြစ်သဖြင့် သက်ဆိုင်သော မြွေဆိပ်ဖြေဆေးကို စောနိုင်သမျှ စောစော ထိုးနှံရမည်ဖြစ်သည်။ ဆေးထိုးနောက်ကျသည်နှင့်အမျှ မြွေဆိပ်သည် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါများသို့ ပျံ့နှံ့သွားခြင်းကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများနှင့် အသက်ဆုံးရှုံးမှု ပိုမိုဖြစ်ပေါ်စေနိုင်သည်။ မြွေပေါက်ခံရသည့် လူနာကို မြွေဆိပ်ဖြေဆေးထိုးပါက မြွေဆိပ်ဝင်ရောက်မှုပမာဏ၊ လူနာ၏ ကျန်းမာရေးအခြေအနေနှင့် မြွေကိုက်ခံရသည့်အချိန်မှ မြွေဆိပ်ဖြေဆေး

စာမျက်နှာ ၉ သို့

အထောက်အထားမပြည့်စုံသော်လည်း တိုင်းရင်းသားမှန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကြီးကြပ်ရေးအဖွဲ့ထောက်ခံမှုဖြင့် ဆောင်ရွက်ပေးနေ

နေပြည်တော် ဇွန် ၂၇

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင်ကျင်းပရာ မေးခွန်း ၁၀ခု မေးမြန်းဖြေကြားခြင်းနှင့် အစီရင်ခံစာနှစ်ခုနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **မြန်မာနိုင်ငံတွင် နိုင်ငံသားစိစစ် မိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် နိုင်ငံသားများ၊ တိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိခြင်း၊ အိမ်ထောင်စု စာရင်းစာရွက်များ မရရှိခြင်းများကြောင့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများ ဆုံးရှုံးနေခြင်း အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်ကြသူများအနက် အချို့မှာ နေရပ်လိပ်စာပြောင်းရွှေ့ပုံစံ ၁၀ တရားဝင်ရယူ ရွှေ့ပြောင်းနေထိုင်ကြသော်လည်း အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် မူလနေထိုင်ရာအရပ်ဒေသမှ ပြောင်းရွှေ့ပုံစံ ၁၀ ထုတ်ယူခဲ့ခြင်းမရှိပါကြောင်း။

နေ့ချင်းပြီးဆောင်ရွက်

ပြောင်းရွှေ့ပုံစံ ၁၀ ထုတ်ယူခဲ့သော်လည်း အထောက်အထား မပြည့်စုံသည့်အတွက် အိမ်ထောင်စုစာရင်းမပြုလုပ်ရသေးသူများနှင့် အစဉ်အဆက် ပျံကျနေထိုင်ပြီး လူဦးရေစာရင်း မရှိသူများကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ အိမ်ထောင်စု လူဦးရေစာရင်း မရှိသည့်အတွက် ၎င်းတို့အနေဖြင့် ရောက်ရှိရာဒေသတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများပြုလုပ်သည့်အခါ အခက်အခဲများ တွေ့ကြုံနေရသည်ဟု သိရှိရပါကြောင်း။ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများတွင် မြန်ဆန်စေရန် ယခင်က လူဦးရေ စာရင်းဖြည့်စွက်ရေးအတွက် အထောက်အထား ၁၀ ချက် ရယူခဲ့သော်လည်း ယခု ငါးချက်သာ ကောက်ယူပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင်လည်း ယခင်က ခရိုင်မှူး လက်မှတ်ထိုးမှရရှိသော်လည်း ယခုအခါ မြို့နယ်ဦးစီးလက်မှတ်ထိုး၍ ထုတ်ပေးခွင့်ကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် အထောက်အထား ပြည့်စုံသည်ဆိုပါက ၂၈ ရက်အတွင်းရရှိအောင် ဆောင်ရွက်ပေးရမည်ဟု ညွှန်ကြားထားပါကြောင်း၊ အထောက် အထားပြည့်စုံပါက နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အထောက်အထား မပြည့်စုံသော်လည်း တိုင်းရင်းသားမှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကြီးကြပ်ရေးအဖွဲ့ ငါးဦးကော်မတီ၏ ထောက်ခံမှုဖြင့် ဆောင်ရွက်ပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း။

မူလနေထိုင်ရာအရပ်ဒေသမှ ပုံစံ ၁၀ ထုတ်ယူခဲ့ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာသူ တိုင်းရင်းသားများ၏ အခက်အခဲပြေလည်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းတို့သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လက်ရှိဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များကို ထုတ်ပေးပါကြောင်း။

မေးခွန်းပါ ရွှေ့ပြောင်းနေထိုင်သူများသည် ကျူးကျော်သည့်နေရာများတွင် နေထိုင်ကြသူများဖြစ်ပါကြောင်း၊ ကျူးကျော်သည့် နေရာဖြစ်သည့်အတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ထောက်ခံမှုမပေးနိုင်ပါကြောင်း၊ ထောက်ခံမှုမပေးနိုင်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့်လည်း ဆက်လက်ဆောင်ရွက်ရန် အခက်အခဲဖြစ်နေပါကြောင်း၊ အချို့ကိစ္စများတွင် ကျူးကျော်နေထိုင်သူများအား ပုံစံ ၁၀ ထုတ်ပေးလိုက်သည့်အခါ ကျူးကျော်နေထိုင်သူများက ကျူးကျော်ထားသည့်နေရာသည် ၎င်းတို့ပိုင်ဆိုင်သည်ဟု တရားရုံးများသို့ သွားရောက်လျှောက်ထားပါကြောင်း၊ မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပွားသည့်အတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ထောက်ခံမှုပြုပေးနိုင်သည့်ကိစ္စများကိုသာ ဥပဒေနှင့်အညီ အိမ်ထောင်စုစာရင်းများကို ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဥပဒေအရခြွင်းချက်ပေးထား

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **နှစ်တစ်ရာသက်တမ်းရှိ ရှေးဟောင်းဘုရားဆင်းတုတော်များ၏**

ဦးသိန်းဆွေ
(ပြည်ထောင်စုဝန်ကြီး)

ဦးမောင်မောင်ဦး
(အင်းစိန်မဲဆန္ဒနယ်)

စာရင်းကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး စာရင်းကောက်ယူထားခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၅ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအခန်း (၄) ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း ပုဒ်မပုဒ်မခွဲ (က)တွင် “ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ပိုင်ရှင်က မိမိ သို့မဟုတ် မိမိဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်း ဝတ္ထုပစ္စည်းများနှင့်သက်ဆိုင်ခြင်း မရှိစေရ”ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် ပြည်သူလူထု လက်ရှိကိုးကွယ်ယုံကြည်သည့်ရှေးဟောင်းဘုရားဆင်းတုတော်များနှင့်ပတ်သက်၍ နှစ် ၁၀၀ ကျော်လွန်ပြီး ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်စေကာမူ ပိုင်ဆိုင်ခွင့်နှင့် ထိန်းသိမ်းခွင့်ကို ဥပဒေအရ ခြွင်းချက်ပေးထားပါကြောင်း။

မြန်မာနိုင်ငံအတွင်း နှစ် ၁၀၀ သက်တမ်းရှိ ရှေးဟောင်းဘုရားဆင်းတုတော်များ၏ စာရင်းကို ကောက်ယူထားနိုင်ခြင်းမရှိပါကြောင်း၊ အနယ်နယ်အရပ်ရပ်ရှိ ပြည်သူလူထုကိုးကွယ်နေသော ရှေးဟောင်းဘုရား၊ ရုပ်ပွားဆင်းတု၊ ယဉ်ကျေးမှုအမွေအနှစ်များကို နယ်မြေဒေသအလိုက် သံဃာ့အဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးအဖွဲ့များပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း၏ **သံဖြူဇရပ်မြို့နယ်ရှိ ဝါခရူမြို့ဟောင်းကို မူလအကျယ် ၆၅ ဧကအတိုင်း ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ထိန်းသိမ်းစောင့်ရှောက်ခံအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက ဝါခရူမြို့ဟောင်းသည် သံဖြူဇရပ်မြို့၏ အနောက် မြောက်ဘက် နှစ်မိုင်ကျော်ခန့်အကွာ ဝါခရူကျေးရွာအနီးတွင် တည်ရှိပါကြောင်း။

အမိန့်ကြော်ငြာစာပြဋ္ဌာန်း

မြို့ဟောင်း၏ဧရိယာသည် ၆၁ ဒသမ ၁ ဧက ကျယ်ဝန်းပါကြောင်း၊ ဝါခရူမြို့ဟောင်း၏ပုံသဏ္ဌာန်မှာ နန္ဒင်းမကင်းပုံသဏ္ဌာန်ရှိပြီး မြေမြို့ရိုးတစ်ထပ်၊ ကျုံးတစ်ထပ်ကာရံထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြေမြို့ရိုး အမြင့်ဆုံးနေရာမှာ ပေ ၂၀ ခန့်ထိရှိပြီး အချို့နေရာများတွင် ၁၀ ပေခန့်ထိရှိပါကြောင်း၊ မြေမြို့ရိုးအပြင်ဘက်တွင် ကျုံးရှိပြီး ရေဝင်ရောက်ခြင်း မရှိပါကြောင်း၊ ပျမ်းမျှကျုံးအနက်မှာ ၁၀ ပေမှ ၁၅ ပေခန့် အထိရှိပြီး ကျုံးအကျယ်မှာ ပေ ၄၀ ခန့်အထိရှိပါကြောင်း။ ဝါခရူမြို့ဟောင်းအား ပြည်ထောင်စုအဆင့်မှ အမိန့်ကြော်ငြာစာပြဋ္ဌာန်းပြီး ဇုန်အဖြစ် သတ်မှတ်မည်ဆိုပါက လက်ရှိပြဋ္ဌာန်းထားသော ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ဝါခရူကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ

စာမျက်နှာ ၉ သို့

စရိတ်မျှပေးကျန်းမာရေးစနစ်ဖြင့် ဆေးဝါးများဝယ်ယူရောင်းချထောက်ပံ့ခြင်းအား အခမဲ့ထောက်ပံ့ပေးခြင်းဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၁ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမဲ့ထောက်ပံ့

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာဇော်လင်းထွင်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအနေဖြင့် ပြည်သူများအတွက် အခမဲ့ (FOC) စနစ်ဖြင့် မည်သို့သော ဝန်ဆောင်မှုများ ပြုလုပ်ပေးနေသည်၊ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆေးရုံများသို့ ထောက်ပံ့နေသော ဆေးဝါးများအတွက် နှစ်စဉ် ဘတ်ဂျက်မည်မျှသုံးစွဲ၍ မည်သို့ ဖြန့်ဝေပေးနေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူလူထု စိုက်ထုတ် ကုန်ကျနေသည့် စရိတ်များကျဆင်းရေးအတွက် National Health Insurance System အကောင်အထည်ဖော်နိုင်ခြင်း မရှိမီ Short Term Solution အနေဖြင့် စရိတ်မျှပေး ကျန်းမာရေးစနစ်ဖြင့် ဆေးဝါးများ ဝယ်ယူရောင်းချ ထောက်ပံ့ခြင်းအား အခမဲ့ထောက်ပံ့ပေးခြင်းဖြင့် ပြောင်းလဲကျင့်သုံး ဆောင်ရွက်ခဲ့ပါကြောင်း၊ အချို့သော ဘဏ္ဍာနှစ်များတွင် တိုးမြှင့်ရရှိသည့် ရန်ပုံငွေအရ ကင်ဆာဆေးဝါးများ အခမဲ့ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

မြွေဆိပ်ဖြေဆေးအား စက်မှုဝန်ကြီးဌာနမှ ဝယ်ယူထောက်ပံ့ပြီး အခြားကာကွယ်ဆေးများကို သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာနမှ တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်ဖြင့် ချိတ်ဆက်ပြီး ပြည်သူ့ဆေးရုံများတွင် ကာကွယ်ဆေးအခမဲ့ရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲ စမ်းသပ်ချက်များသည်လည်း ပြည်သူ့ဆေးရုံများမှ ရရှိသော ရန်ပုံငွေပမာဏနှင့် ဆေးရုံရှိ ဓာတ်ခွဲခန်း အမျိုးအစားအပေါ်မူတည်၍ ပြည်သူလူထုအား အချို့သောဓာတ်ခွဲ စမ်းသပ်မှုများအား အခမဲ့ပြုလုပ်ပေးခြင်းနှင့် အဆင့်မြင့် ဓာတ်ခွဲစမ်းသပ်မှုများအား စရိတ်မျှပေး ကျန်းမာရေးစနစ် အသွင်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁) ရေးဆွဲခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံသားများအတွက် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် နေရာမရွေး၊ ဒေသမရွေး ဝန်ဆောင်မှုပေးနိုင်ရန် ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဦးမြင့်ထွေး
(ပြည်ထောင်စုဝန်ကြီး)

ဒေါက်တာဇော်လင်းထွင်
မွန်ပြည်နယ်
မဲဆန္ဒနယ်အမှတ် (၉)

ဦးစားပေးအဆင့်အလိုက်

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးစိုင်းစံအောင်၏ **“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ရှိ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဟိုပန်မြို့ အားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှ ငွေကျပ် ၂၁ ဒသမ ၅၇၄ သန်းဖြင့် လည်းကောင်း၊ အားကစားကွင်း အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှ ငွေကျပ် သန်း ၁၆ ဒသမ ၈၉၀ ဖြင့် လည်းကောင်း၊ အားကစားကွင်း မြေထိုးမြေညှိ ပြုပြင်ခြင်းလုပ်ငန်းအား ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှ ငွေကျပ် ၅၄ သန်းတို့ဖြင့် လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိုးလုံလေလုံ အားကစားကွင်းအဖြစ် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေ စာရင်းတွင် ဦးစားပေးအဆင့်အလိုက် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ပို့ကုန်လိုင်စင်များ ခွင့်ပြု

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ် အမှတ်(၃)မှ ဒေါက်တာကျော် သန်းထွန်း (ကန်တုန်)၏ **မြန်မာနိုင်ငံ ဒေသအနှံ့ အပြား တောင်ပေါ်မြေပြန့်ရှိ အသုံးချ သဘာဝသယံဇာတ အပင်နှင့်ဆေးပစ္စည်းတို့ အား စနစ်တကျ စိုက်ပျိုးထုတ်လုပ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ပပို့ကုန်များအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက နိုင်ငံအတွင်း စိုက်ပျိုးထွက်ရှိသော နနွင်းတက်၊ ကွမ်းစားဂမုန်း၊ စကားပန်းပွင့်ခြောက်၊ ဖန်ခါးသီးခြောက်၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ နေလဲ စေ့၊ ခပေါင်းစေ့၊ စမုန်နက်၊ တောချင်း၊ ရွေးရွက်၊ နနွင်းခေါင်း၊ မာလာဥ၊ တောဂျုံး မြစ်၊ ဆေးမြင်းခွာ၊ ချဉ်ပေါင်ဖာလာ အစရှိ သော ပရဆေးများကို ပြည်ပပို့ကုန်အဖြစ် ကုန်သွယ်ဖက် နိုင်ငံများသို့တင်ပို့ရန် ပို့ကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

ပရဆေးပြည်ပတင်ပို့မှုအနေဖြင့် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၆၁၁ ဒသမ ၃၅၄ တန် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၆၀ သန်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄၉၁၈ ဒသမ ၈၈၁ တန် အမေရိကန် ဒေါ်လာ ၉ ဒသမ ၀၀၉ သန်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာ နှစ်တွင် တန်ချိန် ၂၁၁၅၉ ဒသမ ၇၀၃ တန် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၈၉၅ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း ဖြေကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင်၏ **မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများလိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှုမရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အဆိုအတည်ဖြစ်

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်း အဝေး ၂၂ ရက်မြောက်နေ့ကို ဇွန် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

သူရဇော်၊မွေးကြူဇင်(သတင်းစဉ်)

၂၀၁၇ - ခုနှစ်၊ ၁၃၇၉ - ခုနှစ်၊ ပထမပြန်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၇ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ၊ လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၁၁၆၂၃ ဦးအနက်၊ ၄၄၅၈ ဦးအောင်မြင်၍ ၃၈ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၁၀၁၃၁ ဦးအနက်၊ ၄၁၇၂ ဦးအောင်မြင်၍ ၄၁ ဒသမ ၁၈ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၄၈၂၅ ဦးအနက်၊ ၆၃၄၂ ဦးအောင်မြင်၍ ၄၂ ဒသမ ၇၈ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၂၀၁၇ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် အတန်းအသီးသီး၌ နိုင်ငံတစ်ဝန်းလုံး ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်(ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

ပထမကြီးတန်း

(၁)	ပထမ (ပထမကျော်ဘွဲ့ရ)	ခုံအမှတ်-စက/၃၆၃၊ အရှင်ဉာဏိကာလင်္ကာရ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။
(၂)	ဒုတိယ	ခုံအမှတ်-ကွေး/၁၄၆၊ အရှင်နန္ဒမာလာ ရတနာသိဒ္ဓိကျောင်း၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး။
(၃)	တတိယ	ခုံအမှတ်-မြ/ ၉ ၊ ရှင်သြဒါတ(ပါဠိ) တိုက်သစ်ပဒ္ဒေါတာရုံကျောင်းတိုက်၊ မြောင်းမြမြို့ ဧရာဝတီတိုင်းဒေသကြီး။
(၄)	သီလရှင် ပထမ	ခုံအမှတ်-မှော်/၁၁၃၊ မဓမ္မပါလ စန္ဒာရာမသီလရှင်စာသင်တိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပထမလတ်တန်း

(၁)	ပထမ	ခုံအမှတ်-စိန်/၂၈၊ အရှင်ဥတ္တမာလင်္ကာရ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(၂)	ဒုတိယ	ခုံအမှတ်-တက/၇၉၊ ရှင်ဣန္ဒက ဓမ္မသုခကျောင်း၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်။
(၃)	တတိယ	ခုံအမှတ်-မုံ/၁၃၇၊ ရှင်စန္ဒိမာလင်္ကာရ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။
(၄)	သီလရှင် ပထမ	ခုံအမှတ်-စက/၄၆၆၊ မပညာဝတီ ဇဟိုရ်စည်သိင်္ဂီရတနာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။

ပထမငယ်တန်း

(၁)	ပထမ	ခုံအမှတ်-ညတ/၂၇၊ ရှင်သိရိန္ဒရ တောင်ညိုကျောင်းတိုက်၊ ညောင်တုန်းမြို့ ဧရာဝတီတိုင်းဒေသကြီး။
(၂)	ဒုတိယ	ခုံအမှတ်-မဟမ/၆၄၊ ရှင်အကုံရ ဓမ္မဋ္ဌာနကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး။
(၃)	တတိယ	ခုံအမှတ်-တက/၆၇၊ ရှင်သုဓမ္မ တပ်ဦးဥတ္တရာရုံကျောင်းတိုက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်။
(၄)	သီလရှင် ပထမ	ခုံအမှတ်-ယန်း/၁၀၊ မတိက္ခဉာဏီ ရွှေမောင်းသာသနဝေပုလ္လသီလရှင်ကျောင်း၊ တန့်ယန်းမြို့ရှမ်းပြည်နယ်။

၂၀၁၇-ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီမှဦးဆောင်၍ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ချင်းမိုင် ဇွန် ၂၇

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က ဦးဆောင် ၍ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ဆွေးနွေးပွဲတွင် ဇွန် ၂၀ ရက် မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဒုတိယအကြိမ် ညီလာခံက ဆွေးနွေးရရှိသည့် ဘုံလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ စုစည်းခြင်းနှင့် သဘောထား ချမှတ်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လက "အခုအချိန်မှာ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း သုံးအုပ်စုဖြစ်နေတယ်။ နံပါတ်တစ်က NCA လက်မှတ်ထိုးတဲ့အဖွဲ့၊ နံပါတ်နှစ်က မြောက်ပိုင်းအဖွဲ့ဆိုပြီးတော့ ပေါ်ပေါက်လာတယ်။ တတိယအနေနဲ့တော့ NCA မထိုးရသေးတဲ့ အဖွဲ့အစည်းဆိုပြီးတော့ သုံးအုပ်စုဖြစ်နေတယ်။ မြေပြင်အခြေအနေအရ အဖွဲ့အစည်း သုံးဖွဲ့ဖြစ်နေဦးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဟာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်သွားရင်ကောင်းမလဲဆိုတာကို ဒီအစည်းအဝေးကနေ အားလုံးက စစ်မှန်တဲ့၊ ကောင်းမွန်တဲ့ အကြံဉာဏ်တွေကို ပေးကြဖို့ အထူးပဲ လိုအပ်မှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကနေ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ရှေ့လုပ်ငန်းစဉ် အကောင်းဆုံးတွေကို ချမှတ်နိုင်အောင် အားလုံးက ကြိုးစားပြီးတော့ ဆွေးနွေးတင်ပြသွားကြဖို့ တိုက်တွန်းပါတယ်" ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခဲ့သည်များကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဒုတိယ အစည်းအဝေး ရလဒ်များအပေါ် ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)နှင့် လူထုအခြေပြုအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၀ ရက်မှ ၂၆ ရက် အထိ ကျင်းပခဲ့သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဒုတိယအကြိမ် ညီလာခံတွင် ခေါင်းဆောင်သစ်များ ပြန်လည်ရွေးချယ်ခဲ့ပြီး အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နုတ်ထွက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့ချင်းမိုင်၌ပြုလုပ်သည့် အစည်းအဝေးတွင် KIO ဒုတိယဥက္ကဋ္ဌ အမှာစကားပြောကြားစဉ်

သတင်း-ရဲခေါင်ညွန့်
ဓာတ်ပုံ-အောင်အောင် (ချင်းမိုင်)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ ဒုတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌသစ်နှင့် ခေါင်းဆောင်များရွေးချယ်

ချင်းမိုင် ဇွန် ၂၇

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇွန် ၂၀ ရက် မှ ၂၆ ရက် အထိ ကျင်းပခဲ့သော ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဒုတိယအကြိမ် ညီလာခံတွင် ခေါင်းဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို နုတ်ထွက်ခွင့်ပြုခြင်းနှင့် လက်ရှိ နိုင်ငံရေးစစ်ရေးအခြေအနေများနှင့် ငြိမ်းချမ်းရေး အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ခေါင်းဆောင်သစ်များကို ဇွန် ၂၆ ရက်တွင် ရွေးချယ်ခဲ့ပြီး UNFC ဥက္ကဋ္ဌအဖြစ် နိုင်ဟံသာ (မွန်ပြည်သစ်ပါတီ-NMSP)၊ ဒုဥက္ကဋ္ဌအဖြစ် ဒေါက်တာခင်မောင် (ရခိုင်အမျိုးသားကောင်စီ - ANC) ၊ အထွေထွေအတွင်းရေးမှူး အဖြစ် ခူးဦးရယ် (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ- KNPP)၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)အဖြစ် စေအွန် (ရှမ်းပြည်တိုးတက်ရေးပါတီ-SSPP)၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) အဖြစ် ဆော်လမွန် (လားဟူဒီမိုကရက်တစ်အစည်းအရုံး-LDU) တို့ကို ရွေးချယ်ခဲ့သည်။

ညီလာခံမှဆုံးဖြတ်

UNFC ၏ ဒုတိယအကြိမ် ညီလာခံတွင် ယခင်က UNFC အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်တောင်းဆိုထားသည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ "ဝ" အမျိုးသားအဖွဲ့ချုပ် (WNO)၊ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး(PSLF) နှင့် မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်ကိုးကန့် (MNDAA) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းလေးဖွဲ့အား နုတ်ထွက်ခွင့်ပြုခဲ့သည်။ အဖွဲ့ဝင်သစ်အဖြစ် UNFC အဖွဲ့တွင် ပါဝင်ရန် လျှောက်ထားခဲ့ကြသည့် ချင်းအမျိုးသားတပ်ဦး(CNF)နှင့် ကချင်အမျိုးသားအစည်းအရုံး (KNO) အဖွဲ့တို့ကို UNFC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်သွားရန် ညီလာခံမှ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

UNFC ဒုတိယအကြိမ် ညီလာခံကျင်းပစဉ်

လက်ရှိ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC) အဖွဲ့တွင် မွန်ပြည်သစ်ပါတီ(NMSP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရခိုင်အမျိုးသားကောင်စီ (ANC) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းရုံး (LDU) တို့ ပါဝင်သည်။

ဥက္ကဋ္ဌသစ်

ယခင်ကUNFC ကို ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ က ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ယခုတွင် UNFC ဥက္ကဋ္ဌသစ်အဖြစ် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာက တာဝန်ယူမည်ဖြစ်သည်။

သတင်း-ရဲခေါင်ညွန့်
ဓာတ်ပုံ-အောင်အောင် (ချင်းမိုင်)

ပြည်သူ့လွှတ်တော်မှ

ပြည်သူလူထုကို ဦးစွာချပြဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ ဇုန်ဥပဒေ စည်းကမ်းချက်များကို သိရှိလိုက်နာနိုင်မှသာ မြေယာအသုံးချမှုအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်ဖြစ်ပါကြောင်း၊ ဝါခရူမြို့ဟောင်းအား ပြည်ထောင်စု အဆင့် ဥပဒေပြဋ္ဌာန်းပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် ဒေသခံပြည်သူများက သက်ဆိုင်ရာ ဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့၏ လမ်းညွှန်မှုကိုခံယူကာ မိမိဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်ကို မိမိတို့ကိုယ်တိုင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာ ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုးနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မဲဆန္ဒနယ်မှ ဦးအေးနိုင်တို့၏ သိမ်းဆည်းခံလယ်မြေများ နစ်နာကြေးရရှိရေး၊ ဆန်နှင့်စက်သုံးဆီအမျိုးမျိုး လွတ်လပ်စွာ သယ်ယူခွင့်ပြုရေး၊ စီမံကိန်းအကောင်အထည်မဖော်နိုင်သော မြေများအား ပြန်လည်သိမ်းဆည်းရေး၊ သားငါးဈေးနှုန်းကျဆင်းရေး၊ မြို့နယ်တိုင်းတွင် သားသတ်ရုံများကို စနစ်တကျဆောက်လုပ်ပေးရေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်ခန်းမ ပြန်လည်ရရှိရေးဆိုင်ရာ မေးခွန်းများကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်နှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေး၌ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော်ဘဏ္ဍာငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ "ပြည်သူ့ငွေစာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း"အား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ဇွန် ၂၉ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

ကျော်သူထက်၊
အေးအေးသန့်(သတင်းစဉ်)

စာမျက်နှာ ၆ မှ

စတင်ထိုးနှံသည့် အချိန်တို့အပေါ်မူတည်၍ အသက်ကယ်နိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေအရ BPI ဆေးဝါးစက်ရုံတွင် မြွေပွေးမြွေဆိပ်ဖြေဆေး(အရည်)နှင့် မြွေဟောက်မြွေဆိပ်ဖြေဆေး (အရည်)တို့ကို ထုတ်လုပ်လျက်ရှိသည်။ ယင်းဆေးဝါးနှစ်မျိုးမှာ အာနိသင်မပျောက်ပျက်ရေးအတွက် အပူချိန်(2ºC မှ 8ºC) အတွင်း အမြဲတမ်းသိမ်းဆည်းရန်လိုအပ်ပြီး သတ်မှတ်သည့်အတိုင်း သိမ်းဆည်းပါက ဆေးဝါးသက်တမ်းသုံးနှစ်တာရှည်ခံသည်။ သတ်မှတ်အပူချိန် (2ºC မှ 8ºC) အတွင်း ထားသိုနိုင်ခြင်း မရှိသဖြင့် အာနိသင်ပျက်ပြယ်သည့် မြွေဆိပ်ဖြေဆေး (အရည်)ဖြင့် မြွေပေါက်ခံရသည့်လူနာအား အသက်ကယ်တင်နိုင်ခြင်း မရှိကြောင်း သိရှိရန်လည်း လိုအပ်သည်။

လျှပ်စစ်မီးမရှိသည့် ဒေသများတွင် အပူချိန်(2ºC မှ 8ºC)ထိ သိမ်းဆည်းရန် ခက်ခဲနိုင်သဖြင့် သာမန်အခန်းအပူချိန်ဖြင့် သိမ်းဆည်းနိုင်မည့် မြွေပွေးမြွေဆိပ်ဖြေဆေး (အေးခဲခြောက်)နှင့် မြွေဟောက်မြွေဆိပ်ဖြေဆေး (အေးခဲခြောက်)တို့အား (Freeze Dried) ပုံစံဖြင့်လည်း ထုတ်လုပ်ထားပြီး ဆေးဝါးသက်တမ်း ငါးနှစ်ခံသည်။ ယင်းဆေးဝါးနှစ်မျိုးမှာ ကျေးလက်ဒေသများအတွက် ပိုမိုသင့်လျော်သည်။

ထို့အပြင် မြွေပေါက်ခံရသည့် လူနာအတွက် မြွေပွေး(သို့)မြွေဟောက် မြွေအမျိုးအစားခွဲခြားရန် ခက်ခဲသည့် အခြေအနေမျိုးရှိခဲ့ပါက အသက်မဆုံးရှုံးနိုင် ရေးအတွက် (Bivalent Snake Anti Venom) မြွေဆိပ်ဖြေဆေးကိုလည်း မကြာမီကာလအတွင်း BPI ဆေးဝါးစက်ရုံမှ ထုတ်လုပ်ဖြန့်ချိမည်ဖြစ်သည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံသားများ မြွေပေါက်ခံရသည့် အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် အရည်အသွေးစိတ်ချယုံကြည်ရသော မြွေဆိပ်ဖြေဆေးအား ပြည်တွင်း၌ပင် လုံလောက်စွာ ထုတ်လုပ်နိုင်စွမ်းရှိပြီးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော်စစ်ကြောင်းများက TNLA လက်နက်ကိုင်အဖွဲ့များ၏ လေ့ကျင့်ရေးပြုလုပ် စခန်းပုန်းနှင့် လက်နက်၊ ခဲယမ်းများ သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နမ့်ဆန်မြို့နယ် မန်လန်းကျေးရွာအနီးတစ်ဝိုက် တောတွင်းတစ်နေရာ၌ TNLA လက်နက်ကိုင်အဖွဲ့က သင်တန်းများဖွင့်လှစ်သင်ကြားနေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းများက ၎င်းနေရာ တစ်ဝိုက်အား ဇွန် ၂၀ ရက်မှစတင်၍ နယ်မြေရှင်းလင်းခဲ့ရာ ဇွန် ၂၀ ရက် နံနက် ၈ နာရီခန့်တွင် မန်လန်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်၌ လေ့ကျင့်ရေးပြုလုပ်သည့် စခန်းပုန်းတစ်ခုကို တွေ့ရှိရှင်းလင်းခဲ့ကြောင်း သိရသည်။

အောင်ပွဲရတပ်မတော်သားများကို TNLA လက်နက်ကိုင်အဖွဲ့ထံမှ သိမ်းဆည်းရရှိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်

အဆိုပါ စခန်းပုန်းနေရာ၌ အခြေခံအဆောက်အအုံများဖြစ်သည့် ပေ ၄၀ ပတ်လည်ခန့်ရှိ တန်းစီကွင်း၊ သင်တန်းခန်းမဆောင် တစ်ဆောင်၊ ၎င်းခန်းမဆောင်အတွင်းမှ သုံးဦးထိုင်ခုံတန်းရှည် ၁၂ လုံး၊ အိပ်ဆောင် သုံးလုံး၊ ထမင်းချက်ဆောင်တစ်လုံးနှင့် ထမင်းစားဆောင်တစ်လုံး စုစုပေါင်း အဆောက်အအုံခြောက်လုံးနှင့် မီးစက်တစ်လုံး၊ ဒီတိုနေတာ ၁၂ ချောင်း၊ ပေ ၁၀၀ ခန့်ရှိ ဝါယာကြိုးခွေ တစ်ခွေ၊ TNLA ဘတ်တံဆိပ်ပါ ဝတ်စုံ ၄၀၊ အစိမ်းရောင်စောင်အထည် ၂၀၊ ဂလူးကို့စ် အားသွင်းဆေးရည် အလုံး ၅၀၊ ဆေးမျိုးစုံ ဆာလာအိတ်နှစ်အိတ်နှင့် ဆန်အိတ်များ၊ စားသောက်ဖွယ်ရာများကို သိမ်းဆည်းရမိခဲ့ပြီး ထပ်မံရှင်းလင်းစဉ် စခန်းဝန်းကျင်တစ်ဝိုက်နှင့် အဆောက်အအုံများ အကြားမှ လေးလက်မသံပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရတိုက်မိုင်း ငါးလုံး၊ ရှစ်လက်မ သံပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရတိုက်မိုင်းတစ်လုံးနှင့် ငါးဂါလန်ဝင် ပလတ်စတစ်ပုံးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း လေးလုံးတို့ကို တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

တောတွင်းရှိ စခန်းပုန်းကို တွေ့ရစဉ်

အလားတူ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ၎င်းစခန်းပုန်း၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက် လျှိုစောင်းချုံအတွင်းမှ ဒေသန္တရလက်လုပ်မိုင်း ၁၃ လုံးနှင့် အလျားလေးလက်မ၊ အနံလေးလက်မ၊ အမြင့်ခြောက်လက်မခန့်ရှိ လေးထောင့်သံပုံးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း လေးလုံးတို့ကို ရှာဖွေရှင်းလင်းနိုင်ခဲ့ပြီး ဇွန် ၂၆ ရက်အထိ ထိတွေ့မှုငါးကြိမ် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီးနောက် TNLA လက်နက်ကိုင်အဖွဲ့များသည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အလောင်းလေးလောင်း၊ အမ် ၂၂ သေနတ် ၁၂လက်၊ စက်လတ်တစ်လက်၊ ကေ ၁၂ သေနတ်တစ်လက်၊ အမ် ၂၂ ဒင်ခေါက် သေနတ် တစ်လက်၊ RPG ဒုံးသီး ၂၆ လုံး၊ ၆၀ မမ ဗုံးသီး ၁၁ လုံး၊ အမ် ၂၂ ကျည်အိမ် ၁၄ ခု၊ ၎င်းကျည်တောင့် ၈၀၀၊ စနိုက်ပါ ကျည်အိမ်သုံးခု၊ စာရွက်စာတမ်းမျိုးစုံ ဆာလာအိတ်နှစ်ထုပ်နှင့် စစ်ဝတ်ပစ္စည်းမျိုးစုံ ဆာလာအိတ်တစ် ထုပ်တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နေရာကွက် မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့်မကွေး တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ

နေပြည်တော် ဇွန် ၂၇

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ပျက်ကျခဲ့သော Y-8 လေယာဉ်၏ ကျန်ရှိ အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိရေးအတွက် လေယာဉ်အမြီးပိုင်း တွေ့ရှိသည့်နေရာအနီးတစ်ဝိုက် ပင်လယ်ပြင်အတွင်း ရှာဖွေရေးလုပ်ငန်းများကို ယနေ့တွင် ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်စဉ် တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ရှာဖွေတွေ့ရှိသော နေရာများသို့ ဒေသခံငါးဖမ်းစက်လှေများက သွားရောက်ရှာဖွေရာ ယနေ့ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည် အလူမီနီယံအစိတ်အပိုင်းများအား **(ယာပုံ)** ထပ်မံဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကန့်သတ်ချက်ဥပဒေကို အမေရိကန်အမြင့်ဆုံးတရားရုံးက ပြန်လည်ခွင့်ပြု

ဝါရှင်တန် ဇွန် ၂၇

အမေရိကန်နိုင်ငံ အမြင့်ဆုံးတရားရုံးက ဒေါ်နယ်ထရန့်၏ လူဝင်မှုကန့်သတ်ချက်ဥပဒေ ရပ်ဆိုင်းခံထားရမှုကို ယမန်နေ့က ပြန်လည်ခွင့်ပြုပေးခဲ့ပြီး အဆိုပါ လူဝင်မှုကန့်သတ်ချက်ပြုလာမည့် အောက်တိုဘာလတွင် အဆိုပါ လူဝင်မှုကန့်သတ်ချက်ဥပဒေကို တရားဝင်မှု ရှိ၊ မရှိ အတည်ပြုစစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဥပဒေအကြံပြုစာအရ လူဝင်မှုကန့်သတ်ချက်တွင် အမေရိကန်နိုင်ငံအတွင်း လူ သို့မဟုတ် ရပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုနှင့် တိုက်ရိုက်ပတ်သက်မှုရှိသည့် နိုင်ငံခြားသားများကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခြင်းအား ကန့်သတ်ရန်ပါဝင်သည်။ အမေရိကန်နိုင်ငံသို့ မရောက်ရှိဖူးသူ သို့မဟုတ် ဆွေမျိုးများမရှိခြင်းနှင့် လုပ်ငန်းဆိုင်ရာ ပတ်သက်ဆက်နွှယ်မှုမရှိသော နိုင်ငံခြားသားများကို ယာယီကန့်သတ်ထားနိုင်ကြောင်းပါရှိသည်။

ထို့အပြင် ဥပဒေအကြံပြုစာတွင် ဒေါ်နယ်ထရန့်အစိုးရ၏ လူဝင်မှုကန့်သတ်ချက်ဥပဒေကို စစ်ဆေးရန်သဘောတူကြောင်းနှင့် ဖက်ဒရယ်တရားရုံးမှ ချမှတ်ခဲ့သည့် လူဝင်မှုကန့်သတ်ချက်ဥပဒေသစ်တချို့ ရပ်ဆိုင်းသည့်အမိန့်ကို ပယ်ဖျက်ကြောင်း ပါရှိသည်။ အဆိုပါ ဥပဒေအကြံပြုစာသည် အမေရိကန်၏အမြင့်ဆုံးတရားရုံး၏ထိရောက်သော သဘောထားအမြင်ကို ဖော်ပြသော်လည်း တရားသူကြီးများလက်မှတ်ရေးထိုးထားခြင်းမရှိကြောင်းသိရသည်။

ဒေါ်နယ်ထရန့်သည် အီရန်၊ ဆူဒန်၊ ဆီးရီးယား၊ လစ်ဗျား၊ ဆိုမာလီယာ၊ ယီမင်နှင့် အီရတ်နိုင်ငံမှ ဒုက္ခသည်များကို အမေရိကန်သို့ ဝင်ရောက်ခွင့်မပြုဘဲ ယာယီကန့်သတ်ခဲ့သည်။ ထို့အတူ မတ်လက ထုတ်ပြန်ကြေညာခဲ့သော လူဝင်မှုကန့်သတ်ချက်ဥပဒေတွင် အီရတ်နိုင်ငံကို ဖယ်ရှားပြီး အချက်အလက်များကို ကြေညာခဲ့သည်။ ထိုသို့ အကြိမ်ကြိမ်အခါခါ ကြိုးစားသော်လည်း ဖက်ဒရယ်တရားရုံး၏ ငြင်းဆိုခြင်းကို ခံခဲ့ရသည်။ ယခုအခါ ထရန့်သည် အမေရိကန်နိုင်ငံ၏အမြင့်ဆုံးတရားရုံးသို့ ယခင်အမိန့်ချမှတ်မှုများကို ပယ်ဖျက်ပေးရန် အယူခံဝင်ခဲ့ပြီး လူဝင်မှုကန့်သတ်ချက်ဥပဒေကို အကောင်အထည်ဖော်ရန် ကြိုးစားလျက်ရှိသည်။ **(ဆင်ဟွာ)**

အယ်လ်ခိုင်ဒါအဖွဲ့မှ ဖမ်းဆီးခဲ့သည့် ဆွီဒင်နိုင်ငံသား ပြန်လည်လွတ်မြောက်

စတော့ဟုမ်း ဇွန် ၂၇

အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးခဲ့သည့် ဆွီဒင်နိုင်ငံသား ဂျွန်ဂက်စ်တက်ဖ်ဆန်ပြန်လည်လွတ်မြောက်လာခဲ့ပြီး ယမန်နေ့က ဆွီဒင်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့က ဂျွန်ဂက်စ်တက်ဖ်ဆန်ကို လွန်ခဲ့သော ၂၀၁၁ ခုနှစ်က အနောက်အာဖရိက မာလီနိုင်ငံ၌ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ဂျွန်ဂက်စ်တက်ဖ်ဆန်ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး မာဂေါ့ဝယ်စထရောင်းက အတည်ပြုပြောကြားခဲ့သည်။

ဂျွန်ဂက်စ်တက်ဖ်ဆန်သည် ပြန်လည်လွတ်မြောက်လာပြီးနောက် စိတ်လှုပ်ရှားလျက်ရှိကြောင်း၊ ယခုလို လွတ်မြောက်လာခြင်းသည် ဘက်ပေါင်းစုံမှ ကြိုးစားခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ဆွီဒင်နိုင်ငံခြားရေး ဝန်ကြီးအနေဖြင့် ဂျွန်ဂက်စ်တက်ဖ်ဆန် မည်သို့လွတ်မြောက်လာခဲ့ကြောင်းနှင့် အယ်လ်ခိုင်ဒါအဖွဲ့အား ငွေပေးခြင်းရှိ၊ မရှိ ပြောကြားခဲ့ခြင်း မရှိကြောင်းသိရသည်။

ဂျွန်ဂက်စ်တက်ဖ်ဆန်သည် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလက မာလီနိုင်ငံတွင် မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားလည်ပတ်နေစဉ်အတွင်း ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ဂျာမနီ၊ ဟော်လန်နှင့် တောင်အာဖရိကနိုင်ငံတို့မှ နိုင်ငံသား သုံးဦးလည်း ဖမ်းဆီးခံခဲ့ရကြောင်း၊ ဂျာမနီနိုင်ငံသားက ဖမ်းဆီးခံရစဉ် ပြန်လည်ခုခံသဖြင့် သေဆုံးခဲ့ကြောင်း၊ ဟော်လန်နိုင်ငံသားအား ၂၀၁၅ ခုနှစ်တွင် ပြင်သစ်အထူးတပ်ဖွဲ့မှ ကယ်တင်နိုင်ခဲ့သော်လည်း ကျန်ရှိသည့် တောင်အာဖရိကနိုင်ငံသားမှာ အခြေအနေမသိရသေးကြောင်း သိရသည်။ လက်ရှိတွင် ဂျွန်ဂက်စ်တက်ဖ်ဆန်၏ အသက်သည် ၄၂ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

အိုင်အက်စ်စစ်သွေးကြွများ၏လက်နက်တိုက်များကို အီရတ်အင်အားစုများလေကြောင်းမှတိုက်ခိုက်

မိုဆူးလ် ဇွန် ၂၇

အီရတ်အစိုးရတပ်ဖွဲ့ဝင်အင်အားစုများသည် အိုင်အက်စ်စစ်သွေးကြွများကို အပြတ်ဖြိုတ်နိုင်ရန် မိုဆူးလ်မြို့ဟောင်းကိုလေကြောင်းတိုက်ခိုက်မှုများဆင်နွှဲခဲ့ကြောင်း သိရသည်။

သုံးနှစ်ကြာအောင် စစ်သွေးကြွများ၏ ထိန်းချုပ်မှုလက်အောက်သို့ ကျရောက်ခဲ့သည့် နိုင်ငံ၏ဒုတိယအကြီးဆုံးမြို့၏ပိုင်နက်နယ်မြေအများစုကို အီရတ်အင်အားစုများက ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်သည်။ အီရတ်အင်အားစုများသည် ပြီးခဲ့သည့် ဇွန် ၁၈ ရက်မှ စတင်ကာ မြို့ဟောင်းဆီသို့စစ်ဆင်ရေးတိုးချဲ့လာခဲ့ပြီး အင်္ဂါနေ့တွင် လေကြောင်းတိုက်ခိုက်မှုများ စတင်လာခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုများသည် အိုင်အက်စ်စစ်သွေးကြွများ၏ လက်နက်တိုက်များကို ပစ်မှတ်ထားသည့်တိုက်ခိုက်မှုများဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြခဲ့သည်။ လက်နက်တိုက်များတွင်ရှိနေသည့် အသေခံဗုံးခွဲသမားများက ပေါက်ကွဲပစ္စည်းများတင်ဆောင်ထားသည့် ကားများဖြင့် အသေခံဗုံးခွဲမှုပြုလုပ်ရန် ကြံရွယ်လျက်ရှိသည်ဖြစ်ရာ အဆိုပါနေရာများကို တမင်ပစ်မှတ်ထားလျက် လေကြောင်းချီ တိုက်ခိုက်ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အီရတ်အင်အားစုများသည် သမိုင်းဝင်မြို့ဟောင်းအတွင်း အကြီးစားလေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကိုမူ ရှောင်ကြဉ်ခဲ့ကြောင်း သိရသည်။ စစ်သွေးကြွများရှိရာ ဧရိယာများအတွင်း၌ အရပ်သားနှစ်သောင်းကျော်ပိတ်မိနေသည်ဟု ယူဆရသည်။ **(ရိုက်တာ)**

ဓာတုလက်နက်ဖြင့် တိုက်ခိုက်ရန်ကြံစည်နေသည်ဟုဆိုကာ ဆီးရီးယားသမ္မတအား အမေရိကန်သတိပေး

အလက်ပို ဇွန် ၂၇

ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်နှင့် ၎င်း၏ တပ်မတော်သည် ဓာတုအဆိပ်လက်နက်အသုံးပြုသည့် တိုက်ခိုက်မှုများ ပြုလုပ်ရန်ကြံစည်လျက်ရှိပြီး အကယ်၍ ထိုကဲ့သို့သော တိုက်ခိုက်မှုမျိုးပြုလုပ်လာပါက တန်ဖိုးကြီးကြီးပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း တနင်္လာနေ့တွင် အိမ်ဖြူတော်က သတိပေးပြောကြားလိုက်ကြောင်း သိရသည်။

ထို့အပြင်အိမ်ဖြူတော်က အမေရိကန်အနေဖြင့် သမ္မတအာဆတ်က ဓာတုလက်နက်သုံး၍ တိုက်ခိုက်ရန်ကြံစည်နေသည်ဟု ပြောဆိုနိုင်သည့်အကြောင်းပြချက်မျိုးလည်းရှိနေကြောင်း ပြောကြားခဲ့သည်။

တနင်္လာနေ့နှောင်းပိုင်းတွင် အိမ်ဖြူတော်မှဖော်ပြခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် အဆိပ်လက်နက်ဖြင့် တိုက်ခိုက်ရန်ဆီးရီးယားနိုင်ငံက ကြံစည်နေမှုသည် ပြီးခဲ့သည့် ဧပြီ ၄ရက်က အပြစ်မဲ့ပြည်သူများစွာတို့ကို အသက်ဆုံးရှုံးစေခဲ့သည့် ဓာတုလက်နက်သုံး တိုက်ခိုက်မှုနှင့်အလားတူပင်ဖြစ်ကြောင်းဖော်ပြခဲ့သည်။ ထိုစဉ်က ဓာတုလက်နက်တိုက်ခိုက်မှုအပေါ် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က များစွာဒေါသထွက်ခဲ့ပြီး ဆီးရီးယားလေတပ်အခြေစိုက်စခန်းများကို ဒုံးကျည်များဖြင့်ပစ်ခတ်ရန် အမိန့်ပေးအပ်ခဲ့သည်။

ယခုတစ်ဖန်ဆီးရီးယားအစိုးရသည် ကလေးငယ်များအပါအဝင် အရပ်သားပြည်သူများစွာသေကျေပျက်စီးစေမည့် နောက်ထပ်ဓာတုလက်နက်အသုံးပြု၍တိုက်ခိုက်ရန်ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု သိရှိဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆီရန်စပိုက်ဆာကပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအနေဖြင့် ဓာတုလက်နက်သုံး၍တိုက်ခိုက်ရန်ပြင်ဆင်နေကြောင်းသိရှိထားမှုနှင့်ပတ်သက်၍ အမေရိကန်အနေဖြင့်မည်ကဲ့သို့စီစဉ်သွားမည်ကို မှတ်ချက်ချပြောဆိုရန်မေးခွန်းထုတ်မှုများကို အိမ်ဖြူတော်က ဖြေကြားခဲ့ခြင်းမရှိကြောင်းသိရသည်။ **(ရိုက်တာ)**

အစ္စရေးတိုက်လေယာဉ်များ ဂါဇာကို တိုက်ခိုက်

ဂါဇာ ဇွန် ၂၇

အစ္စလာမ္မစ် ဟားမားစ်အဖွဲ့တို့ သိမ်းပိုက်ထားသော ဂါဇာမှ အစ္စရေးနိုင်ငံအား လက်နက်ကြီးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အဆိုပါ လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဂျက်တိုက်လေယာဉ်များသည် ဂါဇာဒေသအား ယနေ့နံနက်အစောပိုင်းက တိုက်ခိုက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသည့်သတင်းတစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသေးကြောင်းသိရသည်။

အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနောက်ဂါဇာမြို့အနီးနှင့်တောင်ဘက် ဂါဇာကမ်းမြောင်တို့တွင် ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း လုံခြုံရေးနှင့် ကျန်းမာရေး သတင်းရင်းမြစ်များအရ သိရသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း ရှိ၊ မရှိ မသိရသေးသော်လည်း အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထားကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အရှာရက်ဖ်အယ်လ်ကေတရာက သတင်းထောက်များအား ပြောကြားခဲ့သည်။

ဇွန် ၂၅ ရက်တွင် ဂါဇာမှ အစ္စရေးနိုင်ငံကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း အစ္စရေး အသံလွှင့်ဌာနက ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူများဖမ်းဆီးခံရ/ပျောက်ဆုံးစာရင်း

(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့အထိ)

စဉ်	ရက်စွဲ	အမည်	မြို့နယ်/ ကျေးရွာ	ဖမ်းဆီး/ ပျောက်ဆုံး	မှတ်ချက်
၁။	၂-၁၁-၂၀၁၆	ဝင်းမောင်သိန်း၊ ထွန်းလင်းအေး (ခ) ညီချေ၊ သိန်းကျော်	မောင်တောမြို့နယ် ရွက်ညိုတောင် ကျေးရွာ	၃	ဖားဝပ်ချောင်း ကျေးရွာမှ ရွက်ညိုတောင် ကျေးရွာသို့ ပြန်လာစဉ် ကျေးရွာသို့ မရောက်ရှိဘဲ လမ်း၌ ပျောက်ဆုံးနေခြင်းဖြစ်။
၂။	၁၃-၁၂-၂၀၁၆	ဟာဘီရော်မာန်	သဝန်ချောင်း မြောက်ရွာ	၁	ဟာဘီရော်မာန်အား ဖမ်းဆီးသွားပြီး ဖမ်းဆီးခံရမှုကို တပ်နှင့် ရဲထံ သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့် မိသားစုအား ဖမ်းဆီး သတ်ဖြတ်ပစ်မည်ဟု ဖုန်းဖြင့်ခြိမ်းခြောက် ပြောဆို။
၃။	၂-၁-၂၀၁၇	လာလူး	မင်းကြီးကျေးရွာ	၁	နေအိမ်သို့ ပြန်လည် မရောက်ရှိဘဲ ပျောက်ဆုံး။
၄။	၂၂-၁-၂၀၁၇	အီပြာဟိန်း	ဆင်သေပြင် (အရှေ့)	၁	နေအိမ်သို့ ပြန်လည် မရောက်ရှိဘဲ ပျောက်ဆုံး။
၅။	၂၇-၁-၂၀၁၇	ရှော်ဗီရာမောက်	ရွက်ညိုတောင် ကျေးရွာ	၁	နေအိမ်သို့ ပြန်လည် မရောက်ရှိဘဲ ပျောက်ဆုံး။
၆။	၂၇-၁-၂၀၁၇	ဆွေဒုပ်အာမိန်	မျောချောင်း ကျေးရွာ	၁	မိသားစုနှင့်အတူ အိပ်နေစဉ် အမျိုးသား (၄) ဦးမှ ထရံ အား ဖြို၍ တုတ်ဖြင့် ရိုက်ပြီး ဖမ်းဆီး ခေါ်ဆောင်။
၇။	၁၂-၃-၂၀၁၇	မာမတ်ရှော်ဖီး	မောင်တော မြို့နယ် စဉ်တောင် ကျေးရွာ	၁	မတ် ၁၂ ရက်နေ့တွင် မာမတ် ရှော်ဖီးသည်ဖုန်းလာ၍ စကား ပြောပြီး ရွာထဲသို့ ထွက်သွား ရာမှ ပြန်လည် ရောက်ရှိခြင်း မရှိဘဲ ပျောက်ဆုံးနေပြီး ၎င်း သည် ကျေးရွာသို့ တပ်မတော် စစ်ကြောင်းများ လာရောက် သည့် အခါ ကူညီ ပေးသူဖြစ်၍ မသင့်မြတ်သူ များမှ ဖမ်းဆီး ထားနိုင်။
၈။	၃၀-၃-၂၀၁၇	ယာယာ	မောင်တောမြို့နယ် ရွက်ညိုတောင် ကျေးရွာ	၁	ရေတွင်းကျွန်း ကျေးရွာသို့ အလည်သွားရာ ပြန်လည် ရောက်ရှိလာခြင်း မရှိ။
၉။	၃၀-၃-၂၀၁၇	နူမာမောက်	မောင်တောမြို့နယ် ကျွန်းပေါက်ပြုစု ကျေးရွာ	၁	မိသားစုနှင့်အတူ အိမ်၌ အိပ်နေစဉ် မျက်နှာဖုံး ဝတ်ဆင်ထား သော လူ (၁၅) ဦးခန့်က အိမ် နောက်ဖက် ဝါး ထရံအား ဖျက်၍ ဝင်ရောက်လာပြီး နူမာမတ်အား ဖမ်းဆီးခေါ်ဆောင်သွား။
၁၀။	၁-၄-၂၀၁၇	အီဘရာဟိန်း၊ ရှောင်ရှုအာလောင် နှင့် အယ်ဇာဟူဆောင်း	မောင်တော မြို့နယ် သက်ကိုင်ညာ ကျေးရွာ	၃	တုတ်၊ဓားများ ကိုင်ဆောင်ပြီး ခေါင်းစွပ်အမည်း ဝတ်ဆင်ထား သူ (၃၀) ဦးခန့်မှ နေအိမ်ထရံ အားဖျက်၍အိမ်အတွင်းဝင်ရောက် ကာ ဖမ်းဆီးခေါ်ဆောင်သွား။ (အဒူလာဟာဒူလာမီအား ကြိုး တုပ်လျက်ပြန်လည် တွေ့ရှိ။)
၁၁။	၁၀-၄-၂၀၁၇	မော်ဖီးအာလောင်	မောင်တောမြို့နယ် ကွမ်းသီး ပင်ကျေးရွာ	၁	နေအိမ်နှင့် ကိုက် (၅၀၀) ခန့် အကွာရှိ ပုဇွန်ကန်သို့ ငါး/ပုဇွန် ဖမ်းရန်ထွက်သွားရာ ပြန်ရောက် မလာ။
၁၂။	၁၇-၄-၂၀၁၇	မာမတ်တာလောင် (ခ) ဇော်လှိုင်	ကြိမ်ချောင်းတောင် ကျေးရွာ၊ မောင်တောမြို့နယ်	၁	ဆိုင်ကယ်ဖြင့် ဂျက်ချောင်း ကျေးရွာသို့ ဈေးဝယ်ရန် သွား ရောက်စဉ် မြဖင်ကျေးရွာ ဗလီ လမ်းဆုံတွင်လူ(၂) ဦး (စိစစ်ဆဲ) မှ ဖမ်းဆီးခေါ်ဆောင်သွား။
၁၃။	၂၉-၄-၂၀၁၇	ဦးအောင်မြကျော်၊ ဦးမောင်အေးသာ	ရသေ့တောင် မြို့နယ် ကျောက် စာတိုင် ကျေးရွာ	၂	မေယု တောင်ရိုးများသို့ ခရု ရှာဖွေရန် ရိက္ခာ(၃) ရက်စာဖြင့် ထွက်ခွာသွား ရာမှ ပြန်လည် ရောက်ရှိ လာခြင်းမရှိ။
၁၄။	၁၉-၅-၂၀၁၇	မိုဇီရာမန်	မောင်တော မြို့နယ် ကျောင်း တောင် ကျေးရွာ အုပ်စု	၁	အနက်ရောင် ဝတ်စုံဝတ် မျက်နာဖုံး စွပ်ထားသူ (၅၀) ဦးခန့်က ဂန္တရှုံးရွာ ဘက်သို့ ဖမ်းဆီးခေါ် ဆောင်သွားခဲ့။
၁၅။	၂၇-၅-၂၀၁၇	မာမောက်တာဟဲရ်	မောင်တောမြို့နယ် ကျီးကန်းပြင် အလယ်ရွာ	၁	နေအိမ်မှ ထွက်သွားရာ အိမ်သို့ ပြန်ရောက်လာခြင်း မရှိ။
၁၆။	၅-၆-၂၀၁၇	အီဘရာဟင်း	မောင်တောမြို့ပေါ် ရပ်ကွက် ၂	၁	နယ်မြေ ၅ သလူချောင်း ကျေးရွာ တောင်ဘက်တွင် အီဘရာဟင်းပါ ၄ ဦး ပုဇွန်ကန် စောင့်ကြပ်နေစဉ် မျက်နှာ အဝတ်အုပ်ထားသူ ၂၅ ဦးမှ ဖမ်းဆီးခေါ်ဆောင်သွား။
၁၇။	၂-၆-၂၀၁၇	ဦးလှစိန် (ခ) အေမာရန်	ဘူးသီးတောင် မြို့နယ် စာကိုင်းကျေးရွာ	၁	အမည်မသိ လူတစ်စုက စာရင်း ရှင်းရန် ခေါ်ဆောင်သွားခဲ့ပြီး အိမ်သို့ ပြန်ရောက်လာခြင်း မရှိ သဖြင့် ၎င်း၏ ဇနီးဖြစ်သူက ဇွန်လ ၁၀ ရက် နေ့တွင် လာရောက် တိုင်တန်းခဲ့။
			စုစုပေါင်း	၂၂ ဦး	

အကြမ်းဖက်အဖွဲ့အတွက် လူသစ်စုဆောင်းပေးသူအား ဖမ်းဆီးထိန်းသိမ်း

နေပြည်တော် ဇွန် ၂၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ်များအား အကြမ်းဖက်အဖွဲ့အတွက် လူသစ်စုဆောင်းနေသူ တစ်ဦးအား ယမန်နေ့ညနေပိုင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အင်းဒင်ကျေးရွာ (ရွာကြီး)နေ မော်လဝီမာမတ်တော်ယာလ် သည် ကျေးရွာအတွင်းရှိ လူငယ်များအား အကြမ်းဖက်အဖွဲ့အတွက် လူသစ်စုဆောင်းပေးခြင်း၊ ငွေကြေးများထောက်ပံ့ပေးခြင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုပျက်ပြားအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အား မထီမဲ့မြင်ပြုခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ယမန်နေ့ ညနေပိုင်းက မော်လဝီမာမတ်တော်ယာလ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်နက်ကြီးပုံးသီးစများထိမှန်၍ ဒေသခံပြည်သူနှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့အနီးဝန်းကျင်ရှိ နယ်မြေခံတပ်များအား ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က KIA/ TNLA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

KIA/ TNLA လက်နက်ကိုင်အဖွဲ့များသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ကွတ်ခိုင်မြို့၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တို့မှ ကွတ်ခိုင်မြို့တွင်းနှင့် နယ်မြေခံတပ်အနီးသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ရာ ပုံးသီးများကျရောက်ပေါက်ကွဲခဲ့သဖြင့် ကွတ်ခိုင်မြို့၏ အနောက်မြောက်ဘက်ရှိ ပိန်းဟွယ်ကျေးရွာနေ ဒေါ်အေးအမ်နှင့် ဦးအိုက်ဒဲ့တို့နှစ်ဦးမှာ လက်နက်ကြီးစ ထိမှန်သေဆုံးခဲ့ပြီး ဦးအိုက်စံမှာ ဦးခေါင်းတွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ကွတ်ခိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများခံယူလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



သကြားအိတ်များတင်ဆောင်လာသော ၁၈ ဘီးယာဉ်တိမ်းမှောက်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၁၅/၁)မိုင် အာဟာရသုခဈေးနှင့် မြို့ရှောင်လမ်းဆုံ၌ ယနေ့ ညနေ ၅ နာရီ ၃၅ မိနစ်က ယာဉ်မောင်း သန်းဇော်ထွန်း(၂၄ နှစ်)(စုံစမ်းဆဲ) သကြားအိတ် ၆၀၀ ကျော် တင်ဆောင် မောင်းနှင်လာသော 6E/----- UD ၁၈ ဘီးယာဉ်သည် အဆိုပါနေရာ၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။ **(အပေါ်ပုံ)**

ယာဉ်တိမ်းမှောက်ရာတွင် ယာဉ်ပေါ်ပါရှိသူ (ယာဉ်နောက်လိုက်)အောင်လွင်ဦး ကျောက်ဆည်မြို့နေသူမှာ ဝဲခြေဖမိုးအနည်းငယ်ဒဏ်ရာရ၍ စက်ပြင်ဆရာ အောင်မိုးသူ (၂၂ နှစ်) ကျောက်ဆည်မြို့နေသူမှာ ဒဏ်ရာမရရှိကြောင်းနှင့် မော်တော်ယာဉ်မှာ ပျက်စီးခဲ့သည်။

ယာဉ်တိမ်းမှောက်ရာသို့ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများရောက်ရှိခဲ့ပြီး မြို့ရှောင်လမ်း ယာဉ်ကြောမပိတ်စေရေးအတွက် ယာဉ်လမ်းကြောင်းများ ရှင်းလင်းပေးခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်း သန်းဇော်ထွန်းအား တာဝန်ရှိသူများက ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မျိုးဇေယျာ(ပျဉ်းမနား)၊ဓာတ်ပုံ-သီရိခေတ်

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း
လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှုအခြေအနေ
(၁-၆-၂၀၁၇ မှ ၂၇-၆-၂၀၁၇ ထိ)

ရက်စွဲ၊ ၂၇-၆-၂၀၁၇

စဉ်	စားသောက်ကုန် ပစ္စည်းများ အိမ်သုံး နှင့် လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့မှု အခြေအနေ		ဌာန/ အဖွဲ့အစည်း: လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန	နယ်စပ်ရေးရာ ဝန်ကြီးဌာန	နိုင်ငံတကာအဖွဲ့ အစည်းများ (WFP အပါအဝင်)	ရခိုင်ပြည်နယ် အစိုးရအဖွဲ့	ပြည်တွင်းအလှူရှင်များ	စုစုပေါင်း
၁	ဆန်	၅၀ ကီလိုအိတ်	-	-	-	-	-	-
		၂၅ ကီလိုအိတ်			၄၃			၄၃
၂	စားဆီ	တစ်လီတာဗူး	-	-	၄၈	-	-	၄၈
		ပိဿာ			-			-
၃	ပဲ	(ပိဿာ)	-	-	၆၀	-	-	၆၀
၄	ကြက်သွန်	(အိတ်)	-	-	၂	-	-	၂
၅	အာလူး	(အိတ်)	-	-	၆	-	-	၆
၆	ခေါက်ဆွဲခြောက်	အိတ်	-	-	၁	-	-	၁
		ဗာ			-			-
၇	အဝတ်အထည်	(အိတ်)	-	-	၅	-	-	၅
၈	ဆေးမျိုးစုံ	(ဗာ)	-	-	၇	-	-	၇
၉	ရေသန့်	ကဒ်	-	-	၁၆၇	-	-	၁၆၇
		အိတ်			၃၅			၃၅
၁၀	အိပ်ယာခင်း	(ဗာ)	-	-	၂	-	-	၂
၁၁	မျက်နှာသုတ်ပဝါ	(ဗာ)	-	-	၂	-	-	၂
၁၂	လူသုံးကုန်ပစ္စည်း	(အိတ်)	-	-	၃၁	-	-	၃၁
၁၃	စားသောက်ကုန်	(ဗာ)	-	-	၂၀	-	-	၂၀
၁၄	အစွန်းချွတ်ဆေး	(အိတ်)	-	-	၁	-	-	၁
၁၅	စောင်	(အိတ်)	-	-	၁	-	-	၁
၁၆	ဖိနပ်	(အိတ်)	-	-	၁	-	-	၁
၁၇	ပလပ်စတစ်ပုံး(ဖြူ)	(ပုံး)	-	-	၄	-	-	၄

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း
လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှုအခြေအနေ
(၄-၁၁-၂၀၁၆ မှ ၂၇-၆-၂၀၁၇ ထိ)

ရက်စွဲ၊ ၂၇-၆-၂၀၁၇

စဉ်	စားသောက်ကုန် ပစ္စည်းများ အိမ်သုံးနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှု အခြေအနေ		ဌာန/ အဖွဲ့အစည်း: လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန	နယ်စပ်ရေးရာ ဝန်ကြီးဌာန	နိုင်ငံတကာအဖွဲ့ အစည်းများ(WFP အပါအဝင်)	ရခိုင်ပြည်နယ် အစိုးရအဖွဲ့	ပြည်တွင်း အလှူရှင်များ	စုစုပေါင်း
၁	ငွေသား(ကျပ် သန်း)		၁၄၀.၂၂	-	၁၇၉.၆၀၅	၂၇၃.၈၉	၁၄၂.၉၀၉	၇၃၆.၆၂၄
၂	ဆန်	၅၀ကီလိုအိတ်	၃၃၅၁	၆၀၀၀	၁၂၉၀၁.၈၁	၄၃၀၀	၂၀၂၇.၅၀	၂၉၃၈၀.၃၁
		၂၅ကီလိုအိတ်	-	-	၄၃	-	-	၄၃
၃	ငါးခြောက် (ပိဿာ)		၄၃၄၄	၄၀၀	၆၅၀	၁၀၀၀	၁၂၇၅	၇၆၆၉
၄	စက်သုံးဆီ (ဂါလံ)		၆၂၆၉	-	-	၈၄၈၈	-	၁၄၇၅၇
၅	စားဆီ	ပိဿာ	၂၉၆၈	၉၂၁၂	၉၁၀၂.၅၉၅	၅၀	၁၄၉၄	၂၂၈၂၆.၅၉၅
		၁ လီတာဗူး	-	-	၄၈	-	-	၄၈
၆	ဆား	(ပိဿာ)	၃၂၁၃	၁၁၂၁၂	၁၆၃၈.၁၄၂	-	၇၉၈	၁၆၈၆၁.၁၄၂
၇	ပဲ	(ပိဿာ)	၆၄၇၀	၁၁၂၁၂	၁၄၁၁၀.၇၀၂	၁၃၅၀	၁၂၁၀၉	၄၅၂၅၁.၇၀၂
၈	ငါးသေတ္တာ (ဗူး)		၃၄၈၀၀	-	-	-	-	၃၄၈၀၀
၉	သီးစုံ	(ထုတ်)	-	-	၄၁၁	-	-	၄၁၁
၁၀	ဘီစကစ်	(ဗာ)	-	-	၁၀၄၈	-	-	၁၀၄၈
		(တန်)		-	၁၆.၁၃၇			၁၆.၁၃၇
၁၁	ကြက်သွန်	ပိဿာ	-	-	-	-	၉၆၈	၉၆၈
		အိတ်			၂		-	၂
၁၂	ခေါက်ဆွဲခြောက်	ဗာ	-	-	၅၅၇၉	-	၈၀	၅၆၅၉
		အိတ်			၁		-	၁
၁၃	အဝတ်အထည်(အိတ်)		-	-	၇၆	-	၆	၈၂
၁၄	ရေ့တ်သီးမှုန့်(ထုတ်)		-	-	-	-	၃၂၂	၃၂၂
၁၅	ဟင်းချိုမှုန့် (ထုတ်)		-	-	-	-	၁၄၂	၁၄၂
၁၆	အာလူး (အိတ်)		-	-	၆	-	၅၆	၆၂
၁၇	ဂေါ်ဖီခြောက်(အိတ်)		-	-	-	-	၃	၃
၁၈	ငါးပိ (အိတ်)		-	-	-	-	၁၂	၁၂
၁၉	ငရုတ်သီးခြောက် (ပိဿာ)		-	-	-	-	၁၆၅	၁၆၅
၂၀	ကြက်ဥ (လုံး)		-	-	-	-	၅၀၀	၅၀၀
၂၁	ခြင်ထောင် (လုံး)		-	-	-	-	၈၀	၈၀
၂၂	စပါးရိတ်သိမ်းခြွေလှေ့စက် (လုံး)		-	-	-	၃၀	-	၃၀
၂၃	မီးစက် (လုံး)		-	-	-	၅	-	၅
၂၄	အာဟာရမှုန့် (တန်)		-	-	၅၇.၇၁၃	-	-	၅၇.၇၁၃
၂၅	ဂုံ (အိတ်)		-	-	၂၂၂	-	-	၂၂၂
၂၆	ရွက်ဖျင်တဲ (ခု)		-	-	၁၂	-	-	၁၂
၂၇	ရေဒီယို (လုံး)		-	၃၀၀၀	-	-	-	၃၀၀၀
၂၈	ဆိုလာမီး (စုံ)		-	၄၆၅	-	-	-	၄၆၅
၂၉	မော်တော်ယာဉ် (စီး)		-	၁	-	-	-	၁
၃၀	ဆေးမျိုးစုံ	(ဗာ)	-	-	၇	-	-	၇
၃၁	ရေသန့်	ကဒ်	-	-	၁၆၇	-	-	၁၆၇
		အိတ်			၃၅			၃၅
၃၂	အိပ်ယာခင်း	(ဗာ)	-	-	၂	-	-	၂
၃၃	မျက်နှာသုတ်ပဝါ	(ဗာ)	-	-	၂	-	-	၂
၃၄	လူသုံးကုန်ပစ္စည်း	(အိတ်)	-	-	၃၁	-	-	၃၁
၃၅	စားသောက်ကုန်	(ဗာ)	-	-	၂၀	-	-	၂၀
၃၆	အစွန်းချွတ်ဆေး	(အိတ်)	-	-	၁	-	-	၁
၃၇	စောင်	(အိတ်)	-	-	၁	-	-	၁
၃၈	ဖိနပ်	(အိတ်)	-	-	၁	-	-	၁
၃၉	ပလပ်စတစ်ပုံး(ဖြူ)	(ပုံး)	-	-	၄	-	-	၄

ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်များ ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၌ ၂၃-၆-၂၀၁၇ ရက်တွင် ဖောက်ထွင်းခိုးယူမှုခံရပြီး ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တွင် ကပ်ပေးသည့် Hologram ရွှေရောင်များ ပျောက်ဆုံးသွားခဲ့ပါသည်-

(က) ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်

(၁)	1A3337828, 1A3337886	၂	ရွက်
(၂)	1A3338397 မှ 1A3338500 အထိ	၁၀၄	ရွက်
(၃)	1A3373436 မှ 1A3373500 အထိ	၆၅	ရွက်
(၄)	1A3375084 မှ 1A3375500 အထိ	၄၁၇	ရွက်
	စုစုပေါင်း	၅၈၈	ရွက်

(ခ) Hologram ရွှေရောင် အနားတွန့်

(၁)	V1716256, V1716314	၂	ခု
(၂)	V1716826 မှ V1716929 အထိ	၁၀၄	ခု
(၃)	V1737021 မှ V1737085 အထိ	၆၅	ခု
(၄)	V1738669 မှ V1738685 အထိ	၁၇	ခု
	စုစုပေါင်း	၁၈၈	ခု

၂။ အဆိုပါ ပျောက်ဆုံးသည့် ယာဉ်မှတ်ပုံတင်လက်မှတ်များနှင့် Hologram ရွှေရောင်များအား အသုံးပြုခြင်းမှပယ်ဖျက်ပြီး ဖျက်သိမ်းစာရင်းသွင်းပြီး ဖြစ်ပါသည်။ သို့ပါ၍ မော်တော်ယာဉ်များတွင် သုံးစွဲ၍မရတော့ပါ။

၃။ သို့ဖြစ်ပါ၍ မှတ်ပုံတင်မဲ့ယာဉ်များတွင် မမှန်မကန်သုံးစွဲပြီး ရောင်းချမှုအား ဝယ်ယူခြင်းများမဖြစ်စေရန် မိမိတို့ဝယ်ယူမည့်ယာဉ်များတွင် ရောင်းချသူများ ပြသသည့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် နံပါတ်များနှင့် Hologram နံပါတ်များအား အပိုဒ်(၁)ပါ ကြေညာထားသည့် အမှတ်စဉ်များတွင် ပါဝင်ခြင်းရှိ/မရှိ စိစစ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။ ယာဉ်ပိုင်ရှင်များအနေနှင့် မိမိတို့၏ မှတ်ပုံတင်ထားသည့်ယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ လုပ်ငန်းများဆောင်ရွက်ရန် ကိုယ်စားဆောင်ရွက်ပေးသူများမှ ပြန်လည်ပေးအပ်သည့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်နှင့် Hologram များတွင် အပိုဒ်(၁)ပါ နံပါတ်များပါရှိခြင်း ရှိ/မရှိ စိစစ်ပြီးမှ လက်ခံရယူရန် တိုက်တွန်းအပ်ပါသည်။

၄။ ခိုးယူခံရသည့် အမှတ်စဉ်ပါ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်နှင့် Hologram များအား တွေ့ရှိ၊ ရရှိခဲ့ပါလျှင် နီးစပ်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ရဲစခန်းများသို့ အသိပေးအပ်နှံကြပါရန် လေးစားစွာမေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပါဒလိတ်-မိုးစဲကျွန်း ခရီးသည်တင်စက်လှေနစ်မြုပ်

စစ်တွေ ဇွန် ၂၇

စစ်တွေမြို့နယ် ပါဒလိတ်ဆိပ်ကမ်းမှ ရသေ့တောင်မြို့နယ် မိုးစဲကျွန်းဇီးကိုင်းကျေးရွာဘက်သို့သွားသည့် ခရီးသည်တင်စက်လှေတစ်စင်း ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီခွဲက ရသေ့တောင်မြို့နယ် ညောင်ပင်လယ်ကျေးရွာနေ ဦးမောင်သာကျော်သည် စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာဆိပ်ကမ်းမှ ရသေ့တောင်မြို့နယ် မိုးစဲကျွန်းဇီးကိုင်းကျေးရွာဘက်သို့ ခရီးသည် ၂၁ ဦး တင်ဆောင်မောင်းနှင်လာစဉ် ဇီးကိုင်းကျေးရွာဆိပ်ကမ်းအနီး အရောက်တွင် လှိုင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် စက်လှေမှာ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ စက်လှေနစ်မြုပ်မှုကြောင့် ခရီးသည် ၂၀ ကို မြစ်အတွင်း သွားလာနေသည့် စက်လှေများနှင့် ဆိပ်ကမ်းအနီးရှိလူများက ဝိုင်းဝန်းကယ်တင်နိုင်ခဲ့ပြီး အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးအား စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အရေးပေါ် ပို့ဆောင်ထားရကာ ရေနှင့်မျောပါသွားသူ စိုးသီဟ(၂၃ နှစ်)သည် ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ ရသေ့တောင်မြို့နယ် ရန်အောင်ပြင်ကျေးရွာတွင် လာရောက်အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း သိရသည်။ စက်လှေနစ်မြုပ်ရာသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး တွေ့ဆုံအားပေးသည်။ ပျောက်ဆုံးနေသူ စိုးသီဟအား စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

ပန်းတုံးပိတ်ရွာ ကမ်းပြိုဒုက္ခရောက်သူများကိုအကြောင်းပြ၍ မြေကွက်ရောင်းစားသည်ဟုဆိုကာ မကျေနပ်သဖြင့် အဖျောက်မြို့ အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးအား ဒေသခံ ၁၀၀ ကျော်က ဆန္ဒဖော်ထုတ်

တိုက်ကြီး ဇွန် ၂၇

အဖျောက်မြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ပန်းတုံးပိတ်ကျေးရွာ ကမ်းပြိုပြီး ဒုက္ခရောက်နေသူများကို အကြောင်းပြ၍ မြေကွက်များ ဖော်ထုတ်ရောင်းစားနေသည်ဟုဆိုကာ မကျေနပ်သည့် ဒေသခံ ၁၀၀ ကျော်က ဆန္ဒဖော်ထုတ်ပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက ပန်းတုံးပိတ်ကျေးရွာမှ အဖျောက်မြို့အုပ်ချုပ်ရေးမှူးရုံးထိ ကြွေးကြော်သံများဖြင့် ဒေသခံများ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း (ယာပုံ) ဦးဆောင်သူ ဦးဝင်းကြိုင်က ပြောပြသည်။

အဖျောက်မြို့ အမှတ်(၄)ရပ်ကွက် ပန်းတုံးပိတ်ကျေးရွာတွင် ၂၀၁၄ ခုနှစ်ကစတင်ပြီး ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးများဆက်တိုက်ပြိုကျခဲ့ရာ အိမ်ထောင်စု ၇၃ စု ပြောင်းရွှေ့ခဲ့ရပြီး ဒုက္ခရောက်ခဲ့သော်လည်း ၂၉ စုသာ နေရာပေးခဲ့ပြီး ကျန်မြေကွက်များကို တခြားသူများအား ရောင်းစားခဲ့သောကြောင့် မကျေနပ်၍ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ထွန်းလှိုင် (မြိုင်)

ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စက်လှေ ၁၀ စင်းနှင့် အင်ဂျင်သီးသန့်နှစ်လုံး ခိုးယူသူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံမြို့မ ရဲစခန်း(ပ) ၅၀/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၀ အမှုမှ မသင်္ကာ တရားခံများဖြစ်သည့် ကျိုက်လတ်မြို့နယ် သံကြိုးတိုင်ကျေးရွာနေ ကျော်မြင့်ဦး(၂၈ နှစ်)နှင့် တစ်ရွာတည်းနေ တင်ဦး (၄၈ နှစ်)တို့အား ဖျာပုံခရိုင်ရဲတပ်ဖွဲ့ အမှုစစ်အဖွဲ့မှ အမှုဖြင့် စစ်ဆေးခဲ့ရာ ကျော်မြင့်ဦးသည် ချစ်ဆန်း(စိစစ်ဆဲ)နှင့်အတူ လွန်ခဲ့သော လေးနှစ်ခန့်က ဟွန်ဒါချိန်းဆွဲ ပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံ စက်လှေတစ်စင်းအား လည်းကောင်း။

လွန်ခဲ့သော သုံးနှစ်ခန့်က အလျား ၁၄ တောင်ခန့်ရှိ ကျွန်းသားခွံ (အင်ဂျင်မပါ) စက်လှေတစ်စင်းအား လည်းကောင်း၊ လွန်ခဲ့သော နှစ်နှစ်ခန့်က အလျား ၁၃ တောင်ခန့် ကျွန်းသားခွံ (အင်ဂျင်မပါ)စက်လှေတစ်စင်းနှင့် အလျား ၁၄ တောင်ခန့် ဟွန်ဒါချိန်းဆွဲ ပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံ စက်လှေ တစ်စင်းတို့အား လည်းကောင်း၊ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က အလျား ၁၄ တောင်ခန့် ဟွန်ဒါချိန်းဆွဲ ပန်ကာသုံးလက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံ စက်လှေတစ်စင်းနှင့် အလျား ၁၅ တောင်ခန့် ဟွန်ဒါချိန်းဆွဲ ပန်ကာသုံးရွက်ပါ အင်ဂျင်တပ်ဆင်ထားသည့် ဖိုက်ဘာခွံ စက်လှေတစ်စင်းတို့အား လည်းကောင်း၊ ကျော်ထူး (စိစစ်ဆဲ)နှင့်အတူ လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က အလျား ၁၄ တောင်ခန့် Kenbo အမျိုးအစား မြင်းကောင်ရေ ၁၃ ကောင် အင်ဂျင်တပ် သစ်သားခွံစက်လှေတစ်စင်း အားလည်းကောင်း ခိုးယူခဲ့ကြောင်း။

ပြစ်မှုကျူးလွန်သူနှစ်ဦးကို ၎င်းတို့ခိုးယူခဲ့သော စက်လှေများနှင့်အတူ တွေ့ရစဉ်

ထို့အပြင် ကျော်မြင့်ဦး၊ ချစ်ဆန်း၊ တင်ဦးတို့နှင့်အတူ လွန်ခဲ့သောတစ်နှစ်ကျော်ခန့်က ပန်းတနော်မြို့နယ် ပြည်တော်သာ ကျေးရွာချောင်းအတွင်းမှ စပါး ၄၀၀ ခန့်ပါ သစ်သားခွံ စက်လှေ တစ်စင်းတို့အား လည်းကောင်း၊ လွန်ခဲ့သော ၁၁ လခန့်က ပြည်တော်သာ ကျေးရွာ ချောင်းစပ်တွင် ရပ်ထားသည့် စပါး ၃၅၀ ခန့်ပါ သစ်သားခွံ စက်လှေ တစ်စင်းအား လည်းကောင်း၊ လွန်ခဲ့သော ခြောက်လခန့်က မအူပင်မြို့အနီး မြစ်ကမ်းဘေးမှ စပါး ၁၅၀ ခန့်ပါ သစ်သားခွံစက်လှေတစ်စင်းအား လည်းကောင်း။

လွန်ခဲ့သော တစ်လကျော်ခန့်က ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာအနီး မြစ်ကမ်းဘေးတွင်ရပ်ထားသည့် ငါးဖမ်းစက်လှေပေါ်မှ ကာဝါအမျိုးအစား ခုနစ်ကောင်ခွဲ ပန်ကာနှစ်ရွက်ပါ အနက်ရောင်အင်ဂျင်တစ်လုံးနှင့် ဒေးဒရဲမြို့နယ် တမော့ဝကျေးရွာအနီး မြစ်ကမ်းဘေးတွင် ရပ်ထားသည့် ငါးဖမ်းစက်လှေပေါ်မှ ကာဝါအမျိုးအစား ခုနစ်ကောင်ခွဲ ပန်ကာနှစ်ရွက်ပါ အနက်ရောင် အင်ဂျင်တစ်လုံးတို့အားလည်းကောင်း ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ သက်သေခံ ပစ္စည်းများ လိုက်လံသိမ်းဆည်းပြီး သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့် အရေးယူထားကာ ကျန်ရှိတရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ကိုရဲ

မောင်တောခရိုင်၌ ယခုနှစ် ပထမခြောက်လအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၂ သိန်းကျော် ဖမ်းဆီးရမိ

မောင်တော ဇွန် ၂၇

၂၀၁၇ ခုနှစ် ပထမခြောက်လတာ ကာလအတွင်း မောင်တောခရိုင်၌ မူးယစ်ဆေးဝါးအမှုပေါင်း ၁၃ မှုနှင့် စိတ်ကြွရူးသွပ်ဆေးပြားအရေအတွက် ၅၂ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့စု (၄၆)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မောင်တောခရိုင် မူးယစ်တပ်ဖွဲ့စု (၄၆)အနေနဲ့ ၂၀၁၇ ခုနှစ် ပထမ ခြောက်လတာကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၁၃ မှုနဲ့ စိတ်ကြွရူးသွပ်ဆေးပြား အရေအတွက် ၅၂ သိန်းကျော် ဖမ်းဆီးရမိပါတယ်။ ပြီးခဲ့တဲ့ အလားတူကာလနဲ့ နှိုင်းယှဉ်မယ်ဆိုရင် သိသိသာသာ ပိုမိုဖမ်းဆီးရမိတာကို တွေ့ရမှာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ကတော့ ဖေဖော်ဝါရီလထဲမှာ မေယုစစ်ဆင်ရေးဆောင်ရွက်ခဲ့ပါတယ်။ ဒီကာလထဲမှာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာ အများဆုံးဖမ်းဆီးရမှု ဖြစ်ပါတယ်" ဟု မူးယစ်တပ်ဖွဲ့စု ၄၆ မှ ရဲမှူး မောင်မောင်ရင်က ပြောသည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

အဆိုပါ မူးယစ်ဆေးဝါး ဖမ်းဆီးရမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တရားစွဲအရေးယူမှုများလည်း ပြုလုပ်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအနေဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုနှင့် လုံခြုံရေးအဖွဲ့များအားလုံးက ဖမ်းဆီးမှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောခရိုင်သည် ချောင်းမြောင်းများ ပေါများသည့်အတွက် ကာကွယ်တားဆီးရေးတွင် အခက်အခဲများရှိသော်လည်း အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး အသိပညာပေးလုပ်ငန်းများကိုလည်း ရပ်ကွက်နှင့် ကျေးရွာများအထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-သက္က

မလှိုင်မြို့ ပီတာရွှေဆိုင်မှ ကျပ်သိန်းတစ်ရာကျော်ဖိုး ခိုးယူမှုဖြစ်

မလှိုင် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရပ်ကွက်ကြီး(၁) နယ်မြေ(၆) အတွင်းရှိ ပီတာရွှေဆိုင်မှ ကျပ်သိန်း ၁၀၂၀၀၀၀၀ ဖိုးခန့် ရွှေထည်များ ခိုးယူမှု ဇွန် ၂၆ ရက်က ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ပီတာစတိုးနှင့် ရွှေဆိုင်မှ နေ့စဉ်ပြုလုပ်နေကျ ဖြစ်သော စတိုးဆိုင်ဖွင့်ခြင်း၊ ရွှေဆိုင်ခင်းကျင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ညနေပိုင်းတွင် အော်ဒါအပ်ရန် ပစ္စည်းများ ကြည့်ရှုစဉ် အော်ဒါမှာထားသည့် ငွေကျပ်သိန်း ၁၀၂၀၀၀၀၀ ဖိုးခန့် ရွှေထည်ပစ္စည်းမျိုးစုံ ပျောက်ဆုံးနေကြောင်း တွေ့ရသည်။ CCTV အား ပြန်လည်ကြည့်ရှုရာ အမျိုးသမီးနှစ်ဦး ခိုးယူသည်ကို တွေ့ရသဖြင့် မြို့နယ်ရဲစခန်းသို့ တိုင်ကြားအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဘိုဘို (မလှိုင်)**

ဇနီးဖြစ်သူအားသတ်ပြီး ထွက်ပြေးတိမ်းရှောင်သူအား ဖမ်းမိ

မိုးညှင်း ဇွန် ၂၇

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ဇနီးဖြစ်သူအားသတ်ပြီး ထွက်ပြေးတိမ်းရှောင်လာသည့် အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် ပရိဘောဂစက်ရုံရှေ့၌ ဝင်းမြင့်အောင် သည် ၎င်း၏ဇနီးဖြစ်သူ မစုကြည်နှင့် လေးလခန့် ကွဲကွာနေပြီး ပြန်လည်ပေါင်းသင်းရန် ပြောဆိုစဉ် ဇနီးဖြစ်သူက မပေါင်းသင်း နိုင်ကြောင်း ပြောခဲ့သဖြင့် ဓားဖြင့်ထိုးသတ်ခဲ့သည်ဟု သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ပြည်ကြီးတံခွန်ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သော်လည်း ဝင်းမြင့်အောင် ထွက်ပြေးတိမ်းရှောင်ခဲ့ရာမှ ထိုသို့ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ **(ဝ၆၇)**

အချိန် စီမံခန့်ခွဲခြင်း
Time Management
(ဒုတိယအကြိမ်)
ရှင်းသန့်လင်းစာပေ
09 425022069
09 5010904
ထွက်ပြီ

ဖခင်အမည်မှန်
မန္တလေးမြို့၊ ဖောင်တော်ဦးကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်သုခ၏ ဖခင်အမည်မှန်မှာ ဦးစံသာထွန်း ၁၁/ပဏတ(နိုင်)၀၀၂၈၉၂ ဖြစ်ပါကြောင်း။
ဦးစံသာထွန်း

ဖခင်အမည်မှန်
ဖားကန့်မြို့၊ ဌက်ပျောတော (အလက) အဋ္ဌမတန်းမှ မနန်းဆုအိမ်၏ ဖခင်အမည်မှန်မှာ ဦးမင်းဦးငွေ ၁/ကမန(နိုင်)၁၀၀၄၃၇ ဖြစ်ပါကြောင်း။
ဦးမင်းဦးငွေ

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ မြို့မ(အထက) နဝမတန်း(A)မှ မဇင်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၇/ဇကန(နိုင်)၀၂၈၆၅၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့ THE BEST ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေသူခိုင်(ကျောင်းဝင်အမှတ်-၀၅၅၄)၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်မျိုးဇင် ၇/ဇကန(နိုင်)၀၀၀၄၈၄ ဖြစ်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1F/4618၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5F/3301၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက (ဝန်းသို) သတ္တမတန်း(B)မှ မသီတာခင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေ ၅/ဝသန(နိုင်)၀၀၇၉၉၂ ဖြစ်ပါကြောင်း။
ဦးထွန်းငွေ

မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ (အထက)(ဝန်းသို)တက္ကသိုလ်ဝင်တန်း(A)မှ မရွှေယမင်းထွေး၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းအေး ၅/ဝသန(နိုင်)၀၀၆၂၉၀ ဖြစ်ပါကြောင်း။
ဒေါ်သန်းသန်းအေး

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြို့သစ်၊ အထက(ခွဲ) အဋ္ဌမတန်း(B)မှ မခင်ဖူးဖူးဝေနှင့်ဆဋ္ဌမတန်း(A)မှ မောင်ဆန်းမင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ မောင်ဇော် ၅/ခဥန(နိုင်)၀၇၅၈၂၄ ဖြစ်ပါကြောင်း။
မောင်ဇော်

ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ အထက(ခွဲ)သဲကုန်း၊ နဝမတန်းမှ မမြင့်သူခိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထူး ၁၀/ပမန(နိုင်)၁၂၇၄၉၁ ဖြစ်ပါသည်။
ဦးသိန်းထူး

၄-တန်းမှ ၈-တန်းအထိ အင်္ဂလိပ်စာ (နှစ်ပေါက်သင်တန်း)တွင် Essay, Letter ကျောင်းစာနှင့်ဆက်စပ်၍ Speaking သင်သည်။
ဆရာဒွေး(အင်္ဂလိပ်စာ)၏သမီး
ဆရာမဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်+မြန်မာ (၂)ကျောင်းတက်ခြင်းနှင့် ညီမျှသည့်သင်ကြားမှု
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 09-5080104, 09-5047516

မွေးသက္ကရာဇ်အမှန်
မွန်ပြည်နယ်၊ သထုံမြို့၊ တံတားဦးကျေးရွာ ဦးပန်းရွှေ၏သမီး ဒေါ်ဌေးကြည် ၁၀/သထန(နိုင်)၁၀၈၅၁၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၈-၁၉၆၈ ဖြစ်ပါကြောင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ သာကေတ ရေနံမြေအရာထမ်း အိမ်ရာ(HS-7)နေ ဦးမြငွေ-ဒေါ်အေးအေးမြင့်တို့၏ သား မောင်မျိုးမင်းထွန်း ၁၂/သကတ(နိုင်)၁၇၂၈၃၇သည် မိဘများ၏ ပြောဆိုဆုံးမသည့်စကားကို အကြိမ်ကြိမ်အခါခါ နားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်လုပ်ဆောင်သည့်အပြင် မိဘများသဘောမတူညီသည့်ကိစ္စရပ်များကို မိမိဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသောကြောင့် ၂၇-၆-၂၀၁၇ ရက်မှစ၍ မောင်မျိုးမင်းထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးမြငွေ-ဒေါ်အေးအေးမြင့်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ရီရီသန့်(စဉ်-၉၉၃၉)
LL.B,D.B.L,D.I.L,D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၂၅၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

ပြင်ဆင်ဖတ်ရှုပါရန်
၂၇-၆-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀)တွင် အထူးကိုယ်စားလှယ်လွှဲ စာ(G.P)ရုပ်သိမ်းကြောင်း ကြော်ငြာတွင် ဒေါ်ခင်ခင်ကြည် အစား ဒေါ်ခင်မြကြည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်
သထုံမြို့ အထက(ညောင်ချောင်း) နဝမတန်းမှ မောင်စိုးဝင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးရန်ပိုင် ၁၀/သထန(နိုင်)၁၂၇၃၄၃ဖြစ်ပါကြောင်း။
ဦးရန်ပိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 8I/7295, Khit ta Yar L/T(KTR-003), P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၇/ရတရ(နိုင်)၁၀၁၅၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2E/4382၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ လမုတန်းလမ်း၊ အမှတ် ၂၇နေ ဦးတင်ကြည်(ခ) ဂျပန်-ဒေါ်အေးအေးဝေတို့၏သမီးထွေး မဇင်ဇင်ယု(ခ)ပေါက်ပေါက်သည် မိဘနှစ်ပါး ပြောဆို ဆုံးမသည့် စကားများကို နားမထောင်ဘဲ မိမိသဘောဆန္ဒအတိုင်းပြုမူနေထိုင်လုပ်ကိုင်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းကိစ္စအဝဝများနှင့် ပတ်သက်၍ မိသားစုဝင်များအနေဖြင့် နောက်နောင်(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဦးတင်ကြည်(ခ)ဂျပန်-ဒေါ်အေးအေးဝေ

သက်ငယ်မုဒိမ်းလျှော့နည်းကျဆင်းရေး မှုခင်းအသိပညာပေး ဆွေးနွေး

ရန်ကုန် ဇွန် ၂၇

တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် မေတ္တာလမ်း အမှတ် (၁၅) ရှိ Kor Ace အထည်ချုပ်စက်ရုံတွင် ဇွန် ၂၅ ရက်က အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး ကျော်စိုးလွင် ဦးဆောင်၍ တောင်ဥက္ကလာပမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးသက်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းဦးတို့က သက်ငယ်မုဒိမ်း လျှော့နည်းကျဆင်းရေး မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ Kor Ace အထည်ချုပ်စက်ရုံတွင် အလုပ် လုပ်ကိုင်နေသော အမျိုးသမီး ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ မိဘအုပ်ထိန်းသူများက သိရှိလိုက်နာရမည့် ဆောင်ရွက်ရမည့် အချက်များ အမျိုးသမီးငယ်များ သိရှိလိုက်နာရမည့်အချက်များ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) **(မြန်မာ့အလင်း)**

အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ဇွန် ၂၆ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်း မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့ရာ အတန်းလေးတန်းပြိုင်ပွဲတွင် ဆုရအားကစားသမားများ ဆုယူအပြီးတွေ့ရစဉ် တင်စိုး(မြန်မာ့အလင်း)

ဒုတိယအကြိမ် ရေတံခွန်တောင်ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၂၇

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် 'အို' စတိုးတို့ ပူးပေါင်း၍ ဒုတိယအကြိမ် ရေတံခွန်တောင်ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် စိတ်ဝင်စားသည့် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်လိုသူများအနေဖြင့် ဇူလိုင် ၇ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၄၀၂၅၇၃၅၉၂ နှင့် ၀၉-၅၁၆၁၃၂၃ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇) နှစ်(၂၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇) နှစ်(၂၀)ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၈ နာရီတွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပါသည်။

အနယ်နယ်အရပ်ရပ်မှ ကျောင်းဆင်းသူငယ်ချင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်။ **မျိုးဟိန်း-၀၉-၅၁၃၇၃၂၈၊ စောဝဏ္ဏ-၀၉-၂၄၀၀၃၀၀၊ ငွေးမောင်-၀၉-၂၅၆၅၅၁၈၁၁၊ ကျော်အောင်မိုး-၀၉-၄၀၀၀၅၇၅၀၀**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/2156 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရောဝတီတိုင်းဒေသကြီး၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင်၊ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံတွင် သုံးစွဲရန်အတွက်လိုအပ်သော FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၇ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၇-၂၀၁၇ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့။
ဖုန်း-၀၄၂-၇၁၂၈၁၊ ၀၉-၇၈၁၂၁၉၉၆၁

ဖခင်အမည်မှန်

ဖားကန့်မြို့၊ ၄က်ပျော့တော အလက၊ သတ္တမတန်းမှ မောင်စိုင်းဆိုင်လော်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမောဝ်လှိုင်း ၁၃/နခန(နိုင်)၀၀၆၈၃၇ဖြစ်ပါကြောင်း။

ဦးစိုင်းမောဝ်လှိုင်း

အမည်ပြောင်း

ဦးစိုးမိုး ၇/ဇကန(နိုင်)၀၃၆၆၀၃၏ သမီး ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ အထက(မြို့မ)၊ သတ္တမတန်း(A)မှ မအေးဖုဏ်းပြည့်အား မမေမြတ်သူကို ဟု ပြောင်းလဲခေါ်ပါရန်။

တစ်ဦးတည်း ဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ဆည်အောင်အုပ်စု၊ သပြေကန်အလက(ခွဲ)၊ ပဥ္စမတန်းမှ မကြည်ကြည်ခင်၏ဖခင် ဦးစိုး(ခ)ဦးညီမင်း ၉/မထလ(နိုင်)၂၄၄၁၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/5623 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်ဝင်း၏သမီး မအေးမာ(ခ)မအေးအေးမာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ပခန(နိုင်)၃၃၈၆၁၁ ကိုင်ဆောင်သူသည် အမည်နှစ်မျိုးဖြစ်သော်လည်းလူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးမာ(ခ)မအေးအေးမာ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက်စွဲ ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်)

၁။ ၂၀၁၇ခုနှစ် ဇူလိုင်လ ၁ရက်နေ့တွင် ကျင်းပမည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၄)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် **(''က'' အက္ခရာမှ အစဉ်လိုက်''ဖ''အက္ခရာထိ)** = ၂၂ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် **အရန်ထီလက်မှတ် (''ကက'' အက္ခရာမှ အစဉ်လိုက်''ကဖ''အက္ခရာထိ)** = ၂၂ လုံး

စုစုပေါင်းအက္ခရာ = ၄၄ လုံး

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၄၄)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၃၅၉၉၉၉၂)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၉၅၉၉၉၁၂)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၇၉၉၉.၉၆)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့်ငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၁၀၇၉၉.၉၇၆)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီးစနစ်**

(၁) ကျပ်သိန်းတစ်သောင်း	=	(၁)	ဆု
(၂) ကျပ်သိန်းငါးထောင်	=	(၂)	ဆု
(၃) ကျပ်သိန်းသုံးထောင်	=	(၃)	ဆု
(၄) ကျပ်သိန်းတစ်ထောင်	=	(၆)	ဆု

(ခ) **ဆုတစ်ဆုချင်းစနစ်**

(၁) ကျပ်သိန်းငါးရာ	=	(၈)	ဆု
(၂) ကျပ်သိန်းသုံးရာ	=	(၉)	ဆု
(၃) ကျပ်သိန်းတစ်ရာ	=	(၉)	ဆု
(၄) ကျပ်သိန်းငါးဆယ်	=	(၁၂)	ဆု
(၅) ကျပ်သိန်းသုံးဆယ်	=	(၁၂)	ဆု
(၆) ကျပ်ဆယ်သိန်း	=	(၁၃)	ဆု

(ဂ) **ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

(၁) ကျပ်သုံးသိန်း	=	(၁၀၀)	ဆု
(၂) ကျပ်နှစ်သိန်း	=	(၁၀၀၀)	ဆု
(၃) ကျပ်တစ်သိန်း	=	(၁၂၀၀၀)	ဆု
(၄) ကျပ်ငါးသောင်း	=	(၁၀၀၀၀၀)	ဆု
စုစုပေါင်း	=	**(၁၁၃၁၇၅)**	**ဆု**

၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၇-၂၀၁၇ ရက်(စနေနေ့)နံနက်၈ နာရီတွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

ခေတ်အဆက်ဆက် မြန်မာ့သမဝါယမ

ဝင်းနိုင်ထွန်း [သမဝါယမတက္ကသိုလ်(စစ်ကိုင်း)]

နိဒါန်း

၁၈ဝဝပြည့်နှစ်ကျော်ကာလတွင် ဥရောပနိုင်ငံများ၌ ပေါ်ပေါက်ခဲ့သော စက်မှုတော်လှန်ရေး၏ လှိုင်းဂယက်ဒဏ်ကို ပထမဦးဆုံးနှင့် အပြင်းထန်ဆုံး ခံလိုက်ရသည့် အိမ်တွင်းစက်မှုအလုပ်သမားများနှင့် ရက်ကန်းသမားများက သမဝါယမအသင်းများ စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

သမဝါယမဆိုသည့်စကားရပ် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည်မှာ ၁၉ဝ၄ခုနှစ် "သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေအရ" စစ်ကိုင်းခရိုင် မြင်းမူမြို့တွင် ၁၉ဝ၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က ပထမဦးဆုံး သမဝါယမငွေစုငွေချေးအသင်းကို ဖွဲ့စည်းခဲ့သည့်နေ့မှ စတင်ခဲ့ပါသည်။

သာမန်လက်လုပ်လက်စားများကိုယ်တိုင် စုပေါင်းပါဝင်ပြီး စီးပွားရေးလုပ်ငန်းများကို သမဝါယမအသင်း Co-operative Society အဖြစ် ဖွဲ့စည်းလုပ်ကိုင်နိုင်သည့် နည်းလမ်းကို တွေ့ရှိသွားကြသဖြင့် အထက်မြန်မာပြည် ကျေးလက်နှင့် မြို့ပေါ်ရပ်ကွက်များတွင် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

စတင်ဖွဲ့စည်းစဉ်က ကျေးလက်နေ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသော တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အခက်အခဲကို ဖြေရှင်းပေးရန် ဦးတည်ဆောင်ရွက်ခဲ့ကြသော်လည်း မြို့ပေါ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်လိုကြသူများနှင့် ဈေးသည်လေးများ၏ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု အရင်းအနှီးလိုအပ်ချက်ကိုပါ သက်သာသောအတိုးနှုန်းဖြင့် ဖြည့်ဆည်းပေးနိုင်ကြောင်း တွေ့ရှိလာသောကြောင့် မပြည့်စုံသူများ အချင်းချင်း စုစည်းပူးပေါင်းပြီး သမဝါယမအသင်းများ ဖွဲ့စည်း၍ယနေ့တိုင် "သမဝါယမ"လုပ်ငန်းများကို ပြည်သူလူထုက လက်ခံကျင့်သုံးနေခြင်း ဖြစ်သည်။

အသင်းဖွဲ့စည်းရေးအတွက် အထူးလိုအပ်သည့် အခြေခံသဘောတရားများနှင့် ပြည့်စုံခြင်းများရှိပြီး အချင်းချင်း ရိုင်းပင်းကူညီသည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် သမဝါယမအသင်းများ ဖွဲ့စည်းရေးအတွက် မြန်မာ့ပင်ကိုဓာတ်ခံစိတ်သည် များစွာအထောက်အကူဖြစ်နေကြောင်း တွေ့ရှိရပေသည်။

ကိုလိုနီခေတ် မြန်မာ့ သမဝါယမ အရာရှိများ အုပ်ချုပ်သော ကာလ

အိန္ဒိယနိုင်ငံအစိုးရသည်သမဝါယမအက်ဥပဒေမူကြမ်းကို ၁၉ဝ၄ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် သမဝါယမ ငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေကို အတည်ပြုခဲ့သည်။ ယင်းအက်ဥပဒေအရ သမဝါယမလုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် ၁၉ဝ၄ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ မစ္စတာ ဖီးလ်လင်းဟောလ်အား သမဝါယမမင်းကြီးအဖြစ် စတင်ခန့်အပ်ခဲ့သည်။

ဗြိတိသျှအရင်းရှင်တို့သည် မြန်မာနိုင်ငံ၏ အခြေခံလုပ်ငန်းများဖြစ်သော စီးပွားရေး၊ ကုန်သွယ်ရေး လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းမှန်သမျှကို လက်ဝါးကြီးအုပ်စနစ်အရ ချုပ်ကိုင်ထားကြသည်။ မြန်မာတိုင်းရင်းသားတို့၏ စီးပွားရေးအခြေအနေများကို တစ်ဖက်တစ်လှမ်းမှ ကုစားပေးရန်ဟု ဆိုခဲ့သော်လည်း လက်တွေ့တွင် တိုင်းရင်းသားများ၏ အကျိုးစီးပွားနိမ့်ကျမှုကို ကုစားပေးနိုင်ခြင်းမရှိခဲ့ပေ။

၁၉ဝ၄ ခုနှစ်တွင် သမဝါယမမင်းကြီးရုံးကို မေမြို့၌ ဖွင့်လှစ်ခဲ့သည်။ ပထမဦးဆုံး မြင်းမူမြို့နယ် ငွေစုငွေချေးသမဝါယမအသင်းကို ၁၉ဝ၅ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင် မှတ်ပုံတင်ပေးခဲ့သဖြင့် မြန်မာ့ သမဝါယမလုပ်ငန်းကို ထိုနေ့မှ စတင်လုပ်ကိုင်ခဲ့ပေသည်။ ၁၉ဝ၈ခုနှစ်အကုန်တွင် အသင်းပေါင်း ၈၁ သင်း တည်ထောင်ခဲ့ရာ ကျေးလက်သမဝါယမအသင်း ပေါင်း ၇၂ သင်းဖြစ်၍ မြို့မအသင်းပေါင်း ၉ သင်း ရှိခဲ့သည်။

၁၉ဝ၉ ခုနှစ် သမဝါယမမင်းကြီး ကွန်ဖရန့်တစ်ရပ်ကို ကျင်းပနိုင်ခဲ့ပြီး အများသဘောတူညီချက်အရ ၁၉ဝ၄ ခုနှစ် သမဝါယမအက်ဥပဒေကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းနောက် ၁၉၁၂ခုနှစ် သမဝါယမ အသင်းများဆိုင်ရာ အက်ဥပဒေကို ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းအက်ဥပဒေအရ ငွေစုငွေချေးလုပ်ငန်းအပြင် အခြားသမဝါယမလုပ်ငန်းလည်း အကျုံးဝင်လာခဲ့သည်။ အခြေခံသမဝါယမအသင်းများတွင် တောင်သူလယ်သမားများ၏ ငွေစုငွေချေးအသင်းဦးရေ အများဆုံးပါဝင်ခဲ့သည်။

၁၉၃၃ ခုနှစ်မှစ၍ မြန်မာလူမျိုး အိန္ဒိယပင်္ဂညာဉ်ခံ အရာရှိကြီးများ စတင်တာဝန်ပေးခဲ့သည်။ ပထမဆုံး သမဝါယမမင်းကြီးအဖြစ် ဦးဘိုးတင်အား ခန့်အပ်ခဲ့ပြီး ယင်းနောက်ဆက်ခံသူများမှာ ဦးတင်ကြီး၊ ဦးကြင်နှင့် ဦးတင်တို့ဖြစ်ကြသည်။

၁၉၁ဝ ပြည့်နှစ်တွင် မန္တလေးမြို့ရှိ ရှေ့နေကြီး မစ္စတာဆင်ဟိုးခေါင်းဆောင်သော ငွေစုငွေချေးအသင်းကို သမဝါယမအက်ဥပဒေအရ မှတ်ပုံတင်၍ အထက်မြန်မာပြည် သမဝါယမဗဟိုဘဏ်ဟူသော အမည်ဖြင့် မန္တလေးမြို့တွင် တည်ထောင်ခဲ့သည်။ ဤဗဟိုဘဏ်မှ မန္တလေးခရိုင်နှင့် စစ်ကိုင်းခရိုင် အသင်းများကို ငွေထုတ်ချေးခဲ့သည်။ မတည်ငွေမှာ တစ်သိန်းဖြစ်သည်။ ယင်းဗဟိုဘဏ်ကို ကျေးလက်ငွေစုငွေချေးအသင်းများ၏ကိုယ်စားလှယ်များနှင့် သမဝါယမစနစ်အရ ဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့ဖြင့် အုပ်ချုပ်ခဲ့သည်။ ထို့ပြင် မြို့ပေါ်ရှိ ရင်းနှီးငွေကျပ် ငါးသောင်းကျော်သော ငွေစုငွေချေးအသင်းများကို မြို့မဘဏ်ဟူ၍ စည်းကမ်းနှင့်အညီ ထပ်မံဖွင့်လှစ်ခဲ့ကြသည်။ သမဝါယမအသင်းဘဏ်များကို အုပ်ချုပ်စေရန် သမဝါယမ ဝန်ထောက်တစ်ဦးကို သမဝါယမမင်းကြီး၏ လက်အောက်တွင် တာဝန်ပေးထားခဲ့သည်။

ဒိုင်အာခီအုပ်ချုပ်ရေးကာလ

၁၉၂၃ခုနှစ်တွင် ထောင်ဂဏန်းနှင့် ချီ၍ အသင်းများစွာ ပေါ်ပေါက်ခဲ့သည်။ ၁၉၂၃ ခုနှစ်မှ ၁၉၂၅ ခုနှစ်အထိ မြန်မာ့စီးပွားရေး သမဝါယမလုပ်ငန်းမှာ ထိပ်ဆုံးရောက်ရှိခဲ့သည်အထိ သမဝါယမသမိုင်းတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။

သို့သော် ၁၉၂၅ ခုနှစ် နောက်ပိုင်းမှစ၍ သမဝါယမလုပ်ငန်းအခြေအနေမှာ ယိမ်းယိုင်စပြုခဲ့သည်။ ၁၉၁၂ခုနှစ် သမဝါယမအက်ဥပဒေ၏ မပြည့်စုံမှုကို ၁၉၂၅ ခုနှစ်တွင် သိမြင်လာခဲ့ရာ သမဝါယမမင်းကြီး ပြင်ဆင်ရန် နှစ်နှစ်တိတိ ကြိုးပမ်းခဲ့ရသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၉၂၇ခုနှစ်တွင် မြန်မာနိုင်ငံ အက်ဥပဒေဆိုင်ရာ အက်ဥပဒေအမှတ်(၆)ကို (၄-၆-၁၉၂၇) ခုနှစ်တွင် မြန်မာနိုင်ငံအက် ဥပဒေအဖွဲ့က သီးသန့်အတည်ပြု၍ ထုတ်ပြန်ခဲ့သည်။

၁၉၃ဝ ပြည့်နှစ်မှစ၍ ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးကပ်ကြီး ဆိုက်ရောက်ခဲ့သည့် အကျိုးဆက်ကြောင့် မြန်မာနိုင်ငံကို ဂယက်ရိုက်ခတ်ခဲ့ပြီး တောင်သူလယ်သမားနှင့် အလုပ်သမားဆင်းရဲသားများမှာ စီးပွားရေးကျပ်တည်းမှုဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည်။ ထို့ကြောင့် ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြတော့ဘဲ မန္တလေးဗဟိုဘဏ်ကြီးမှာ ဘဏ်အပ်ငွေရှင်များထံသို့ အပ်ငွေရင်းများ အချိန်မှန်ပြန်မဆပ်နိုင်တော့သဖြင့် မြီစားအသင်းများထံမှ ရရန်ရှိသောကြွေးများမရအရ တောင်းခံ၍ ဖျက်သိမ်းခဲ့ရသည်။ သမဝါယမအသင်းများကိုလည်း စာရင်းရှင်းဖျက်သိမ်းခဲ့ရသည်။

၁၉၃၅ ခုနှစ်မှစ၍ မြေယာနှင့် ပတ်သက်သည့် လုပ်ငန်းများကို ကျွမ်းကျင်သော လယ်ဝန်ခေါ် မြေစာရင်းအရာရှိဖြစ်သူ ဦးတင်ကြီးအား သမဝါယမမင်းကြီးအဖြစ် ခန့်အပ်ခဲ့သည်။

> **တက္ကသိုလ်ကျောင်းသားများ၏ ခေါင်းဆောင်သခင်နုနှင့် အပေါင်းအပါတို့၏ ကြိုးစားမှုဖြင့် ကျောင်းသားများ နေ့စဉ်လိုအပ်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချရန်နှင့် အမျိုးသား စီးပွားရေးလုပ်ငန်း တစ်ခုကို လိုအပ်ချက်နှင့်အညီ ဖော်ဆောင်နိုင်ရန်အတွက် "တက္ကသိုလ်သမဝါယမ" ကို တည်ထောင်ခဲ့**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁)ရက် (စနေနေ့)

"အားလုံးပါဝင် အရောက်လှမ်းရှိ သမဝါယမပန်းတိုင်ဆီ"

" Co-operatives ensure no one is left behind "

ဦးတင်ကြီး၏ သမဝါယမ ပြုပြင်ရေးစီမံကိန်းသည် ရှေးယခင်စည်းကမ်းဥပဒေများအစား ငွေစုငွေချေးနှင့် စုပေါင်းရောင်းဝယ်ရေးလုပ်ငန်းများကို အစားသွင်းလိုက်သောကြောင့် ငွေချေးလုပ်ငန်းနှင့် သီးနှံစုပေါင်းရောင်းချရေးလုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ အသင်းသားတိုင်းသည် ချွေတာစုဆောင်းရေးဆိုင်ရာ အပ်ငွေကို မအပ်မနေအပ်ကြရပြီး ကျွဲ၊ နွားရန်ပုံငွေကိုလည်း မထည့်မနေထည့်ကြရသည်။

သမဝါယမအသင်းများ၏ ငွေပင်ငွေရင်းသည် အမြဲတမ်းပြည့်စုံ ခြင်းမရှိခဲ့ပေ။ တောင်သူတို့၏ ဝင်ငွေနှင့် အသုံးစရိတ်မှာ အစဉ်သဖြင့် မျှတမှုမရှိခဲ့သည့်အပြင် လိုအပ်ငွေကိုလည်း အသင်းက ပြည့်စုံစွာ မဖြည့်စွမ်းနိုင်ခဲ့ပေ။ ထို့ပြင် ကမ္ဘာ့ဈေးနှုန်းအတက်အကျမမှန်သည့် ဈေးကစားမှုကို ခံနေရခြင်း စသည့်အကြောင်းများကြောင့် သမဝါယမအသင်းများမှာ တဖြည်းဖြည်းစာရင်းဖျက်သိမ်းခြင်းကို ခံရသည့်အထိ ဆုတ်ယုတ်လာခဲ့သည်။

ဗြိ ဌာနအုပ်ချုပ်ရေးကာလ

၁၉၃၆ခုနှစ်တွင် ပြန်လည်ပျိုးထောင်ခဲ့သော သမဝါယမအသင်းဦးရေမှာ ၁၉၂ သင်း ရှိခဲ့ပြီး ၁၉၄၁ခုနှစ် ဇွန်လတွင် အသင်းပေါင်း ၁၄၆ဝ အထိ တိုးတက်လာခဲ့သည်။ လယ်ယာလုပ်ငန်းနှင့် ဆိုင်သော သမအသင်းများမှာလည်း ၁၉၃၅ ခုနှစ်တွင် ၁၃၇၁သင်း၊ ၁၉၃၈ ခုနှစ်တွင် ၁၉၄၁ သင်း၊ ၁၉၄၁ ခုနှစ်တွင် ၂၀၅၁ သင်းအထိ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့သည်။

တက္ကသိုလ်ကျောင်းသားများ၏ ခေါင်းဆောင်သခင်နုနှင့် အပေါင်းအပါတို့၏ ကြိုးစားမှုဖြင့် ကျောင်းသားများ နေ့စဉ်လိုအပ်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချရန်နှင့် အမျိုးသား စီးပွားရေးလုပ်ငန်းတစ်ခုကို လိုအပ်ချက်နှင့်အညီ ဖော်ဆောင်နိုင်ရန်အတွက် "တက္ကသိုလ်သမဝါယမ"ကို တည်ထောင်ခဲ့ကြသည်။

၁၉၄၂ ခုနှစ်အစတွင် ဒုတိယကမ္ဘာစစ် မီးကူးလာခဲ့သဖြင့် မြန်မာနိုင်ငံသမဝါယမလုပ်ငန်းများမှာ ရပ်ဆိုင်းသွားခဲ့သည်။ ဂျပန်အစိုးရလက်အောက်ခံအဖြစ် စီမံအုပ်ချုပ်နေသော ဒေါက်တာဘမော်အစိုးရမှာ တွင်ကျယ်စွာလုပ်ကိုင်နိုင်ခြင်းမရှိခဲ့ပေ။ ဂျပန်ခေတ် ၁၉၄၄ခုနှစ်တွင် မြေယာရှိသမျှ စိုက်ပျိုးကြဟူသော ကြွေးကြော်သံဖြင့် အစိုးရကချေးငွေ ငါးသန်းထုတ်ချေးကာ ငွေစုငွေချေးအသင်းနှင့် စုပေါင်းရောင်းဝယ်ရေးအသင်းများကို မြို့နယ်တိုင်းတွင် ဖွဲ့စည်းတည်ထောင်ရန် စီမံခဲ့သည်။ ဂျပန်ခေတ်တွင် အနည်းငယ်မျှသာ ဖြစ်မြောက်ခဲ့ပြီး အစိုးရသမဝါယမဌာနများအနေဖြင့် ဆက်လက်လည်ပတ်ခဲ့သည်။

ကိုလိုနီခေတ်မြန်မာ့သမဝါယမ အခြေအနေ

မြန်မာတို့သည် မိမိတို့စားဝတ်နေရေး ဖူလုံရေးအတွက် သမဝါယမလုပ်ငန်းနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများကို လေ့လာမှုအားနည်းခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းကို လက်လွှတ်ထားကြပြီး ရာထူးရာခံရရှိရေးကိုသာ ကြိုးစားနေသူများကြောင့် တစ်ဖက်ရှိနိုင်ငံခြားသားအရင်းရှင်များသည် အခွင့် ကောင်းရရှိကာ နိုင်ငံ၏ စီးပွားရေးကို လက်ဝါးကြီးအုပ်ဝါးမျို နိုင်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဆိုရှယ်လစ်တိုဗီလာ အစည်းအဝေးတွင် သမဝါယမလုပ်ငန်းဆိုင်ရာ စည်းမျဉ်းကို ရေးဆွဲသတ်မှတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ကြိုးပမ်းမှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သောအခါ သမဝါယမလုပ်ငန်းအခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းခဲ့သည်။ တစ်ဖက်မှ ပျက်စီးယိုယွင်းနေသော မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် အကောင်းဆုံးသော လက်နက်မှာ သမဝါယမစနစ်သာလျှင်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များက ယုံကြည်ခဲ့ကြသည်။

ကိုလိုနီခေတ် သမဝါယမအသင်းများ ပျက်စီးခြင်းအကြောင်းရင်းဖြစ်သော သမဝါယမပညာပေးလုပ်ငန်းနှင့် သတင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို သင်ခန်းစာယူ၍ လူထုအား တင်ပြခြင်းနှင့် ရုပ်လုံးဖော်ရမည်မှာ အထူးအရေးကြီးသော လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ထိုခေတ် မြန်မာနိုင်ငံ၏ သမဝါယမလုပ်ငန်းမှာ အမျိုးသားစီးပွားရေး အသွင်ဆောင်နေခဲ့သည်။

ပါလီမန်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်မြန်မာ့သမဝါယမ ပါလီမန်ခေတ်ဦး သမဝါယမလုပ်ငန်းများ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး နှစ်လခန့်ကြာသော် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ် မျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပေါင်းများစွာကို သောင်းကျန်းသူများက သိမ်းပိုက်ထားရှိခဲ့သည်။ သို့သော် ၁၉၅၂ ခုနှစ်နောက်ပိုင်းတွင် ဖဆပလအစိုးရသည် အခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့သည်။

၁၉၄၉ ခုနှစ် ဇူလိုင်လ ၁၉ရက် အာဇာနည်နေ့တွင် တစ်နှစ်အတွင်း ငြိမ်းချမ်းရေးကောင်စီ(သို့) ဗဟိုငြိမ်းချမ်းရေး ကောင်စီကို ဖွဲ့စည်းခဲ့သည်။ ထိုကောင်စီ၏ လက်အောက်တွင် စီးပွားရေးကော်မတီဟူ၍ရှိရာ ယင်းကော်မတီ၌ သမဝါယမဆပ်ကော်မတီဟူ၍ ဖွဲ့စည်းခဲ့သည်။ ထို့နည်းတူ ခရိုင်၊ မြို့နယ်များတွင်လည်း ပြည်သူ့ငြိမ်းချမ်းရေးကောင်စီများ ဖွဲ့စည်း၍ ယင်းကောင်စီများ၌ စီးပွားရေးကော်မတီဟူ၍ လည်းကောင်း၊ သမဝါယမဆပ်ကော်မတီဟူ၍လည်းကောင်း ဖွဲ့စည်းခဲ့သည်။ ပထမအကြိမ် ပြည်လုံးကျွတ် သမဝါယမညီလာခံကြီးကို ၁၉၅၁ ခုနှစ်တွင် ဖဆပလအစိုးရက ကျင်းပနိုင်ခဲ့ပြီး သမဝါယမ ငါးနှစ်စီမံကိန်းကြီးကို ရေးဆွဲနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သမဝါယမ ငါးနှစ်စီမံကိန်း

သမဝါယမ လက်တွေ့မူဝါဒကို လက်တွေ့ကျင့်သုံးပြီးလျှင် ပြည်သူလူထုအချင်းချင်း စုပေါင်းလုပ်ကိုင်ခြင်းဖြင့် သမဝါယမစီးပွားရေးအဆောက်အအုံကို ကြာရှည်စွာ တိုးတက်ခိုင်မြဲစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်တော်သာ စီမံကိန်းကို ရှေးရှု၍ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမဝါယမကောင်စီဟူ၍ အဆင့် ငါးဆင့်ခွဲ၍ ပြန်လည်ဖွဲ့စည်းခဲ့သည်။

သမဝါယမငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းကြီးငါးရပ်ကို အခြေခံ၍ ဆောင်ရွက်ခဲ့ကြသည်-

(က) ကုန်ထုတ်လုပ်ငန်းများ။
(ခ) ကုန်ရောင်းလုပ်ငန်းများ။
(ဂ) ကုန်ဝယ်လုပ်ငန်းများ။
(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။
(င) ဘဏ်လုပ်ငန်းများ။

သမဝါယမကောင်စီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြည်ထောင်စုသမဝါယမ လက်ကားအဖွဲ့ချုပ် ကိုလည်း ၁၉၅၂ ခုနှစ်အတွင်း ဖွဲ့စည်းနိုင်ခဲ့သည်။ ငါးနှစ်စီမံကိန်းအရ အခြေခံသမဝါယမများမှ ခရိုင်သမဝါယမများသို့ လည်းကောင်း၊ ခရိုင်သမဝါယမများမှ ပြည်ထောင်စုသမဝါယမ လက်ကားအဖွဲ့ချုပ်သို့လည်းကောင်း စုပေါင်း၍ ရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်သမဝါယမ သင်တန်းကျောင်းတည်ထောင်ခြင်း

နိုင်ငံတော်သမဝါယမ သင်တန်းကျောင်းကို ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် သမဝါယမပညာရပ်ကို မူလတန်းလွန်ကျောင်းများ၌ သင်ကြားနိုင်ရန် အတွက် ဆရာများကို ရွေးချယ်၍ ရန်ကုန်၊ မန္တလေးနှင့် ရေနံချောင်းမြို့များတွင် သင်တန်းနှစ်လပေးခဲ့သည်။ ၁၉၅၂ ခုနှစ် စီးပွားရေးသမဝါယမပညာကို (၉)တန်းနှင့် (၁၀)တန်း၌သာ စတင်သင်ကြားနိုင်ရန် ကျောင်းသုံးစာအုပ်များ ထုတ်ဝေခဲ့သည်။ ခရိုင်တိုင်းတွင် သမဝါယမသင်တန်းကျောင်းများဖွင့်လှစ်ခဲ့သည်။

ဆက်လက်ဖော်ပြပါမည်

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

မော့ကြည့် လမ်း ၃၀

ဆူးငှက်

ယခုမြင်တွေ့ရသော လမ်း ၃၀ နဲ့ ၇၈ လမ်းဆုံရာ မန္တလေးဘူတာကြီး

ယခင်အပတ်မှအဆက်

ယခုအခါ အဆောင်များ၏ တစ်ဖက်အခြမ်းများတွင် သီးသန့်အခန်းများလည်းရှိလာ၏။ စရိတ်မျှပေး အစီအစဉ်ဖြင့် သီးသန့်ခန်းများဟု သိရသည်။ ယခုအခါ ပြင်ပတွင် ပုဂ္ဂလိက အထူးကုဆေးခန်းကြီးများ မည်မျှပင်ပေါ်ထွန်းလာစေကာမူ အများစုက ပြည်သူ့ဆေးရုံကြီးကို အားကိုးနေရဆဲဖြစ်သည်။ ပြည်သူ့ဆေးရုံကြီးမှာ ပညာရှင် အများစုရှိသည်။ ခေတ်မီ အသက်ကယ်ကိရိယာ အများစုရှိသည်။ ဒါကတော့ ငြင်းလို့မရ။ ဆေးဝါးအပြည့်အစုံနှင့်လုပ်အားကို ပေါင်းစပ်လိုက်ပါက လူတိုင်း အားထားရာ ဌာနကြီးအဖြစ် အလံမလှဲ ရပ်တည်နေဦးမှာ သေချာပါသည်။ ဆေးဝါး အနေနဲ့ကတော့ အားလုံးကို ပြင်ပဆေးဝါးကုမ္ပဏီကြီးများက ဖြည့်ဆည်းပေးနေရ၏။

အရေးကြီးတာက တက်နိုင်ဖို့ပဲ လိုအပ်ပါသည်။ အရေးတကြီး ဆေးဝါးကလည်း သောင်းဂဏန်း၊ သိန်းဂဏန်း ပေးနိုင်လျှင် ချက်ချင်း ရနိုင်၏။ ဘာပါမစ်မှမလို။ ဆေးဝါးဈေးနှုန်း ကြီးမြင့်မှုကြောင့်"ထိုပေါင်မုန့်"ကို ငွေကြေးဖြင့်ဝယ်မစားနိုင်သူ အများစုအတွက် စေတနာရှင်များစွာ လိုအပ်နေသည်။ ထိုစေတနာ၊ ထိုကုသိုလ်က လည်း ကြီးမားလှပေ၏။

သောင်းချီတန်မည့်ဆေး မဝယ်နိုင်လို့ အသက်သေရမည့် လူမမာများကို မိမိဒါန၊ အလှူငွေကြောင့် အသက်ရှင်ကာ မိသားစုဘဝ ဒုက္ခမရောက်ဘဲ လူ့ဘဝမှာ ဆက်လက်ရှင်သန်ခွင့်ရမည့် အကျိုးထူးကား ဘာနဲ့မှလဲလို့ရမှာမဟုတ်။ ထို့ကြောင့် ထိုအလှူမျိုးကို ဇောင်းပေးကာ အားတက်သရော လှူဒါန်းကြဖို့ လိုပါသည်။ ငွေပဒေသာပင်တွေ စိုက်ထူကြ၊ ရန်ပုံငွေဖွဲ့ကြ၊ လှူကြ၊ တန်းကြကာ လူမမာအသက် ပေါင်းများစွာကို ကယ်တင်ကြရပေမည်။

ဆေးရုံကြီးရှေ့ လမ်း ၃၀ တောင်ဘက်ခြမ်းကတော့ အားလုံးဈေးဆိုင်များ ချည်းဖြစ်၏။ အများစုက ဆေးရုံကြီးမှလိုအပ်သော လူမမာသုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းဆိုင်များဖြစ်သည်။ ယင်းတို့နှင့် တွဲဖက်ကာ စတိုးဆိုင်အမျိုးမျိုး၊ အစား အသောက်ဆိုင်၊ အအေးနှင့် ကဖေးဆိုင်များလည်းရှိသည်။ ဘူတာကြီးနှင့်လည်း နီးသောကြောင့် လက်ဆောင်ပစ္စည်းအဖြစ် ထိုးမုန့်၊ လမုန့်ဆိုင်များလည်းရှိ၏။ ထိုနေရာတစ်ဝိုက်တွင် ပါရမီနို့ချဉ်ဆိုင်နှင့် စိန်ရတနာအအေးဆိုင်မှာ အမြဲလူစည် နေတတ်သည်။ လမ်း ၃၀၏ တောင်ဘက်ခြမ်း ၇၇လမ်းပေါ်မှာ ဒေါ်အေးမေ (ပခုက္ကူ) ထမင်းဆိုင် ရှိသည်။ မန္တလေးတွင် မြန်မာထမင်းဆိုင်များ နာမည်ကျော်လာလျှင် လက်မလည်အောင် ရောင်းရတတ်၏။ ဒေါ်အေးမေ (ပခုက္ကူ)ဆိုင်က ဖွင့်စကတည်းက နာမည်ကျော်ကာ အမြဲလူစည်နေတတ်သည်။

လမ်း၃၀ တောင်ဘက်ခြမ်း ၇၇ လမ်းကတော့ တကယ့်လမ်းမ။ ဂေါ်ကီလမ်းဟု ခေါ်ရမလို။ ညနေစောင်းသည်နှင့် ထမင်းကျော် ဆိုင်လေးများ အသုပ်စုံ ဆိုင်လေး များ၊ အမဲဝမ်းတွင်းသား၊ ဆိတ်ဝမ်းတွင်းသား ဆိုင်လေးများ၊ ဘက်ထရီမီးသီး မှိန်မှိန်လေးတွေနှင့်အတူ အလျှိုအလျှို ပေါ်လာတော့သည်။ ထိုဆိုင်လေးများနှင့်အတူ နောက်ကွယ်က ဘီအီးဆိုင်များ၊ ထိုလမ်းပေါ်မှာ အဝစားထမင်းဆိုင်လေးများလည်း ရှိ၏။ ရထားစီးညအိပ်ခရီးသည်၊ ဆေးရုံလူမမာစောင့်များ၊ ကုန်ထမ်းအလုပ်သမားများ၊ ကားဒရိုင်ဘာ၊ မီးရထားဝန်ထမ်း၊ အဆောင်နေဝန်ထမ်း စသည်ဖြင့် ဘဝစုံ၊ အလွှာစုံများကို လမ်း ၃၀ တောင်ဘက် ၇၇ လမ်းပေါ်မှာ ညနေစောင်းလျှင် တွေ့နိုင်၏။

လစ်ပိုတစ်ဖုံး၊ အဖြူတစ်ပိုင်း၊ ဝမ်းတွင်းသားတစ်ပွဲ၊ သံပရာသီးတစ်ခြမ်းနှင့် အမောဖြေကြသည်။ ရင်ဖွင့်ကြသည်။ လွန်ခဲ့သည့် လေးငါးခြောက်နှစ်က ထိုနေရာ များတွင် ကာတွန်းဆရာတစ်ဦး၊ ဆရာဝန်စာရေးဆရာတစ်ဦး၊ ပန်းချီဆရာ တစ်ဦး ပင်တိုင်ပြုကာ ဒီဇိုင်းဆရာတွေ၊ ကဗျာဆရာတွေ၊ ကာတွန်းဆရာတွေလည်း ရောက်လာတတ်၏။ တစ်ခါတစ်ရံ ရန်ကုန်မြို့က ဧည့်သည်စာရေးဆရာ၊ ကဗျာဆရာ များပင် ပါတတ်သေးသည်။ သူတို့ဝိုင်းတွေဆီ ကျွန်တော်နှစ်ခေါက်သုံးခေါက် ရောက်သွား၏။

ဪ...လွတ်လပ်ပွင့်လင်းမှုအတွက် မှီတွယ်ရာ ရှာကြတာပေပဲ။ ညဉ့်နည်း နည်းနက်၊ နည်းနည်းရေချိန်ကိုက်လာတော့ တစ်ယောက်နှင့်တစ်ယောက် ရင်ဖွင့်ကြ၊ တိုင်တည်ကြ၊ ဖွင့်ချကြ။ သို့သော် ငယ်ကျိုးငယ်နာမဟုတ်၊ အကြေးလုန်တာမဟုတ်၊ အပြုတ်တိုက်တာမဟုတ်၊ လမ်းခွဲတာမဟုတ်။ ဤသို့ဖြင့် အချိန်လွန်တော့ တစ်ယောက်အိမ်တစ်ယောက် အပြန်အလှန်လိုက်ပို့ကာ နောက်နေ့နံနက်လင်းလျှင် နောင်တတွေရကြ၊ တောင်းပန်ကြ၊ ဆင်ခြင်ကြ၊ ငုံ့လျှိုးကြ။ ဘာကြာမှာလည်း နောက်သုံးရက်လောက်နေတော့ ထိုဆိုင်လေးတွေမှာ ပြန်ချိန်းကြပြန်သည်။

အခုတော့ ဘယ်သူမှ ထိုကဲ့သို့ မအားလပ်ကြတော့၊ အသီးသီး အသက အသက ရေကြည်ရာမြက်နုရာ စဉ်ထွက်သွားကြ၏။ တချို့မြောက်ဘက် တောင်ကုန်းဒေသ၊ တချို့ပင်လယ်ဝ၊ တချို့ကျေးလက်။ အားလုံးသေချာတာတစ်ခုကတော့ သမုဒ္ဒရာ ဝမ်းတစ်ထွာကိစ္စနှင့်ပဲ ခေါင်းမဖော်နိုင်ကြသူများဖြစ်နေကြသူချည်းပင်။ အခုတော့ တစ်မြို့တည်းနေ သူငယ်ချင်းပင်အကြောင်းကိစ္စမရှိပါဘဲ တစ်ယောက်နှင့် တစ်ယောက်မတွေ့ဆုံဖြစ်ကြ။ ကဗျာလေး၊ စာလေးပါမှပဲ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ဆုံဖြစ်တွေ့ဖြစ်တော့သည်။

လမ်း၃၀ တောင်ဘက်ခြမ်း ၇၇ လမ်းကား အရင်ကတော့ ညနေစောင်းမှသာ လူသူစည်ကားရောင်းဝယ်ဖောက်ကားကြသည်။ အခုတော့မဟုတ်။ နံနက်လင်း ကတည်းက တစ်နေကုန်စည်ကားနေတော့၏။ နံနက်လင်းကတည်းက ရီဝေ၊ ရီဝေ။ လမ်း ၃၀ တောင်ဘက်ခြမ်း မြောက်ဘက် ၇၇ လမ်းမကတော့ ဆိုက်ကားဂိတ်၊ ကွမ်းယာဆိုင်၊ ဆီချက်ခေါက်ဆွဲသည်၊ မုန့်ဟင်းခါးဆိုင်၊ သစ်သီးဆိုင်လေးတွေ လောက်ပဲရှိ၏။ ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်အနောက်ဘက်ခြမ်းမှာတော့ အရင်က ဒံပေါက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားပွဲရုံ၊ မြန်မာထမင်းဆိုင်၊ ဆေးဆိုင်များရှိသည်။ ထို့အပြင် အခပေးရေချိုးခန်းနှင့် အိမ်သာ။ အခုတော့ ထိုနေရာများကို အဆင့်မြင့် တိုက်ခန်းများအဖြစ် ပြုပြင်တည်ဆောက်နေ၏။ ထိုဝင်းကြီးကား အရင်က လုပ်သား တည်းခိုရိပ်သာဖြစ်ခဲ့ဖူးသည်။

တစ်ခေတ်ကတော့ အလုပ်သမားအစည်းအရုံးနှင့်ပတ်သက်သည့် ဧည့်သည် တော်ကြီးတွေ တည်းခိုကြသည်။ နောက်တော့ အခပေးတည်းခိုရိပ်သာ။ ဘူတာနှင့် လည်းနီး၊ မြို့လယ်ကောင်လည်းကျ၊ စရိတ်လည်းကျဉ်းသောကြောင့် ရန်ကုန်က စာရေးဆရာတွေလာလျှင် ထိုဧည့်ရိပ်သာမှာ အများစုက တည်းကြသည်။ အခုတော့ ထိုနေရာမှာ ဆောက်လုပ်ရေးစီမံကိန်းကြီးတစ်ခုစတင်နေ၏။ ဝင်းပတ်လည်က လူနေတိုက်ခန်း၊ ဈေးဆိုင်ခန်းများ။

လမ်း၃၀၏ တောင်ဘက်ခြမ်း ၇၇ နှင့် ၇၈ လမ်းကြားကတော့ အပြောင်းအလဲကြီး ပြောင်းလဲသွားပါသည်။ ယခင်က မီးရထား တန်းလျားများနှင့် ဆေးပေးခန်းလေး။ အခုတော့ ခေတ်မီတိုက်တန်းကြီးဖြစ်သွားသည်။ SY ကုမ္ပဏီက တည်ဆောက်သည်မို့ SY တိုက်တန်းဟု ခေါ်ကြ၏။ နိုင်ငံခြားအသုံးအဆောင်အမျိုးမျိုး၊ ဆောက်လုပ်ရေး ပစ္စည်း၊ မွေ့ရာကုမ္ပဏီ၊ ကွန်ပျူတာခေတ်ပုံကူးဆိုင်၊ စတိုးဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင် စသည်ဖြင့် မှန်ရောင်ဖိတ်ဖိတ်လက်နေသည်။ လမ်း၃၀နှင့် ၇၈ လမ်းထောင့်မှာက ပစိဖိတ်ဟိုတယ်ကြီး။

မြောက်ဘက်ခြမ်းမှာက ဆောက်လုပ်ရေးလုပ်ငန်းတချို့လက်စမသတ်နိုင်သေး။ ထောင့်က Top Light အဆောက်အအုံကြီးကတော့ အကြမ်းထည်ကမတက်။ သတင်းစာထဲမှာ အပြန်အလှန်ကြေညာမှုအများဆုံးအဆောက်အအုံကြီးဖြစ်သည်။ ယခင်က ထိုနေရာမှာ မီးရထားသက်သာစက်ဘီးအပ်ဆိုင်နှင့် သက်သာအလင်း ဆိုင်ကလေး။ လက်ဖက်ရည်ဆိုင်လေး၏ စားပွဲတွေက ကြေးအထပ်ထပ်နှင့် ခနော်ခနဲ့။ ဝါးကပ်တွေမိုးထားသည့်ဆိုင်လေးက မိုးမလုံချင်။ လက်ဖက်ရည်ကော်ဖီကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တိုကင်ဝယ်ကာထယူရသည်။ အကြမ်းပန်းကန်တွေက အညှိတက်။ အပြင်ဘက်မှာ ကိုယ်ရေရောဂါသည်များ၏ ဝါးဗုံတီးဝိုင်းက အမြဲရှိ နေတတ်၏။ အမဲသွေးခဲကြော်၊ ငါးဖောင်ရိုးကြော်၊ ကြက်ကြော်စသည်တို့နှင့် တွဲရောင်း သောထမင်းကြော်ဆိုင်လေးတွေလည်း ရှိနေတတ်သည်။ ထမင်းကြော်ဆိုင်လေး တွေက ဒယ်အိုးပက်ပက်ထဲက ထမင်းတွေကို သံယောက်မဖြင့်အထက်အောက်လှန် နေကြသည်။ တစ်နှစ်ဆီက လမ်း၃၀ နှင့် ၇၈ လမ်းဆုံရာ ဘူတာပန်းခြံရှေ့မှာ နာမည် ကျော် မီးရထားစာကြည့်အသင်း၏ စာပေဟောပြောပွဲကျင်းပသည်။ ထိုနှစ်က အပြောအဟော ကောင်းသောနာမည်ကျော် စာရေးဆရာများချည်းမို့ စာဖတ်ပရိသတ် သာမက မြို့ခံစာရေးဆရာများကလည်း စိတ်ဝင်တစား လာရောက်ကြ၏။

ဟောပြောပွဲက အပြောအဟောကောင်းသူများချည်းမို့ ညဉ့်နှစ်နာရီကျော်မှ ပြီးသည်။ နံနက်လေးနာရီခွဲ ကားနှင့်ပုဂံသို့ တရားစခန်းဝင်မည့် စာရေးဆရာမ တွေလည်း ပါလာသောကြောင့် ကျွန်တော်တို့တစ်တွေ ဟောပြောပွဲအပြီး အိမ်ပြန် မအိပ်ကြတော့ဘဲ လမ်းထောင့်က မီးရထားသက်သာလက်ဖက်ရည်ဆိုင်လေးမှာ အချိန်ဖြုန်းဖြစ်ကြသည်။ အချိန်ကလည်း အချိန်ကောင်းဆိုတော့ အလင်းဆိုင်မှာ ရှိနေနှင့် ပရိသတ်က ကျွန်တော်တို့ စာရေးဆရာများ စိတ်ကြိုက်ဇာတ်ကောင်များက အများစု။ သို့သော် အမျိုးသမီးစာရေးဆရာမ အပျိုလေးတွေ ပါလာတော့ မျက်နှာပူ အားနာနေ၏။

စာရေးဆရာမလေးတစ်ယောက်ကတော့ ထူးဆန်းအံ့သြနေသည်။ သူက သည်အတန်းအစား၊ သည်မြင်ကွင်းမျိုး အခုမှ ကြားဖူးမြင်ဖူးနေသည်။ သူက သိချင် တာတွေ တတွတ်တွတ်မေးနေသည်။ မျက်နှာပူစွာနှင့် ဖြေရသည်။ သူက တအံ့တသြ။ သူက ထိုမြင်ကွင်းကို ဝတ္ထုတိုတစ်ပုဒ်အဖြစ် အသက်သွင်းလိုက်တာ ဖတ်လိုက်ရတာကြွ လှနေ၏။ အသက်ဝင်နေ၏။ သူပြောချင်သည့် ရှုထောင့်က မိန်းမတစ်ယောက်၏ 'တန်ဖိုး' ရှုထောင့်။

ဤသို့ဖြင့် လမ်း ၃၀ နှင့် ၇၈ လမ်းထောင့် အလင်းဆိုင်လေးက နံနက်သုံးနာရီခွဲ လောက်မှာထဖြစ်ပြီး ချမ်းအေးသာစံ ကားကြီးဝင်းသို့ တစ်ဖွဲ့လိုက်ကြီး ခြေကျင် သွားကြရတာ သတိရနေသည်။ ဒီဇင်ဘာမို့ နှင်းတွေက အရှိန်ရစွာ ပိတ်ဖုံး။ ကျုံးထောင့် မာကျူရီမီးလုံးအောက်မှာ လက်ကျန် မန္တလေးပုရစ်တွေက ညီညြလုပ်နေကြဆဲ။ တရားစခန်းဝင်ကြမည့် စာရေးဆရာမနှစ်ယောက်ကို တစ်လမ်းလုံး စပြောင်သွား ကြသည်။

အခုတော့ လမ်း ၃၀ နှင့် ၇၈ လမ်းထောင့်မှာ မိုးအလင်းသက်သာဆိုင်လေးလည်း မရှိတော့။ တည်ဆောက်ဆဲ Top Light အဆောက်အအုံကြီး၏ ကွန်ကရစ် အကြမ်းထည်အထပ်တွေဆီက ဖြစ်သလိုကာရံနေထိုင်ကြသည့် အလုပ်သမား အိမ်ထောင်စုများဆီက ကလေးငိုသံသဲ့သဲ့ကိုတော့ လမ်း ၃၀ ပေါ်က ကြားချင် ကြားရမည်။

မျက်နှာချင်းဆိုင် ပစိဖိတ်ဟိုတယ်ကြီးက မီးရောင်တွေထိန်လို့၊ ဆောက်လုပ်ဆဲ ဘူတာကြီးဆီက လော်ကယ်ရထားတစ်စင်း ဆိုက်လာလို့၊ လူတွေ အန်ကျလာလို့၊ အပြီးမသတ်သေးတဲ့ ကွန်ကရစ်အကြမ်းထည်ကြီးပေါ်က အလုပ်သမား အခန်းလေးတွေမှာ ဝပ် ၄၀ မီးလုံးလေးတွေ မလင်းချင်လင်းချင် မျက်စိမှေးလို့၊ လမ်း ၃၀ ကတော့ ဘူတာရုံသစ်ကြီးကို ကျော်ဖြတ်ဖို့ မော့ကြည့်ကာ အားမွေးနေဆဲပလေ။

("တောင်မြောက် အရှေ့အနောက်ထောင့်မတ် မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

Miss Universe Tachileik 2017 ပြိုင်ပွဲ ပဏာမရွေးချယ်ပွဲ ကျင်းပ

တာချီလိတ် ဇွန် ၂၇

Miss Universe Tachileik 2017 ပဏာမရွေးချယ်ပွဲအား ဇွန် ၂၅ ရက်က တာချီလိတ်မြို့ ပလက်တီနမ်စတား ဟိုတယ်တွင် ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့များမှ အမျိုးသမီးလေးများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြသည်။

"Miss Universe Tachileik 2017 ပြိုင်ပွဲကို တာချီလိတ်မြို့နယ်အနေနဲ့ ပထမဆုံးကျင်းပတာ ဖြစ်ပါတယ်။ Miss Universe Tachileik 2017 ဆိုပေမယ့် တာချီလိတ်မြို့နယ်တစ်ခုတည်း မဟုတ်ပါဘူး။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ မြို့တွေအားလုံးအကျုံးဝင်ပါတယ်။ အားလုံးကဝိုင်းဝန်းပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားကြမှာပါ။ ဒီပြိုင်ပွဲက အခြားသော လှယဉ်ကျေးမယ်တို့၊ ကာယအလှမယ်တို့နဲ့ အနည်းငယ်ကွာခြားမှု ရှိပါတယ်။ ခန္ဓာကိုယ် အလှ၊ ရုပ်ရည်ရူပကာချောမောမှုအပြင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုတွေကိုပါ ပေါင်းစည်းရွေးချယ်သွားမှာ ဖြစ်ပါတယ်" ဟု ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ကိုအာကာ (ရွှေဘူးသီးဟိုတယ်)မှ ပြိုင်ပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းသူ ၄၂ ဦးရှိပြီး ယနေ့ကျင်းပသည့် ပဏာမရွေးချယ်ပွဲသို့ ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကာ ခြောက်ဦးမှာ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ရွေးချယ်ခံမှု မပြုနိုင်ခဲ့ကြပါ။ ဆန်ခါတင်ရွေးချယ်လိုက်သည့် ၂၀ ဦးအား ဇွန် ၂၆ ရက်မှ ဆန်ခါကာကျွမ်းကျင်ပညာရှင်များမှ ဟိုတယ် တာချီလိတ်၌ စခန်းသွင်းလေ့ကျင့်သွားမည့်အပြင် လူမှုအကျိုးပြုလုပ်ငန်းများကိုလည် ဆောင်ရွက်သွားကြဖြစ်သည်။

Miss Universe Tachileik 2017 ပြိုင်ပွဲကြီးအား ဇူလိုင် ၂ ရက်တွင် နိုင်ငံကျော် တေးသံရှင်ဖြစ်ကြသည့် ရဲလေး၊ အိုင်းရင်းဇင်မာမြင့်တို့၏ သီဆိုဖျော်ဖြေမှု၊ ခေမီကိုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၏ ဖျော်ဖြေမှုတို့ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး Miss Universe Tachileik 2017 အဖြစ် ရွေးချယ်ခံရသူအား ငွေကျပ် ၁၀ သိန်း၊ 1st Runner Up ရရှိသူကို ငွေကျပ်ငါးသိန်းနှင့် 2nd Runner Up ရရှိသူကို ငွေကျပ်သုံးသိန်းအပြင် အခြား Title ဆုများစွာကိုလည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မောင်ယဉ်ကျေး

သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်တိုးတက်အောင် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက သုစာရိတ္တဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမဦးစီးမှူး ဦးစီးအရာရှိ ဦးသက်ပြင်း၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးဘုန်းမြင့်တို့ တက်ရောက်ပြီး သမဝါယမလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြသည်။

၂၀၁၆-၂၀၁၇ ခုနှစ် အသင်း၏ ငွေစာရင်းရှင်းတမ်းကို ဦးထွေးမြင့်က ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

လုပ်ငန်းခွင် မွမ်းမံသင်တန်းဖွင့်

မော်လမြိုင် ဇွန် ၂၇

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော နယ်ထိန်း(အခြားအဆင့်)လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားအား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမဇာနည်ခန်းမ၌ ဇွန် ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး(ကိုယ်စား) ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းအား တပ်ဖွဲ့ဝင်များ၏ အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီးနှင့် သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရဲ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တိုက်ဖျက်ရေးနေ့ အခမ်းအနား မြို့နယ်များ၌ကျင်းပ

မြစ်ကြီးနား

မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက်က ကျင်းပသည်။

အကြိမ်(၃၀)မြောက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် ဗဟိုအဆင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ တစ်နှစ်တာအတွင်း မူးယစ်ဆေးဝါးအများဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သူ ရဲတပ်ဖွဲ့ဝင်များအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင် နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

မင်းရာဇာ(မြစ်ကြီးနား)

မော်လမြိုင်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပရာ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများမှ ဆုရရှိကြသည့်အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်၊ အလွတ်တန်းအဆင့်နှင့်ဗဟိုအဆင့်ပြိုင်ပွဲဝင်များအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်ရဲတပ်ဖွဲ့

သီပေါ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက်က ရှမ်းပြည်နယ် မြောက်ပိုင်းသီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။

စိုင်း(သီပေါ)

မိုးညှင်း

မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမဆောင်၌ ဇွန် ၂၆ ရက်က အကြိမ် (၂၀) မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလှက အမှာစကားပြောကြားပြီး အကြိမ် (၂၀) မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည် ။

(ဝ၆၇)

စိုက်၍ ရိုက်ပြီးလျှင်

သစ်ပင်များနှစ်စဉ်စိုက်ပျိုး၏။ ဓာတ်ပုံရိုက်မှတ်တမ်းတင်၏။ သတင်းစာတွင်ပါသည့်အခါလည်းပါ၏။ နောက်နှစ် နောက်နှစ်လည်း ယင်းနေရာ၌ပင် ထပ်တလဲလဲစိုက်၏။ ဓာတ်ပုံလည်း ရိုက်မြဲရိုက်ပါပေ၏။ ယင်းသို့ဖြင့် နှစ်ပေါင်းများလာ၏။ နှစ်ပေါင်းသုံးလေးဆယ်ထက် မနည်းတော့။

စိုက်ပင်နှစ်ရာကျော် သုံးရာကျော်ကို နှစ်စဉ်နှစ်တိုင်း တခမ်းတနား စိုက်ကြ၏။ စိုက်ပင်များတစ်နှစ်အတွင်း လုံးဝပျောက်ကွယ်သွားသည်များရှိသလို ကံအားလျော်စွာအနည်းအကျဉ်း ရှင်ကျန်သည့်နှစ်လည်း ရှိပါသည်။ နှစ်ပေါင်း သုံးဆယ်ကျော်စိုက်ခဲ့သည့် ပျိုးပင်များအနက် သက်တမ်းအမျိုးမျိုးဖြင့် ပိတောက်၊ ကျွန်း၊ ပျဉ်းမစသည်တို့အပင်နှစ်ဆယ်ခန့် ရှင်ကျန်သည်ကို တွေ့နိုင်သည်။ မဟော်ဂနီ အပါအဝင်အခြားရာထောင်ပေါင်းများစွာကား အဟောသိကံနိဋ္ဌိတံလေပြီ။

စိုက်၍ ရိုက်ပြီးလျှင် ရှင်သန်နိုင်အောင်မလွဲမသွေ စောင့်ရှောက်ရန် ညွှန်ပြနေသည်။ ယင်းစိုက်ပျိုးပင်များ တစ်ဆယ်ရာခိုင်နှုန်းခန့်သာ ရှင်သန်ကျန်ရှိနိုင်ပါက ယခုအခါ အလွန်ထူထပ်သိပ်သည်းမည်းမှောင်သော တောအုပ်ကြီးတစ်အုပ်ဖြစ်နေမည် မလွဲ။

စိုက်ပျိုးပင်များ ပျောက်ကွယ်ရခြင်းမှာ ရာသီဥတုကြောင့်(ရေမရ၍၊ အစိုဓာတ်မရှိ၍) ပျောက်ကွယ်ရသောအပင်မျိုး တစ်ပင်တစ်လေမျှ မရှိပေ။

နိုင်ငံနှင့်အဝန်း ဒေသအနှံ့ သည့်နှယ်စိုက်ခင်းမျိုးရှိနိုင်မည်ဖြစ်ရာ စိုက်ပင်စောင့်ရှောက်ရေးသည် မဖြစ်မနေလုပ်ရမည့် အရေးကြီး လုပ်ဆောင်ဖွယ်ဖြစ်သည်ကို သိနိုင်သည်။ စိုက်ပျိုးရသည့် ရည်မှန်းချက် မျက်ခြည်မပြတ်စေရန် နှိုးဆော်မှုများ ပြုမြဲပြုလျက်ရှိ၏။

သို့ဖြစ်၍ စိုက်ကာ ရိုက်ကာဖြင့်သာ မပြီးသင့်တော့ပါကြောင်း။

ကျော်(ကော့ကရိတ်)

မုံရွာဘူတာအနီးရပ်သည့်ကားများ ဇွန်လ ၂၅ရက်က အရေးယူမှုများ စတင်

မုံရွာ ဇွန် ၂၇

သတ်မှတ်ပေးထားခြင်းမရှိဘဲ စည်းကမ်းမရှိယာဉ်ရပ်နားကာ ခရီးသည်အတင်အချများ ပြုလုပ်လျက်ရှိသည့်မုံရွာမြို့ဘူတာအနီးတွင် ဇွန် ၂၅ရက်မှစ၍ ရပ်နားထားသော အသင်းဝင်ကားများတွေ့လျှင် အသင်းကိုအရေးယူမည်ဖြစ်သလို အသင်းမဲ့ ကားများကိုတွေ့ပါက လိုင်စင်ဖျက်သိမ်းသွားသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ ဇွန် ၂၅ ရက်ကစတင်၍ ပူးပေါင်းအဖွဲ့သည် မုံရွာဘူတာအနီးတွင် ရပ်နားသောယာဉ်များအား စစ်ဆေးအရေးယူခြင်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

မုံရွာဘူတာအနီး ယာဉ်မရပ်ရဟု သတ်မှတ်ထားသော်လည်း ယာဉ်များသည် ကားဂိတ်သဖွယ် ရပ်နားကာ ခရီးသည်များကို တင်ဆောင်ခြင်း၊ ချခြင်းများအပြင် ကုန်ပစ္စည်းတင်ခြင်းများက နေ့စဉ်နံနက်မိုးလင်းမှ ညမိုးချုပ်အထိ ပြုလုပ်နေမှုအပေါ် အများပြည်သူ လမ်းသွားလမ်းလာများက စိတ်အနှောင့်အယှက်ဖြစ်၍ ဖမ်းဆီးအရေးယူရခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

စားသုံးသူဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပေါက် ဇွန် ၂၇ - ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အတူ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ပေါက်မြို့မဈေးအတွင်း ကုန်မျိုးစုံ/ကုန်ခြောက် ရောင်းချလျက်ရှိသော ဈေးဆိုင်များတွင် (FDA) မှ နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူများ စားသုံးရန် မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချနေခြင်း ရှိ/မရှိကို ဇွန် ၂၅ ရက်က ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေး ကွင်းဆင်းရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာ သိကောင်းစရာများ၊ ဘေးထွက်ဆိုးကျိုးများနှင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား ဈေးဆိုင်အခန်းပိုင်ရှင်၊ ဈေးသူ ဈေးသားများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

အခုတလော လူမှုကွန်ရက်ပေါ်တွင် မြန်မာပရိသတ်များကြား မအေးသောင်းမှ မအေးသောင်း ဖြစ်နေကြသည်။ မအေးသောင်း ဆိုသည်မှာ သူ၏ပရိသတ်များက ချစ်စနိုးဖြင့် ခေါ်တွင်ကြခြင်းဖြစ်ပြီး သူ့အမည်မှာ အေးဝတ်ရည်သောင်း ဖြစ်သည်။ အနုပညာသက်တမ်း အနှစ် ၂၀ ခန့်ပင်ရှိနေပြီဖြစ်ကာ သူ့ကိုယ်သူ ပေါက်စီဟု ရည်ညွှန်းပြောဆိုတတ်သည်။ mntv ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသလျက်ရှိသော ရတနာပုံ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်များ၏ အားပေးမှုကို ရရှိထားသူဖြစ်ပါသည်။ အေးဝတ်ရည်သောင်း၏ လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်း ယခုလို မေးမြန်းဖြစ်ခဲ့ပါသည်။

အေးသောင်း

သို့မဟုတ်

ပြန်လည်ဖြစ်တည်လာတဲ့ အေးဝတ်ရည်သောင်း

လတ်တလောအနုပညာလှုပ်ရှားမှုအရ

လတ်တလောအနေနဲ့ ကြော်ငြာတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် ဓာတ်ပုံတွေရိုက်ပေးဖြစ်ပါတယ်။ Myanmar Media 7 က ရိုက်ကူးမယ့် မင်္ဂလာရှိသောအရပ် ရုပ်သံဇာတ်လမ်းတွဲမှာလည်း ပါဝင်သရုပ်ဆောင်ဖို့ ရှိပါတယ်။

ပရိသတ်တွေရဲ့အားပေးမှုအတွက် ဘာများပြောလိုပါသလဲ

ပေါက်စီပြန်ပြီးရိုက်ဖြစ်တဲ့အထဲမှာ ပထမဇာတ်ကားက ကိုဖြိုးငွေစိုးတို့နဲ့ ရိုက်တဲ့ Charm 2 ပါ၊ ဒုတိယမြောက်ကတော့ ရတနာပုံဇာတ်လမ်းတွဲပါ။ ဒုတိယမြောက်ကားမှာတင် ပရိသတ်ရဲ့ အသိအမှတ်ပြုခံရတော့ အတိုင်းမသိဝမ်းသာတယ်။ မျှော်လည်းမျှော်လင့်မထားပါဘူး၊ ပရိသတ်တွေ ဒီလောက်အထိ အားပေးလိမ့်မယ်လို့ မထင်ထားဘူး။ ဒါပေမယ့် ကိုယ့်ဘက်က အကောင်းဆုံးတော့ ပြင်ဆင်ထားပါတယ်။ ပရိသတ်တွေအားပေးတဲ့အတွက် အလွန်ကိုကျေးဇူးတင်ပါတယ်၊ အံ့ဩပြီး ပီတိဖြစ်ရပါတယ်။

လူမှုကွန်ရက်ပေါ်မှာ ရေးသားတာတွေအပေါ် ဘာပြောလိုပါသလဲ

တချို့ကလည်း ပျော်ချင်လို့ဝင်ဖတ်တဲ့ သူလည်းရှိတယ်။ ပေါက်စီက ကဗျာတော့မရေးတတ်ပါဘူး။ ဒါပေမယ့် အဲ့လိုရေးတာလေးတွေ ဖတ်ရတာသဘောကျတယ်၊ စိတ်လည်း စိတ်ချမ်းသာတယ်။

လက်ခံထားတဲ့ အနုပညာအလုပ်တွေကရော

အနုပညာနဲ့ပတ်သက်ပြီး ကမ်းလှမ်းလာတာတွေရှိတဲ့အခါ ကိုယ်နဲ့လည်းကိုက်ညီတဲ့ ဇာတ်လမ်းတို့ ကာရိုက်တာတို့ကလည်း ကိုယ်သဘောကျတဲ့ ကာရိုက်တာဖြစ်မယ်ဆိုရင်တော့ ပေါက်စီ အမြဲတမ်းရိုက်ဖြစ်နေမှာပါ။ ဒီကြားထဲမှာ မရိုက်ဖြစ်ဘူးဆိုတာကလည်း တချို့သူတွေက နိုင်ငံခြားမှာ ကျောင်းသွားတက်နေတယ်ဆိုပြီး မေ့နေကြတာပေ့ါနော်၊ မြန်မာနိုင်ငံမှာ မရှိဘူးလို့ဘဲ ထင်ကြတယ်။ ရှိတယ်ဆိုတာ မသိကြတဲ့သူတွေ၊ မငှားဖြစ်ကြတဲ့သူတွေ အခုတော့ ရှိတယ်ဆိုတာ သိသွားကြတော့ ပြန်ပြီးဆက်သွယ်ကြတယ်။ ကမ်းလှမ်းထားတာတွေက ဘာရှိလည်းဆိုတော့ ရုပ်ရှင်ဇာတ်ကားကြီး နှစ်ကားရှိတယ်။ ကြော်ငြာတစ်ခု ရိုက်ဖို့ရှိတယ်။ ဇာတ်လမ်းက မင်္ဂလာရှိသောအရပ်ဆိုတာ မြင့်မြတ်နဲ့ သရုပ်ဆောင်ပြီး ဒါရိုက်တာက ကိုဩရသနဲ့ရိုက်မှာပါ။ အဲဒါက ရှေ့လမှာ မေမြို့မှာ သွားရိုက်မှာ။

ဘယ်လိုကာရိုက်တာတွေ စဉ်းစားရွေးချယ်ဖြစ်သလဲ

ဘယ်လိုကာရိုက်တာတွေ စဉ်းစားဖြစ်လဲဆိုတော့ ကိုယ်နဲ့ လိုက်မယ့် ဇာတ်ရုပ်ပေ့ါ။ အခုအချိန်မှာ ပေါက်စီကို ကလေးတုန်းကပုံစံ၊ လွန်ခဲ့တဲ့ ၁၅ နှစ် အနှစ် ၂၀ ကဆိုရင် အသက် ၁၃ နှစ် ၁၄ နှစ်ပဲ ရှိသေးတာလေ။ အဲ့ဒီတုန်းက ခုနစ်တန်း ရှစ်တန်း ကျောင်းသူလောက်ပဲ ရှိသေးတာလေ။ အဲဒီတုန်းက ကျောင်းသူဘဝဆိုတော့ ကျောင်းသူပုံစံကိုယ်နဲ့လိုက်တယ်၊ ကျောင်းသူဇာတ်ရုပ်ရိုက်ရင် အဆင်ပြေတယ်။ အခုအချိန်မှာ ကိုးတန်းကျောင်းသူ၊ ဆယ်တန်းကျောင်းသူ ဇာတ်ရုပ်နဲ့ဆိုရင် ဘယ်လိုမှ လိုက်ဖက်မှာမဟုတ်ဘူး၊ အဆင်ပြေမှာလည်းမဟုတ်ဘူး။ ကိုယ့်အသက်၊ ကိုယ့်အရွယ်၊ ကိုယ့်အတွေ့အကြုံနဲ့ လိုက်ဖက်တဲ့ ကာရိုက်တာ ဇာတ်ရုပ်ဆိုရင် လိုက်ဖက်မယ်၊ အဆင်ပြေမှာပါ၊ အဲဒါကိုပဲ ရွေးချယ်ဖြစ်မှာပါ။

အနုပညာနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ ရည်မှန်းချက်ထားသလဲ

ရည်မှန်းချက်ဆိုရရင်၊ တစ်ခါတစ်လေကျတော့ ရည်မှန်းချက်နဲ့ ပန်းတိုင်ကမတူဘူး။ အောင်မြင်မှုဆိုတာက ကိုယ်ရဲ့ ပန်းတိုင် ဟုတ်ချင်မှဟုတ်မှာ။ တစ်ခုခုဖြစ်နေတတ်တယ်။ ပေါက်စီအတွက်တော့ အောင်မြင်မှုက ပန်းတိုင်မဟုတ်ဘူး။ အောင်မြင်မှုထက်ပိုတာလည်း ဖြစ်ချင်ဖြစ်မယ်၊ တခြားဟာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘယ်လိုရည်မှန်းချက်ထားလဲဆိုတော့ ရည်မှန်းချက်တွေက အမျိုးမျိုးထားကြတာပေ့ါနော်။ ပေါက်စီအတွက် အနုပညာနဲ့ပတ်သက်တဲ့ ရည်မှန်းချက်ကတော့ ကိုယ်လုပ်နိုင်သရွေ့ အကောင်းဆုံး လုပ်သွားမယ်လို့ ရည်မှန်းထားပါတယ်။ ဘယ်အခြေအနေမျိုးအထိ၊ အသက်ဘယ်လောက်အထိ လုပ်မယ်လို့ ရည်မှန်းထားတာထက်စာရင်တော့ ကိုယ်လုပ်ဖြစ်တဲ့ အလုပ်ကိုပဲ အကောင်းဆုံးဖြစ်အောင် လုပ်သွားမယ်လို့ ရည်မှန်းထားပါတယ်။

အွန်လိုင်းပေါ်က ပရိသတ်တွေကို ဘာများပြောလို့ပါသလဲ

အဓိကက ဒီတစ်ခေါက် အေးဝတ်ရည်သောင်းဆိုပြီး ဖြစ်လာတာက အွန်လိုင်းက ပရိသတ်တွေရဲ့ အားပေးမှုက တစ်စိတ်တစ်ပိုင်းဖြစ်သလို အွန်လိုင်းမီဒီယာတွေရဲ့ ပံ့ပိုးကူညီမှုကြောင့်လို့လည်း ပြောလို့ရပါတယ်။ ပေါက်စီအတွက် ကဗျာလေးတွေ ရေးပေးတဲ့ အဖွဲ့တွေရှိတယ်။ We Love ဆိုတဲ့ အဖွဲ့တွေ ဖွဲ့လာပေးတာရှိတယ်။ Poem for Ma Ma Aye Thaung ဆိုပြီးဖွဲ့လာပေးတာရှိတယ်။ သူတို့တွေ တစ်ယောက်နှစ်ယောက်ကနေစပြီး လုပ်လာပေးရင်းကနေ အကြီးကြီးဖြစ်သွားတာပေ့ါနော်။ သူတို့တွေကြောင့်မို့လို့ ပေါက်စီကို လူတွေပိုသိသွားကြတယ်။ အဓိက ကတော့ Facebook နဲ့ အွန်လိုင်းမီဒီယာတွေကြောင့်မို့ ပရိသတ်တွေသိသွားကြတာ။ အလွန်ကို ကျေးဇူးတင်ပါတယ်။ အဓိကကတော့ အေးဝတ်ရည်သောင်းပြန်လည်ဖြစ်တည်လာတာ သူတို့ကြောင့်ပါလို့ ပြောလို့ရပါတယ်။

အားပေးကြတဲ့ ပရိသတ်တွေကို ဘာများပြောလိုပါသလဲ

အွန်လိုင်းပေါ်က ပရိသတ်က ၇၀ ရာခိုင်နှုန်းလောက်ပေ့ါ၊ ၅၀ ရာခိုင်နှုန်းထက်ပိုမယ်ထင်တယ်။ အခုခေတ်က မြို့ရောနယ်ပါ အွန်လိုင်းသုံးနေကြတော့ အွန်လိုင်းပရိသတ်က အများဆုံးဖြစ်မှာပါ၊ ဒါပေမယ့်တချို့အွန်လိုင်းမသုံးဘဲ ဗီဒီယိုဇာတ်လမ်းတွဲကို ကြည့်ပြီး အားပေးကြတဲ့ ပရိသတ်တွေရော၊ အရင်ကတည်းက အေးဝတ်ရည်သောင်းကို အားပေးကြတဲ့သူတွေပါ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီလိုအသိ အမှတ်ပြုတဲ့အတွက် ဒီ့ထက်ပိုပြီးကြိုးစားဖို့တာဝန်ရှိသလို အမြဲတမ်း ခံစားရတယ်။ ဒါကြောင့်မို့ ပိုပြီးတော့ကြိုးစားသွားပါ့မယ်လို့ ပေါက်စီ ကတိပေးချင်ပါတယ်။

ဖြည့်စွက်ပြောလိုတာကရော

မကြာခင်ရိုက်ကူးမည့် မင်္ဂလာရှိသောအရပ် ဇာတ်ကားမှာ ကျောင်းဆရာမလေးပုံစံ အကောင်းဆုံး အတတ်နိုင်ဆုံး ကာရိုက်တာနဲ့ ကျောင်းဆရာမတစ်ယောက်ပုံစံဖြစ်အောင် ကြိုးစားပြင်ဆင်နေတယ်လို့ ပြောချင်ပါတယ်။

ကျေးလက်ဘဝသရုပ်ဟန် ကပွဲယ ဇာတ်ကားပြသမည်

စာရေးဆရာမ ခင်ခင်ထူး၏ ဝတ္ထုကို ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးပြီး သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ ဖွေးဖွေး၊ ကောင်းပြည့်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားသည့် "ကပွဲယ"ရုပ်ရှင် ဇာတ်ကားကို ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇွန် ၃၀ ရက်မှ စတင်၍ မြန်မာနိုင်ငံအနှံ့ရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဟုသိရသည်။

ကျေးလက် အချစ်ဟာသ ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး၊ ယင်းဇာတ်ကားသည်၊ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)၏ အရှားပါးဆုံး လက်ရာကောင်းတစ်ခုဟု ဆိုနိုင်သည်။ ကျေးလက် တောရွာနေ ရိုးသားသူတို့၏ဘဝကို ပုံဖော်ထားပြီး ကပွဲယတစ်ဦး၏ ရိုးသားဖြူစင်မှု၊ အကျင့်သီလ ကောင်းမွန်မှုနှင့် အများ အကျိုးသယ်ပိုးပုံတွေကို မြင်အောင်ရည်ရွယ်ရိုက်ကူးထားသည်။ "ကျွန်တော်က ဒီဇာတ်လမ်းမှာ စံလှဘော်အမည်နဲ့ ကပွဲယ တစ်ယောက်နေရာမှာ သရုပ်ဆောင်ထားပါတယ်။ ကပွဲယအလုပ်မှာ ကုသိုလ်လည်းရ ဝမ်းလည်းဝလို့ သဘောပိုက်ပြီး ရွာကြီး တစ်ရွာရဲ့ ဘုန်းကြီးကျောင်းမှာ ကပွဲယလုပ်ရင်း ဘဝကို အူကြောင်ကြောင် ပေါတောတော ဖြတ်သန်းရတဲ့ ကာရိုက်တာမျိုးပါ၊ ကျွန်တော် ဒီကားလေးကို တကယ်ကို နှစ်သက်ပါတယ်၊ ဘာလို့လဲဆို ပရိသတ်မြင်နေကြအတိုင်း မာနတွေ၊ ပူလောင်မှုတွေ ပြည့်နေတဲ့ ကာရိုက်တာမျိုးမဟုတ်လို့ပါဘဲ၊ အင်မတန်ရိုးသားတဲ့ ကျေးလက်နေ လူတန်းစားပြည်သူတွေရဲ့ဘဝကို ထင်ဟပ်ပေါ်လွင်စေတယ်၊ ပြီးတော့ ဘဝနဲ့သိက္ခာ ချစ်ခြင်းမေတ္တာရဲ့ အတိမ်အနက် သံယောဇဉ်နှောင်ကြိုးလေးကို ဖော်ပြထားတယ်၊ ဘုန်းကြီးကျောင်းသားလေးနဲ့ ကျွန်တော်ကသားအဖသံယောဇဉ် ခိုင်မြဲကြတာလေးတွေ၊ သားအဖနှစ်ယောက် တစ်ချိန်မှာ ဝေးကွာရမယ်ဆိုတဲ့ အဖြစ်လေးတွေ၊ အဲ့အခန်းလေးတွေ ကျွန်တော်ကြိုက်ပါတယ်"ဟု ပြေတီဦးက ဆိုသည်။

ယင်းဇာတ်ကားတွင် တောသူမလေး မြချစ်အဖြစ် အကယ်ဒမီ ဖွေးဖွေးက သရုပ်ဆောင်ထားပြီး မြို့သား ပဲပွဲစားဖြစ်သူ ကောင်းပြည့်နှင့် တစ်တွဲတွဲပြုလုပ်နေသည့် မြချစ်ကို ကပွဲယ ကိုစံလှဘော် (ပြေတီဦး) က စိတ်ဝင်စားရာမှ တစ်ဆင့် နောက်ဆုံး မြချစ်နှင့် ထို့ပဲပွဲစားတို့ အနေပိုမိုနီးစပ်မည်ကို မလိုလားသောကြောင့် ချောင်းရိုက်ခဲ့ပြီး အမှုမှန်ပေါ်ကာ ကိုစံလှဘော် အဖမ်း ခံရပုံများ၊ သားဖြစ်သူနှင့် ခွဲရပုံများကို မြင်တွေ့ရမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားတွင် ဦးမိုးဒီ၊ အောင်ခိုင်၊ မြို့တော်ချစ်ဖွယ်၊ ချစ်လူလူ၊ ကောင်းစံ၊ ကျော်စိုး၊ ကျော်ဇင်ထွဋ်၊ ချမ်းသာ၊ သိဟ၊ ဒီမိုးစက်၊ ဝါဝါအောင်၊ သီရတီ၊ ယုဇနာ၊ ပိုးပိုးနှင့် ကလေးသရုပ်ဆောင် ဖွဲလေးတို့ ပါဝင်ပံ့ပိုးထားသည်။

ကိုလင်း

အနုပညာအလုပ်ကို ဖြတ်လမ်းနည်းဖြင့်မလိုက်လိုသည့် အလှမယ် ယွန်းဝင့်လွှာအောင်

ဝေလင်း

Miss Now How 2017 Beauty Contest ပြိုင်ပွဲတွင် Miss Now How 2017 ဆုနှင့် Miss Popular 2017 ဆုတို့ ဆွတ်ခူးထားသည့် အလှမယ် ယွန်းဝင့်လွှာအောင်က အနုပညာလုပ်ငန်းများကို လုပ်ကိုင်ရန် ပြင်ဆင်နေပြီဖြစ်သည်။

"မတင်မိုးလွင်ဆီမှာ မော်ဒယ်သင်တန်း တက်ခဲ့ပါတယ်။ ပြိုင်ပွဲမတိုင်ခင်က မော်ဒယ်အဖြစ် တစ်နှစ်ကျော်လောက် လှုပ်ရှားဖြစ်ခဲ့ပါတယ်။ အနုပညာနဲ့ အလှအပရေးရာ စတာတွေနဲ့ ပတ်သက်လာရင် အလွန်ဝါသနာကြီးခဲ့ပါတယ်။ မော်ဒယ်လိုင်း တစ်လိုင်းထဲ မဟုတ်ဘဲ တခြားအနုပညာအလုပ်တွေကိုပါ ကျွန်မလုပ်ကြည့်ချင်တယ်။ ဒါကြောင့် သရုပ်ဆောင်တဲ့အလုပ်ကိုလုပ်ဖို့ စိတ်ဝင်စားပါတယ်။ ကျွန်မရဲ့ အနုပညာခရီးအစက အခုလို ဆုရရှိမှုလို့ ပြောရင်ရပါတယ်။ အစက အပေါင်းအသင်းလည်း နည်းပါးပြီး သိသူလည်း မရှိခဲ့ပါဘူး။

အခုတော့ ကျွန်မကို ကူညီပေးမယ့် သူငယ်ချင်းတွေ၊ မိတ်ဆွေတွေနဲ့ ဆရာသမားတွေကို ဒီပွဲလေး အပြီးမှာရရှိခဲ့ပါတယ်။ ရှေ့ဆက်ရမယ့် အနုပညာခရီးအတွက် အားတစ်ခုဖြစ်ခဲ့ရပါတယ်"ဟု ယွန်းဝင့်လွှာအောင်က ဆိုသည်။

အနုပညာလောကအတွင်း ဖြတ်သန်းသွားမည့် ရှေ့ဆက်ခရီးအတွက် ယွန်းဝင့်လွှာအောင်က "ဘယ်နေရာမဆို၊ ဘယ်အဖွဲ့အစည်းမဆို အကောင်းနဲ့အဆိုးဆိုတာ နေရာတိုင်းမှာ ရှိပါတယ်။ ဒါတွေကို ခွဲခြားသိမြင်ပြီး အတုယူသင့်တာယူ၊ စွန့်ပယ်သင့်တာစွန့်ပယ်ပြီး အကောင်းဆုံးနေတတ်သွားမယ်၊ လူအများအပေါ် လေးစားသမှုနဲ့ အကောင်းဆုံး လူမှုဆက်ဆံရေးရှိပြီး အလုပ်အကိုင်အပေါ်မှာ ကျွမ်းကျင်မှုရှိမယ်ဆိုရင် ရှေ့ဆက်ရမယ့် အနုပညာလမ်းကြောင်းအတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်။ ဒါတွေဟာ အနုပညာသမားတစ်ယောက်ရဲ့အလုပ်လို့လည်း ခံယူထားပါတယ်။ ကောင်းတယ်၊ မကောင်းဘူး ဆိုတာ လူတစ်ယောက်ချင်းစီရဲ့စိတ်ဓာတ်တွေကြောင့် ဖြစ်နေကြရတာဖြစ်ပြီး အနုပညာလုပ်ငန်းများအတွက် ဖြတ်လမ်းနည်းနဲ့ ဘယ်တော့မှမလိုက်ပါဘူး။ ကိုယ်နဲ့ထိုက်သင့်သလောက်ကိုပဲ ယူမယ်။ လမ်းမှားကို မလိုက်ဖြစ်အောင်ထိန်းသိမ်းမယ်"ဟု ယွန်းဝင့်လွှာအောင်က ပြောသည်။

ငယ်စဉ်ကဘဝကို ဘယ်တော့မှမမေ့သည့် ဘောဘီမောင်

ရုပ်ရှင်ဇာတ်ကားကြီးများတွင် အတွေ့ရများလာပြီး ဇာတ်ကားများတွင်လည်း နေရာရလာသည့် သရုပ်ဆောင် ဘောဘီမောင်က တစ်ခါက ရန်ကုန်မြို့ပြ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် စွမ်းဇာနည်၏ ချစ်သူအဖြစ် သရုပ်ဆောင်ထားသည်။ အနုပညာ လောကအတွင်းသို့ ခက်ခဲစွာ ဝင်ရောက်ခဲ့ရသည်ဟု ရိုးသားစွာ ရင်ဖွင့်ပြောပြတတ်သည့် ဘောဘီမောင်တစ်ယောက် အနုပညာရှင်မဖြစ်မီက မိသားစု အပေါ်ငဲ့ညှာရင်း ကျောင်းသူဘဝ အမှတ်တရများစွာကိုလည်း အလျဉ်းသင့်သလို ပြောပြတတ်သူတစ်ဦး ဖြစ်သည်။

မေး ။ ဘောဘီမောင်ရဲ့လတ်တလော အနုပညာ လှုပ်ရှားမှုက ဘာတွေလဲ။

ဖြေ ။ လတ်တလောမှာ ဒါရိုက်တာညီမြင်းလွင်ရဲ့တစ်ခါက ရန်ကုန်မြို့ပြ ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဲဒီဇာတ်ကားမှာ ကျွန်မက မူးယစ်ဆေးရောင်း လည်းရောင်းတယ်၊ သုံးလည်း သုံးတဲ့သူပေါ့။ ယောက်ျားလေးတော်တော်များများက မျက်စိကျကြတယ်။ ငယ်ရွယ်လှပတာရော မူးယစ်ဆေးရောင်းတာကြောင့်လာကြတယ်။ သူတို့ထဲမှာ စွမ်းဇာနည်လည်းပါတယ်။ သူတို့က လမ်းသရဲပုံစံတွေ နောက်ဆုံးသူနဲ့ချစ်သူဖြစ်သွားပြီး အတူတူ မူးယစ်ဆေးသုံးကြတယ်။ အဲဒီလိုနဲ့ ဘဝပျက်သွားတဲ့ သင်ခန်းစာပေးတဲ့ ဇာတ်လမ်းလေးပါ။

မေး ။ ယနေ့အချိန်မှာ ဘောဘီမောင်အနေနဲ့ ခေါင်းဆောင်တစ်ဦးအဖြစ် ဇာတ်လမ်းတွေမှာ နေရာရနေပြီလား။ ဒါနဲ့ ပတ်သက်ပြီးရော ခံစားမှုရှိလား။

ဖြေ ။ ခေါင်းဆောင်နေရာကနေ သရုပ်ဆောင်ခွင့်ရတာ သုံးနှစ်လောက်ကတည်းကပါပဲ။ ရုပ်ရှင်ဇာတ်ကားကြီးက ၁၅ ကားရှိတယ်။ ဗီဒီယိုကတော့ ခေါင်းဆောင်အနေနဲ့ သုံးကားလောက်ရှိတယ်။ ကျွန်မက ဒီလောကထဲကို မင်းသမီးတစ်ယောက်ဖြစ်လိုတဲ့စိတ်နဲ့ဝင်ခဲ့တာ မဟုတ်ပါဘူး။ သရုပ်ဆောင်ဖြစ်ချင်တဲ့ စိတ်နဲ့ဝင်ခဲ့တာဆိုတော့ ဆေးစက်ကျရာ အရုပ်ထင်သလိုပါပဲ။ ကျွန်မအနေနဲ့ အနုပညာအလုပ်ဆိုရင် ဘယ်အခန်းကဏ္ဍကမဆို လုပ်ဆောင်သွားမှာပါ။ ခေါင်းဆောင်နေရာမှဆိုပြီး မရလို့လည်း ခံစားနေရတာမျိုး ဘာမှမရှိပါဘူး။

မေး ။ ဘောဘီမောင်ရဲ့ဘဝနဲ့ပတ်သက်ပြီးတော့ရော ဇာတ်ကား မရိုက်ဘူးလား။

ဖြေ ။ ကိုယ်တိုင်ကလည်း ကြိုးစားဆဲပါ။ ကိုယ်တိုင်တောင် ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေ၊ ဆရာသမားတွေ ချပေးတဲ့ နေရာမှာပဲ လုပ်ရတာပါ။ ကိုယ့်ဘဝအကြောင်းလေးတော့ အခွင့် သာမယ်ဆိုရင် ရိုက်ကူးချင်တဲ့စိတ်ရှိပါတယ်။ အဓိကကတော့ မိဘအပေါ် သိတတ်ဖို့၊ မိဘအတွက် အမြဲအဆင်သင့်ရှိဖို့၊ မိသားစု စားဝတ်နေရေးအတွက် ဘယ်လိုကြိုးစားခဲ့သလဲဆိုတာမျိုး ကိုယ်တွေ့နဲ့ယှဉ်ပြီး ဇာတ်ကားလေးတစ်ကားတော့ ဖြစ်လာစေချင်ပါတယ်။

ကျွန်မအဖေက ဝန်ထမ်းဆိုတော့ ငွေကြေးပြည့်စုံမှု အားနည်းတယ်။ ကျောင်းတက်ရင် ကျူရှင်လခနဲ့လိုအပ်တာတွေကို ကိုယ့်ဘာသာကိုယ်ဖြည့်နိုင်အောင် အပိုဝင်ငွေရှာတယ်။ အမေ က အိမ်မှာပဲ ထမင်း၊ ဟင်းရောင်းတယ်။ မိသားစုကို ကူညီဖြေရှင်းပေးနိုင်တာ အမြဲပဲ ဂုဏ်ယူစရာကိစ္စရပ်ပါ။ ငယ်ငယ်က အိမ်ရှေ့သရက်ပင်တွေကနေ သရက်သီးတွေရောင်းပြီး ကိုယ်လိုချင်တာ တွေ၊ ကျောင်းစရိတ်တွေ ဖြည့်တင်းခဲ့ရတဲ့ အချိန်တွေက မမေ့နိုင်တဲ့ ဘဝရဲ့ပုံရိပ်တွေပါပဲ။

ကိုလင်း



ချစ်ခြင်း၏သင်္ကေတဇာတ်ဝင်တေး၏ သီဆိုသူ တေးသံရှင် ဝတ်ရည်ထက်

နာမည်ကျော်အဆိုရှင်များစွာကို မွေးထုတ်ပေးခဲ့ဖူးသည့် သံစဉ်များနှင့်ကမ္ဘာ တေးသီချင်းဆိုပြိုင်ပွဲမှ ဂီတလောကသို့ ရောက်ရှိလာခဲ့သည့် ၂၀၁၁ ခုနှစ် သံစဉ်များနှင့်ကမ္ဘာဆုရှင် ဝတ်ရည်ထက်က မိုင်ပေါင်း ၁၅၀၀ တေးစီးရီးခွေကို ယခုလ ၃၀ရက်တွင် ထုတ်ဝေဖြန့်ချိတော့မည် ဖြစ်သည်။

"ဒီအခွေမထွက်ခင်တောက်လျှောက်မှာ ဂီတနဲ့ပတ်သက်ပြီး သင်ယူစရာရှိတာတွေကို စနစ်တကျ သင်ယူလေ့လာခဲ့ပါတယ်။ ဒီအခွေကို ၂၀၁၁ ခုနှစ် ဆုရရှိပြီးတဲ့အချိန်ကစပြီး ဖန်တီးခဲ့တာပါ။ အခုဆိုရင် ခြောက်နှစ်ပြည့်သွားပါပြီ။ တစ်နှစ်ကို သီချင်းနှစ်ပုဒ်လောက် ဖန်တီးခဲ့တယ်လို့ ပြောရင်ရပါတယ်။ ပြိုင်ပွဲကနေ တက်လာခဲ့တာကြောင့် ကိုယ့်သီချင်း ခွေလေး အခုလိုဖြစ်မြောက်လာတယ်ဆိုတာ ကျွန်မတို့လို ဝါသနာရှင်ကနေ တက်လှမ်းလာရသူတွေအတွက် အိပ်မက်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ဂီတလောကက လူငယ်တွေအနေနဲ့ သူများတေးသီချင်းတွေချည်း လိုက်ဆိုနေလို့လည်း မပြီးပါဘူး။ ကိုယ်ပိုင်သီချင်းဆိုတာ ရှိမှရမှာပါ။ ဒီသီချင်းလေးတွေက ကျွန်မရဲ့ ကိုယ်ပိုင်သီချင်းလေးတွေ ဖြစ်လာမှာမို့ အားပေးကြပါလို့လည်း တောင်းဆိုလိုပါတယ်။ သီချင်းပုံစံတွေကတော့ ပေါ့ပ်ပုံစံပါ။ ကျွန်မနဲ့အတူ ကိုဖြိုးပြည့်စုံသီဆိုထားတဲ့ မိုင်ပေါင်း ၁၅၀၀ သီချင်းလေးကိုလည်း အွန်လိုင်းမှာတင်ထားပါတယ်" ဟု ဝတ်ရည်ထက်က ပြောသည်။

အဆိုပါတေးစီးရီးတွင် သီချင်း ၁၃ ပုဒ်ခန့်ပါဝင်ပြီး မင်းချစ်သူ၊ နွဲ့ယဉ်ဝင်း၊ မြင့်မိုးအောင်၊ နောင်နောင်(SF)၊ ဆလိုင်း၊ မီးမီးခဲ၊ ကောင်းဇော်၊ ကလုန်း၊ စိုးကြီး၊ အောင်ထက်၊ ဝေကြီး စသည့် တေးရေးဆရာများက ရေးသားထားသည့် သီချင်းများဖြစ်ကြပြီး စိုးကြီး၊ အောင်ထက်နှင့် ဖြိုးပြည့်စုံတို့က ပါဝင်အားဖြည့် သီဆိုထားကြောင်း သိရသည်။ဝတ်ရည်ထက်သည် MRTV-4 Channel မှ ထုတ်လွှင့်ခဲ့သည့် The sign of love ရုပ်သံဇာတ်လမ်းတွဲတွင် ဇာတ်ဝင်တေးသီချင်းကို သီဆိုခဲ့ပြီးနောက် ပရိသတ်အားပေးမှုများစွာ ရရှိခဲ့ခြင်းဖြစ်သည်။ **ကိုလင်း**

ခိုင်လုံခြင်းမရှိသော ကျူးကျော်မြေနေရာများတွင် ဝယ်ယူသူများ သတိထားရန်လိုအပ်

နေပြည်တော် ဇွန် ၂၇

ယခုအခါတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း အချို့သောနေရာများ၌ ကျူးကျော်တဲ၊ ကျူးကျော်အိမ်များမှာ ယခင်ကထက် ပိုမိုများပြားလာပြီး ကျူးကျော်အိမ်၊ ခြံ၊ မြေ၊ အရောင်းအဝယ်များလည်း ဆက်လက်ပြုလုပ်လျက်ရှိသည်။ ယင်းကျူးကျော်မြေနေရာများကို ယခင်မူလပိုင်ရှင်ဟုဆိုသူများက အထောက်အထားမရှိ ရောင်းချနေကြကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ နိုင်ငံ့ဝန်ထမ်းများနေထိုင်သည့် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက် တို့နှင့်အလှမ်းမဝေးလှသည့် ဒက္ခိဏသီရိ မြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု နေပြည်တော်မြို့ပတ်လမ်း V-4 လမ်းဘေးရှိ သီရိမင်္ဂလာအမည်ရှိ ရပ်ကွက်သည် ယခင်အခါက သစ်တောကြိုးဝိုင်းဧရိယာဟု သိရပြီး ယခုအခါ အိမ်ခြေ ၄၅၀ခန့်တွင် လူဦးရေ ၁၇၄၆ ခန့်တို့ ဝင်ရောက်နေထိုင်လျက်ရှိကြောင်း၊ အိမ်ခြေ ၄၅၀ ခန့်အတွင်း တိုက်အလုံးရေ ၄၀ ခန့်တို့ ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရသည်။

"အရင်ကတော့ ဒီမှာနေထိုင်တဲ့ လူ ၂၄၆ ဦးကို သစ်တောမြေ ကျူးကျော်မှုနဲ့ ၂၀၁၂ ခုနှစ်မှာ တရားစွဲခံခဲ့ရဖူးတယ်။ အခုတော့ အိမ်ခြေပေါင်း ၅၀၀ နီးပါးရှိနေပါပြီ။ အရောင်းအဝယ်အနေနဲ့ တော့ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅လောက်မှာ ငွေကျပ်ငါးသိန်းကနေငွေကျပ် ၂၅ သိန်းအထိ အရောင်းအဝယ်စလုပ်ခဲ့ကြတာရှိတယ်။ အခုအရောင်းအဝယ်ဈေးက ရွာလယ် လမ်းဘေးဆိုရင် ပေ ၄၀×၆၀။ တစ်ဝိုင်းကို ငွေကျပ်သိန်း၅၀ မှ သိန်း ၆၀ အထိရှိ တယ်။ ရွာအတွင်းပိုင်းပေါက်ဈေးက ပေ ၄၀×၆၀ ကို ငွေကျပ်သိန်း၃၀ကနေ ၃၅ သိန်းအထိရှိတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ယင်းသီရိမင်္ဂလာအမည်ရှိ ကျူးကျော်ရပ်ကွက်အတွင်း လာရောက်ဝယ်ယူနေထိုင်သူအများစုမှာ ဌာနပေါင်းစုံမှ ဝန်ထမ်းများဖြစ်ကြပြီး ၎င်းတို့၏ မိသားစု နေ‌ရေးအတွက် အိမ်၊ ခြံ၊ မြေဈေးနှုန်းသက်သက်သာသာရရှိသည့်နေရာကို မိမိတို့စုဆောင်းငွေဖြင့် လာရောက် စွန့်စားဝယ်ယူရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ နေရေးအတွက် မိသားစုဘဝ လုံခြုံစွာနေထိုင်နိုင်ရေးကို နိုင်ငံတော်အစိုးရကလည်း သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပြီး အိမ်ရာစီမံကိန်းတွေလက်တွေ့ဆောင်ရွက်ပေးနေပါပြီ။ ကျွန်တော်တို့ ဝန်ထမ်းတွေ အဲဒီလိုမသေချာမရေရာတဲ့ နေရာမျိုးမှာရောင်းမှားဝယ်မှားဖြစ်ကုန်ရင် ကိုယ့်အတွက် နစ်နာသွားမှာ စိုးလို့ သတိပေးပြောရတာပါ" ဟု ဝန်ထမ်းတစ်ဦးက ပြောပြသည်။

အဆိုပါ သီရိမင်္ဂလာအမည်ရှိ ကျူးကျော်ရပ်ကွက်သည် ဒက္ခိဏသီရိ မြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စုအောက်တွင် တည်ရှိပြီး နေရာအားဖြင့် တိကျစွာဖော်ပြရလျှင် နေပြည်တော် V-4 လမ်းခေါ် မြို့ပတ်လမ်းနှင့်အမြန်လမ်းကြားရှိ မိုင်တိုင်အမှတ် ၂၀၆ မိုင် ၄ ဖာလုံနှင့် မိုင်တိုင်အမှတ် ၂၀၇ အရှေ့ဘက်တည့်တည့်တွင် တည် ရှိကာ ယင်းရပ်ကွက်၏ မြေအကျယ်သည် ဧက ၉၀ ခန့်ရှိကြောင်း သိရသည်။ **(ဝ၁၄)**

လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ သီပေါ၌ ကျင်းပ

သီပေါ ဇွန် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက် မွေးပညာသင်တန်းကျောင်း(ကျောက်မဲ)မှ ကြီးမှူးဖွင့်လှစ်ခဲ့သော လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၂၅ ရက် က သီပေါမြို့ ရွှေကျောင်းအေးရိပ်သာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူးဦးသက်နိုင်ဦးက မိမိတို့အိမ်မှာနေရင်း ဝင်ငွေရရှိသည့် လူသုံးကုန် အလှကုန်ပစ္စည်းများကို နည်းပညာများ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ပြည်နယ်၏လိုအပ်ချက်နှင့် အလုပ်လက်မဲ့များ လျော့နည်းရေးကို ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ရာ တစ်ကြိမ်လျှင် သင်တန်းသား ၂၀ သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားစွာ တက်ရောက်ကြစေလိုကြောင်း ပြောကြားသွားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်သူများကို ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်နွယ်နီက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **စိုင်း(သီပေါ)**

ဖောင်တော်ဦးဘုရား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

ရေစကြို ဇွန် ၂၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ် (၄) ရပ်ကွက်၌ အလောင်းစည်သူမင်းကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရားကြီး၏ မြေထိန်းနံရံမှာ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်

ကြုံလာနိုင်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးကာကွယ်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀ ခွင့်ပြုငွေဖြင့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပမာဏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကမ်းပြိုကာကွယ်ရေးလုပ်ငန်းများမှာ ရေကြောင်းပြောင်းလဲစီးဆင်းစေရန်အတွက် ထန်းလုံး ရေကာလုပ်ငန်းနှင့် သဲအိတ်ချခြင်းလုပ်ငန်းများဖြစ်ပြီး ဇွန် ၂၄ ရက်အထိ ထန်းလုံး ရေကာလုပ်ငန်းတွင် ထန်းလုံး ၈၅ လုံးရိုက်နိုင်ခဲ့ပြီး သဲအိတ် ခုနစ်သောင်းကျော်ချပြီး ဖြစ်သည်။ ဆက်လက်၍ ထန်းလုံးရိုက်ခြင်း၊ သဲအိတ်ချခြင်းအပြင် ဘုရားကြီး၏ မြေထိန်းနံရံပတ်လည်တွင် ရေပြန်ဝဲဒဏ်ခံနိုင်ရန် သစ်ကိုင်းများကို သဲအိတ်များဖြင့် တွဲချည်၍ ချထားသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်-ရေစကြို

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

မန်စီးတီး ဇာတ်ခုံပေါ်ရောက်လာတဲ့ ဘာနာဒို

မိုးမြင့်လင်းလက်

လာမယ့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီအတွက် ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်ရေး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတဲ့ မန်စီးတီးဟာ ဘောလုံးသမားသစ်တွေ ခေါ်ယူဖို့ ပြုလုပ်နေချိန်မှာ လောလောဆယ်မှာတော့ ပေါ်တူဂီ တောင်ပံကစားသမား ဘာနာဒိုဆေးလ်ဗားကို ခေါ်ယူလိုက်ပြီဖြစ်တာမို့ ကွင်းလယ်ရော တောင်ပံတိုက်စစ်အတွက်ပါ စွမ်းဆောင်ရည်မြှင့်တင်လိုက်တဲ့ နည်းပြဂွာဒီယိုလာရဲ့ လှုပ်ရှားမှုတစ်ရပ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အဓိကဖလားတွေ တစ်လုံးမှ ပိုင်ဆိုင်နိုင်ခြင်းမရှိခဲ့တဲ့ မန်စီးတီးအတွက်ရော နည်းပြဂွာဒီယိုလာအတွက်ပါ ဂုဏ်သိက္ခာထိခိုက်ခဲ့ရတာမို့ ဒီနှစ်မှာတော့ အသင်းကို စိတ်တိုင်းကျ ပြန်လည်တည်ဆောက်နေပြီဖြစ်ပါတယ်။ ကွင်းလယ်ရော တောင်ပံတိုက်စစ်မှာပါ အားထားရမယ့် မန်စီးတီး ကစားသမားသစ်ဖြစ်လာတဲ့ ဘာနာဒိုဆေးလ်ဗားဟာ အသက် ၂၂ နှစ်သာ ရှိသေးတာမို့ အရွယ်ကောင်းတဲ့ ကစားသမားတစ်ဦးပါပဲ။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့မှာ မွေးဖွားခဲ့တဲ့ ဘာနာဒိုဟာ သူ့ရဲ့ကြေးစားဘောလုံးသမားဘဝကို ဘင်ဖီကာအသင်းနဲ့ စတင်ခဲ့တာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွေမှာ ဘင်ဖီကာအတွက် ခြေစွမ်းပြခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ပေါ်တူဂီနိုင်ငံရဲ့ ယူ-၁၉ နဲ့ ယူ-၂၁ အသင်းတွေမှာလည်း ပါဝင်ကစားခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။

ဘာနာဒိုဟာ ဘင်ဖီကာအသင်းမှာ ခြေစွမ်းပြနိုင်တာမို့ မိုနာကိုအသင်းက ပြောင်းရွှေ့ကြေးယူရို ၁၅ ဒသမ ၇ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး နှစ်ရှည်စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ မိုနာကိုအသင်းက ဘာနာဒိုကို လာမယ့် ၂၀၂၀ အထိ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်တာမို့ မန်စီးတီးအသင်းက စာချုပ်ဖျက်သိမ်းကြေးနှင့် ပြောင်းရွှေ့ခအဖြစ် မိုနာကိုအသင်းကို ယူရို ၁၅ ဒသမ ၇ သန်းပေးချေခဲ့ရတာဖြစ်ပါတယ်။

ဘာနာဒိုရဲ့ မိုနာကိုအသင်းမှာ စွမ်းဆောင်မှုကို ကြည့်ရင် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ စုစုပေါင်း ၄၄ ပွဲ ကစားခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်ဘောလုံးရာသီမှာတော့ မိုနာကိုအသင်းအတွက် စုစုပေါင်း ၅၈ ပွဲ ကစားပေးခဲ့ပြီး ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တာမို့ မန်စီးတီးနည်းပြ ဂွာဒီယိုလာက ရအောင်ခေါ်ယူပြီး လာမယ့်ရာသီသစ်ကို အကောင်းဆုံး စုဖွဲ့နိုင်ဖို့ ဖြတ်သန်းတော့မှာ ဖြစ်ပါတယ်။

ဘာနာဒိုဟာ မန်စီးတီးမှာ နံပါတ် ၂၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ပြီး လက်ရှိမန်စီးတီးကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဖာနန်ဒင်ဟို၊ နာဗတ်စ်၊ စတာလင်း၊ ယာယာတိုရေး၊ ဒီဘရူနီတို့နဲ့အတူတွဲကစားရတော့မှာဖြစ်ပြီး ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့ ရုန်းကန်ရတော့မှာ ဖြစ်ပါတယ်။ ဘာနာဒိုရဲ့ ထူးခြားမှုက လက်တွဲဖော် ကစားသမားသစ်တွေနဲ့ လျင်လျင်မြန်မြန် အသားကျပြီး တွဲဖက်ကစားနိုင်တာ ဖြစ်ပါတယ်။

ဘင်ဖီကာနဲ့ မိုနာကိုအသင်းတွေမှာလည်း အချိန်တိုအတွင်းမှာ အသားကျပြီး အသင်းရဲ့ အဓိက ပွဲထွက်ကစားသမားအဖြစ် ရောက်ရှိလာအောင် ကြိုးစားနိုင်သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက မိုနာကိုအသင်းကို ပြင်သစ်လီဂူး ချန်ပီယံဖြစ်အောင် စွမ်းဆောင်ခဲ့ရာမှာ အဓိကကစားသမားတစ်ဦးဖြစ်ခဲ့တဲ့ ဘာနာဒိုအခုလို မန်စီးတီးကို ရောက်ရှိလာချိန်မှာ ဘယ်လောက်အထိ စွမ်းဆောင်မှုကောင်းကောင်းနဲ့ အားထုတ်ပံ့ပိုးပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မန်စီးတီးရဲ့ ဖလားဆွတ်ခူးနိုင်ရေး မျှော်မှန်းချက်တွေကို ဘယ်အတိုင်းအတာအထိ ဆောင်ကြဉ်းပေးနိုင်မလဲဆိုတာ နည်းပြ ဂွာဒီယိုလာရဲ့ အသုံးချနိုင်မှု၊ ဘာနာဒိုရဲ့စွမ်းရည်ထက်မြက်စွာ ပေါင်းစပ်မှုတွေက ဘယ်လိုသက်သေပြမလဲဆိုတာကတော့....။ ။

စပါးတိုက်စစ်မှူး ဟာရီကိန်းကိုခေါ်ယူရန် မန်ယူကြိုးစားနေ

စပါးတိုက်စစ်မှူး ဟာရီကိန်းအား မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိရာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀၀ ခန့် စပါးအသင်းက သတ်မှတ်ထားသဖြင့် ခက်ခဲလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဟာရီကိန်းအား ခေါ်ယူရန်အတွက် မန်ယူက ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ခန့်ဖြင့် ဈေးပေးထားကြောင်း သတင်းများ ထွက်ပေါ်ခဲ့ရာ စပါးအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀၀ ခန့် လိုချင်နေခြင်းဖြစ်သည်။ လောလောဆယ်တွင် မန်ယူအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဆိုသော်လည်း စပါးက ရောင်းထုတ်ရန် ဆန္ဒမရှိကြောင်း သိရသည်။

ဟာရီကိန်းကို ခေါ်ယူရန် မန်ယူအသင်း တာဝန်ရှိသူများအား မော်ရင်ဟိုက ပြောဆိုထားသဖြင့် မန်ယူအသင်း၏ ကစားသမားသစ်ခေါ်ယူမှု စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော ယူရိုသန်း ၁၀၀ ဖြင့် ဈေးပေးကာ ခေါ်ယူရန် ကြိုးစားနေခြင်းဖြစ်သည်။ ဟာရီကိန်းသည် အသက် ၂၃ နှစ်အရွယ်သာရှိသေးရာ ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးကောင်း တစ်ဦးလိုအပ်နေသော မန်ယူရှေ့တန်းအတွက် ကြီးမားသော အထောက်အကူပြုပေးမည့် ကစားသမားတစ်ဦးအဖြစ် မန်ယူတာဝန်ရှိသူများက ယုံကြည်လျက်ရှိသည်။

ဟာရီကိန်းသည် စပါးအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၁၁၃ ပွဲ ကစားပေးခဲ့ရာတွင် စုစုပေါင်း ၇၈ ဂိုးအထိ သွင်းယူပေးနိုင်သည့် တိုက်စစ်မှူးဖြစ်သည်။

ဂျူဗင်တပ်စ်နောက်ခံလူ အလက်ဆန်ဒရို ပြောင်းရွှေ့ရေး ချယ်လ်ဆီးနှင့် သဘောတူညီမှုရရှိ

ဂျူဗင်တပ်စ်အသင်းနှင့် ဘရာဇီးနောက်ခံလူ အလက်ဆန်ဒရိုအား ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ယူရို ၆၁ ဒသမ ၂ သန်းဖြင့် ခေါ်ယူရေး သဘောတူညီချက်ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း အီတလီ အားကစားမီဒီယာများက ဖော်ပြသည်။

ဂျူဗင်တပ်စ် နောက်တန်းခံစစ်သမား အလက်ဆန်ဒရိုသည် ဂျူဗင်တပ်စ်မှ ထွက်ခွာကာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေသည်ဖြစ်ရာ အပြောင်းအရွှေ့မှာ အကောင်အထည်ဖော်လာတော့မည်ဖြစ်သည်။ “သဘောတူညီမှု လက်မှတ်ရေးထိုးတဲ့ အဆင့်သာရှိတော့မယ်”ဟု ဂျူဗင်တပ်စ်အသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလက်ဆန်ဒရိုကို ခေါ်ယူရန် မန်ယူနည်းပြ မော်ရင်ဟိုကလည်း စိတ်ဝင်စားလျက်ရှိရာ ချယ်လ်ဆီးက ခြေမြန်လက်မြန်ဖြင့် လက်ဦးမှုယူကာ ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် ဂျူဗင်တပ်စ်အသင်းမှ ဘိုနုချီနှင့် အလက်ဆန်ဒရိုတို့ကို မူလကတည်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ခန့် အကုန်အကျခံကာ ခေါ်ယူနိုင်ရေး ပစ်မှတ်ထားကြိုးစားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့အသင်းအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပြီး လာမယ့် ဘောလုံးရာသီမှာ ပရီမီယာလိဂ် ချန်ပီယံဖလားကို ကာကွယ်သွားမှာ ဖြစ်ပါတယ်” ဟု ချယ်လ်ဆီးနည်းပြ ကွန်တီက ပြောသည်။

နာမည်ကြီး တန်းကျော်အပြေးသမား ဒေးဗစ်အိုမိုဂီ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ၌ တတိယသာရရှိ

ပြင်သစ်နိုင်ငံ လိုင်လီမြို့တွင် ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် ဥရောပ ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲ၏ အမျိုးသား မီတာ ၁၁၀ တန်းကျော် အပြေးပြိုင်ပွဲတွင် နာမည်ကြီး တန်းကျော်အပြေးသမား ဒေးဗစ်အိုမိုဂီသည် တတိယဖြင့် ကျေနပ်ခဲ့ရသည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဝေးလ် တန်းကျော် အပြေးသမား ဒေးဗစ်အိုမိုဂီသည် ဇွန် ၂၅ ရက်က ယှဉ်ပြိုင်ခဲ့သော နောက်ဆုံးဗိုလ်လုပွဲ၌ မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် ၁၃ ဒသမ ၃၆ စက္ကန့်ဖြင့် တတိယနေရာသာ ရရှိခဲ့ခြင်းဖြစ်သည်။

“တတိယဆုရရှိသော်လည်း မိမိကျေနပ်ကြောင်း မိမိအကောင်းဆုံး ကြိုးစားခဲ့ကြောင်း” ဒေးဗစ်အိုမိုဂီက ပြောသည်။ မီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ အော်လန်ဒိုအော်တီဂါမှာ ပထမရရှိခဲ့ပြီး အော်ရယ်မန်ဂါက ဒုတိယရရှိခဲ့သည်။

ယခု တတိယရရှိခဲ့သည့် ဒေးဗစ်အိုမိုဂီ၏ အကောင်းဆုံး စံချိန်မှာ မီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ ၁၃ ဒသမ ၂၄ စက္ကန့်ဖြစ်သည်။ ဒေးဗစ်အိုမိုဂီသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဂျူနီယာ ချန်ပီယံရှစ်ပြိုင်ပွဲ၌ ဒုတိယရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သော ဥရောပ ၂၃ နှစ်အောက် တန်းကျော်အပြေးပြိုင်ပွဲတွင် ပထမရရှိခဲ့သူဖြစ်သည်။

ကောင်းမြတ်သူ - စုစည်းသည်။

ရော်ဘာပင် စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း သင်တန်းဖွင့်

ချောင်းဆုံ ဇွန် ၂၇
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး GRO Myanmar မှ ကူညီပံ့ပိုးမှုဖြင့် ရော်ဘာ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းကို ဇွန် ၂၅ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးဆွေနှင့် တာဝန်ရှိသူများက ရော်ဘာပင်များကို မြေဩဇာကျွေးခြင်း၊ ရော်ဘာအစေးလှီးခြင်း၊ မြေဆီထိန်းပဲစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ ရော်ဘာပင်တန်းကြားတွင် ကြားညှပ်သီးနှံစိုက်ပျိုးခြင်း၊ ရော်ဘာပင်တွင်ကျရောက်တတ်သည့် ရောဂါများအကြောင်း စသည့် ရော်ဘာစိုက်ပျိုးခြင်းနှင့်ပတ်သက်သည့် သိကောင်းစရာများကို သင်ကြားပို့ချပေးခဲ့ကာ အလားတူသင်တန်းများကို ကုလားဘီကျေးရွာနှင့် ကမနင်းကျေးရွာတို့တွင် ဆက်လက်ဖွင့်လှစ်၍ ဒေသခံ ရော်ဘာစိုက်ပျိုးသူများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းသစ် တည်ဆောက်ရန် စတင်ဆောင်ရွက်

ညောင်တုန်း ဇွန် ၂၇
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမှ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့သို့ ဓာတ်အားပေးပို့မည့် 33KV ဓာတ်အားလိုင်းသစ် တည်ဆောက်ရန် မြေပြင်စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ညောင်တုန်းမြို့နယ်အတွင်း၌ ဇွန်လဆန်းပိုင်းမှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှသိရသည်။

လှိုင်သာယာမှ ညောင်တုန်းမြို့သို့ သွယ်တန်းဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းများမှာ သက်တမ်းကြာမြင့်လာသဖြင့် မကြာခဏပြတ်တောက်ခြင်း၊ ညောင်တုန်းမြို့နယ်သာမက ထန်းတပင်၊ မအူပင်နှင့် ကျိုက်လတ်မြို့များအထိ ဆက်လက်၍ ဓာတ်ကြိုးသွယ်တန်းသုံးစွဲနေသဖြင့် ဝန်အားမနိုင်ဖြစ်လာပြီး မီးသုံးစွဲမှုများသောကြောင့် ဓာတ်အားလိုင်းများ မကြာခဏ ပြတ်တောက်နေခြင်းများကြောင့် ဓာတ်အားလိုင်းများ ရေရှည်ကောင်းမွန်နိုင်ပြီး ပြည်သူများ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် 33 KV လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းသစ်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်မှာ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဓာတ်အားသုံးစွဲမှုလည်း ပိုမိုများပြားလာခြင်း၊ ယခုအခါ မြို့နယ်သုံးခုနှင့် ခရိုင်မြို့တစ်မြို့အပါအဝင် ကျေးရွာများပါ ဓာတ်အားရရှိသုံးစွဲလာခြင်းတို့ကြောင့် ဓာတ်အားလိုင်းအရှည် မိုင် ၉၀ ခန့်ရှိသော လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းမှာ ဝန်အားမနိုင် ဖြစ်လာသလို ဓာတ်အားလိုင်းစတင်တည်ဆောက်ချိန်က ချောင်း၊ မြောင်း၊ ငါးကန်၊ ဥယျာဉ်ခြံများစွာကို ဖြတ်ကျော်တည်ဆောက်ခဲ့ရခြင်းများကြောင့် ဓာတ်အားလိုင်း တိုင်များမှာ ယခုအခါ ယိုင်ခြင်း၊ စောင်းခြင်း၊ ဓာတ်တိုင်များ ကြံ့ခိုင်မှုအားနည်းလာ၍ လဲကျခြင်း၊ လိုင်းကြိုးအရွယ်အစားသေးငယ်၍ ဓာတ်အားပြတ်တောက်ခြင်းနှင့် ဗို့အား တည်ငြိမ်မှုမရှိခြင်းတို့ ဖြစ်နေကြောင်းလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောနေပိုင်က ရှင်းပြသည်။

ထို့ကြောင့် လက်ရှိကြုံတွေ့နေရသည့် ဓာတ်အားပြတ်တောက်မှုများ ကင်းဝေးစေရေးနှင့် လျှပ်စစ်မီးနှင့်ပတ်သက်သည့် အခက်အခဲများ အဆင်ပြေသွားစေရေး၊ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် 33KV လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းအသစ် တည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (တိုင်းဒေသကြီး) ခွင့်ပြုမိန့်များရရှိခဲ့ ပြီးဖြစ်၍ ဓာတ်အားလိုင်းသစ် တည်ဆောက်ရန်အတွက် ဓာတ်အားလိုင်းနေရာများ ရှာဖွေခြင်း၊ တင်ဒါခေါ်ယူခြင်း၊ တိုင်းဒေသကြီးနှစ်ခုအတွင်းမှ ဓာတ်အားလိုင်းဖြတ်သန်းမည့် ကျေးရွာများရှိ ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိသုံးစွဲနေသော လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းသည် ၁၉၉၇ ခုနှစ်ခန့်က စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၂၀ ကျော် သုံးစွဲလာခြင်း၊ ယခင်က ညောင်တုန်းမြို့တစ်မြို့တည်းအတွက်သာ သုံးစွဲရန် ရည်ရွယ်တည်ဆောက်ခဲ့၍ လိုင်းကြိုးအရွယ်အစား သေးငယ်ပြီး ယခုအခါတွင် အခြားမြို့နယ်များပါ သုံးစွဲနေခြင်း၊ ဓာတ်အားလိုင်းတိုင်များမှာ ယခင်က လေးထောင့်တိုင်များဖြစ်ပြီး အိုဟောင်းလာ၍ ကြံ့ခိုင်မှုမရှိတော့ဘဲ မကြာခဏဆိုသလို ဓာတ်အားလိုင်းများပြတ်တောက်ခြင်းများတို့ ကြုံတွေ့နေရကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးစိုးပိုင်က ပြောသည်။

ထွန်းကျော်(ညောင်တုန်း)

ရွှေမော်ဝန်း လူမှုကူညီရေးအဖွဲ့က အလှူငွေများလှူဒါန်း

ကျောက်တန်း ဇွန် ၂၇
ကျောက်တန်းမြို့ရှိ ဘိုးဘွားများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ရွှေမော်ဝန်း လူမှုယဉ်ကျေး ကူညီရေးအဖွဲ့မှ ဆဋ္ဌမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ကျောက်တန်းမြို့အလယ်ပိုင်းရပ်ကွက်ရှိ ရွှေမော်ဝန်းသာသနာ့ဗိမာန်၌ ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် မြို့ပေါ်ရပ်ကွက်ကိုးခုမှ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၂၁၀ ဦးအား အလှူငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူ ၁၆၄ ဦးအား ဆုချီးမြှင့်ကာ တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် နွမ်းပါး ကျောင်းသား ကျောင်းသူ ၁၆၅ ဦးတို့အား ထောက်ပံ့ငွေများ လှူဒါန်းပြီး အခြေခံပညာကျောင်း ၂၀ သို့ စာရေးကိရိယာများ လှူဒါန်းကာ မြို့ပေါ်ရှိ ကုသိုလ်ဖြစ်ဆေးခန်း လေးခန်းနှင့် ဘိုးဘွားရိပ်သာ၊ နာရေးကူညီမှုအသင်း၊ မီးသဂြိုဟ်စက်တို့အတွက်လည်း အလှူငွေများ လှူဒါန်းသည်။ ဆက်လက်၍ မြို့ရေပေးဝေရာ ဆင်ကန် ရေသန့်ရှင်းရေးအတွက် အလှူငွေ ကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ဆဋ္ဌမအကြိမ် အလှူငွေများလှူဒါန်းခြင်းနှင့် ပတ်သက်ပြီး ရွှေမော်ဝန်း လူမှုယဉ်ကျေး ကူညီရေးအဖွဲ့ ရာသက်ပန်နာယက ဦးခင်ညွှန့်က အဖွဲ့တည်ထောင်သည့် ရည်ရွယ်ချက်အရ အလှူငွေများကို နှစ်စဉ် လှူဒါန်းလျက်ရှိကြောင်းနှင့် ယခုနှစ်လှူဒါန်းငွေမှာ စုစုပေါင်း ကျပ်သိန်း ၁၈၀ ကျော်ဖြစ်ကြောင်း ပြောကြားသည်။ **(၀၁၉)**

အရည်အသွေးကောင်းရော်ဘာများထုတ်လုပ်ရန် ရော်ဘာသန့်စင်စက်ရုံ တည်ဆောက်မည်

သထုံ ဇွန် ၂၇
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဈေးကွက်ဝင်အရည်အသွေးကောင်းမွန်သည့် ရော်ဘာများ ထုတ်လုပ်နိုင်ရန်အတွက် ရော်ဘာသန့်စင်စက်ရုံကို ယခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ဇွန် ၂၅ ရက်က သထုံမြို့ သုဝဏ္ဏာခန်းမ၌ ကျင်းပသည့် မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

စက်ရုံကိုတည်ဆောက်ခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်ဝင်သည့် သန့်စင်ရော်ဘာပြားများ ထုတ်လုပ်နိုင်ပြီး ဒေသတွင်းရော်ဘာဈေးကွက် ဦးမော့လာကာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းမျိုးကပြောသည်။

"ရော်ဘာခြံရှင်တွေထဲကမှ လက်ရှိအချိန်အစေးခြစ်နေကြတဲ့သူတွေ အများစုက ရော်ဘာအသန့်ကို မထုတ်ပေးနိုင်တော့ ဈေးနှုန်းအရနည်းတာကြောင့် ဒုက္ခရောက်ကြရတယ်။ ဒါကြောင့် ဒီနှစ်ထဲမှာပဲ ရော်ဘာသန့်စင်စက်ရုံကို သထုံမှာလုပ်မှာပါ။ စက်ရုံအကြီး မဖြစ်သေးတာတောင် လောလောဆယ် အစေးကိုဝယ်မယ်။ အသန့်ထုတ်မယ်၊ ဒီလို အစေးကိုဝယ်တဲ့အခါလည်း လက်ရှိ မှိုင်းခံပြီးသား ရော်ဘာအပြားရဲ့ဈေးအတိုင်း ဝယ်မယ်။ ဒီတော့ ခြံရှင်တွေက အပြားလုပ်အခြောက်ခံရတဲ့ အချိန်နဲ့ စရိတ်တွေ အများကြီးသက်သာပြီး ဝင်ငွေတိုးလာမှာပေါ့"ဟု ဒေါက်တာသန်းမျိုးက ပြောသည်။

လက်ရှိအချိန်တွင် ဒေသတွင်းမှ ရော်ဘာအများအပြား စိုက်ပျိုးထုတ်လုပ်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်များ အနေဖြင့် ကိုယ်ပိုင်သန့်စင်ကာ ထုတ်လုပ်နိုင်သဖြင့် ဈေးကောင်းရသော်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုး ထုတ်လုပ်သူအများစုမှာ အရည်အသွေးကောင်းသည့်ရော်ဘာများရရှိရန် နည်းပညာနှင့် ငွေကြေးအခက်အခဲများ ရှိနေကြောင်း သိရသည်။ သထုံမြို့နယ်တွင် ရော်ဘာစိုက် ဧကပေါင်း လေးသောင်းကျော်ရှိသည့်အနက် ထုတ်လုပ်သည့် ဧကပေါင်းမှာ နှစ်သောင်းကျော်ခန့်သာ ရှိပြီး ထွက်ရှိသည့်ရော်ဘာများကို ဒေသတွင်း ရော်ဘာပစ္စည်း ထုတ်လုပ်သည့် စက်ရုံများသို့ ရောင်းချခြင်းများအပြင် ပြည်ပနိုင်ငံများ ဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနှင့် ဂျပန်တို့သို့ ရောင်းချလျက်ရှိကြောင်း မြို့နယ် ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။ အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဝင် ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျွမ်းကျင်ပညာရှင်များက ရော်ဘာစိုက်ခြံများအနေဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိရေး၊ အရည်အသွေးမြင့်ရော်ဘာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့် မြေဩဇာ မှန်ကန်စွာအသုံးချရေး၊ ကြားသီးနှံများ ဖြည့်စွက်စိုက်ပျိုးရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

ချင်းတွင်းမြစ်ရေဝင်၍ နွေစပါးများပျက်စီးမည်ကို တောင်သူများစိုးရိမ်နေ

ရေစကြို ဇွန် ၂၇
ချင်းတွင်းမြစ်ရေသည် ယခုရက်များအတွင်း ပြန်လည်မြင့်တက်လာလျက်ရှိသဖြင့် ချင်းတွင်းမြစ်ကမ်းအနီးရှိ ရွှေချောင်းလျှပ်စစ်မြစ်ရေတင်မှုရေဖြင့် စိုက်ပျိုးထားသော ညောင်စောက်စပါးစိုက်ကွင်းမှ နွေစပါးစိုက်ကေများကို ချင်းတွင်းမြစ်ရေဝင်ရောက်၍ ပျက်စီးဆုံးရှုံးမည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"အခု ကျွန်တော့်စပါးစိုက်ခင်းမှာ ဆင်းသုခ သုံးဧကခွဲ စိုက်ထားပါတယ်။ ရိတ်သိမ်းဖို့ကတော့ ရက် ၂၀ လောက် လိုနေပါသေးတယ်။ မြစ်ရေတက်လာနေတော့ မြစ်ရေဝင်ပြီး စပါးတွေ ရေနှစ်ပျက်စီးမှာကို စိုးရိမ်နေရပါတယ်။ ဒီနှစ်နွေစပါးအထွက်နှုန်းကတော့ကောင်းမယ်လို့ထင်ပါတယ်။ ဒီနှစ် စပါးအဖူးဝင်တဲ့အချိန်တုန်းက မိုးရွာခဲ့တော့ စပါးနှံတွေ အောင်မြင်ပါတယ်။ မနှစ်ကလည်း နွေစပါးကအောင်ပါတယ်။ ရိတ်သိမ်းနေတုန်းကို ရှေ့ကရိတ် နောက်ကရေဝင်နဲ့ဖြစ်တော့ လေးပုံ သုံးပုံပဲရိတ် နိုင်ခဲ့တယ်။ စပါးအခြောက်လှန်းတဲ့အချိန်ကျတော့လည်း လယ်ကွင်းထဲ ရေကဝင်နေတော့ကျွန်တော့်အိမ်နဲ့ နီးစပ်ရာ ဘုန်းကြီးကျောင်းတွေထဲမှာ သွားလှန်းခဲ့ရပါတယ်။ လှန်းနေတဲ့အချိန်မှာလည်း မိုးက ရက်ဆက်ရွာတော့ စပါးတွေက မကောင်းတော့တာနဲ့ ရလာတဲ့ ဆန်ကို ဝက်မွေးတဲ့သူတွေဆီကို ဝက်စာအနေနဲ့ရောင်းခဲ့ရတော့ မနှစ်က တော်တော်အရှုံးပေါ်ပါတယ်။ အဲဒါကြောင့် ဒီနှစ်တော့ စပါးတွေကလည်း အောင်နေတာမြင်နေရပြီ။ မနှစ်ကလို စိုက်ခင်း ထဲကို မြစ်ရေမဝင်စေချင်ဘူး။ ရိတ်ဖို့ကလည်း ရက် ၂၀ လောက် လိုနေသေးတော့ ချင်းတွင်းမြစ်ရေ ဒီထက်တက်လာမှာကို စိုးရိမ်နေရပါတယ်"ဟု ညောင်စောက် စပါးစိုက်ကွင်းမှ တောင်သူ ဦးမျိုးက ပြောသည်။

ယခင်နှစ် ချင်းတွင်းမြစ်ရေမြင့်တက်ချိန်က နှစ်စဉ်နှစ်တိုင်းတွင် ပုံမှန်မြင့်တက်လေ့ရှိသော ရေအမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့ပြီး မြစ်ရေတိုးချိန်မှာလည်း မြန်ဆန်ခဲ့သဖြင့် ရေစကြိုမြို့နယ်အတွင်းရှိ သီးနှံစိုက်ခင်းများမှာ ရေနစ်၍ ပျက်စီးဆုံးရှုံးမှု များပြားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုနှစ်တွင်လည်း အောင်မြင်နေသော နွေစပါးစိုက်ခင်းများသို့ ချင်းတွင်းမြစ်ရေဝင်ရောက်ကာ ပျက်စီးဆုံးရှုံးရမည်ကို ညောင်စောက်စပါးစိုက်ကွင်းမှ တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

မူးယစ်ဆေးဝါးအန္တရာယ်သည် ပြည်သူ့ကျန်းမာရေးနှင့်လုံခြုံရေးအတွက် အဓိကခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်

မုံရွာ ဇွန် ၂၇
မုံရွာမြို့ မြသလ္လာခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား တွင် မူးယစ်ဆေးဝါးအန္တရာယ်သည် ပြည်သူ့ကျန်းမာရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အဓိကခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အပြင် လူသားအားလုံးကို အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က ထည့်သွင်းပြောကြားသည်။

"မူးယစ်ဆေးဝါးအန္တရာယ်ဟာ ပြည်သူ့ကျန်းမာရေးနဲ့ လုံခြုံရေးကဏ္ဍများမှာ အဓိက ခြိမ်းခြောက်နေတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့အပြင် လူသားအားလုံးကို အန္တရာယ်ပြု ခြိမ်းခြောက်နေတဲ့အတွက် မူးယစ်ဗဟိုအဖွဲ့ဝင်တွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ပူးပေါင်းအားနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းတိုက်ဖျက်သွားဖို့လိုပါတယ်"ဟုရင်းက ဆက်လက်ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၁၆ ဇန်နဝါရီလမှဒီဇင်ဘာလအထိ အမှုပေါင်း ၁၂၇၁ မှုကို ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံပေါင်း ၂၁၂၅ ဦးအား တရားစွဲတင်နိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဇန်နဝါရီလမှ မေလအထိ အမှုပေါင်း ၄၅၅ မှု ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ ပေါင်း ၇၁၂ ဦးအား တရားစွဲတင်နိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ မေလအထိ အမှုများမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး အမျိုးအစားအနေဖြင့် ဘိန်းဖြူ ၁၅ ဒသမ ၀၆ ကီလို၊ ဘိန်းမည်း ၁၀၀ ဒသမ ၉၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၂၂၄ ပြား၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၆၁ ဒသမ ၅ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၆၀၀၀၊ အက်ဖီဒရင်း ၁၀ ကီလို၊ အဝတ်ဘိန်း အလေးချိန် ၃ ဒသမ ၉၃ ကီလို၊ ခန်ပုံ ၀ ဒသမ ၀၅ ကီလို၊ Tramadol ဆေးတောင့် လေးတောင့်၊ Buper-norphine ဆေးပြား ၁၉၃ ပြား၊ အပရာဇိုလမ်ဆေးပြား ၄၉၅၀၀၊ ကဖင်းအမှုန့် ၅၁ ဒသမ ၄၈ ကီလိုနှင့် ဘိန်းရည် ၀ ဒသမ ၈၅ ကီလိုတို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ၂၀၁၃ခုနှစ် ဩဂုတ် ၁ ရက်တွင် တိုင်းဒေသကြီးအဆင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကို ဖွဲ့စည်းခဲ့ပြီး ခရိုင်အဆင့်အနေဖြင့် စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်နှင့် ခန္တီးခရိုင်တို့ကို ဖွဲ့စည်းခဲ့ကာ မြို့နယ်အဆင့်အနေဖြင့် စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ကလေး၊ ကလေးဝ၊ မင်းကင်း၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို၊ ဖောင်းပြင်နှင့် ဟုမ္မလင်း မြို့နယ်တို့တွင် ဖွဲ့စည်းခဲ့ကာ ကျေးရွာအသင်းခွဲပေါင်း ၂၉ သင်းနှင့် အသင်းဝင်ပေါင်း ၃၉၉၄ ဦးရှိပြီဖြစ်ကြောင်းလည်း ပြောကြား သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်း အသိပညာပေး ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ရာ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၃၉၉ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဒီပါအေးမြကုန်းတော်မြေ၌ ကျွန်းနှင့် သစ်ပင်များ စုပေါင်းစိုက်ပျိုး

ကလေး ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်တော ဒီပါအေးမြကုန်းတော်မြေတွင် တည်ထားကိုးကွယ်တော်မူသော လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းနှင့် ဒီပါအေးမြကုန်းတော်မြေသို့ သွားရာ လမ်းဘေးတစ်လျှောက်တွင် ကျွန်းပင်များနှင့် အခြားသစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းကို မဟာမြိုင်တောရဆရာတော် ဘဒ္ဒန္တပညာဇောတ ဦးစီးဦးဆောင်မှုဖြင့် ဇွန် ၂၅ ရက်ကဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မဟာမြိုင်တောကြီး၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊ သစ်မှောင်ခိုသမားများ ခိုးထုတ်ခဲ့သည့်အပင်များကို အစားထိုးနိုင်ရန်၊ အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ သစ်ပင်များကို စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်းပင်ပေါင်း ၂၅၀၀၀ ကို တစ်ပင်လျှင် ၁၅၀ ကျပ်နှုန်းဖြင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့မှ ဝယ်ယူ၍ အခြားအဖိုးတန်သစ်ပင်များဖြစ်သော ပျဉ်းကတိုးပင်နှင့် ကော်ဖီပင်အပါအဝင် စုစုပေါင်း သစ်ပင် ၃၂၀၀၀ ကို မိုးရာသီကာလအတွင်း ယခုအပတ်မှစ၍ အပတ်စဉ် ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ပထမဆုံးအပတ် သစ်ပင်များစိုက်ပျိုးရာတွင် မဟာမြိုင်တောရဆရာတော်က ဦးဆောင်၍ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဇော်လင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရဟန်း သာမဏေများနှင့် သီလရှင်ဆရာလေးများ၊ ဒီပါအေးမြကုန်းတော် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ စုစုပေါင်း အင်အား ၄၀၀ ကျော်ပါဝင်၍ သစ်ပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဂျူနိုင်း

ရထားပေါ်မှပြုတ်ကျသည့်ကလေးငယ် ဒဏ်ရာအနည်းငယ်သာရ

ရေတာရှည် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမှတ်(၁)အဆန်စာပို့ရထားပေါ်မှ ဇွန် ၂၄ ရက် ညနေ ၅ နာရီခန့်က ငါးနှစ်အရွယ်ကလေးတစ်ဦး ထွက်ကျခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် ဦးခေါင်းတွင် အနည်းငယ်ဒဏ်ရာရသည်မှအပ အခြားသော ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ကိုလှမျိုးအောင်၊ ဇနီး မဇင်မာ၊ သားငယ် ကိုကိုလင်း ငါးနှစ်နှင့် ရင်ခွင်ပိုက်ကလေးတစ်ဦး အပါအဝင် မိသားစုလေးဦးသည် ရထားပေါ်၌ မိသားစုအားလုံးအိပ်ပျော်နေစဉ် ရေတာရှည်မြို့မြောက်ဘက် ဝါးတောကြီးကျေးရွာအနီး ရထားလမ်း မိုင်တိုင်(၁၈၅/၁၂) နှင့် (၁၈၅/၁၃) အကြား၌ မောင်ကိုကိုလင်းမှာ ရထားလမ်းနှစ်ခုအကြား ထွက်ကျခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့က ဖောင်တော်သီကနေ မိသားစုလိုက် လာတာ။ အနားမှာကလည်း ဒူးရင်းသီးခြင်းတွေပါတော့ ခေါင်းတွေနောက်လို့ ကလေးက ပြတင်းပေါက်နားကစီးမယ်လို့ပြောတာနဲ့ ဘေးနားမှာထားလိုက်တာ အိပ်ပျော်သွားရာကနေ နိုးလို့ကြည့်လိုက်တော့ ကလေးက မရှိတော့ဘူး။ အဲဒါနဲ့ ဆွာဘူတာ မှာဆင်းပြီး ရေတာရှည်ဘက်ကို ပြန်လာရာတော့ ဆေးရုံပေါ်မှာရောက်နေတာ တွေ့လိုက်ရတယ်" ဟု ဖခင်ဖြစ်သူ ကိုလှမျိုးအောင်က ပြောသည်။

ရထားပေါ်မှ ကလေးတစ်ဦးထွက်ကျခဲ့ပြီး ဒယိမ်းဒယိုင်ဖြင့်လမ်းလျှောက်နေသည်ကို မြင်တွေ့ကြရသော ဝါးတောကြီးကျေးရွာနေ တောင်သူများက ကလေးအား ရေတာရှည်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ဆေးရုံဓာတ်မှန်ခန်းအတွင်း တွေ့ရသည့် မောင်ကိုကိုလင်းက "သားက ပြတင်းပေါက်နားမှာစီးရင်း အိပ်ငိုက်ပြီးထွက်ကျခဲ့တာ ခေါင်းကနာတယ်။ လမ်းလျှောက်လာတော့ ဘဘကြီးတွေက ဆေးရုံလိုက်ပို့ပေးမယ်လို့ဆိုပြီး ခေါ်လာတာ"ဟု ပြောပြသည်။ မောင်ကိုကိုလင်း၏ဖြစ်စဉ်ကို သိပြီးနောက်တွင် ဆေးရုံတွင်တွေ့ရှိသူများက ဖိုးကံကောင်းလေးဟု အမည်တပ်ခေါ်ဆိုနေကြသည်ကို တွေ့ရသည်။

ကိုလွင်(ဆွာ)

မုံရွာမြို့ အိုးဘိုတောင်သုသာန်နှင့် မြို့သစ်သုသာန်များကို ပိတ်သိမ်း

မုံရွာ ဇွန် ၂၇

မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်သုသာန်နှင့် မြို့သစ်ရပ်ကွက် သုသာန်တို့သည် လူနေအိမ်များနှင့် နီးကပ်စွာ တည်ရှိနေခြင်းကြောင့် သုသာန်မြေရှင်းလင်းရေးပြုလုပ်ရန်အတွက် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီက ဇွန် ၂၂ ရက်မှစ၍ အသုဘချခွင့်မပြုတော့ဘဲ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ(၇) ပုဒ်မခွဲ(လ)(ဝ)၊ ပုဒ်မ(၂၀) ပုဒ်မခွဲ(က)(ခ)၊ ပုဒ်မ(၆၀)ပုဒ်မခွဲ(ဂ)တို့အရ အိုးဘိုတောင်ရပ်နှင့် မြို့သစ်ရပ်ကွက် သုသာန်များကို ဇွန်၂၂ရက်မှစ၍ အသုံးပြုခွင့်မပြုတော့ဘဲ ပိတ်သိမ်းလိုက်ပြီး လိုက်နာမှုမရှိဘဲ မြေမြှုပ်ခြင်း၊ သင်္ဂြိုဟ်ခြင်းများ ပြုလုပ်သည်ကို တွေ့ရှိပါက စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီက အများသိရှိအောင် ထုတ်ပြန် ကြေညာထားခြင်းဖြစ်သည်။

"သုသာန်မြေရှင်းလင်းဖို့အတွက် ဇွန် ၂၂ ကစပြီး ပိတ်သိမ်းလိုက်ပါတယ်။ သင်္ဂြိုဟ်ခွင့် မပြုတော့ပါဘူး။ ဒီကြားကာလမှာ ရွှေ့ချင်ရွှေ့ ပြောင်းချင်ပြောင်းလို့ရပါတယ်။ ဇူလိုင် ၁ ရက်မှာ ရုံးလုပ်ထုံးလုပ်နည်းတွေနဲ့အညီ အမိန့်ပြန်တာတွေ လုပ်မှာဖြစ်သလို ဝိညာဉ်တွေကို ကားနဲ့ပြောင်းရွှေ့ပေးတာတွေကို လုပ်သွားမှာဖြစ်ပါတယ်။ ဩဂုတ် ၁ ရက်ကစပြီး သုသာန်မြေကို ရှင်းလင်းရေး စလုပ်သွားမှာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

အိုးဘိုတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးအေးဇော်ဝင်းက "ဇွန် ၂၂ ရက်ကစပြီး သုသာန်မှာ အသုဘမချရတော့ပါဘူး။ မုံရွာတောင်ဘက် မြို့မသုသာန်နဲ့ သာစည်လမ်းက မြနန္ဒာသုသာန်မှာ သင်္ဂြိုဟ်ကြရမှာပါ။ သုသာန်ပိတ်သိမ်းလိုက်တဲ့အတွက် နာရေးဖြစ်ရင် ကျပ်သုံးသောင်း ထောက်ပံ့ပေးပါမယ်။ သင်္ဂြိုဟ်စရိတ် လေးသောင်းပေး နေရတာကိုလည်း အခမဲ့ခွင့်ပြုသွားပါမယ်။ ဒီအိုးဘိုတောင်ရပ်ကွက် ဒေသခံတွေ တောင်းဆိုတာက ဒီဘက်ခြမ်းမှာ မီးသင်္ဂြိုဟ်စက်ပြုလုပ်ပေးဖို့ တောင်းဆိုတာရှိပါတယ်"ဟု ပြောပြသည်။

မျိုးဝင်းထွန်း (မုံရွာ)

ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်လှစ်

သထုံ ဇွန် ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများ ရာသီမရွေးအသုံးပြုနိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၆၅ သန်းနီးပါး အကုန်အကျခံ ခင်းကျင်းပေးခဲ့သည့် မဲလံ-ဖာကဒူး ကျေးရွာချင်းဆက်ကတ္တရာလမ်း ဖွင့်ပွဲကို ဇွန် ၂၅ ရက်က အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ကျေးရွာချင်းဆက်လမ်းကို သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးနှင့် အမှတ်(၁၀၁၁) နယ်ခြားစောင့်တပ်မှ ဒုတပ်ရင်းမှူး ဗိုလ်မှူးစောဟင်နရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါကတ္တရာလမ်းသစ်မှာ အရှည် ၂ မိုင် ၃ ဖာလုံခန့်၊ အကျယ် ၁၂ ပေရှိပြီး လမ်းပခုံးနှင့် ရေနုတ်မြောင်းများ ပါဝင်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၆၄ ဒသမ ၈၃၆ သန်း အကုန်အကျခံ၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းမှစတင်ကာ လမ်းခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

မိတ္ထီလာ ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မိတ္ထီလာ ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကိုက ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခရိုင်ရဲတပ်ဖွဲ့က ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင် နှင့်တာဝန်ရှိသူများ၊ ပညာရေးကောလိပ်မှကျောင်းသား ကျောင်းသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ကျေးလက်ဒေသ အခြေခံကွန်ပျူတာသင်တန်းပို့ချ

ကျောက်တန်း ဇွန် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပါဒကြီးစံပြကျေးရွာ ဓမ္မာရုံ၌ အခြေခံ ကွန်ပျူတာနည်းပညာပြန့်ပွားရေး သင်တန်း(၁/၂၀၁၇)ကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျေးလက်ဒေသနေ လူငယ် ၄၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဆက်သွယ်ရေးနည်းပညာ ICT အခန်းကဏ္ဍကို ခေတ်နှင့်အညီ ထိရောက်စွာ သုံးစွဲတတ်စေရန်နှင့် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်မှု အားကောင်းမြန်ဆန်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျေးလက်ဒေသနေ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်လည်း ရည်ရွယ်ကြောင်း၊ သင်တန်းဆင်းပွဲကို ဇူလိုင် ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက ပြောသည်။ အလားတူ အခြေခံကွန်ပျူတာနည်းပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂ / ၂၀၁၇)ကိုလည်း တံတားမြို့ Learning Center ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသား ၆၂ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(ကျောက်တန်း)

ကျေးရွာမီးလင်းရေးဆောင်ရွက်မှုတွင် ဒေသခံများနှင့် အဆင်မပြေဖြစ်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ရ

ကန့်ဘလူ ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ငှက်ပျောတိုင်း(ရွာသစ်)၌ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်စဉ် ကျေးရွာမီးလင်းရေးကော်မတီနှင့် ဒုတိယ တိုင်းဒေသကြီးလျှပ်စစ်မန်နေဂျာတို့ သဘောတူညီမှုမရှိသဖြင့် ဒေသခံများက တားမြစ်ပိတ်ဆို့မှု ဇွန် ၂၃ ရက်က ဖြစ်ပွားခဲ့ပြီး ဆရာတော်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေး၍ အဆင်ပြေသွားခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ သရက်တာ၊ ကိုင်းရိုးနှင့် အင်္ဂါဒေါင့်ကျေးရွာများ၌ မီးလင်းရေးအတွက် လျှပ်စစ်မီးတိုင် ဆက်သွယ်ပေးရန် ဒုတိယတိုင်းဒေသကြီးလျှပ်စစ်မန်နေဂျာနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ အဖွဲ့က သရက်တာကျေးရွာသို့ရောက်ရှိပြီး သရက်တာ၊ ကိုင်းရိုးနှင့် အင်္ဂါဒေါင့်ကျေးရွာတို့မှ မီးလင်းရေးကော်မတီများနှင့် ညှိနှိုင်းဆွေးနွေးကာ မီးချိတ်ဆက်ပေးခဲ့သည်။

ထို့နောက် ငှက်ပျောတိုင်းကျေးရွာသစ် ထရန်စဖော်မာမှ ဓာတ်အားရယူချိတ်ဆက်ပေးရန် သွားရောက်ခဲ့ရာတွင်ရွာသူရွာသားများက ဝိုင်းဝန်းပိတ်ဆို့ တားမြစ်ခဲ့ခြင်းဖြစ်ပြီး ငှက်ပျောတိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မီးလင်းရေးကော်မတီများ၊ ဆရာတော်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရသည်။ ညှိနှိုင်းဆွေးနွေးရာတွင် ဒုတိယတိုင်းဒေသကြီးလျှပ်စစ်မန်နေဂျာက ငှက်ပျောတိုင်း(ရွာသစ်)ရှိ မီးလင်းရန်ကျန်သည့် အိမ်ခြေ ၉၆ အိမ်ကို မီးတိုင်စိုက်၊ မီးကြိုးသွယ်တန်းပေးရန် အဆိုပြုသဖြင့် မီးလင်းရေးကော်မတီနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း မီးလင်းရေးကော်မတီက အဆိုပြုသည့် မီးမလင်းသေးသော အိမ်ခြေ ၉၆ အိမ်လုံးအတွက် မီးတိုင်စိုက်၊ မီးကြိုးသွယ်ခြင်းကို နှစ်ပတ်အတွင်းဆောင်ရွက်ပေးရန်နှင့် မဆောင်ရွက်ပေးပါက ကျေးရွာမီးလင်းရေးကော်မတီမှ ဝယ်ယူထားသော 33KV ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများနှင့် လက်ရှိ မီးချိတ်ဆက်ထားရှိမှုများကို ငှက်ပျောတိုင်းမီးလင်းရေးကော်မတီမှ ဖြုတ်သိမ်းမည်ဖြစ်ကာ ဖြုတ်သိမ်းခြင်းကို လျှပ်စစ်ဥပဒေအရ အရေးယူခြင်းမပြုရန် အချက်ကို ဒုတိယတိုင်းဒေသကြီးလျှပ်စစ်မန်နေဂျာက သဘောမတူနိုင်၍ ကတိပြု စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် ဇွန် ၂၄ ရက်တွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ ဒုတိယတိုင်းဒေသကြီး လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာမီးလင်းရေး ကော်မတီဝင်များနှင့် ထပ်မံညှိနှိုင်းခဲ့ရာ ပထမအချက်အဖြစ် ငှက်ပျောတိုင်းကျေးရွာ(ရွာသစ်)တွင် မီးလင်းရန် ကျန်ရှိသော အိမ်ခြေ ၉၆ အိမ် မီးလင်းရေးအတွက် တိုင်းဒေသကြီးလျှပ်စစ်က ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆက်တင်ပစ္စည်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် တိုင်များကို နှစ်ပတ်အတွင်း ချိတ်ဆက်ဆောင်ရွက်ပေးရန် သဘောတူညီမှုရခဲ့သည်။

ဒုတိယအချက်အနေဖြင့် ငှက်ပျောတိုင်းကျေးရွာရှိ 33 KV/11KV ဓာတ်အားခွဲရုံနှင့် ၁၂၅၀ ထရန်စဖော်မာများ တစ်စုံတစ်ရာကြောင့် ပျက်စီးခြင်း၊ ပြင်ဆင်ခဲ့ရခြင်းရှိပါက ငှက်ပျောတိုင်း(ရွာသစ်) အပါအဝင် မီးချိတ်ဆက်မည့် ကျေးပင်အက်၊ ကိုင်းရိုး၊ အင်္ဂါဒေါင့်နှင့် သရက်တာ ကျေးရွာမီးလင်းရေးကော်မတီများမှ အချိုးကျ ထည့်ဝင်ပေးရန်အတွက် မီးလင်းရေးကော်မတီ အချင်းချင်း သဘောတူညီမှုစာချုပ်ချုပ်ဆိုရန် စသည့်အချက်ကို ညှိနှိုင်းဆွေးနွေး သဘောတူညီမှုရရှိခဲ့၍ ပြဿနာတစ်စုံတစ်ရာ ထပ်မံ ဖြစ်ပွားမှုမရှိဘဲ အေးချမ်းစွာဖြေရှင်းဆောင်ရွက်ကာ သရက်တာ၊ ကိုင်းရိုးနှင့် အင်္ဂါဒေါင့်ကျေးရွာများသို့ မီးချိတ်ဆက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

စက်သုံးဆီ အရင်းဈေးများ ထပ်မံကျဆင်းနေသော်လည်း ရန်ကုန်မြို့တွင်း၌ ဈေးမကျ

ရန်ကုန် ဇွန် ၂၇

ဇွန် ၁၃ ရက်မှစ၍ ပြည်တွင်းသို့ဝင်ရောက်သည့် စက်သုံးဆီ ဆိပ်ကမ်းအရောက်ဈေးနှုန်း(အရင်းဈေး)များသည် လျော့ကျလျက်ရှိသော်လည်း ရန်ကုန်မြို့တွင်း ရောင်းချသည့် ဈေးနှုန်းများမှာမူ သိသိသာသာ လျော့ကျခြင်းမရှိကြောင်း သိရသည်။

သက်ဆိုင်ရာမှထုတ်ပြန်သော အရင်းဈေးနှုန်းနှင့် မြို့တွင်းရောင်းဈေး သတင်းအရ ဇွန် ၁၃ ရက်မှ ၁၉ ရက်အတွင်း ဆိပ်ကမ်းအရောက် အရင်းဈေးများမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၅၈၃ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ၆၀၈ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၉၄ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၆၀၇ ကျပ်ဖြစ်သည်။

ထိုရက်များအတွင်း ရန်ကုန်မြို့တွင်း စက်သုံးဆီရောင်းဈေးများမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၆၀ မှ ၆၉၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ၇၁၅ ကျပ်မှ ၇၄၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၆၅၅ ကျပ်မှ ၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၆၇၅ ကျပ်မှ ၇၁၅ ကျပ်အထိဖြစ်သည်။

သို့ဖြစ်ရာ အောက်တိန်း ၉၂ တစ်လီတာလျှင် အရင်းဈေးထက် ပျမ်းမျှ ၈၇ ကျပ်ခန့်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် အရင်းဈေးထက် ၁၀၇ ကျပ်ခန့်၊ ဒီဇယ် တစ်လီတာလျှင် အရင်းဈေးထက် ၇၁ ကျပ်ခန့်နှင့် အဆင့်မြင့်ဒီဇယ်တစ်လီတာလျှင် အရင်းဈေးထက် ၇၈ ကျပ်ခန့် ဈေးမြင့်နေခြင်းဖြစ်သည်။

မေလကုန်ပိုင်းက ဈေးနှုန်းများအရ အောက်တိန်း ၉၂ တစ်လီတာလျှင် အရင်းဈေးမှာ ၆၄၇ ကျပ်ဖြစ်ပြီး မြို့တွင်းရောင်းဈေးမှာ ၇၀၀ မှ ၇၁၀ ကျပ်ခန့်ရှိ၍ အရင်းဈေးထက် ၅၃ ကျပ်သာ ဈေးမြင့်ခဲ့သည်။ အောက်တိန်း ၉၅ မှာလည်း အရင်းဈေးထက် ၆၃ ကျပ်သာ ဈေးမြင့်ခဲ့ပြီး ဒီဇယ်က အရင်းဈေးထက် ၄၁ ကျပ်ခန့်နှင့် အဆင့်မြင့်ဒီဇယ်က အရင်းဈေးထက် ကျပ် ၅၀ ခန့်သာ ဈေးပိုမြင့်ခဲ့သည်။

သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ သုံးပတ်အတွင်း အောက်တိန်း ၉၂ တစ်လီတာ အရင်းဈေးသည် ၆၄ ကျပ် ဈေးလျော့သွားသော်လည်း မြို့တွင်းရောင်းဈေးမှာ ကျပ် ၃၀ ခန့်သာ ဈေးကျသည်။ အလားတူ အောက်တိန်း ၉၅ တစ်လီတာ အရင်းဈေးမှာ ၆၉ ကျပ်ကျပြီး မြို့တွင်းရောင်းဈေးမှာ တစ်လီတာလျှင် ၂၅ ကျပ်သာ ဈေးလျော့သည်။ ဒီဇယ်က အရင်းဈေးတွင် ၅၅ ကျပ်လျော့လာသော်လည်း မြို့တွင်းရောင်းဈေးတွင် ၂၅ ကျပ်သာ လျော့ကျသလို အဆင့်မြင့်ဒီဇယ်က အရင်းဈေး ၅၃ ကျပ် လျော့ကျသော်လည်း မြို့တွင်းဈေးတွင် ၃၅ ကျပ်သာ ဈေးလျော့နေသည်။

ပြည်ပစက်သုံးဆီ ဈေးတက်ချိန်များတွင် ပြည်သူများအနေဖြင့် ဈေးတက်သည့်ဒဏ်ကို လိုက်ခံရသော်လည်း ပြည်ပဆီဈေးကျ၍ အရင်းဈေးများကျချိန်တွင် ပြည်တွင်းမှ ဝယ်ယူသုံးစွဲသူများအနေဖြင့် ဈေးနှုန်းကျဆင်းခြင်း အကျိုးအမြတ်ကို တစ်ပြေးညီမခံစားရဘဲ စက်သုံးဆီရောင်းချသူများသာ အကျိုးအမြတ်အများဆုံး ရရှိနေဆဲဖြစ်သည်ဟု စက်သုံးဆီ ဝယ်ယူသုံးစွဲနေရသည့် ယာဉ်ပိုင်ရှင်အချို့က ပြောသည်။

လမ်းမတော်မြို့နယ်နေ ပရိုဘောက်အငှားယာဉ်ပိုင်ရှင်တစ်ဦးက ဇွန် ၂၂ ရက်တွင် အောက်တိန်း ၉၂ ကို တစ်လီတာလျှင် ၆၈၀ ကျပ်နှုန်း ဝယ်ယူရပြီး ဇွန် ၂၄ ရက်တွင် ၆၇၀ ကျပ်နှုန်းဖြင့် ဝယ်ယူရကာ စက်သုံးဆီ ကျပ် ၂၀၀၀၀ ဖိုးဝယ်ယူလျှင် ထီးတစ်လက်အခမဲ့ပေးသည်ကို တွေ့ခဲ့ရကြောင်း၊ ဆီထည့်ရာတွင် တစ်ရက်တာကုန်သည့် ဆီအတိုင်းအတာကိုသာ ဝယ်ထည့်နေရသဖြင့် ကျပ် ၂၀၀၀၀ ဖိုးအထိမဝယ်၍ ထီးလက်ဆောင်မရခဲ့ကြောင်း ပြောသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် အရင်းဈေးကျချိန်တွင် ဈေးနှုန်းချပေးရမည့်အစား လက်ဆောင်ပေး၍ အရောင်းမြှင့်တင်သည့်အစီအစဉ်မျိုး လုပ်ဆောင်နေခြင်းထက် ဈေးနှုန်းများကို ပြည်ပဈေးပြောင်းလဲမှုနှင့် တစ်ပြေးညီ ပြောင်းလဲရောင်းချပေးခြင်းများသာ ပြုလုပ်ပေးစေလိုကြောင်းလည်း ကိုယ်ပိုင်တက်စီမောင်းနှင်နေသူတစ်ဦးက ပြောသည်။

ခင်ဆိုင်

ပြည်မြို့၌ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်

ပြည် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)ဆရာတော်များ ကြီးမှူးသော သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက်၌ ဇွန် ၂၄ ရက် နံနက် ၇ နာရီကကျင်းပရာ အခမ်းအနားသို့ ဆရာတော် သံဃာတော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပြည်မြို့မဟာသုဒဿနာရာမကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဌိလက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ဗုဒ္ဓသာသန်စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ မြို့နယ်သံဃနာယက ဆရာတော် ၇၆ ပါးနှင့် ဝိနည်းဓိုရ်ဆရာတော် ၃၆ ပါး စုစုပေါင်းဆရာတော် သံဃာတော် ၁၁၂ ပါး တက်ရောက်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေးဟောပြော

သံတောင်ကြီး ဇွန် ၂၇

ကရင်ပြည်နယ်အတွင်း တောင်ပေါ်ဒေသဖြစ်သော သံတောင်ကြီးမြို့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

သံတောင်ကြီးမြို့ရှိ ZION နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည့် ဟောပြောပွဲတွင် ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုသက်ပိုင်ဝင်းနှင့် တာဝန်ရှိသူများက ဌာန၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်များဖြစ်သော မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ဆူနာမီ၊ ရေလွှမ်းမိုးခြင်း၊ မီးဘေး၊ လေပြင်းဘေး၊ မုန်တိုင်းဘေးစသည့် ဘေးအန္တရာယ်များအကြောင်းနှင့် သံတောင်ကြီးဒေသတွင် အဖြစ်များလေ့ရှိသော မြေပြိုခြင်းအကြောင်း၊ မြေပြိုခြင်း ဖြစ်ပွားတတ်သောအချိန်ကာလနှင့် သတိပြုရမည့် အခြေအနေ၊ အဖြစ်အများဆုံးအချိန်နှင့် ကြိုတင်ကာကွယ်ခြင်းများ အကြောင်း အရာများ စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ အလားတူ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယင်းနေ့ နေ့လယ်ပိုင်းတွင် ရှင်ဂျော့ဂျ်က် ဘုရားကျောင်း၌ ထပ်မံပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လမ်းတံတားနှင့် စက်ရေတွင်းလုပ်ငန်းများ ဆောင်ရွက်မည်

မလှိုင် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ကျပ် ၇၃၈ ဒသမ ၃၂၄ သန်းဖြင့် မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်း ခြောက်လမ်း၊ ရေကျော်တံတားငါးစင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မူလငွေလုံးငွေရင်းရန်ပုံငွေ ၄၀၀ ဒသမ ၃၅ သန်းနဲ့ ကျေးရွာချင်းဆက် ကျောက်ချောလမ်းတစ်လမ်း၊ ရေကျော်တံတားသုံးစင်း၊ Box Culvert နှစ်စင်းနဲ့ ရေရှားပါးတဲ့ ကျေးရွာများမှာ စက်ရေတွင်းနက် ခုနစ်တွင်း၊ လက်တူးတွင်း သုံးတွင်း ဆောင်ရွက်သွားမှာဖြစ်သလို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ ၃၃၇ ဒသမ ၉၇၄ သန်းနဲ့ မြေသားလမ်း ငါးလမ်းကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ဗိုလ်ဗိုလ်(နည်းပညာ)က ပြောသည်။ မလှိုင်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စုပေါင်း ၅၂ စုတွင် ကျေးရွာပေါင်း ၂၄၇ ရွာရှိရာ လူဦးရေအများစုမှာ ကျေးလက်တွင် နေထိုင်ကြ၍ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသများတွင် သောက်သုံးရေဖူလုံရေးတို့သည် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

မြန်မာ့သိပ္ပံနှင့် ဆေးပညာအကယ်ဒမီ နိုင်ငံတကာဖောင်ဒေးရှင်းက အခြေခံအသက်ကယ်နည်းစနစ်များ သင်ကြားပို့ချ

ကျောက်ပန်းတောင်း ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများမှ အဖွဲ့ဝင်များနှင့် ပရဟိတလုပ်ငန်း စိတ်ပါဝင်စားသူများအား အခြေခံနှင့် အဆင့်မြင့် အသက်ကယ်နည်းစနစ်များကို မြန်မာ့သိပ္ပံနှင့်ဆေးပညာအကယ်ဒမီ နိုင်ငံတကာဖောင်ဒေးရှင်း(Academy of Science and Medicine Myanmar International)က စာတွေ့ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်ကယ်နည်းစနစ်များသင်တန်းသည် တစ်နေ့တာသင်တန်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက်ရှိ ဆွေသဟာလူမှုကူညီရေး အသင်းရုံး၌ သင်တန်းကို ဇွန် ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် ပရော်ဖက်ဆာ ဒေါက်တာကျော်တင်လှက မြန်မာ့သိပ္ပံနှင့် ဆေးပညာအကယ်ဒမီ နိုင်ငံတကာဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဖောင်ဒေးရှင်း၏ လက်ရှိလုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ အရေးပေါ် အသက်ကယ်နည်းစနစ်များဖြင့် ထိခိုက်လူနာများကို ပြုစုကုသရာတွင် သိရှိထားသင့်သည့် အခြေခံအချက်များနှင့် မဖြစ်မနေ လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖောင်ဒေးရှင်းမှ ဒေါက်တာမင်းရာဇာနှင့် ဒေါက်တာညဏ်လင်းတို့က သင်ခန်းစာများကို ဆက်လက် ပို့ချခဲ့ရာ ရုတ်တရက် သတိလစ်မေ့မြောသည့် လူနာအား နှလုံးနှိုးဆွ အရေးပေါ်ကုသခြင်း၊ လည်ပင်းရိုး ထိခိုက်လူနာနှင့် ခါးရိုးထိခိုက်လူနာများအား အရေးပေါ် ပြုစု ကုသခြင်းနှင့် ရေနစ်လူနာအား အရေးပေါ်ပြုစု ကုသခြင်းများကို သင်ကြားကာ သင်တန်းသားများအား အဖွဲ့လိုက် လက်တွေ့လုပ်ဆောင် လေ့ကျင့်စေခဲ့သည်။

အဆိုပါ အခြေခံနှင့် အဆင့်မြင့် အသက်ကယ်နည်းစနစ် များ တစ်ရက်တာသင်တန်းတွင် ကျောက်ပန်းတောင်းမြို့ပေါ်မှ လူမှုကူညီရေးအသင်းများဖြစ်ကြသည့် ဆွေသဟာအသင်း၊ သုဂတိရှင်အသင်း၊ သီရိပရဟိတ၊ မေတ္တာရိပ်၊ ရွှေကြယ်နှင့် ကျေးရွာများမှ လူမှုကူညီရေးအသင်းဝင်များ စုစုပေါင်း သင်တန်းသား ၅၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာဝင်းအတွင်း ဈေးဆိုင်တဲများဆောက်လုပ်၍ ဈေးအဖြစ်အသုံးပြုလျက်ရှိ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ ရွှေလင်ပန်းချောင်းအနီးရှိ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာဝင်းအတွင်း တိုက် (၃၀)နှင့်(၃၃)ကြားရှိ ရွှေကံ့ကော်လမ်း ပေါ်တွင် ဇွန် ၂၅ ရက်မှစ၍ ဈေးအဖြစ် သတ်မှတ်ပြီး ဈေးဆိုင်တဲများ ဆောက်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဈေးဆိုင်တဲများဆောက်လုပ်ခြင်းကြောင့် အိမ်ရာဝင်းသန့်ရှင်းသာယာလှပမှုကို ထိခိုက်စေသည့်အပြင် အိမ်ငှားနေထိုင်မှုများသောအိမ်ရာ၌ စွန့်ပစ်အမှိုက်နှင့် လူမှုပြဿနာများဖြစ်ပွားမှုကို တွန်းအားပေးစေသည့်အတွက် အိမ်ရာစည်းကမ်းနှင့်အညီထားရှိရန် လိုအပ်နေကြောင်း အိမ်ရာများတွင် နေထိုင်သူအချို့က ပြောကြားလျက်ရှိသည်။

"အိမ်ရာက ဝန်ထမ်းတွေရတာများတယ်။ သိန်း ၁၂၀ ကို ၃၅ သိန်းအရင်သွင်းပြီး ကျန်တာကို အရစ်ကျသွင်းရတာ။ ဒီမှာ ပိုင်ရှင်ကိုယ်တိုင်နေတာနည်းတယ်။ ၇၀ ရာခိုင်နှုန်းက နယ်ကလာပြီး စက်ရုံဆင်း၊ ဈေးရောင်း နေထိုင်ကြတာများတယ်။ ဈေးဆိုင်ခန်းတွေအတွက် ကော်မတီဖွဲ့ပြီး လူရာကျော် မဲနှိုက်တယ်လို့ ပြောတယ်။ သပ်သပ်ရပ်ရပ်နဲ့ ညီညီညာညာ ဆောက်လုပ်ရောင်းချရင်တော့တစ်မျိုးပေါ့။ ဝါးတဲတွေဆောက်ပြီး ရောင်းနေကြတာ အမှိုက်ပြဿနာနဲ့ အဲ့ဒီနားက တိုက်ခန်းတွေ အနံ့အသက်မခံနိုင်အောင် ဖြစ်လာလိမ့်မယ်။ အိမ်ရာကို လူကြီးတွေက သပ်သပ်ရှင်းရှင်းလုပ်ပေးထားပေမယ့် ပုံကျဈေးပုံစံ ဆောက်လုပ်ရောင်းချတာဟာ အိမ်ရာတစ်ခုရဲ့အင်္ဂါနဲ့လည်း မညီဘူး"ဟု အိမ်ရာတွင်နေထိုင်သော အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

ဆောက်လုပ်နေသော ဈေးဆိုင်ခန်းများမှာ ၁၀ ပေပတ်လည်ဖြစ်ပြီး တဲတစ်တဲလျှင် ကျပ်ငါးသောင်းဖြင့် ဈေးဆိုင်ကော်မတီအဖွဲ့ထံ ပေးသွင်းရကာ ၁၀ ပေထက်ကျယ်ဝန်းသော ဆိုင်ခန်းများ ရှိသကဲ့သို့ ၁၀ ပေထက်ကျဉ်းသော ဆိုင်ခန်းများကိုလည်း ဆောက်လုပ်ချထားပေးကြောင်း သိရသည်။

ဆိုင်ခန်းကော်မတီ တာဝန်ရှိသူများကမူ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာဝင်းအတွင်း အောက်ဆုံးမြေညီထပ်များအနေဖြင့် ဈေးဆိုင်ဖွင့်လှစ်ရောင်းချမှုများရှိပြီး ဆိုင်များဖွင့်ရာတွင် အဖီများထိုး၍ ရောင်းချသည့်အတွက် အိမ်ရာဝင်းအတွင်း လမ်းပိတ်ဆို့ခြင်း၊ အိမ်ရာ၏ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိခြင်းတို့ ဖြစ်ပေါ်ခဲ့၍ ယခုလို လမ်းပေါ်တွင် ဈေးဆိုင်တဲများထိုး၍ ရောင်းချစေခြင်းဖြစ်ကြောင်း ပြောသည်။

ဆိုင်ခန်းကော်မတီဝင်တစ်ဦးဖြစ်ပြီး တိုက်ခန်းဝယ်ယူနေထိုင်သူလည်း ဖြစ်သည့် ဦးသန့်ဇင်က "ကျွန်တော်တို့က ကော်မတီဖွဲ့ထားတယ်။ ဒီဝင်းထဲက အဖီဆွဲတဲ့ ဆိုင်ခန်းတွေကို လူကြီး ဖျက်ပေးပါဆိုတော့ ဆိုင်ခန်းလေးတွေ ယာယီခေတ္တဆောက်မယ်။ လောလောဆယ် ခွင့်ပြုချက်နဲ့ ဆောက်ပေးထားတာ။ ဝါးခနိုနဲ့ အလုပ်သမားအတွက် တစ်ခန်းကို ကျပ်ငါးသောင်းသွင်းရတယ်။ ၁၀ ပေ ဆိုင်ခန်း ၄၃ ဆိုင်ရှိတယ်။ ကော်မတီကို အိုးအိမ်ဌာနကပဲ ဖွဲ့ပေးတာပါ"ဟုပြောသည်။

လက်ရှိအချိန်တွင်မူ အဆိုပါ ရွှေကံ့ကော်လမ်းမပေါ်တွင် ဈေးဆိုင်တဲများ ဆောက်လုပ်ရောင်းချခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုကိုမလိုလားသော အိမ်ရာတွင်နေထိုင်သည့် အငြိမ်းစားဝန်ထမ်းများနှင့် အိမ်ပိုင်ရှင်အချို့ကကန့်ကွက်လျက်ရှိကြောင်းသိရသည်။ **(၁၆၄)**

ကြိုတင်စီစဉ်မှုဖြင့် သဘာဝဘေးအန္တရာယ်ကို အောင်နိုင်ခြင်း

ခရမ်းစိုးမြင့်

ရေစား၍ ပျက်စီးသွားသော ရန်ကုန်-အမ်း-စစ်တွေကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့များက ဘေလီတံတားအမြန်ထိုးပေးနေစဉ်

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းသည် ရခိုင်ပြည်နယ် တစ်ခုလုံး၏ အသက်သွေးကြောဖြစ်သည်။ ယခုနှစ် မိုးဦးကာလဇွန် ၁၄ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် အဆိုပါ ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုလမ်း မိုင်တိုင် ၂၈၊ အမ်းမြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာရှိ မော်တော်ကားလမ်း၏ လမ်းပခုံးမြေသားများ ပြိုကျမှုကြောင့် လမ်းပျက်သွားသည်။

ထို့ကြောင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ပို့ဆောင်ရေးယာဉ်နှင့် ဆီသယ်ယာဉ်များ၊ အိမ်သုံးကားလေးများ အပါအဝင် ကားအစီးပေါင်း ၁၄၀ ကျော်မှာ ထိုနေ့ညနေ ၃ နာရီမှစ၍ လမ်းကြောင်းပြတ်တောက်ပြီး ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိဖြစ်ခဲ့ရသည်။

ထိုအခြေအနေကို သိလျှင်သိချင်း နယ်မြေခံ တပ်မတော်သားများ၊ ဒေသခံပြည်သူများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ရေလမ်းကြောင်း လွှဲပေးခြင်း၊ ရေကာတာများ အမြန်ပြုလုပ်ခြင်းများ ဆောင်ရွက်ပြီး ပိတ်မိနေသော မော်တော်ယာဉ်များ ခရီးဆက်နိုင်ရေးအတွက် လမ်းကြောင်းထိန်းသိမ်းဆောင်ရွက်ပေးသဖြင့် ဇွန် ၁၅ ရက် နံနက် ၁၀နာရီ မိနစ် ၅၀ခန့်တွင် ကားများ ခရီးဆက်လက် မောင်းနိုင်ခဲ့သည်။

ထိုအစီအစဉ်သည် ပထမဆုံး ဆောင်ရွက်ခဲ့သော အစီအစဉ်ဖြစ်ပြီး ဆက်လက်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ကာလအတွင်း အန္တရာယ်မဖြစ်ရအောင် ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ လမ်းအထူးအဖွဲ့(၁၆)နှင့် စစ်တွေမြို့လမ်းအထူးအဖွဲ့(၁၇)တို့သည် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ရောက်လာသော သဘာဝဘေး အန္တရာယ် တားဆီးရေးအဖွဲ့နှင့် ပူးပေါင်းကာ ဘေလီတံတားတစ်စင်းကို အမြန်တည်ဆောက်ကြရာ ဇွန် ၁၇ ရက် နံနက် ၃ နာရီတွင် ပြီးစီးသွားသည်။ ထို့ကြောင့် ရန်ကုန်-အမ်း-စစ်တွေ သွားကားများသည် ထိုဘေလီတံတားပေါ်မှ ဖြတ်သန်း၍ အန္တရာယ်ကင်းစွာ ပုံမှန်အတိုင်း မောင်းနှင်သွားလာနိုင်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ယခုနှစ်တွင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် စက်ယာဉ်ယန္တရားများ ကြိုတင်ပို့ဆောင်စုစည်းထားမှုကြောင့် ဖြစ်သည်ဟုသိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ယခင်နှစ် မိုးရာသီကဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် လမ်းပျက်ခြင်း၊ တံတားကျိုးခြင်းများကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ကချင်ပြည်နယ်အတွက် လမ်းအထူးအဖွဲ့(၁)၊ (၂)နှင့် ပူတာအိုမြို့တွင် စက်ယာဉ်ယန္တရား ၃၈ စီးတို့ကို အသင့်စုစည်းထားပြီးဘေလီတံတားထိုးရန် ဆက်စပ်ပစ္စည်းများလည်း ပို့ဆောင်ထားသည်။

ထို့အတူ ကယားပြည်နယ်အတွက် လမ်းအထူးအဖွဲ့ (၁၃)နှင့် စက်ယာဉ်ယန္တရား ၄၃ စီးကို ပျဉ်းမနားမြို့၌ လည်းကောင်း၊ ကရင်ပြည်နယ်အတွက် လမ်းအထူးအဖွဲ့ (၂၂)နှင့် စက်ယာဉ်ယန္တရား ၉၆ စီးကို ဘားအံမြို့၌ လည်းကောင်း၊ ချင်းပြည်နယ်အတွက် လမ်းအထူးအဖွဲ့(၁၀)၊ (၁၂)နှင့် ယာဉ်ယန္တရား ၅၈ စီးတို့ကို ဟားခါးမြို့နှင့် ဂန့်ဂေါမြို့၌ လည်းကောင်း၊ စစ်ကိုင်းဒေသကြီးအတွက် လမ်းအထူးအဖွဲ့များ ဖြစ်ကြသည့် (၇)၊ (၈)၊ (၉)၊ (၁၄)၊ (၁၉)တို့နှင့် စက်ယာဉ် ယန္တရား ၁၇၄ စီးတို့ကို ကလေးဝ၊ ဖောင်းပြင်၊ မိတ္ထီလာ၊ လဟယ်နှင့် ရန်ကုန်မြို့တို့၌ လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးအတွက် လမ်းအထူးအဖွဲ့ (၂၃)၊ (၂၄)နှင့် စက်ယာဉ်ယန္တရား ၈၅ စီးကို ထားဝယ်နှင့်မြိတ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွက် လမ်းအထူးအဖွဲ့(၁၅)နှင့် စက်ယာဉ်ယန္တရား ၂၅ စီးတို့ကို တောင်ငူမြို့၌ လည်းကောင်း စုစည်းထားသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွက် လမ်းအထူးအဖွဲ့(၁၁)၊ (၁၂)နှင့် စက်ယာဉ်ယန္တရား ၂၃ စီးတို့ကို မင်းဘူးနှင့် ဂန့်ဂေါမြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက် လမ်းအထူးအဖွဲ့ (၉) နှင့် စက်ယာဉ်ယန္တရား ၆၂ စီးတို့ကို မိတ္ထီလာမြို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွက် လမ်းအထူးအဖွဲ့ (၁၆)၊ (၁၇)၊ (၁၈)နှင့် စက်ယာဉ်ယန္တရား ၁၇၄ စီးတို့ကို အမ်း-စစ်တွေ၊ တောင်ကုတ်မြို့တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွက် လမ်းအထူးအဖွဲ့(၁၄)နှင့် စက်ယာဉ်ယန္တရား ၈၂ စီးတို့ကို ရန်ကုန်မြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် လမ်းအထူးအဖွဲ့(၄)၊ (၅)နှင့် စက်ယာဉ်ယန္တရား ၅၆ စီးတို့ကို ရွှေညောင်နှင့် လွိုင်လင်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက် လမ်းအထူးအဖွဲ့ (၆)နှင့် စက်ယာဉ်ယန္တရား ၃၂ စီးတို့ကို လားရှိုးမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် လမ်းအထူးအဖွဲ့ (၃)နှင့် စက်ယာဉ်ယန္တရား ၄၄ စီးတို့ကို ကျိုင်းတုံမြို့၌ လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး အတွက် လမ်းအထူးအဖွဲ့ (၁၄)၊ (၂၀)၊ (၂၁) တို့နှင့် စက်ယာဉ်ယန္တရား ၈၅ စီးတို့ကို ရန်ကုန်-ရေကြည်နှင့် ညောင်တုန်းမြို့တို့၌လည်းကောင်း စုစည်းထားသည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် ယခုမိုးရာသီ၌ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကြိုတင်စုစည်းပေးပို့ထားသော လူ၊ စက်ယာဉ်ယန္တရား၊ တံတားဆက်စပ်ပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အနိုင်ယူတော့မည်ဖြစ်သည်။

ဒလမြို့နယ်၌ ကျောင်းပေါင်း ၃၅ ကျောင်းအား ဂါလန် ၄၀၀ ဆံ့ PW ရေတိုင်ကီများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

ဒလ ဇွန် ၂၇

မိုးရေကို သိမ်းဆည်းသိုလှောင်၍ သောက်သုံးရေအဖြစ် အဓိကထား အသုံးပြုနေရသော ဒလမြို့နယ်၌ ဇွန် ၂၅ ရက်က Habitat For Humanity International-Myanmar (HFHM) စေတနာ့ဝန်ထမ်း အဖွဲ့အစည်းမှ အခြေခံပညာ ထက်/လယ်/မူ ကျောင်း ၃၅ ကျောင်းအား မိုးရေခံယူ၍ သန့်ရှင်းစွာ ပိုမိုသိုလှောင်ထားနိုင်စေရန် ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယားပိုးမွှားများ အန္တရာယ်ကင်းရှင်းအောင် စီမံထားသည့် ဂါလန် ၄၀၀ ဆံ့အပြာရောင် စံမီ PW ရေတိုင်ကီဘူးကြီးများနှင့် ဆက်စပ်ပစ္စည်းများ အစုံ ၃၅ စုံတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ရေတိုင်ကီများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို အ.မ.က(၇) ကျောင်းခန်းမ၌ ကျင်းပခဲ့ပြီး လှူဒါန်းပစ္စည်းများထားရှိသည့် မြို့နယ်ပညာရေးမှူး ရုံးအရှေ့၌ မြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုး (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် အလှူရှင်အဖွဲ့မှ Country Program Manager ဦးဂင်လျန်းဆုမ်းတို့က PW ရေတိုင်ကီတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများတစ်စုံစီကို အ.ထ.က (၃)၊ အထက်တန်းကျောင်းခွဲ-အ.လ.က (၁)၊ အလယ်တန်းကျောင်းခွဲ(မူလွန်-တာကြီး)၊ အ.မ.က(၄)နှင့် အ.မ.က(၁၃) စသည်ဖြင့် အခြေခံပညာ ထက်/လယ်/မူကျောင်း စုစုပေါင်း ၃၅ ကျောင်းမှ ကျောင်း အုပ်ဆရာကြီး၊ ဆရာမကြီးများထံသို့ လက်ဝယ်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အပြာရောင် စံမီ PW ရေတိုင်ကီဘူးကြီးတစ်လုံးလျှင် ငွေကျပ် သုံးသိန်းခွဲတန်ဖိုးရှိကြောင်း၊ ဆက်စပ်ပစ္စည်းတစ်စုံလျှင် ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိကြောင်း၊ တစ်ကျောင်းလျှင် စုစုပေါင်း ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရေတိုင်ကီနှင့် ဆက်စပ်ပစ္စည်းတစ်စုံစီ လှူဒါန်းခဲ့ရာ ၃၅ ကျောင်းအတွက် လှူဒါန်းပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၇၅ သိန်းရှိကြောင်း သိရသည်။

Habitat For Humanity Myanmar အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ ရှင်းဟန်အာရမင်အဖွဲ့နှင့် ပူးပေါင်းအစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၇ ရက်က ဒလမြို့နယ် အ.မ.က(၁)ကျောင်း၌ ကျောင်းစာကြည့်တိုက်၊ ကစားကွင်း၊ ရေသန့်စက်တို့ကို လာရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သတင်း-သန်းဌေး(ဒလ)
ဓာတ်ပုံ-စန်းဝင္ဍာ

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်သန့်ရှင်းသာယာလှပရေး အထောက်အကူအဖွဲ့များဖြင့် ပူးပေါင်းပြီး ဇွန် ၂၅ ရက်က ညောင်တုန်းမြို့အမှတ်(၇)၊ (၈)၊ (၉)၊ (၁၀) ရပ်ကွက်များတွင် ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ထိထိရောက်ရောက်ရောက် ဆောင်ရွက်စဉ်
နေလင်း(ညောင်တုန်း)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

မြန်မာတစ်နိုင်ငံလုံး စတုတ္ထဆုရ
မောင်ထူးမြတ်နိုင်
အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘကြီးတို့မျိုးရိုး၏ ပညာဂုဏ်ကို လက်ဆင့်ကမ်းထိန်းသိမ်းသည့် ချစ်လှစွာသော တူတော်မောင် ဖိုးသားလေး မောင်ထူးမြတ်နိုင် ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး စတုတ္ထဆု ရရှိသည့်အတွက် ဘကြီးသုံးယောက်လုံးက ပျော်ရွှင်ကြည်နူး အထူးအားရ ဂုဏ်ယူဝမ်းမြောက်လှပါသည်။

မျိုးရိုးဂုဏ်ဆောင်
ပညာပြောင်သည့်
တူမောင်လျှောက်လှမ်း
ဘဝလမ်းဝယ်
အောင်ပန်းလီလီ
ခူးဆွတ်သီ၍
စွမ်းရည်ပြည့်ဝ
နှလုံးလှလျက်
လောကကောင်းကျိုး
ဘက်စုံတိုးအောင်
သယ်ပိုးရွက်ဆောင်နိုင်ပါစေ . . .။

ဘကြီးများ - ဦးငွေးဝင်း၊ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ဦးညိုဝင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန
ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ
အဆောက်အဦများဆောက်လုပ်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း/ရုံး အဆောက်အဦ(၂၀၀)ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၇ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၈-၂၀၁၇ရက်(သောကြာနေ့)
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၆-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀နာရီမှ ညနေ ၄း၃၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

၄။ ၁၉-၆-၂၀၁၇ရက် (တနင်္လာနေ့)ပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာအား ပယ်ဖျက်ကြောင်းနှင့် ဤကြော်ငြာသာလျှင် အတည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
လမ်းဦးစီးဌာန
ရခိုင်ပြည်နယ်၊စစ်တွေမြို့
ဖုန်း-၀၄၃-၂၂၁၅၃၊ ၀၄၃-၂၃၃၆၅၊၀၉-၉၆၁၈၄၁၃၆၁၊၀၉-၈၆၂၆၉၇၁

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရခိုင်ပြည်နယ်၊အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအောက်ရှိ ပြည်နယ်(၃)ခုနှင့် ခရိုင်(၂၄)ခရိုင်တို့တွင် အဆင့်မီဓာတ်ခွဲခန်းပါဝင်သော ရုံးအဆောက်အဦနှင့် ဆက်စပ်အဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၀-၆-၂၀၁၇
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၈-၇-၂၀၁၇
နေရာ - အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန နေပြည်တော်

တင်ဒါဖွင့်မည့်ရက်ကို ထပ်မံကြေညာပါမည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၀၆၇-၄၀၃၁၇၂

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်မျိုး ၇/ပခန(နိုင်)၂၃၁၂၃၅သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသေ ၁ပါမစ်အမှတ် ISP IDV8 16-17 32736 2-12-2016သည် နေပြည်တော်တွင် ရုံးလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၅၄၉၀၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၇၅/၈၀၊ အခန်းအမှတ်(၁၄)(၁၅)(၁၆)ဟုခေါ်တွင်သော မြေညီထပ်တိုက်ခန်းသုံးခန်းနှင့် ယင်းဥပစာတွင် တွယ်ကပ်တည်ရှိသော လှေကားခွင်ဥပစာနှင့် အနော်ရထာလမ်းဘက်နှင့် (၅၄)လမ်းဘက်မှ တွယ်ကပ်နေသောဥပစာနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစား၍ စီမံခန့်ခွဲလျက်ရှိသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက စရန်ငွေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက တရားဝင်အထောက်အထားဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်၍ပြည့်စုံစွာ ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှရွှေ B.Sc.,H.G.P.,R.L
တရားလွှတ်တော်ရှေ့နေ
(စဉ်-၃၀၉၆)

ဦးစိုးကြည် LL.B
တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၆၆၇)

အမှတ် ၁၉၀၊ သုံးထပ်၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၂၄၇၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖခင်အမည်မှန်

သထုံမြို့၊ အထက (သိမ်ဆိပ်)၊ နဝမတန်း(A)မှ နော်ချောကလျာထွေးနှင့် အလက(ဝင်းပ) အဋ္ဌမတန်းမှ နော်အဲ့ပိုပိုတို့၏ ဖခင်အမည်မှန်မှာ ဦးပီးပိ(ခ)ဦးပဏ္ဏိ ဖြစ်ပါကြောင်း။
ဦးပီးပိ(ခ)ဦးပဏ္ဏိ

ဖခင်အမည်မှန်

သထုံမြို့၊ အထက (သိမ်ဆိပ်) တက္ကသိုလ်ဝင်တန်း(E)မှ မအိအိချော၏ဖခင်အမည်မှန်မှာ ဦးရှမ်းမောင် ၁၀/သထန(နိုင်)၀၂၁၁၀၂ ဖြစ်ပါကြောင်း။
ဦးရှမ်းမောင်

ဖခင်အမည်မှန်

သထုံမြို့၊ အထက (သိမ်ဆိပ်) တက္ကသိုလ်ဝင်တန်း(E)မှ မနီလာထွေး၏ ဖခင်အမည်မှန်မှာ ဦးစံသွင် ၁၀/သထန(နိုင်)၁၆၅၈၁၅ ဖြစ်ပါကြောင်း။
ဦးစံသွင်

အမည်မှန်

ကမာရွတ်မြို့နယ် ဇင်ယော်ကိုယ်ပိုင် အထက်တန်းကျောင်း နဝမတန်း(D)မှ မဗန်ရွှေပါရ်၏ အမည်မှန်မှာ မွေးစာရင်း၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်အရ ကေသရင်းဗန်ရွှေပါရ် ဖြစ်ပါသည်။
ကေသရင်းဗန်ရွှေပါရ်

အမှားပြင်ဆင်ချက်

၂၅-၆-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)ပါ အများသိစေရန် အသိပေးကြေညာခြင်း ကြော်ငြာ၌ ဦးသန့်ဇင်ထွန်း နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/တကန(နိုင်)၀၄၉၉၀၂ အစား ၁၂/တကန(နိုင်)၁၀၄၉၀၂ ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

မာ် SEVEN ၈
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
09254009334,
09254009335,
09254009336

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အလက(၅) မမြတ်နိုးအောင် ဆဋ္ဌမတန်း(A)၏ ဖခင်အမည်မှန်မှာ ဦးအောင်နေလင်း ၁၂/ရပသ(နိုင်)၀၀၈၃၅၇ ဖြစ်ပါကြောင်း။ **ဦးအောင်နေလင်း**

အများပြည်သူသိရှိစေရန် ကြေညာချက်

လဝန်းနီလာ အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၀၀၉/၂၀၁၂ ဖြင့် လိုင်စင်ရယူ၍ လုပ်ငန်းများလုပ်ကိုင်ခဲ့ရာ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှာ ကျန်းမာရေးမကောင်းမွန်ခြင်း၊ ကျွမ်းကျင်သောဝန်ထမ်းများခန့်ထားရန် မလွယ်ကူခြင်း၊ လုပ်ငန်းများဆက်လက်ဆောင်ရွက်လိုခြင်းမရှိပါသဖြင့် လုပ်ငန်းပိတ်သိမ်းငွေစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် အဖွဲ့ဝင်များအနေဖြင့်ပေးရန်/ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ် ၆၊ မဟာဗန္ဓုလ ၁ လမ်း၊ (၆)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးသို့ ၃၀-၆-၂၀၁၇ ရက် နောက်ဆုံးထားဆက်သွယ်ကြပါရန် အကြောင်းကြား ကြေညာအပ်ပါသည်။

(ဦးတင်လှိုင်)
မန်နေဂျင်းဒါရိုက်တာ
လဝန်းနီလာ ကုမ္ပဏီလီမိတက်

ဇနီးအဖြစ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးဝင်း ၇/သဝတ(နိုင်)၀၀၁၁၁၈ (ဘ)ဦးမျိုးမြင့်နှင့် ဒေါ်နော်မာမာချို ၁၂/ကမရ(နိုင်)၀၀၂၈၆၀ (ဘ)ဦးစောခေါ်ဖ တို့သည် ၁၂-၂-၁၉၉၉ ရက်တွင် တရားဝင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။

လင်မယားအဖြစ်ပေါင်းသင်းခဲ့သည့် အိမ်ထောင်သက်တမ်းကာလတစ်လျှောက်လုံး စိတ်သဘောထားမတိုက်ဆိုင်မှုများကြောင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ ၂၈-၂-၂၀၁၂ ရက်တွင် ဒေါ်နော်မာမာချိုအား ဇနီးအဖြစ် ဆက်လက်မပေါင်းသင်းနိုင်တော့ကြောင်း ၄င်း၏အုပ်ထိန်းသူဖြစ်သည့် အစ်မတော်စပ်သူ၏ရှေ့မှောက်တွင်ပင်ပြောကြားခဲ့ရာ ထိုအချိန်မှစ၍ ယနေ့အချိန်အထိ ပတ်သက်ဆက်သွယ်မှုလုံးဝမရှိကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်နော်မာမာချိုအား ၂၈-၂-၂၀၁၂ ရက်မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်ခဲ့ပြီးဖြစ်၍ ယခုအခါ မည်သို့မျှ မသက်ဆိုင်တော့ကြောင်း၊ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေမှ သားသမီးများအပေါ် ယနေ့အချိန်ထိ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ဖခင်နှင့်သားသမီးများ၏ ဆက်ဆံရေးကို ပိတ်ပင်ဟန့်တားနှောင့်ယှက်မှုများရှိလာပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သွယ်ဝင့်စိုး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၄)
အမှတ်-၁၀၄/အေ၊ ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၂၁၆၀၅၃၈

ဦးအောင်ကျော်ဖြိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၉၅၃)
အမှတ်-၁၀၄/အေ၊ ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၁၀၀၈၆၉၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/6171 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းညဏ်စိုး ၁၂/ကမတ(နိုင်)၀၆၈၅၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/2307 Nissan Diesel Transporter (6×2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမင်းမင်းလတ် ၁၃/တကန(နိုင်)၁၄၀၀၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ဒေါ်လှလှရီ (MTNT-၀၂၆၄၉၁) ထံ အကြောင်းကြားတောင်းဆိုခြင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေအရှေ့ (၅) လမ်း၊ အမှတ် (၃၇/၁၀၅၅-က) နေ ဦးတင်ညွန့် (ဘ-ဦးညိုမောင်) (TKA-၁၁၂၃၄၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်း၏ (၁၉. ၆. ၂၀၁၇) နေ့တစ်စာဝန်ခံချက်အရသိရှိရပါကြောင်း ယင်းနေ့တစ်စာပါ ဦးတင်ညွန့် ပိုင်ဆိုင်သည့်

၁။ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း (၁၄၀)၊ တိုက်အမှတ် (၁၁) ရှိ (၆) လွှာ (ညာဘက်ခန်း) ၏ စာချုပ်စာတမ်းမူရင်း။

၂။ သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်၊ ရန်ပြေအရှေ့ (၅) လမ်း၊ အမှတ် (၃၇/၁၀၅၅/ခ) ဟု ခေါ်တွင်သည့် ဦးသောင်းဝင်း အမည်ပေါက် ဂရန်မြေကွက်၏ စာချုပ်စာတမ်းမူရင်း။

၃။ အမှတ် (၁၀၅၅/ခ)၊ မြေအကျယ် (၂၀ ပေ × ၆၀ ပေ) မြေကွက်၊ ခြေရင်းဘက်ခြမ်းရှိ အကျယ် (၁၀ ပေ × ၆၀ ပေ) ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်နှင့် (၂) ထပ် အဆောက်အဦး၏ ဆက်စပ်စာချုပ်စာတမ်းမူရင်း။

၄။ သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်၊ ရန်ပြေအရှေ့ (၅) လမ်း၊ အမှတ် (၃၇/၁၀၅၅/ခ)၊ ဟု ခေါ်တွင်သည့်မြေ (၂၀ ပေ × ၆၀ ပေ) ဦးညိုမောင်အမည်ပေါက် ဂရန် (မြေကွက်) ၏ စာချုပ်စာတမ်းမူရင်းများသည် ဦးတင်ညွန့်နေအိမ်အတွင်းသိမ်းဆည်းထားစဉ် ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲ၊ လူကြီးမင်းမှ တရားမဝင်ရယူသွားသော စာချုပ်စာတမ်းများဖြစ်ပါသည်။ သို့ပါ၍ ဤသတင်းစာကြော်ငြာပါသည့် နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ပိုင်ရှင်ဦးတင်ညွန့်ထံ လက်ရောက်ပြန်လည်အပ်နှံပေးအပ်ပါရန် တောင်းဆိုလိုက်ပါသည်။ တောင်းဆိုချက်အားလိုက်နာခြင်းမရှိ၊ ပျက်ကွက်ပါက ကျွန်ုပ်မိတ်ဆွေက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်ခင်ကြီး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၃၀၀၀)

ဒေါ်ဥမ္မာဆွေ (LL.B, D.M.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၄၁)

အမှတ်-၁၀၉၊ ၂၇-လမ်း (အလယ်)၊ ၄-ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၁၀၄၁၀၁၅၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/8769 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8522 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန်ထရိုက်တာ ဦးကျော်ညွန့် AKB-၂၁၀၀၈၂ နှင့် အများသိစေရန်ကြေညာချက်

ကန်ထရိုက်တာ ဦးကျော်ညွန့်နှင့်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်စီ(ခ)မာစီ ၁၂/ကမတ(နိုင်) ၀၄၂၄၃၉ တို့သည် ၂၉-၁၂-၂၀၁၁ ရက်စွဲပါ လေးခန်းတွဲ သုံးထပ်ခွဲတိုက်သစ်တစ်လုံးကို ကန်ထရိုက်တာတို့ အပေးအယူနှစ်ဦးသဘောတူစာချုပ်အရ အခန်းပေးအခန်းယူစနစ်ဖြင့် ကျွန်ုပ်မိတ်ဆွေပိုင်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၅၄၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅E၉၊ မြေကွက်အမှတ် ၃၀-G၊ မြေကွက်ပေါ်တွင် လေးခန်းတွဲ သုံးထပ်ခွဲ အဆောက်အအုံအားဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုပြီးနောက် ကန်ထရိုက်တာ ဦးကျော်ညွန့်မှ စာချုပ်ပါအတိုင်း ဆောက်လုပ်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေမှ နည်းမျိုးစုံဖြင့် ဆက်သွယ်ခဲ့သော်လည်း ကန်ထရိုက်တာ ဦးကျော်ညွန့်ဘက်မှ အဆက်အသွယ်မပြုလုပ်ဘဲ တိမ်းရှောင်နေသဖြင့် ကျွန်ုပ်မိတ်ဆွေတွင် နစ်နာလျက်ရှိပါသည်။

ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန်ထရိုက်တာ ဦးကျော်ညွန့်မှ လာရောက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် လာရောက်ဖြေရှင်းခြင်းမရှိပါက အထက်ဖော်ပြပါ ၂၉-၁၂-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်သည်လည်း ပျက်ပြယ်ပြီးဖြစ်၍ ကန်ထရိုက်တာ ဦးကျော်ညွန့်မှ စွန့်လွှတ်ခဲ့သည့် ကျွန်ုပ်မိတ်ဆွေပိုင်မြေနှင့် ၄င်းမြေပေါ်ရှိ ဆောက်လက်စ အဆောက်အအုံအား လက်ရောက်ပြန်လည်ရယူမည်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါအဆောက်အအုံနှင့်ပတ်သက်၍ ဦးကျော်ညွန့်၏ ဆောင်ရွက်ချက်များသည် မြေရှင်ဖြစ်သူ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိ၍ ဖြေရှင်းပေးရန် တာဝန်ရှိမည်မဟုတ်ကြောင်း ကန်ထရိုက်တာ ဦးကျော်ညွန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှစိန် (တရားလွှတ်တော်ရှေ့နေ) စဉ်-၃၂၇၈
အမှတ် ၂၀၇၊ ဒုတိယထပ်၊ United Condo၊ နဝဒေးလမ်းနှင့် အလံပြဘုရားလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၀၄၅၅၃၊ ၀၉-၅၀၀၀၈၂၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၇၀၅၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအောင် ၉/ပကခ(နိုင်)၀၁၀၆၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/8399 FORLAND DUMP TRUCK ယာဉ်လက်ဝယ်ရှိသူ Shwe Tun Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

ရှိုးရှိုးလေး
၁၅ ကျပ်/မိနစ်
အူရီဒူး၊ MPT ၊ တယ်လီနော နံပါတ်
အားလုံးကို ခေါ်ဆိုရန်အတွက်
*777# ကိုခေါ်ဆိုပါ
စာရင်းသွင်းခ အခမဲ့
ooredoo

တောင်သူဦးကြီးများအတွက် မိုးရာသီ ထွန်ယက်ရေးအမီ ထွန်စက်များအား ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်း အရစ်ကျစနစ်ဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိပါသည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သားရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုအခက်အခဲများကို စက်စွမ်းအားအသုံးပြု၍ ဖြေရှင်းနိုင်စေရန်၊ စက်မှုလယ်ယာစနစ်ကို တိုးတက်ပြောင်းလဲကျင့်သုံးနိုင်စေရန်၊ စက်တန်းဖိုးကြီးမြင့်မှုကြောင့် ဝယ်ယူရန်အခက်အခဲဖြစ်ပေါ်နေသော အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ကိရိယာများကို ရွေးချယ်ဝယ်ယူအသုံးပြုနိုင်စေရန်၊ လယ်ယာကဏ္ဍအတွက် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်၊ ပြင်ပဈေးနှုန်းများထက် သက်သာစွာ ဝယ်ယူသုံးစွဲနိုင်စေရန် ရည်ရွယ်၍ တောင်သူကြိုက်လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးလျက်ရှိသည့် ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံမည့် ဘဏ်အဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်း၍ ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့်အစီအစဉ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာမှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၇ ခုနှစ် ဇွန် ၁၆ရက်ထိ Sonalika (75H.P/90 H.P)၊ New Holland (75H.P/90H.P)၊ KIOTI (60H.P/76HP/90HP)အပါအဝင် ထွန်စက်စုစုပေါင်း (၇၂၅)စီးကို တောင်သူလယ်သမား (၇၂၅)ဦးထံသို့ မိုးကြိုထွန်ယက်ရေးအမီ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မိုးရာသီထွန်ယက်ရေးအမီ တောင်သူလယ်သမားဦးကြီးများ၊ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စက်ကိရိယာများအသုံးပြုရန် လိုအပ်မည်ဖြစ်ရာ မူလထွန်စက်(၃)မျိုးသာ ရောင်းချဖြန့်ဖြူးလျက်ရှိရာမှ ယခုအခါ တောင်သူများ၏ တောင်းဆိုချက်အရ Yanmar, Massey Ferguson,Kubota, Landini, Sifang, Wuzheng အမျိုးအစားထွန်စက်များ၊ Kubota, Sifang, World အမျိုးအစား ရိတ်သိမ်းခြွေလှေ့စက်များကိုလည်း ကနဦးပေးသွင်းငွေ ၁၀ရာခိုင်နှုန်း အရစ်ကျစနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဆက်လက်ရောင်းချပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ငွေပေးချေရမည့်အစီအစဉ်မှာ စက်တန်ဖိုး၏ ၁၀ရာခိုင်နှုန်းကိုသာ ကနဦးပေးသွင်း၍ ကျန် ၉၀ရာခိုင်နှုန်းကို မိမိလုပ်ငန်းခွင်တွင်အသုံးပြုခြင်း၊ အငှားဝန်ဆောင်မှုလုပ်ကိုင်ခြင်းတို့ဖြင့် ငွေကြေးစုဆောင်းကာ ခြောက်လတစ်ကြိမ် ၁၅ရာခိုင်နှုန်းစီ ပေးသွင်းပြီး ခြောက်ရစ်ခွဲ၍ သုံးနှစ်အတွင်း ပေးချေဆောင်ရွက်ရန်ဖြစ်ပါသည်။

စက်ဝယ်ယူလိုသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်အသေးစိတ်၊ စက်တန်ဖိုးနှင့် ကနဦးပေးသွင်းရမည့် ကျသင့်ငွေများကို သက်ဆိုင်ရာမြို့နယ်များရှိ စက်မှုလယ်ယာဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉ နှင့်ဆက်နွှယ်သည့် ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၆

ဒေါ်မို့မို့သန်း	နှင့်	၁။ ဦးအောင်ကျော်သူ
(၎င်း၏အခွင့်ရ		၂။ ဒေါ်မွန်း
ကိုယ်စားလှယ်စာရသူ		၃။ ဦးထွန်းမြင့်
ဒေါ်နှင်းနှင်းအေး)		၄။ ဦးသန်းထိုက်
		၅။ ဦးစိုင်းရဲလင်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ပျဉ်းမနားမြို့၊ ဘောဂသီရိကားဝင်း၊ အခန်းအမှတ် စ/၅တွင် နေထိုင်သူ (၁)ဦးအောင်ကျော်သူ၊ (၂)ဒေါ်မွန်း၊ (၃)ဦးထွန်းမြင့်၊ (၄)ဦးသန်းထိုက်၊ (၅) ဦးစိုင်းရဲလင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မို့မို့သန်း (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်နှင်းနှင်းအေး) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းလွင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ဒက္ခိဏခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၅

ဒေါ်ဝတ်မှုံသန့်ဇင်	နှင့်	ဦးဟန်သာဝင်း
တရားလို		**တရားပြိုင်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်၊ ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ဒီ-၁/၃၀၂နေ ဦးဟန်သာဝင်း (ဘ)ဦးသန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝတ်မှုံသန့်ဇင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်အာကာလှိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပျဉ်းမနားမြို့နယ်တရားရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ဓာတ်ခွဲခန်းသုံးပစ္စည်း**
- Lab Equipment (၄၄ မျိုး) 7 Lots

(ခ) **အခြားစက်ပစ္စည်း** ၈ မျိုး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၇ရက်မှ ၂၀-၇-၂၀၁၇ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနစု

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၈-၇-၂၀၁၇ရက် ညနေ ၁၆:၃၀နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၅၃၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်သိင်္ဂီတင်ဆွေ (၁၂/ဥကမ(နိုင်)၁၈၄၅၃၅)ထံမှ တ/ဥက္ကလာပမြို့နယ် ၉-ရပ်ကွက်၊ သုခ(၁)လမ်း၊ အမှတ်-၆၇ မြေကွက်ပေါ်ရှိ (၆)ထပ် အဆောက်အဦး၏တတိယ (၃-လွှာ)ဘီ ဘက်အခြမ်း(ဘီ)ကို ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေစရန်ငွေများပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤကြော်ငြာစာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြပါသည်။ အဆိုပါနေ့ရက်မှ ကျော်လွန်ခဲ့ပါလျှင် တိုက်ခန်း၏အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စမ်းစမ်းအေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၃၂၈၂)
တိုက်-၉/၁၁၊ အခန်း(၁၀၁-A)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၂၀၃၀၅၃၄၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/2211 Toyota Hilux Vigo Kun 26 L, Pickup (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသန်းလွင်ဦး ၁၃/ကတန(နိုင်)၁၀၆၃၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃင်္န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက် ၂၆၇၊ အခန်းအမှတ်(အေ)၊ မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် ရေမီးအစုံအလင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ လက်ဝယ်ပိုင်ရှင်ဖြစ်သော ဒေါ်တီတီမာ TGKN -၀၂၀၈၃၅၊ ၁၂/သဃက(နိုင်)၀၉၂၇၉၅ မှ မိမိသာလျှင်ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှမြတ်ကျော် LL.B (စဉ်-၁၀၆၈၈) တရားလွှတ်တော်ရှေ့နေ
တိုက် ၂၇၄၊ အခန်း ၁၊ ရန်ကင်းလမ်းမကြီး၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၂၃၅၆၆၉၂

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်အေး ၉/တကန(နိုင်)၀၃၀၃၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်ကိုင်းအုပ်စု၊ အောင်သာကျေးရွာနေ ကျွန်ုပ်မိတ်ဆွေ ဦးချစ်အေး၏ဇနီး မလွင်လွင်သန်း (ဘ)ဦးငွေသန်းသည် ကျွန်ုပ်မိတ်ဆွေအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်ပြီး ကျွန်ုပ်မိတ်ဆွေမရှိခိုက် ၇-၅-၂၀၁၇ ရက်တွင် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ငွေကျပ်သိန်း ၂၀ နှင့် ရွှေထည်ပစ္စည်း သိန်း၅၀ကျပ်ဖိုးခန့်အား ယူဆောင်၍ နေအိမ်မှဆင်းသွားခဲ့ပါသည်။ နေအိမ်မှဆင်းသွားခဲ့သည်မှာလည်း အကြိမ်ကြိမ်ရှိခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစပြီး မလွင်လွင်သန်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို ကျွန်ုပ်မိတ်ဆွေ ဦးချစ်အေးနှင့် လုံးဝပတ်သက်မှုမရှိပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးတင့် (အထက်တန်းရှေ့နေ) (စဉ်-၁၀၇၃၃)
မ/၃၅၆၊ ငုရွှေဝါလမ်း၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်၊
ဖုန်း-၀၉-၄၄၈၅၄၃၃၃၁၊ ၀၉-၇၉၇၆၉၀၇၉၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁) ရပ်ကွက်၊ ပေါက်တံလမ်း၊ အမှတ် (၄၇၀/ခ) ဟုခေါ်တွင်သော အလျား (၃၅)ပေ× အနံ(၉၀)ပေ ယခင် ပေါက်တလောက်ကျေးရွာမြေ (မြေငှားဂရန်လျှောက်ထားဆဲ) မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်နုနုရီ ၁၂/ဥကမ(နိုင်) ၀၇၇၅၁၃ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းလတ် ၁၂/ဥကမ(နိုင်)၀၀၇၂၂၉ တစ်ဦးတည်းဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေ သိရှိသဘောတူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့အပြင် တစ်စုံတစ်ရာ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ထိုမြေကွက်နှင့်ပတ်သက်ပြီး ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း တစ်နည်းနည်းဖြင့် ပြုလုပ်ခဲ့သည်ရှိသော် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဝေဝေအောင် (စဉ်-၄၈၄၃၀) အထက်တန်းရှေ့နေ
ရုံး-စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၅၂၄၁၆၃၀၉

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၌ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်း/ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်း**

(၁) ဖျာပုံခရိုင်ရုံးအဆောက်အအုံ (၈၄×၃၀)ပေ (နှစ်ထပ်) (သံကူကွန်ကရစ်အဆောက်အအုံ) (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၃၀-၆-၂၀၁၇)ရက် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၇ ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါရောင်းချ/တင်သွင်းမည့်လိပ်စာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးဖြစ်ပါသည်။ တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည်များအား ဖုန်း ၀၉-၇၉၉၇၉၈၇၄၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အလိုရှိသည်

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး တရုတ်-မြန်မာ ဘာသာစကားပြန်နိုင်သည့် ကျား/မ ကွန်ပျူတာကျွမ်းကျင်နှစ်ဦး အလိုရှိသည်။

(လစာ-ညှိနှိုင်း)

ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၄၁၄၂၇၉၄၊ ၀၉-၉၇၉၁၂၉၆၂၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ် ၉၇/အေ၊ ၁ ခန်းတွဲ (၆)ထပ်တိုက်၊ ဓာတ်လှေကားပါရှိသော အဆောက်အအုံ၏စတုတ္ထထပ် ငါးလွှာ၊ အခန်းအကျယ်အဝန်းပေ(၂၅×၆၅)ရှိအခန်းနှင့် ယင်းအခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်သွယ်သွယ်စိုး ၉/မကန(နိုင်)၀၁၇၇၃၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းမာလာညွန့်	ဒေါ်မျိုးပပအောင်	ဒေါ်နွေးနွေးသိန်းတန်
(စဉ်-၆၄၆၂)	(စဉ်-၃၉၂၀၁)	(စဉ်-၄၅၃၇၈)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၅၇ (မြေညီထပ်)၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၅၁၄၊ ၀၉-၄၃၂၀၂၇၄၀

တစ်ဦးတည်းသော သမီးဖြစ်ကြောင်းသိစေရန်

ရန်ကုန်မြို့ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ပေးချက်အရ ထားဝယ်မြို့ လေယာဉ်ဆိပ်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မန်နေဂျာ(ငြိမ်း)ဖြင့် ကွယ်လွန်သွားသူ ဦးထွန်းမြင့် (၁၂/မဂဒ(နိုင်)၀၅၀၀ရ၁) အမှတ်-၃၀၊ လောင်းလုံမြို့နယ်၊ သောကြာပြင် ကျေးရွာ၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ၏ တစ်ဦးတည်းသော သမီးမှာ မခင်ရတနာထွန်း (၁၂/မဂဒ(နိုင်)၀၅၀၀ရ၁)ဖြစ်ပြီး ယခုအချိန်ထိ ဦးထွန်းမြင့်၏ အမွေစား၊ အမွေခံ သမီးအမှန်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ချောအိခိုင်	ဦးဇော်မင်းအောင်
(တရားလွှတ်တော်ရှေ့နေစဉ်-၁၀၅၅)	(အထက်တန်းရှေ့နေစဉ်-[illegible])

အမှတ်-၆၆၂(ခ)၊ လှိုင်မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာ

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား ၂လက်မ စက်ရေတွင်း(၁)တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့် - ဒေါ်စံပယ်လှိုင်
နေရပ်လိပ်စာ - အမှတ် (၁၀၅၁/ခ)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ

တူးဖော်မည့်နေရာ
မြေကွက်အမှတ် - (၁၀၅၁/ခ)၊ အင်းဝလမ်း၊
မြေတိုင်းရပ်ကွက်အမှတ် - (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၂၂၈)၊ မြေကွက်တည်နေရာ အမှတ်(၂၂၈)၊ မဟာဆွေလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဒေါ်ငွေငွေသိန်း(MAG-၀၁၁၁၉၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်ငွေငွေသိန်း(မူလအမည်ပေါက်ထံမှမြေချပါမစ်ဝယ်ယူ၍ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ဂရန်လျှောက်ထားထုတ်ယူခဲ့သူ)ထံမှအရောင်းဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၄၃၉၀/၁၅(၉-၇-၁၅)ဖြင့်ဝယ်ယူသူဒေါ်အေးအေးချို(၁၂/ကမရ(နိုင်)၀၄၁၅၅၆)ကအမည်ပြောင်းလျှောက်ထားလာရာမြို့မြေစာရင်း(TLR)တွင်ဒေါ်ကျင်သန်း(AA-၀၁၉၂၁၃)အမည်ဖြင့်မှတ်သားထားကြောင်းစိစစ်တွေ့ရှိရပါသဖြင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာန၊ကျောင်းသားရေးရာဌာနခွဲ(ဂ)သို့ဒေါ်ကျင်သန်းအမည်ပေါက်နှစ်(၆၀)ဂရန်မူရင်းထုတ်ပေးခဲ့ခြင်းရှိ/မရှိနှင့်မထုတ်ပေးရသေးပါကဤဌာနသို့လွှဲပြောင်းပေးရန်ညှိနှိုင်းခဲ့ရာမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှပြန်ကြားလာခြင်းမရှိဘဲပညာရေးဝန်ကြီးဌာနမှကာယကံရှင်မဟုတ်သူကိုလွှဲပြောင်းပေးပိုင်ခွင့်မရှိပါကြောင်းပြန်ကြားလာပါသည်။ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိမြေကွက်များအားမြေစီမံမှုကိစ္စရပ်များဆောင်ရွက်ရာတွင်စိစစ်ရန်လိုအပ်ပါကသက်ဆိုင်ရာဝန်ကြီးဌာနနှင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့အမည်ပေါက်စိစစ်ခြင်း/အမှုတွဲလွှဲပြောင်းပေးရန်ညှိနှိုင်းဆောင်ရွက်ရပါသည်။ယခုကိစ္စတွင်လည်းရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှလျှောက်ထားသူမနစ်နာစေရေးဆောင်ရွက်ရာတွင်သက်ဆိုင်ရာဝန်ကြီးဌာနမှအမှုတွဲ/မူလဂရန်အားလွှဲပြောင်းခြင်းမရှိပါသဖြင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးသည့်ဒေါ်ကျင်သန်းအမည်ပေါက်နှစ်(၆၀)ဂရန်အားရုံးမိန့်ထုတ်ပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/တိုးချဲ့၊ မြေကွက်အမှတ် ၂၂၂၊ မြေကွက်တည်နေရာအမှတ် ၂၂၂၊ ဇော်ဂျီလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်ယဉ်ယဉ်အေး ၁၂/စခန(နိုင်)၀၀၃၂၈၃ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ယဉ်ယဉ်အေးထံမှ ၁၂-၅-၁၉၉၄ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်လှလှမြင့်မှလည်းကောင်း၊ ဒေါ်လှလှမြင့်ထံမှ ၇-၁၂-၁၉၉၇ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မာဝင်း ၁၂/ဥကမ(နိုင်)၁၄၉၅၁၁ နှင့် ဒေါ်စန်းစန်းမော် ၁၂/ခရန(နိုင်)၁၁၃၃၅၁ တို့မှလည်းကောင်း ဝယ်ယူခဲ့ပြီး ပါမစ်မူရင်း (မိသားစုဓာတ်ပုံမှတ်တမ်းပါ) (ပါမစ်မစုံ) အမည်ပေါက်၏ဓာတ်ပုံနှင့် နိုင်ကတ်မိတ္တူတို့မှာ နာဂစ်မုန်တိုင်းတိုက်ခတ်၍ အိမ်ပြောင်းရွှေ့စဉ် ပြုတ်ထွက်ပျောက်ဆုံးသွားကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်အမှတ်စဉ် ၂၇၈၈/၁၆-၂-၂၀၁၇ ကို တင်ပြ၍ ဂရန်သစ်လျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၂၄-ခ)၊ မြေကွက်တည်နေရာ-အမှတ်(၁၂၄-ခ)၊ ဗိုလ်တေဇ(၅)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ ဦးဆောင်နို(DLB-၀၀၂၀၉၃)အမည်ပေါက်ပါမစ်မြေအား အမည် [illegible]

ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၀၂၆၊ မြေကွက်တည်နေရာအမှတ် ၁၀၂၆၊ ခရေလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (ဦးစိုးထွန်းဦး) MTA-၁၆၂၇၅၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဂရန်အမည်ပေါက် ဦးစိုးထွန်းဦးထံမှ GP အမှတ် ၁၇၄၇ (၂-၂-၂၀၁၁) ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးပြည့်ဖြိုးသူ ၇/ကဝန(နိုင်)၁၀၀၈၇၃ မှ ဂရန်မူရင်း ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား စိစစ်ရာ မြေစာရင်းတွင် ၂၀၁၃ ခုနှစ် ဒေါ်တင်သန္တာမြင့်မှ ဂရန်သစ်လျှောက်ထားခဲ့ခြင်းမှတ်ချက်အား ဝင်စာအမှတ် ၈၂၇၈/၁၃-၆-၁၆ ဖြင့်အမှုတွဲအား ပိတ်သိမ်းခွင့်ပြုပါရန် တင်ပြလာခြင်းအား မြေစာရင်းတွင် ပိတ်သိမ်းမှတ်သားပြီးဖြစ်ပါသည်။ အဆိုပါ ၂၀၁၃ ခုနှစ် ဂရန်သစ်လျှောက်ထားစဉ် တင်ပြခဲ့သော ပါမစ်မူရင်းအား မြို့၊ အိမ်ဌာနတွင် ၂၀၁၅ ခုနှစ်၌ ဂရန်မူရင်းနှင့် လဲလှယ်ထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း ဂရန်မူရင်းနှင့်အတူ ဝင်စာ-၁၆၆/၁၁-၁-၁၇ ဖြင့် တင်ပြလာပါသဖြင့် ဦးစိုးထွန်းဦး၏ (GP- ဦးပြည့်ဖြိုးသူ)မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီးမှ သာသနိကအဆောက်အအုံများ၏ ထာဝရအလှူရှင်များသိစေရန် ကြေညာချက်

ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်ကြီး၏ ကြာမောက်၊ ကြာလန်နှင့် ရွဲတို့အား ရွှေစင်ရွှေပြားဖြင့်လည်းကောင်း၊ ကျန်အပိုင်းများကို မျက်ပါးရွှေဖြင့်လည်းကောင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းတော်မြတ်ဆက်ကပ်လျက်ရှိပါသည်။ ယခုအခါ စေတီတော်ကြီး အောက်ပိုင်းရှိ သာသနိက အဆောက်အအုံများဖြစ်သည့် အရန်စေတီ(၄)ဆူ၊ ကြာသွပ်အိုး (၁၂)လုံး၊ နတ်မုခ်၊ နတ်လှေကား (၄)ခုတို့ကို ရွှေသင်္ကန်းကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ အဆိုပါ သာသနိကအဆောက်အအုံများကို ပြင်ဆင်ခြင်း၊ ရွှေချခြင်းတို့ကို ပြုလုပ်တော့မည်ဖြစ်ရာ မူလအလှူရှင်များအား ဦးစားပေး ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ မိမိတို့ ကမ္ပည်းထိုးလှူဒါန်းထားသော သာသနိကအဆောက်အအုံများအတွက် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေများ လှူဒါန်းနိုင်ပါကြောင်း မူလအလှူရှင်များအား အသိပေးကြေညာအပ်ပါသည်။ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ ၃၁-၇-၂၀၁၇ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ဆက်သွယ်တင်ပြခြင်း မရှိပါက အခြားလှူဒါန်းလိုသော အလှူရှင်များသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရွှေစည်းခုံစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉၊ ၀၉-၄၂၆၅၀၁၁၄၂

(၄၆)ကြိမ်မြောက် မြေဇင်းသမထဝိပဿနာ ၄၅ ရက်အထူးတရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော်အရှင်ကေလာသ၊ အရှင်ပညာဒီပ အရှင်သူမြတ်နှစ်ပါးတို့မှ မြေဇင်းဆရာတော်ကြီး၏ နည်းနာနိသျှအတိုင်း မြေဇင်းသမထဝိပဿနာ ၄၅ရက်တရားစခန်းကို ၁၃၇၉ ခုနှစ် ဝါဆိုလပြည့်နေ့ (၈-၇-၂၀၁၇) ရက် (စနေနေ့)တွင် စတင်ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ပါသည်။ တရားစခန်း ဝင်ရောက်လိုသော ရဟန်းရှင်လူများအနေဖြင့် မည်သည့်စရိတ်စကမျှ ပေးဆောင်စရာမလိုဘဲ ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ပါသည်။

ဆက်သွယ်ရန်-
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း၊
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊
ဖုန်း-၀၉-၄၄၃၀၃၅၇၅၇၊ ၀၉-၂၀၃၃၃၄၄၊
၀၉-၇၉၅၃၅၀၆၀၈၊ ၀၉-၂၅၀၆၆၆၂၀၆

ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (D) မှ မောင်ဟိန်းထက်ဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်စာရင်းအရ ဦးမင်းငွေ ၆/သရခ(နိုင်) ၀၈၅၂၁၈ ဖြစ်ပါကြောင်း။ **ဦးမင်းငွေ**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F-2014 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

ODYSSEY
ညကြီးမင်းကြီး အရေးတကြီး လက်မှတ်လိုသူများအတွက် ညသန်းခေါင်အထိ ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များ Odyssey မှာဝယ်လို့ရပါပြီ
09 444888105 , 09 444888106

ကွန်ကရစ် အုတ်ရိုက်စက်
ဒေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဖြန့်(၂)တောင်ဒဂုံ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/9379 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

သဲတောရွာကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲ ပါဝင်ဆင်နွှဲကြပါရန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သဲတောရွာ၊ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်၉း၀၀နာရီတွင် သဲတောအထက ချင်းတွင်းခန်းမ၌စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သဲတော အမကအဆင့်မှ အထကအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများ၊ပညာရည် နို့သောက်စို့ခဲ့ကြသော ကျောင်းသားဟောင်းကြီးများ၊ အဝေးရောက် သဲတောဒေသခံများ၊ နယ်သူနယ်သားများ၊ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းကော်မတီဝင်များအားလုံး ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်ပါဝင်ဆင်နွှဲကြပါရန်။

ဆက်သွယ်ရန် - ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၉-၄၀၂၆၈၄၆၆၅
ဦးဟန်ထွန်း ဖုန်း-၀၉-၂၅၉၈၀၀၇၃၇
ဦးနိုင်ဝင်း ဖုန်း-၀၉-၄၀၁၅၀၃၁၆၁

အထက(သဲတော)
ကျောင်းဖွင့်ပွဲဖြစ်မြောက်ရေးကော်မတီ

ဝသန်ဦးဝါတွင်း(၃)လ ရက်(၁၀၀)တရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မဟာစည်သြဝါဒခံ၊ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝသန်ဦး ဝါတွင်း(၃)လ၊ ရက်(၁၀၀) တရားစခန်းပွဲကို ၁၃၇၉ခုနှစ်၊ဝါဆိုလပြည့်၊ စနေနေ့မှ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်၊ ၈-၇-၂၀၁၇ရက်မှ ၁၃-၁၀-၂၀၁၇ရက် သောကြာနေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်ယောဂီသူတော်စင်များသည် ၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၁၄ရက်၊ ၇-၇-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂း၀၀ နာရီအရောက် ကြွရောက်၍ တရားအားထုတ်နိုင်ပါသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့ ၈-၇-၂၀၁၇ရက် စနေနေ့ တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို သဒ္ဓါတရားပွားများနိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၉-၅၁၂၃၀၀၃၊ ၀၉-၂၅၂၄၅၂၈၇၇၊ ၀၉-၄၄၀၂၂၇၉၅၀

ချာချီးယား
ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ်
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/3567 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇူလိုင်လ ၁၅၊ ၁၆ (၈၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇူလိုင်လ ၁ ရက်တွင် စတင်လက်ခံ၍ ဇူလိုင်လ ၁၅၊ ၁၆ ရက်များတွင် ၈၁-ကြိမ်မြောက် ဦးရေ (၁၀၂၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း၊ အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၈B၊မြေကွက်အမှတ်-၄၆၊မြေကွက်တည်နေရာအမှတ်-၂၃၊ပြည်သူ့ကွက်သစ်-၄လမ်း၊မှန်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဒေါ်မြို့ဝင်း(၁၂/စခန(နိုင်)၀၅၁၇၈၅)၊ဦးကြိုင်ထွန်း(အေအေ-၀၁၉၆၉၅)၊အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ချေအမည်ပေါက်ဦးကြိုင်ထွန်းသည်(၁-၉-၂၀၁၆)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်အေးမြင့်(၁၂/စခန(နိုင်)၀၃၂၃၆၈)မှဦးကြိုင်ထွန်း၏ပိုင်ဆိုင်ခွင့်အရအားဆက်ခံခွင့်ရှိသူတစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း(၇-၆-၂၀၁၇)ရက်စွဲပါကျမ်းကျိန်လွှာ၊သောက်ခံကျမ်းကျိန်လွှာ၊သေစာရင်းတို့တင်ပြ၍ကျမ်းပူးတွဲပိုင်ရှင်ဒေါ်နီနီဝင်းနှင့်အတူပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖော်ပြပါဓာတ်ပုံရှင်အား တွေ့လျှင်အကြောင်းကြားပေးပါရန်

ကျွန်မ မည္တန့်တင်၏အစ်ကို ဦးသောင်းစိန် အသက်(၈၅)နှစ်သည် ၂၅-၂-၂၀၁၆ ရက် နံနက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း ၀၉-၃၁၄၅၈၅၆၁၊ ၀၉-၂၅၄၃၄၄၇၂၇ တို့သို့ ကျေးဇူးပြု၍ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (၈၈-၅၁) ဦးပိုင်အမှတ်(၄၁)၅၇×၅၈လမ်းကြား၊ ရတနာ×မင်္ဂလာလမ်းကြားရှိ ဒေါ်သန်းဝင်း အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးစုမြင့် ၁၃/လရန(နိုင်) ၀၈၁၃၃၅မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
▶ လမ်း(၃၉)ကျပြီး မြေပြင်ပြီး ရန်ကုန်-ပုသိမ်လမ်းအနီး
၉ မိုင်၊ ဟလေ့၊ ဂိုဒေါင်၊ အသေးစားစက်မှု/လက်မှု နေရာကောင်း
(၉) ဧက၊ ဧက ခွဲရောင်းသည်။ 1 Sqft = 3500 Ks
Ph: 09-797920009

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ ဝက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
23
မဆလာ
(ထင်းခတ်အငွေ့အကြိုင်)
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂ ၀၉၇၃၀၀၁၅၆၃၈၊ ၀၉၈၈၆၁၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ်၁၂၆၊မြေကွက်တည်နေရာအမှတ် ၁၂၆၊ ၉၀ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးသန်းတင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးသန်းတင်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးကျော်ကျော် ၅/ပလန(နိုင်)၀၅၃၇၈၉မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားခဲ့ခြင်းအား ကွင်းဆင်းစစ်ဆေးရာတွင် လူမနေ ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ မြေစာရင်းမှတ်ချက်ရှိ ၂-၈-၂၀၀၆တွင် ဦးဘစိန်မှ ဂရန်လျှောက်ထားခြင်းမှတ်ချက်နှင့် ပတ်သက်၍ ဂရန်သစ်လျှောက်ထားသော ဦးဘစိန်ဆိုသူကိုလည်း လုံးဝမသိရှိပါကြောင်း၊ ၎င်းမြေကွက်အား လျှောက်ထားသူမှ ပါမစ်အမည်ပေါက် ဦးသန်းတင်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ၎င်းမြေကွက်နှင့်ပတ်သက်၍ အဆက်အစပ်စာချုပ်များလည်း လက်ဝယ်တွင်ရှိပါကြောင်းနှင့်အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဝန်ခံကတိပြုတင်ပြခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးကျော်ကျော် ၅/ပလန(နိုင်)၀၅၃၇၈၉၏ ပါမစ်မူရင်းတင်ပြ၍ နှစ် ၆၀ မြေငှားဂရန်လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထွန်းတောက်အိမ်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ကန်ထရိုက်တာ ဦးဇော်လင်းဦး ၁၂/သဃက(နိုင်)၀၃၈၆၃၁၊ ဦးဇော်မြင့် ၁၂/သဃက(နိုင်)၁၄၂၉၉၅နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မြင့် ၁၂/ဒပန(နိုင်)၀၁၃၄၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက် ဝါဆို၊ မြေကွက်အမှတ် ၄၃၆၊ အကျယ်အဝန်း (၂၅×၅၀)ပေ၊ နှစ် ၆၀ မြေငှားဂရန် မြေကွက်ပေါ်ရှိ အမှတ်၁၆၊ အောင်တံခွန်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်ပေါ်တွင် ထွန်းတောက်အိမ်မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ နှစ်ခန်းတွဲ ငါးထပ်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်နှင့် ကုမ္ပဏီကန်ထရိုက်တာတို့၏ သဘောတူစာချုပ်ကို ၉-၁၁-၂၀၁၅ ရက်၌ ချုပ်ဆိုခဲ့ကြပါသည်။

သို့သော် ကုမ္ပဏီကန်ထရိုက်တာများသည် ၉-၁၁-၂၀၁၅ ရက်စွဲပါကန်ထရိုက်စာချုပ်၏ပဋိညာဉ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဖောက်ဖျက်/ပျက်ကွက်နေသဖြင့် မြေရှင်မှ အကြိမ်ကြိမ်သွားရောက်၍ ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ဆက်လက်ဆောက်လုပ်ခြင်းမရှိသည့်အတွက် ရှေ့နေမှတစ်ဆင့် ၇-၆-၂၀၁၇ ရက်စွဲပါ နို့တစ်အကြောင်းကြားစာပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားခဲ့ခြင်းမရှိပါ။

သို့ပါ၍ ကုမ္ပဏီကန်ထရိုက်တာများမှ ကန်ထရိုက်စာချုပ်ပါ ပဋိညာဉ်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ဆက်လက်ဖောက်ဖျက်/ပျက်ကွက်နေသည့်အတွက် အဆိုပါကန်ထရိုက်စာချုပ်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်၍ ကန်ထရိုက်ထံမှ ဝယ်ယူထားသည့်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ကန်ထရိုက်နှင့်သာ ဖြေရှင်းကြရန် မြေရှင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မြေရှင်မှ လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကိုလည်း ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီကန်ထရိုက်တာ ဦးဇော်လင်းဦး၊ ဦးဇော်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၃၄၂၀)
အမှတ် ၁၁၁၊ သီဂီလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၉၁၆၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၈၇၊မြေကွက်အမှတ်၉၆၉(ခ)၊မြေကွက်တည်နေရာအမှတ်(၉၆၉/ခ)၊(၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ဦးချစ်ရွှေ (၁၂/ဒဂတ(နိုင်)၀၃၁၆၄၇)အမည်ပေါက်ပါမစ်မြေအား ပါမစ် မြေအမည်ပေါက်ဦးချစ်ရွှေထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဒေါ်နန်းသင်းသင်းဇော်(၁၂/သဃက(နိုင်)၀၅၅၁၃၂)မှ ပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာ၊ပျောက်ကြောင်းကြော်ငြာ၊ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ခြင်းဂရန်သစ်လျှောက်ထားလာပါသဖြင့်ကွင်းဆင်းစစ်ဆေးရာတွင်(၁)ထပ်ပျဉ်ထောင်(၁)လုံးရှိပြီးနေထိုင်သူ ဦးစိုးညွန့်ဖြိုးကျော်အား အစောင့်ထားရှိပါသည်။ အစောင့်ထားရှိခြင်းအတွက်တာဝန်ယူကြောင်းဝန်ခံစာအမှတ်၄၁၁ (၁၇-၅-၂၀၁၇)ဖြင့် ဝန်ခံကတိပြုတင်ပြ၍ ပါမစ်ပျောက်ခြင်း နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထား၊ လာရာတရားဝင်နိုင်လုံသော အထောက်အထား များဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါကလုပ်ထုံး လုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

၁။ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ ရန်ပြေ(၄)လမ်း၊ အမှတ် (၉၉၃/က)တွင် ၁ခန်းတည်း (၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးမြင့်အေး+၁၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်နီလာထွန်း (LC-872)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးရဲကျော်ခေါင် (LS-1045)တို့အား ဤဌာန၏ (၁၄-၁၀-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၂၈၅၂/၂၈၅၁/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၁ခန်းတည်း (၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်နီလာထွန်း (LC-872)အစား လိုင်စင်ရကန်ထရိုက်တာ ဦးမြင့်မိုး (LC-933)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါ ရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၊မြေကွက်အမှတ်-၁၀၅/ခ၊ဧရိယာ(၀.၀၂၅၅)ဧက၊မြေကွက်တည်နေရာအမှတ်-၁၀၅/ခ၊ရတနာပုံလမ်း၊(၁၁)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးဝင်းသန့် (၈/ပခက(နိုင်) ၂၅၃၅၁)၊အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်-ဦးဝင်းသန့်(၈/ပခက(နိုင်) ၂၅၃၅၁)ကိုယ်တိုင်မှဂရန်မူရင်းပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်၊ရဲစခန်းထောက်ခံစာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာတို့ကိုတင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီးဖြစ်၍ဂရန်မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ရာဤဌာနမှအမှတ်တွဲအမှတ်-လသယ/ဂရသ-၂၃၅၇/၁၁အရ(၃.၁၀.၂၀၁၂)ရက်နေ့မှစ၍ထုတ်ပေးခဲ့သည့်မူလဂရန်စာအုပ်အားပယ်ဖျက်သွားမည်ဖြစ်ပါ၍တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက် အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉းအယ်လ်)၊မြေကွက်အမှတ်(၁၈၅)၊မြေကွက်တည်နေရာအမှတ်(၈)၆၄-လမ်း၊(၃)ရပ်ကွက်၊ဗိုလ်တထောင်မြို့နယ်၊ဂေါ်ကင်လျှောင်(ခ)ဦးသာထွန်း(၁၂/ပဇတ(နိုင်)၀၂၇၃၆၂)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဂေါ်ကင်လျှောင်(ခ)ဦးသာထွန်း(ခင်မွန်း)ကွယ်လွန်သဖြင့်တရားဝင်ဇနီးဖြစ်သူ ဒေါ်တီတီ(၁၂/ပဇတ(နိုင်)၀၂၇၃၆၁)မှပိုင်ဆိုင်ခွင့်ရှိပြီး၎င်းထံမှ GPအမှတ်-၄၁၅၁/၂၀၁၇(၃-၅-၂၀၁၇)ရသူဒေါ်နှင်းနွယ်အေး(၁၂/တမန(နိုင်)၀၆၈၅၀၇)မှအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းပုဇွန်တောင်မြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်စဉ်-၅၆၃၁/၂၀၁၇(၁၁-၅-၂၀၁၇)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ပါဝါမရုပ်သိမ်းကြောင်း၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ်စဉ်-၅၆၃၁/၂၀၁၇(၁၁-၅-၂၀၁၇)၊ဦးသာထွန်း(ခ)ဂေါ်ကင်လျှောင်၏သေစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)နမ္မဒါရပ်ကွက်၊ ရွှေနဒီလမ်း၊ အိမ်အမှတ်(၃၁)နေ ဦးကျော်ညွှန့်-(ဒေါ်အေးအေးသန်း)တို့၏သမီး မတင်တင်မိုး ၈/မဘန(နိုင်)၀၆၄၈၈၀သည် မိဘ၊ မောင်နှမတို့၏ စကားကိုနားမထောင်ဘဲ မိဘ၊ မောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးကျော်ညွှန့်
၈/မဘန(နိုင်)၀၃၁၂၅၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၉)ရပ်ကွက်၊ အမှတ် ၃၆၇၊ ပေ(၄၀×၆၀) အမည်ပေါက်ဒေါ်ယဉ်ယဉ်မြင့်၏ ပါမစ်မြေအား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူရန် စရန်ငွေပေးချေထားပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးစိန်မင်း	ဒေါ်ခင်ခင်ကျော်
၁၄/ဖပန(နိုင်)၁၃၄၆၀၈	၁၂/ဗဟန(နိုင်)၀၄၄၃၄၈
အမှတ် ၁၄၇၊ ၁၁၉ ရပ်ကွက်၊	အမှတ် ၆၉၆၊ သင်္ဂဟလမ်း၊
စိန်ပန်းလမ်း၊ ဒဂုံအရှေ့	(၃)ရပ်ကွက်၊ ဒဂုံအရှေ့၊
ဖုန်း-၀၉-၂၅၄၁၁၈၁၁၉	ဖုန်း-၀၉-၇၈၁၄၃၅၄၄၂

လုပ်ငန်းရှင်ကြီးများအတွက် သတင်းကောင်း ...

လုပ်ငန်းရှင်ကြီးများအတွက် လမ်းမကြီးဘေးမေးတင်၊ နေရာကောင်း၊ မြေနေရာအကျယ် (၉) ဧကခန့်ရှိ (ဂရန်မြေ) မြေကွက်အကျယ်ကြီး ရောင်းရန် နေပြည်တော်တွင် ရှိနေပြီ။ ဈေးနှုန်း(ညှိနှိုင်း)

ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၉၇၀၀၇၂၁၁၁၊ ၀၉-၈၃၀၀၄၄၂၊ ၀၉-၄၅၈၀၂၃၆၁၀၊ ၀၉-၉၅၄၅၂၅၆၁၀

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ထွက်ရှိသောထုံးကျောက်များ ဝယ်ယူလိုပါသည်

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၀၇၄၀၀၃

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8518 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

San brotherhood

"စစ်ဆေးစမ်းသပ် (အခမဲ့)"

Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း

အဝတ်လျှော်စက် 200,000Ks | အဝတ်ခြောက်စက် 230,000Ks | အဝတ်လျှော်စက် 135,000Ks | အဝတ်ညှစ်စက် 75,000Ks

1HP 290000Ks

တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373, 09-5084831, 682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101, 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုန္ဒရလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

အင်္ဂလိပ်၊ သင်္ချာ ဆရာ / ဆရာမ အလိုရှိသည်။

အဆောင်တွင်နေ၍ ထိရောက်စွာသင်ကြားပေးနိုင်သော ဆရာ/ဆရာမ များအလိုရှိသည်။

ဆက်သွယ်ရန် : 09-505 5412, 09-965055412, 01-510367

JEWEL HOTEL Yangon

ဂျူးဝဲလ်ဟိုတယ် မှ အထူးသက်သာသော နှုန်းထားများဖြင့် ပြည်တွင်း/ပြည်ပ ဧည့်သည်တော်ကြီးများကို ကြိုဆိုလျက်ရှိပါသည်။

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

နေပြည်တော် ကားမောင်း(အတတ်သင်)သင်တန်း

ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်

Ph:067-421755, 09-73011078, 09-73041277

စက်မီကားမျိုးစုံဖြင့် Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

PUN HLAING SILOAM HOSPITALS

Angiogram
New Price

နှလုံးသွေးကြောကျဉ်းရောဂါကြောင့် အသက်မဆုံးရှုံးစေရ

	OLD PRICE	NEW PRICE
Angiogram -	1,400,000Ks	650,000Ks
Angioplasty (1 Stent) -	6,500,000Ks	4,100,000Ks*

Stent အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိပါသည်

EMERGENCY 24/7 Services 01 68 44 11

facebook Pun Hlaing Siloam Hospitals

09 77 51 51 278

Home Since 1996
think of House, think of Home

မိုးရာသီ Promotion

ရေစိမ်/ရေစိုခံ Vinyl Floor

100% WATER PROOF

အထူးလက်ဆောင်

ကြမ်းခင်း 3 ကျင်း ဝယ်ယူသူတိုင်းအတွက်

Shelf

** Terms & Conditions applied

အမှတ် F.(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အမှတ် (11)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး အင်းစိန်မြို့နယ်၊ ရန်ကုန်။

09-79 700 70 70
09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုဂ္ဂိုလ်) (လားရှိုး) (မြင်းခြံ) မြန်မာတစ်နိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၀)ခုတွင် ဝယ်ယူနိုင်ပါသည်

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/6171 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး၊
(ရန်ကုန်အရှေ့ပိုင်း)

CROWN EDUCATION
YOUR DOOR TO THE FUTURE

မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်

"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ . . .

- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီတက်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်၊ လေယာဉ်မောင်းသင်တန်း(Pilot) တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းတက္ကသိုလ်တွေကို တက်မယ်ဆို ပုဂ္ဂလိကကျောင်း / အစိုးရကျောင်း အရွေးမမှားအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာ ပြင်ဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ

FREE SEMINAR အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

1st July
10:00 am - 12:00 pm
HOTEL Mandalay
(Hnin Si Phyu Room)

ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း (Educational Consultant)
British Council Education UK Agents Certificate Distinction

Call Us : 01 527 838, 09 26000 40 50, 26000 60 50

ACT

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/5926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/1178 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/1451 Nissan Diesel Oil Bowser (6×2) ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုလင်း ၉/မထလ(နိုင်)၂၅၁၅၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွှာသာကြီး)၊ ရန်ကုန်မြို့**

အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၅)၊ အကွက်အမှတ်(၅၃/ပန်အုပ်ရပ်)၊ ဦးပိုင်(၁၀-ဃ^၃)၊ ဧရိယာ ၀ ဒသမ ၁၆၄ကေရှိ မြေဂရန် အမှတ်အမှတ် ၇၆-၅၊ ၉၆-၉၇(A) ဦးဝင်းမြင့် အမည်ပေါက်မြေဖြစ်ပြီး ၂၆-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပြီးဖြစ်၍ ဇနီး ဒေါ်နွဲ့ရှိမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၉-၃-၂၀၁၇ ရက် ပိုင်ငြာစာချုပ်အမှတ် (၈၇I/၂၀၁၇)ဖြင့်လွှဲပြောင်းပိုင်ဆိုင်ပြီး အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လားရှိုးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ်(၆၀) လယ်တော်အနောက်ရပ်၊ ဦးပိုင်အမှတ် (၅၀၆)ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကို ဦးလှင်ဦးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဤဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၃၀၇)၊ မြေကွက်တည်နေရာအမှတ်(၃၀၇)၊ ဒူးယား(၁)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြောက် (ဦးညွန့်တင်၊ AC-၀၄၀၃၃၆) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးညွန့်တင်သည် ၈-၁၂-၂၀၀၆ ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မာတီနာပီတာ ၁၂/သကတ(နိုင်)၀၄၀၃၈၈ က ဇနီးတော်စပ်ကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၅-၁၁-၂၀၁၆ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ်စဉ် ၃၃၂၄/၁၆၊ ထောက်ခံကျမ်းကျိန်လွှာ၊ ခင်ပွန်းသေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး၊ ၂-ထပ်အိမ်ရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၇၄၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/3191 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၆)၊ အကွက်အမှတ် (၃၄/စံကောင်းရပ်)၊ ဦးပိုင် ၅၅၊ ဧရိယာ ၀ ဒသမ ၁၁၅ဧကရှိ မြေဂရန်အမှတ်အမှတ် ၃၂-ဗ္ဗီ/၆၈-၆၉၊ ဦးပေါ်ဦး-ဒေါ်စော အမည်ပေါက်မြေဖြစ်ပြီး မိဘများကွယ်လွန်သွားပြီဖြစ်၍ အမေတူ၊ အဖေကွဲမောင်နှမများဖြစ်သူ ဦးမြင့်ဆွေနှင့် ဒေါ်ခိုင်ခိုင်ဦးတို့မှ ၂၅-၁-၂၀၁၇ ရက် ပိုင်ငြာစာချုပ်အမှတ် ၈၉ I/၂၀၁၇ ဖြင့် လွှဲပြောင်းပိုင်ဆိုင်ပြီး၊ ဦးမြင့်ဆွေမှ မြေကွက်မြောက်ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၀၅၇ အား စွန့်လွှတ်စာချုပ်အမှတ် ၉၁I/၂၀၁၇ ဖြင့် လည်းကောင်း၊ ဒေါ်ခိုင်ခိုင်ဦးမှ မြေကွက်တောင်ဘက်ခြမ်းဧရိယာ ၀ ဒသမ ၀၅၈ ဧကအား စွန့်လွှတ်စာချုပ်အမှတ် ၉၀I/၂၀၁၇ ဖြင့်လည်းကောင်း အသီးသီးပိုင်ဆိုင်မှုခွဲဝေပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရာက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အများသိစေရန်ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ မင်းလမ်း၊ အမှတ် ၈၃ နေ ဦးမိုးမိုးဇော် ၇/ပခန(နိုင်)၀၀၄၂၅၄ ၏ဇနီး ဒေါ်ထွေးမွန်ပိုက်(ဘ)ဦးစိုးသိန်း ၇/ပခန(နိုင်)၁၇၀၉၉၅ သည် ခင်ပွန်း ဦးမိုးမိုးဇော်အား စိတ်ထိခိုက်စေအောင်ပြုလုပ်ခဲ့ပြီး ၂၀-၆-၂၀၁၇ ရက်တွင်အတွင်းပစ္စည်းနှင့် အိမ်ထောင်ပရိဘောဂများအားလုံးယူဆောင်၍ သားသမီးနှစ်ဦးနှင့်အတူ နေအိမ်မှ မိမိသဘောအလျောက် ဆင်းသွားပါသည်။ သို့ဖြစ်၍ ယနေ့မှစ၍ ဦးမိုးမိုးဇော်မှ ဒေါ်ထွေးမွန်ပိုက်နှင့် သားသမီးနှစ်ဦး၏ အရှုပ်အရှင်းပြဿနာအားလုံးကို ဖြေရှင်းပေးမည်မဟုတ်ပါ။ ၎င်းတို့ သုံးဦးနှင့် ဦးမိုးမိုးဇော်သည် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမိုးမိုးဇော် ၇/ပခန(နိုင်)၀၀၄၂၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် -၉၄၄/A^a၊ မြေကွက်တည်နေရာ အမှတ်(၉၄၄/A^a)၊ သရေခေတ္တရာ (၂၀)လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ပါမစ်မြေ အမည်ပေါက် မသာရန် (S/OKA-၀၁၉၃၀၃) ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဧရိယာ (၂၀'×၆၀') အား ဝယ်ယူထားသူ ဦးကျော်သူရဝင်း (၁၂/ဥကတ(နိုင်)၁၃၆၅၄၆) မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင် ဝန်ခံကတိ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်မူးမွှင့်အောင် ရှေ့မှောက်၌ လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ (၁၅၂၂၈/၂၈.၉.၁၆) တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ဧရိယာ (၁၉'×၆၀')ရှိပြီး (လျှောက်ထားသူမှလည်း အဆိုပါဧရိယာအတိုင်း သိရှိသဘောတူကြောင်း ဝန်ခံကတိပြု) တစ်ထပ်တိုက်တွင် ကိုယ်တိုင်နေထိုင်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါ လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၀ဗ-၃၊ ဦးပိုင်အမှတ် ၇၊ ၄၆×၄၇၊ နှင်းဆီ×မြတ်လေးကြားရှိ ဦးဇော်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်မြင့်ထူး ၉/မရတ(နိုင်)၀၃၄၂၅၇ မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှတ်ခွဲဖွင့်လုစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၂၂+၃၂၃+၃၂၄၊ ဦးပိုင်အမှတ် ၂၀+၂၁၊ စိန်ပန်းလမ်းမကြီးနှင့် မြို့ပတ်ကမ်းနားလမ်းကြား၊ ၃၅ လမ်းနှင့် တာရိန်လမ်းကြားရှိ ဒေါ်ဟဝါဘီ အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးစိန်၊ မိခင် ဒေါ်ဟဝါဘီတို့အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၈၆၈/၂၀၁၅ ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်သည့် ဒေါ်ခင်ညွန့် ၅/မရန(နိုင်)၀၁၄၉၆၈၊ ဦးအေး ၉/မနတ(နိုင်)၀၆၆၃၂၇၊ ဦးထွေး ၉/မနတ(နိုင်)၀၆၆၃၂၈၊ ဦးမောင်မောင်လေး ၉/မနတ(နိုင်)၀၆၆၃၂၉၊ ဒေါ်ခင်မာကြည် ၉/မနတ(နိုင်)၀၆၆၃၃၀နှင့် ဦးတင်ဌေး ၉/မနတ(နိုင်)၀၆၆၃၃၁ တို့မှာ ဂရန်စာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှတ်ခွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၊ မြေကွက်အမှတ် ၁၇၀/ခ၊ မြေကွက်တည်နေရာအမှတ် ၁၇၀/ခ၊ ဇေယျာ ၇ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးဌေးအောင် ၁၂/တမန(နိုင်)၀၄၉၁၀၈၊ ဦးသန်းအောင် ၁၂/ဗတထ(နိုင်)၀၀၉၅၄၂၊ ဒေါ်ရင်ရင်မြင့် ၁၂/ဥကတ(နိုင်)၀၈၅၇၁၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်ရင်မြင့် (အပိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်နှစ်ဦးဖြစ်သူ ဦးဌေးအောင် ၁၂/တမန(နိုင်)၀၄၉၁၀၈၊ ဦးသန်းအောင် ၁၂/ဗတထ(နိုင်)၀၀၉၅၄၂တို့က အစ်ကိုများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ ရှေ့မှောက်တွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ် ၅၆၃၅(၂၀-၄-၂၀၁၇) ဂရန်မူရင်းနှင့် သေစာရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်တွင် လျှောက်ထားသူ ဦးသန်းအောင် ကိုယ်တိုင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ပါ၍ ဦးဌေးအောင် ၁၂/တမန(နိုင်)၀၄၉၁၀၈၊ ဦးသန်းအောင် ၁၂/ဗတထ(နိုင်)၀၀၉၅၄၂ တို့မှ အရောင်းအဝယ်စာချုပ်ရန်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၀)၊ ဦးပိုင်အမှတ်(၈၅၊ ၈၆၊ ၁၀၈၊ ၁၆၁)၈၁လမ်း၊ ၃၆×၃၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးလှသင်းနှင့် ဒေါ်အေးအေးရီတို့ (၂)ဦးအနက် ဒေါ်အေးအေးရီ (ဘ) ဦးအိုက်ရီ ၁၃/နမတ(နိုင်)၀၂၅၀၆၂၊ NTU-၁၂၈၇၄၈ သည် CHWIN YI(ဘ) ဦးတိန်ရှုချိန် ၁၃/နဆန(ပြု)၀၀၀၀၅၂ နှင့် တစ်ဦးတည်းဖြစ်ကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မဟာအောင်မြေမြို့နယ်ဦးစီးမှူးရုံး၏ ထောက်ခံချက်တင်ပြ၍ မြေရာဇဝင် ၁(က) စာရင်းတွင် ဦးလှသင်း၊ ဒေါ်အေးအေးရီ အမည်ပေါက်မှ ဦးလှသင်း၊ CHWIN YI အမည်သို့ ပြင်ဆင်မှတ်သားပေးပါရန်နှင့် ဘိုးဘပိုင် သားရေစာအုပ်ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သည့် ကျောက်ရှယ်စုံ၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန်	- ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့)(ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	- လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊မိတ္ထီလာခရိုင်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်	- ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
၀၆၄-၂၃၀၈၇

သမဝါယမကောလိပ်(ဖောင်ကြီး) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ လှည်းကူးမြို့နယ်၊ သမဝါယမကောလိပ်(ဖောင်ကြီး)အတွက် (၁၆)ခန်းပါ (၂)ထပ် ဆရာမ အိပ်ဆောင်(ခြံစည်းရိုးအပါ) (၁၄၀' × ၄၀' × ၂၅')တစ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **လုပ်ငန်းအမျိုးအစား**	- (၁၆)ခန်းပါ (၂)ထပ် ဆရာမများ အိပ်ဆောင်(ခြံစည်းရိုးအပါ) (၁၄၀' ×၄၀' ×၂၅') တစ်ဆောင် ဆောက်လုပ်ခြင်း
(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်**	- ၂၈-၆-၂၀၁၇ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်**	- ၂၇-၇-၂၀၁၇ရက် ညနေ ၄နာရီတိတိ
(ဃ) **တင်ဒါလျှောက်လွှာ ထုတ်ယူရမည့်နေရာ**	- သမဝါယမကောလိပ်(ဖောင်ကြီး)

၂။ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း သမဝါယမကောလိပ်(ဖောင်ကြီး)ဖုန်း-၀၁-၆၂၆၂၇၄နှင့် ၀၁-၆၂၆၀၇၄တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဂန္ထဝင်တေးသံ အဆိုတော်ကြီး
ဦးအံ့ကြီး (ပြင်ဦးလွင်)
(ဘီတီဘရားသား)
အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၀နေ ဦးအံ့ကြီး (ပြင်ဦးလွင်) (ဘီတီဘရားသား)သည် ၂၃-၆-၂၀၁၇ ရက် (သောကြာနေ့) ည ၉း၂၅ နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

Forever Group မိသားစု၊ MRTV-4, Channel 7, Mandalay FM, Teen Radio

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယ ဗိုလ်မှူးကြီး လဘန်လ(ငြိမ်း)
အသက် (၈၇)နှစ်

ဦးသိန်းထွန်းအောင် - ဒေါက်တာ လဘန်ခွန် (ပါမောက္ခ / ဌာနမှူး ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး) တို့၏ ဖခင်သည် (၂၃-၀၆-၂၀၁၇)၊ နံနက် (၅)နာရီ (၂၀) မိနစ်တွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ နှမြောတသ ဝမ်းနည်း ကြေကွဲရပါကြောင်း။

Forever Group မိသားစု၊ MRTV-4, Channel 7, Mandalay FM, Teen Radio

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်လှစိန်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၃)ပုဇွန်တောင်
အထက်တန်းပြ(ငြိမ်း)၊ အထက(၁)ကမာရွတ်၊ အထက(၁)ပုဇွန်တောင်
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၂၀၊ မြေညီထပ်နေ (ဦးဘရွှေ-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးတင်ညို)၏ဇနီး၊ ဒေါက်တာအောင်မင်း-ဒေါက်တာအေးအေးလှ(ဦးသိန်းဆွေ-ဒေါ်ခင်ညိုလေး)၊ ဦးအောင်ဘော်၊ ဦးအောင်သန်း-ဒေါ်စန်းလေး၊ ဦးခင်မောင်မောင်-မအေးအေးသန်း၊ ဒေါ်ခင်မညို၊ ဦးစိုးလွင်ဦး-ဒေါ်အေးအေးသန့်၊ ဒေါ်အေးထွေးညိုတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၄-၆-၂၀၁၇ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် နံနက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၇ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6B/6628 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာဦး ၉/မကန(နိုင်)၀၇၉၈၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

(၁၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း ဒေါက်တာရဲအောင် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) အခြေခံပညာဦးစီးဌာန

မိသားစုအပေါ်တွင် ကျေးဇူးကြီးမားလှသော ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၂၈-၆-၂၀၁၇ ရက်တွင် (၁၁)နှစ်ပြည့်ပြီ ဖြစ်ပါသည်။

ဖေဖေအတွက် ရည်စူးကာ မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များက ရောက်ရှိခဲ့သော နေရာဒေသများတွင် မပြတ်ပြုခဲ့သည့် ဒါန၊ သီလ၊ ဘာဝနာနှင့် ဝိပဿနာ ကုသိုလ်အစုစုကို ဖေဖေ ရရှိခံစားနိုင်ပါစေ။

ယခုကဲ့သို့ နှစ်ပတ်လည်ကာလရောက်ရှိတိုင်း ပြုမြဲဖြစ်သည့် ကောင်းမှုကုသိုလ်များနှင့် ၂၈-၆-၂၀၁၇ ရက်တွင် မိသားစုစုံညီစွာပြုခဲ့သော ကောင်းမှုကုသိုလ်အပါအဝင် ပြုခဲ့သောကုသိုလ်အစုစုတို့အတွက် ကောင်းမြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆို၍ ရောက်ရှိနေသောဘုံဘဝမှတစ်ဆင့် ဆင်းရဲဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ဘုံနန်းသို့ရောက်သည့်တိုင်အောင် အဆင့်ဆင့် မြင့်သထက်မြင့်စွာ တက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှဝေအပ်ပါသည်။

မြင့်မြတ်သောဘုံဘဝမှ ဖေဖေ သာဓုခေါ်နိုင်ပါစေ -

ချစ်ဇနီး	။	**ဒေါ်ခင်ဝင်းအောင်(အငြိမ်းစား)ကျောင်းအုပ်ဆရာမကြီး လေ့ကျင့်ရေးကျောင်း၊ ပညာရေးတက္ကသိုလ်(ရန်ကုန်)**	
ချစ်သား၊ သမီးများနှင့်	။	**သားကြီး**	**- ဦးသိန်းထွန်းအောင်နှင့် ဒေါက်တာလဘန်ခွန်**
မြေး၊ မြစ်များ	။	**မြေး**	**- ခွန်မိုင်အောင်နှင့် မျိုးမင်းဇော်၊ ထွယ်ဘူအောင်**
		မြစ်	**- သန့်သုတထွန်း၊ ဆိုင်းထွယ်ပန်**
		သားငယ်	**- ဦးဇော်ထွန်းအောင်နှင့် ဒေါ်ဝါဝါမြတ်**
		မြေး	**- မြတ်သဇင်အောင်၊ ဟိန်းမြတ်ဇော်**

ဦးမျိုးမင်း (မုံရွာ) အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်၇၇၊ ငါးလွှာ(ခေါင်းရင်းခန်း)နေ (မုံရွာဦးလေးခန့်-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးလှမြတ်စိုး-ဒေါ်လှလှချိန်)တို့၏သားသမက်၊ ဦးခန့်ကျော်သူ-ဒေါ်မြတ်မော်၊ ဦးမျိုးတင့်၊ ဒေါ်စန်းစန်းတင့်-ဦးဉာဏ်လင်း၊ ဦးအောင်သူ-ဒေါ်ခင်မိမိ၊ ဒေါ်သန်းသန်းဥ၊ ဒေါ်လှလှမြင့်၊ ဦးဂုဏ်ရောင်တို့၏ညီ၊ အစ်ကို၊ ဒေါက်တာစန္ဒီမာလာ၏ခင်ပွန်း၊ ဦးနိုင်လင်းဇော်(တရားလွှတ်တော်ရှေ့နေ၊ Herzfeld Rubin Meyer and Rose Law Firm Ltd)-ဒေါ်နှင်းအေးမွန်(Engineer, Authentic Group of Companies)၊ ဒေါ်နီလာစိုးသူတို့၏ဖခင်၊ မောင်အောင်ဟိန်းခန့်၏အဘိုး၊ ဇင်သူသူအောင်၊ မင်းသူရိန်အောင်၊ ရန်နိုင်အောင်တို့၏ဦးလေးသည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဒေါက်တာမောင်မောင်နိုင် (မြိတ်) အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအင်တိတ်-ဒေါ်ဂင်စိန်)တို့၏သား၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)၊ မင်္ဂလာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ (ဒေါက်တာဦးကျော်စိန်)-ဒေါက်တာဒေါ်ခင်ကြည်တို့၏သားသမက်၊ [ဒေါ်ခင်သန်းဝင်း(ခ)တူးတူး]၏ခင်ပွန်း၊ (ဒေါ်စုစု)-ဦးနိုင်ထွန်းဝင်းတို့၏မောင်၊ ဒေါ်မိုးမိုး၊ ဒေါက်တာအေးအေးမြင့်၊ (ဦးမျိုးနိုင်)၊ ဦးဝင်းနိုင်၊ (ဦးအောင်နိုင်)၊ ဒေါ်မီမီထွေး-ဦးစိုးမြင့်နိုင်၊ ဒေါ်ယဉ်ယဉ်ထွေး-ဒေါက်တာချမ်းငြိမ်းတို့၏အစ်ကို၊ ကိုလင်းနိုင်တိုး၊ ကိုဇေယျာဖြိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်မြင့်ကိုနိုင်၊ မအင်ကြင်းခိုင်တို့၏ဘကြီးသည် ၂၅-၆-၂၀၁၇ ရက်ညနေ ၆း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (ရန်ကင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဒေါက်တာမောင်မောင်နိုင် (မြိတ်) အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)၊ မင်္ဂလာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ (ဒေါက်တာဦးကျော်စိန်)-ဒေါက်တာဒေါ်ခင်ကြည်တို့၏သားသမက်၊ [ဒေါ်ခင်သန်းဝင်း(ခ)တူးတူး]၏ခင်ပွန်း၊ ဒေါက်တာကျော်ခိုင်-ဒေါက်တာဝင်းဝင်း၊ ဒေါက်တာRoland Jureen-ဒေါက်တာစံပယ်ဖြူ၊ Captain ဦးသိန်းအင်-ဒေါ်စံပယ်ခိုင်တို့၏အစ်ကို၊ ဒေါက်တာကေသွယ်ခိုင်၊ မခိုင်ခိုင်ဇင်တို့၏ဘကြီးသည် ၂၅-၆-၂၀၁၇ ရက် ညနေ ၆း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အမည်မှန်

သထုံမြို့၊ အထက(ညောင်ချောင်း) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဘိုထွန်း၏ အမည်မှန်မှာ မောင်ဘိုဘိုထွန်း ၁၀/သထန(နိုင်)၂၇၀၉၉၄ ဖြစ်ပါကြောင်း။ **မောင်ဘိုဘိုထွန်း**

ဖခင်အမည်မှန်

သထုံမြို့၊ အထက(သိမ်ဆိပ်) အဌမ တန်း(C)မှ မနန်းပွင့်သဇင်ဦး၏ ဖခင် အမည်မှန်မှာ ဦးအောင်မြိုင် ၁၀/သထန(နိုင်)၁၂၀၉၄၄ ဖြစ်ပါကြောင်း။ **ဦးအောင်မြိုင်**

ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မခင်လှဲ့လှဲ့ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၈/မဘန (နိုင်)၁၃၃၅၄၉ ဖြစ်ပါကြောင်း။ **ဦးမောင်ဝင်း**

ဦးသိန်းတန် (ကျောက်ဆည်)
B.Sc. Engg (Textile)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုထွေ/ထိန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
အသက်(၈၂)နှစ်

(ဦးမောင်မောင်-ဒေါ်မှင်)တို့၏သား၊ (ဦးဘိုကြီး-ဒေါ်တင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် Golden City, Block-3, Room No-0704 နေ ဒေါ်တင်တင်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ညွှန့်ညွှန့်)၏မောင်၊ (ဦးသန်းထိုက်)၏အစ်ကို၊ ဦးတင်မောင်လတ်-ဒေါ်စုစုသိန်း၊ ဦးသိန်းအေး(C/E Uniteam Marine)-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်ကျော်ဟန်-ဒေါ်မိုမိုသိန်းတန်၊ ဦးခင်ဇော်(ဒုတိယညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်မီမီသိန်းတန် (အထွေထွေမန်နေဂျာ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)တို့၏ဖခင်၊ ကိုစိုင်းမွေခေါင်-မတင်စုလတ်၊ ကိုတာရာတိုး(3/E Uniteam Marine)-မယဉ်စုလတ်၊ မောင်ရဲကျော်အောင်(Uniteam Marine)၊ မောင်ဟိန်းပြည့်အောင်တို့၏အဘိုး၊ မောင်မင်းသန့်တိုး၏ဘိုးဘိုးကြီးသည် ၂၆-၆-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသိန်းတန် (ကျောက်ဆည်)
B.Sc. Engg (Textile)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုထွေ/ထိန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် Golden City, Block-3, Room No-0704 နေ ဒေါ်တင်တင်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်လွင် [ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း]-ဒေါ်ခင်ဝင်းကြည်၊ စင်ကာပူနိုင်ငံနေ ဦးမြင့်ဦး (Construction Coordinator Mechanical-FPSO)(MODEC)-ဒေါ်မိမိဆွေတို့၏အစ်ကို၊ ဦးခင်မောင်ကြည်-ဒေါ်စန္ဒာဝင်း၊ ဦးဇော်မင်းလွင်(ကိုဇော်လွင် ကားအလိုင်းမင်း)-ဒေါ်ရီရီနိုင်၊ ဒေါ်ဥမ္မာလွင်၊ ဦးဇော်ဝင်းလွင် (ကိုဇော်ကြီး ကားအလိုင်းမင်း) - ဒေါ်ယုယုစိုး၊ Mr. Loo Yew Chin - မဣန္ဒာမြင့်ဦး (Singapore), Mr.Tan Khoon Siang-မစိမ်းလဲ့လဲ့မြင့်ဦး(Singapore)၊ ကိုသိန်းထိုက်ဦး - Lee Soo Zhen (Singapore) တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
နှိုင်လွယ်ရွှေကျောင်းအီဆောင်(ခ)ဒေါ်ခမ်းစိန်
အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်လမ်းသွယ် (၂)၊ အမှတ် ၁၄ နေ (ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း)၏ဇနီး၊ ဦးစိုင်းကျော်ထွန်းနိုင်(ခ)ဦးအိုက်ရီ-ဒေါ်ရီရီတို့၏မိခင်သည် ၂၄-၆-၂၀၁၇ ရက် (စနေနေ့) နံနက် ၆း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MD နှင့် ဝန်ထမ်းများ
New Day Energy Co.,Ltd.

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှကျင် အသက်(၆၃)နှစ်
ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာ၊ ကန်ဘဲ့ကျေးရွာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ အမှတ် ၁၄၄(လေးလွှာ)နေ (ဦးဖိုးချို)-ဒေါ်ကျင်လေးတို့၏သမီး၊ (ဦးနိုင်-ဒေါ်ဘိ)တို့၏သမီးချွေးမ၊ ဦးသန်းမြင့်(Marine Engineer)၏ဇနီး၊ ကိုကျော်မျိုးဇင်-မကေခိုင်ကျော်၊ မစိမ်းစန္ဒာတို့၏မိခင်သည် ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၇ ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဝေမာတင့်ဝေ
အသက်(၅၂)နှစ်

ဗိုလ်မှူးဇော်ထွဋ်မင်း(ငြိမ်း) (Holly Hotel)၏ ချစ်လှစွာသောဇနီး ဒေါ်ဝေမာတင့်ဝေသည် ၂၆-၆-၂၀၁၇ရက် ညနေ ၅း၂၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ
သူငယ်ချင်းမိသားစုများ

မသိင်္ဂီမော်
အသက်(၂၈)နှစ်

ကျိုင်းတုံမြို့နေ ဦးရဲညွှန့်-ဒေါ်ခင်ခင်ထွေးတို့၏သမီး၊ မအေးအေးအောင်၊ မအိအိမြတ်၊ မောင်ကျော်လွင်သော်တို့၏ညီမသည် ၇-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၇ရက်တွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘလှိုင်
(ရဲတပ်ကြပ်ကြီး၊ ငြိမ်း)
ဗဟိုဝန်ထမ်းတက္ကသိုလ်
ဖောင်ကြီး(အောက်မြန်မာပြည်)
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ရပ်ကွက်ကြီး(၂)၊ ကံ့ကော်လမ်း၊ အမှတ်(၃၆/၂)နေ (ဒေါ်ခင်ဝင်း)၏ခင်ပွန်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်နေ ဦးမြအေး-ဒေါ်သောင်းရွှေတို့၏ညီ/မောင်၊ ဒေါ်ဥမ္မာချို၊ ရဲမှူးကျော်ဝင်းလှိုင် [ဒုတိယတပ်ဖွဲ့ခွဲမှူး၊ အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ပုလိပ်]-ဒေါ်ခင်ငုဝါစိုး၊ ဒုရဲမှူးဟန်ဝင်းလှိုင် [တပ်ဖွဲ့စုမှူး၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ၊ (ဝမ်းပုံ) တာချီလိတ်] - ဒေါ်အိမ့်ဇော်၊ ဒေါ်သဇင်လှိုင်(နည်းပြ၊ ဗဝတ၊ အောက်မြန်မာပြည်)၊ ဦးနေမျိုးလှိုင်(ဌာနစုမှူး၊ ဗဝတ၊ အောက်မြန်မာပြည်)-ဒေါ်မေမော်ခိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန)တို့၏ဖခင်၊ မောင်ပြည့်ဖြိုးစံ၊ မောင်ဖြိုးပြည့်စုံ၊ မခင်မဒီဟန်၊ မောင်အောင်ဖုန်းမြတ်မော်တို့၏အဘိုးသည် ၂၄-၆-၂၀၁၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ဘုရားကုန်းသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စင်သီယာ
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၈၃၊ မြေညီ(A)နေ (ဦးLကော်ကပ်-ဒေါ်ဂျွန်စဖင်း)တို့၏သမီး၊ (ဦးမြင့်အေး)၏ဇနီး၊ ဦးမျိုးမင်း-ဒေါ်ရီရီမြင့်၊ (ဦးမျိုးချိန်)-ဒေါ်တင်ဇာလွင်၊ (ဦးကျော်ကျော်လတ်)၊ ဦးမျိုးမောင်မောင် - ဒေါ်မီမီလွင်တို့၏ချစ်လှစွာသောမိခင်၊ မောင်မျိုးပြည့်ကို၊ မောင်အေးမင်းကို၊ မဆုရွှေရည်မောင်တို့၏အဘွားသည် ၂၇-၆-၂၀၁၇ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်စောမြ
အသက်(၁၀၀)

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊(၃)ရပ်ကွက်၊ ဗန္ဓုလလမ်းနေ ဦးမောင်မောင်ကြီး-ဒေါ်သင်းသင်း၊ ဦးစိုးမြင့်-ဒေါ်ယဉ်နု၊ ဒုတိယဗိုလ်မှူးကြီး ကြီးမြင့်(ငြိမ်း) - ဒေါ်စိန်စိန်မြင့်တို့၏ မိခင်သည် ၂၆-၆-၂၀၁၇ရက် ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောမြ
အသက်(၁၀၀)

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ကြီးမြင့်(ငြိမ်း)-ဒေါ်စိန်စိန်မြင့်တို့၏မိခင် ဒေါ်စောမြသည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၄၅နာရီတွင် လေးမျက်နှာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)မှ
သူငယ်ချင်း မိသားစုများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မြမေ (Amy Lim) အသက်(၈၇)နှစ်
ရုံးအဖွဲ့မှူး(ငြိမ်း)၊ လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ဝန်ကြီးများရုံး

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၇၄/၇၆၊ အခန်း ၄၉နေ (ဦးတင်ကြိုင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးသာခင်-ဒေါ်စော)တို့၏သမီးချွေးမ၊ ဦးတင်ညိမ်း၏ချစ်လှစွာသောဇနီး၊ Capt:ဦးခင်မောင်အေး-ဒေါ်ညိုညိုအောင်၊ ဦးခင်မောင်လတ် (အင်ဂျင်နီယာမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်ခင်ခင်စီ၊ Rev. ဦးအုန်းမြင့်-နော်လွယ်ဝါး၊ ဒေါက်တာဒေါ်မြ မြသွယ်(ပါမောက္ခ-ငြိမ်း၊ ပင်လုံတက္ကသိုလ်)၊ (ဦးမောင်မောင်)၊ ဒေါက်တာဇော်လွင်-ဒေါက်တာယုဂျိနီးဖြူအေးသွင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) ည ၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်ခင်
အထက(၃)တာမွေ ကျောင်းသားဟောင်း
(လမ်းသုတေသန၊ ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အမှတ် ၂၈၅နေ [ဦးမောင်မောင် (မြေစမ်းသုတေသန)-ဒေါ်ဘီနာ]တို့၏သား၊ ဒေါ်တင်တင်လွင်(မြေစမ်းသုတေသန၊ ငြိမ်း)၏မောင်၊ (ဦးမြင့်အောင်)-ဒေါ်ညွှန့်၊ ဒေါ်တင်တင်လတ်(တရားလွှတ်တော်ရှေ့နေ)၊ (ဦးမောင်မောင်လတ်)-ဒေါ်သူ၊ ဒေါ်တင်တင်ထွေး(Research Innovation)၊ ဒေါ်ခင်အေးကြွယ်(ဗိုလ်တထောင်မြို့နယ်စီမံကိန်းရုံး)၊ ဒေါ်သီတာ(ဒဂုံဆိပ်ကမ်းမြို့နယ် ဗဟိုစာရင်းအင်းအဖွဲ့)တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမောင်နှမများ

ကျေးဇူးတင်လွှာ
မြတ်သီဟဇော်(ခ) JIM
MISY Year 5
အသက်(၁၀)နှစ်

သားသားလေး၏ နောက်ဆုံးခရီးကို အဆင်ပြေ ချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းနှစ်သိမ့်အားပေးကူညီ လိုက်လံပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းမိဘများနှင့်သူငယ်ချင်းများ၊ MISY မှ ဆရာ/ဆရာမများ၊ ဖုန်း၊ အီးမေးလ်၊ မက်ဆေ့ချ်တို့ဖြင့် ဆက်သွယ်သတင်းမေး အားပေးနှစ်သိမ့်ကြပါသော ပြည်တွင်း၊ ပြည်ပ ဆွေမျိုးမိတ်သင်္ဂဟများ၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများဖြင့် အားပေးနှစ်သိမ့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

သားသားလေး ကုသိုလ်ရအောင် သားသားလေးရဲ့ တစ်ပတ်ပြည့်အလှူ ၂၉-၆-၂၀၁၇ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၃(က)သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဒေါ်နီနီသန်း (ကျောက်ဖြူ)
ဒု-ကြီးကြပ်ရေးမှူး(စာတိုက်စစ်)
မြန်မာ့စာတိုက်လုပ်ငန်း
အသက်(၅၅)နှစ်

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ရုံးတက်လမ်း၊ အမှတ် ၂၆နေ (ဦးဘကျော်-ဒေါ်သိန်းမေ)တို့၏မြေး၊ (ဦးခင်မောင်သန်း)-ဒေါ်အုံးရီတို့၏ ချစ်လှစွာသောသမီး၊ ဒေါ်မေရီသန်း၊ (ဦးထွန်းသန်း)၊ ဒေါ်တင်တင်သန်း(ဒု-ကြီးမှူး၊ ငြိမ်း)တို့၏ညီမ၊ [မောင်ထွန်းဇော်(ခ) မောင်ပု]၏အစ်မ၊ မမေစိုးအေး (Electrical Engineer, Singapore)၊ မောင်စိုးပြည့်နိုင် (MD, Top Toe Construction Co.,Ltd)တို့၏အဒေါ်သည် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကျောက်ဖြူမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှမင်း (ကိုကြီး)
CDC-6136
GEWIN Co.Ltd
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်၊ ရွာမရပ်ကွက်၊ အမှတ် ၂၊ သီလလမ်းနေ (ဦးမောင်ကြီး-ဒေါ်ညွှန့်ညွှန့်)တို့၏ ချစ်လှစွာသောသား၊ ဒေါ်ချိုချို၊ ဒေါ်အေးမြင့်၊(ဒေါ်အေးနွဲ့)၊ဒေါ်တင်တင်အေး၊ ဒေါ်မြမြအေးတို့၏မောင်၊ ဦးလှဌေး(ဒေါ်ခင်ခင်စိုး)၊ဒေါ်နန်းစပယ်တို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ထား (ပွဲန်တန်ဆာမြို့)
အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပွဲန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်နေ (ဦးဘိုးကျော်-ဒေါ်ဘုမ)တို့၏သမီး၊ (ဦးအုန်းခင်-ဒေါ်သိန်းမြိုင်)တို့၏သမီးချွေးမ၊ (ဦးဘသိန်း)၏ဇနီး၊ ဦးထိန်စိုး-ဒေါ်ယဉ်ယဉ်သိန်း(ခေတ္တ-U.S.A)၊ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်အောင်ခင်စိုး(ငြိမ်း)-ဒေါ်နီလာတင်အေး၊ ဦးအောင်မြတ်ထွဋ်(ဒု-ညွှန်ကြားရေးမှူး၊ ရေနံသယ်/ဖြန့်ဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်သင်းသင်းမော်၊ (ဗိုလ်ကြီးအောင်ဆွေသိန်း) - ဒေါ်ယဉ်ယဉ်ကြွယ် (အလပြ၊ ငြိမ်း၊ ဒဂုံ-၁)၊ (ဒု-ဗိုလ်အောင်ဆန်းယု)၊ ဦးအောင်ထင်ကျော်-ဒေါ်မြမြအေး(သဇင်မြိုင်စတိုး)၊ ဗိုလ်မှူးအောင်ခင်ဇော်(ငြိမ်း)-ဒေါက်တာခင်မာလာ(မြို့နယ်ကုသရေးဦးစီးမှူး၊ ပျော်ဘွယ်မြို့)၊ ဦးဆန်းအောင်-ဒေါ်တင်တင်မိုးတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပွဲန်တန်ဆာမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်အောင် (B.A., B.L)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
ရှေ့နေချုပ်ရုံး၊ တရားရုံးချုပ်ရှေ့နေ
အကြံပေးအရာရှိ(ငြိမ်း)၊ (နိုတြီပဗ္ဗလစ်)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၇)၊ တိုက် ၂၅၅၊ အခန်း ၁၉နေ ဒေါ်ကြည်ကြည်အောင်(ခ)ဒေါ်ကျင်ကြည်(ကျောင်းအုပ်၊ ငြိမ်း၊ အထက-၄၊ တောင်ဥက္ကလာပ)၏ခင်ပွန်း၊ Capt နိုင်အောင်(Fairway Maritime Co.,Ltd)-ဒေါ်အေးအေးဝင်း၊ Capt ရဲအောင်(Fairway Maritime Co.,Ltd)-ဒေါ်တင်မာစိုးတို့၏ဖခင်၊ မောင်ထက်အာကာ၊ မောင်နိုင်ထွန်းအောင်၊ မချောစုသော်တာ၊ မောင်သက်ထွန်းအောင်၊ မောင်ဟိန်းထက်စံတို့၏အဘိုးသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့)ည ၇နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဆရာကြီး ဦးဉာဏ်ထွန်း (သန်လျင်)
အမက(မူလွန်)၊ ရေနံ(ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်လမ်း၊ အမှတ် ၃၁နေ ဘန္တဒ္ဒဉာဏိန္ဒ (ဗလအားမာန် ငါးတန်လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၊ သန်လျင်)၏ဖခမည်းတော်၊ (ဦးအုန်းလှိုင်-ဒေါ်သိန်းရှင်)တို့၏သား၊ (ဦးမြမောင်-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဒေါ်သန်းမြင့်(မြို့နယ်ထွေအုပ်၊ ငြိမ်း၊ သန်လျင်)၏ခင်ပွန်း၊ ဒေါ်ရှင်ရှင်ခိုင်၊ ဒေါ်ဆွေဆွေသန်း၊ ဒေါ်ဝင်းဝင်းပြုံး(အထက-၄၊ သန်လျင်)၊ ဒေါ်မြမြထွေး(မြို့နယ်ထွေအုပ်၊ သန်လျင်)တို့၏ချစ်လှစွာသောဖခင်သည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါက်တာဦးခင်မောင်ဝင်း (ပုသိမ်)
အသက်(၇၅)နှစ်

ပုသိမ်မြို့နေ (ဦးမောင်သင်-ဒေါ်အေးကြွယ်)တို့၏သား၊ (ဦးသိမ်းမောင်-ဒေါ်ညွှန့်ညွှန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် ၃၉နေ ဒေါ်ခင်ဆွေသိန်း၏ချစ်လှစွာသောခင်ပွန်း၊ Capt.ဦးဝင်းမင်းသိန်း-ဒေါ်နွေးနွေးမျိုး၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်အောင်(ရေ)-ဒေါ်လှယဉ်ဝင်း၊ ဦးဝင်းထွဋ်ဝင်း(Chief Mate)-ဒေါ်နန်းခေါင်နွမ်းတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၁၇ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မိုးမိုးခင် အသက်(၅၆)နှစ်
အထက(၂)စမ်းချောင်း ကျောင်းသူဟောင်း

စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၆၇နေ (ဦးမောင်မောင်)-ဒေါ်ခင်လေးတို့၏သမီး၊ ဦးခင်မောင်မြင့်(ဒု-ညွှန်ချုပ်၊ လဝက၊ ငြိမ်း)-ဒေါ်တင်တင်ဝေ(Dolly)၊ (ဦးမောင်မောင်လှ)၊ ဦးအောင်သော်-ဒေါ်မော်မော်ခင်(စာရင်းကိုင်-၃၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်မာမာခင်(စာရင်းကိုင်-၁) တံတားအထူးအဖွဲ့(၉)၏အစ်မ၊ မသဲစုဝေ(Senior Manager Enterprise Solution Co.,Ltd)၊ မဝေယမုံဖူး(Sky Net)တို့၏အဒေါ်သည် ၂၆-၆-၂၀၁၇ ရက် (တနင်္လာနေ့) ည ၉နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀း၃၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါက်တာမောင်မောင်နိုင်
(မြိတ်)
အသင်းဝင်အမှတ်(၄၀၇)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၊ ဘောက်ထော် ပြည်သာယာနေ[ဒေါ်ခင်သန်းဝင်း(ခ)တူးတူး]၏ခင်ပွန်းသည် ၂၅-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဦးလှမင်း
အသက်(၆၂)နှစ်

တောင်ငူမြို့၊ ခပေါင်းအရှေ့ရေဖြူကင်းကျေးရွာနေ ဆရာမ ဒေါ်အေးအေးနွယ်၏ခင်ပွန်း၊ ထက်ဝေယံ-ဥမ္မာစိုး၊ စုမြတ်စိုးစံတို့၏ဦးလေးသည် ၂၇-၆-၂၀၁၇ရက်တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တာမွေ၊ သီလ ၂လမ်း နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ယုံကြည်မှုအပြည့်နှင့် နှစ်ဖက်ပြိုင်ဆိုင်မှုပြင်းထန်မည့် One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲကြီး

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုမည့် အောင်လအန်ဆန်(မြန်မာ)နှင့် လက်ရှိချန်ပီယံ ဗစ်တာလီဘစ်ဒက်ရှ်(ရုရှား)

ရန်ကုန် ဇွန် ၂၇
မကျေပွဲပြန်နွှဲမည့် One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် နှစ်ဖက်ပြိုင်ဘက် အားကစားသမားများဖြစ်သော အောင်လအန်ဆန်နှင့် လက်ရှိ မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ဗစ်တာလီဘစ်ဒက်ရှ်တို့၏ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားမှုများနှင့်ပတ်သက်၍ မီဒီယာသို့ ဖွင့်ဟပြသမှုတစ်ခုကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ Junction Mawtin ငါးလွှာရှိ Transcend Fitness Yangon ခန်းမ၌ ကျင်းပသည်။

"ဒီပွဲအတွက် ကျွန်တော် ဘာမှမလုပ်ဘဲနဲ့ လေ့ကျင့်မှုတစ်ခုတည်းကိုပဲ အာရုံစိုက်ခဲ့တာ သုံး၊ လေးလလောက်ရှိပါပြီ။ ဒါကြောင့် ယုံကြည်မှု အပြည့်ရှိပါတယ်။ ပြီးခဲ့တဲ့ ပထမတစ်ကြိမ် တွေ့တုန်းက ပြင်ဆင်ချိန် ၁၀ ရက်ပဲ ရခဲ့တယ်။ အချိန်သိပ်မရလိုက်ဘူး။ ဒါပေမယ့် ကျွန်တော် ကြိုးစားပြီးတော့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပေမယ့် အမှတ်နဲ့ရှုံးနိမ့်ခဲ့တယ်။ ဒီပွဲမှာတော့ ကျွန်တော် အကောင်းဆုံးပြင်ဆင်ထားနိုင်လို့ အရင်ထက် ပိုကောင်းအောင် ကစားနိုင်မယ်လို့ ယုံကြည်ပါတယ်။ သူ့ရဲ့အားနည်းချက်တွေကို ကြည့်ပြီးတော့ Training Plan လုပ်လေ့ကျင့်ခဲ့ပါတယ်။ သူက အားအင်ကြီးမားတဲ့ကစားသမားတစ်ဦးပါ။ သူက အတော်လေးသန်မာတယ်။ ဒါပေမယ့် ရာခိုင်နှုန်းအပြည့် ယုံကြည်မှုနဲ့ ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ အရင်ပွဲထက် ဒီပွဲမှာ ထိုးလုံးထိုးပေါက်မတူတာ တွေ့ရမယ်။ ဒီပွဲအတွက် ဖိအားတို့၊ စိုးရိမ်စိတ်တို့ မရှိပါဘူး။ ကျွန်တော့်ကို အားပေးတဲ့ပရိသတ်ကြီးအတွက် အကောင်းဆုံးကျေးဇူးဆပ်သွားနိုင်မယ်လို့ ယုံကြည်ထားပါတယ်"ဟု One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် မကျေပွဲပြန်နွှဲမည့် အောင်လအန်ဆန်က ပြောသည်။

အောင်လအန်ဆန်သည် One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲ မကျေပွဲအတွက် ကစ်ဘောက်ဆင်သမားများကို ခေါ်ယူပြီး အဓိကလက်သီးပိုင်းဆိုင်ရာကို အထူးပြင်ဆင်ခဲ့ကာ ယခုပြိုင်ပွဲအတွက် လက်သီးပိုင်းဆိုင်ရာကို ဦးစားပေးကစားသွားမည်ဖြစ်ပြီး တခြားကလပ်များမှ ဝိတ်တန်းတူ ကစားသမားများကိုလည်း အကူအညီတောင်းကာ အပြင်းအထန်ပူးတွဲလေ့ကျင့်ထားကြောင်း သိရသည်။ အောင်လအန်ဆန်သည် ယခု One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကို အလိုချင်ဆုံးနှင့် အတောင့်တဆုံးဖြစ်ကာ ပြီးခဲ့သော ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြင်ဆင်ချိန် ရက်အနည်းငယ်သာရသော်လည်း လူစားထိုးဝင်ရောက်ကာ ဗစ်တာလီနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ငါးချီပြည့် အနိုင်မခံ၊ အရှုံးမပေးယှဉ်ပြိုင်ခဲ့သော်လည်း အမှတ်ဖြင့် ရှုံးနိမ့်ခဲ့မှုကြောင့် ယခု ဒုတိယအကြိမ် ပြန်လည်စိန်ခေါ်ထိုးသတ်ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❁

လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ ယနေ့ စတင်ကျင်းပမည်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၂၇
ဆီးဂိမ်းပြိုင်ပွဲအကြို KBZ Bank Cup လေးနိုင်ငံယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ ပွဲစဉ်များကို ဇွန် ၂၈ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဟောင်ကောင်နှင့် ဂျပန် တက္ကသိုလ်၊ ညနေ ၆ နာရီတွင် အိမ်ရှင် မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

မြန်မာယူ-၂၂ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က

စာမျက်နှာ ၅ ကော်လံ ၁ ■

အေးသောင်း သို့မဟုတ် ပြန်လည်ဖြစ်တည်လာတဲ့ အေးဝတ်ရည်သောင်း

စာ » ၁၈

စပါးတိုက်စစ်မှူး ဟာရီကိန်းကိုခေါ်ယူရန် မန်ယူကြိုးစားနေ

စာ » ၂၀

ယနေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်

ယနေ့ရန်ကုန် Yangon Today

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဇွန် ၂၇ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက် လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ (မိုး/ဇလ)

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
၂၀၁၇ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊

ရန်ကုန်အိမ်ခြံမြေအကြောင်း တစေ့တစောင်း

သတင်းဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်အဖြစ် တစ်ချိန်က ရပ်တည်ခဲ့သော ရန်ကုန်။

နေပြည်တော်အုပ်ချုပ်ရေးမြို့တော်ကြီး ပေါ်ထွန်းခဲ့ပြီးနောက် နိုင်ငံ၏စီးပွားရေးမြို့တော်အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသော ရန်ကုန်။

လူဦးရေ ခုနစ်သန်းနီးပါးနေထိုင်သော မြို့တော်ရန်ကုန်၏ အိမ်ခြံမြေဈေးကွက်က ခေါင်ခိုက်ခဲ့သည်။

လက်ရှိအချိန်တွင်မူ ရန်ကုန်အိမ်ခြံမြေဈေးကွက်က အေးစက်လျက်ရှိသည်။ အရောင်းအဝယ်အေးသည်ဆိုသော်လည်း သူ့ဈေးနှင့်သူတော့ အရောင်းအဝယ်ရှိသည်။ လုံးဝရပ်တန့်နေခြင်းမျိုးမဟုတ်။ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းရှင်များက မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေ အမြန်ပေါ်ထွက်လာရေးအတွက် မျှော်လင့်နေကြသည်။ ယင်းဥပဒေသည် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံမှလွဲလျှင် အရှေ့တောင်အာရှရှိနိုင်ငံများ၌ ပေါ်ထွက်ပြီးဖြစ်သည်ဟု သိရသည်။ ကွန်ဒိုမီနီယံနည်းဥပဒေသည်လည်း မကြာခင်ပေါ်ထွက် လာဖို့ရှိပြီးတိုင်းပြည်စီးပွားရေးအကောင်းဘက်သို့ ဦးတည်လာပါက အိမ်ခြံမြေဈေးကွက် ပြန်လည် ဦးမော့လာမည်ဟု သုံးသပ်ကြသည်။

ရန်ကုန်မြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော ပြည်လမ်းမကြီးပေါ်တွင် မရမ်းကုန်းမြို့နယ်အတွင်း၌ တစ်ပေပတ်လည်လျှင် ငွေကျပ် ရှစ်သိန်း၊ ကိုးသိန်းခန့် ဈေးခေါ်နေသော်လည်း အမှန်တကယ် အရောင်းအဝယ်ဖြစ်သောဈေးမှာတစ်ပေပတ်လည် ငွေကျပ် ခြောက်သိန်းအောက်တွင်သာရှိကြောင်း သိရသည်။ မြေဈေးက သိန်းဆယ်ဂဏန်းအောက်မှာမရှိ၊ ရာကျော် ထောင်ကျော်သောင်းကျော် သိန်းဂဏန်းများဖြင့်သာ ရပ်တည်နေကြသည်။ သာမန်မိသားစုတစ်စု မြေတစ်ကွက်ပိုင်ဆိုင်ခွင့်ရရန် မျှော်လင့်နိုင်မှုမရှိသည့် အခြေအနေ။

ပြည်ပမှ ဝင်ရောက်လာသော နိုင်ငံခြားသားများနိုင်ငံတွင်း နေထိုင်မှုနှင့်ပတ်သက်၍ အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးက “ရန်ကုန်မြို့မှာဆောက်လုပ်နေတဲ့ ကွန်ဒိုမီနီယံတွေနဲ့ပတ်သက်ပြီးတော့ ကွန်ဒိုမီနီယံစစ်စစ်ဆိုပြီး လက်ညှိုးထိုးပြစရာက တော်တော်လေးကိုရှားပါတယ်။ နိုင်ငံ ခြားသားတွေအနေနဲ့က ဝယ်လို့ရတဲ့အခွင့်အရေးရှိရင် ဘယ်နိုင်ငံခြားသားမှ ငှားမနေပါဘူး။ ဝယ်နေမှာပါ။ အခုတော့ အရောင်းဈေးကွက်ထက်စာရင် အငှားဈေးကွက်ကပဲ အလုပ်ပိုဖြစ်ပါတယ်”ဟု သူ၏အတွေ့အကြုံကို ပြောပြသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက် ရွှေခေတ်ရောက်ခဲ့ပုံအကြောင်းကို ဇလပ်ပွင့်အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဦးမျိုးမြင့်အောင်က “၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ အိမ်ခြံမြေအရောင်းအဝယ်က အတော်လေးကိုကောင်းတယ်။ ၂၀၁၃ ခုနှစ်လောက်အထိကို အိမ်ခြံမြေရဲ့ ရွှေခေတ်လို့ပြောလို့ရတဲ့အနေအထားပါ။ အချို့မြို့နယ်မှာဆိုရင် အရပ်ပွဲစားကအစ အိုးပိုင်၊ အိမ်ပိုင်၊ ကားပိုင်တွေဖြစ်ခဲ့တဲ့အထိ အရောင်းအဝယ်အလွန်ကောင်းပါတယ်။ မြေကွက်တစ်ကွက်ကို တစ်နေ့တည်းမှာ တင်သုံး၊ လေးကြိမ်အထိ ပိုင်ရှင်အပြောင်းအလဲဖြစ်သွားခဲ့တာပေ့ါ။ ဒါပေမယ့် ဈေးကွက်တစ်ခုရဲ့သဘော တရားအရကြည့်မယ်ဆိုရင် ပုံမှန်မဟုတ်တဲ့ ဈေးကွက်ကြီးတစ်ခုဟာ အချိန်တန်ရင် သူ့အလိုလို ပြန်ကျဆင်းရတာ ဓမ္မတာပဲလေ။ ဥပမာအနေနဲ့ပြောရရင် ဖုန်းဈေးကွက်တို့၊ ကားဈေးကွက်တို့ပေ့ါနော်။ မဟုတ်တဲ့ဈေးဖြစ်ခဲ့တော့ အချိန်တန်ရင် ကျဆင်းရတာပေ့ါ။ ခုနောက်ဆုံးကျဆင်းဖို့က အိမ်ခြံမြေပဲရှိတော့တာပေ့ါ။ အမှန်အတိုင်းသုံးသပ်မယ်ဆိုရင် အိမ်ခြံမြေဈေးကိုတက်စေချင်တဲ့သူတွေရှိတယ်။ ကျစေချင်တဲ့သူတွေရှိတယ်။ ကိုယ့်ရဲ့အတ္တကိုရှေ့တန်းမတင်ဘဲ တိုင်းပြည်ရဲ့ပုံရိပ်တစ်ခုအနေနဲ့ စဉ်းစားဖို့လည်းလိုတယ်။ ဘာပဲလုပ်လုပ်တိုင်းပြည်နဲ့လူမျိုးအတွက် ထည့်စဉ်းစားဖို့လိုတယ်”ဟုပြောကြားသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက်အနေဖြင့် အတက်ကြမ်းခဲ့သော အိမ်ခြံမြေရွှေခေတ်ကဲ့သို့ ဝရုန်းသုန်းကားဈေးတက်ခြင်းမျိုးမျှော်လင့်၍ မရနိုင်တော့ချေ။ အများသူငါဝယ်ယူနိုင်သော တည်ငြိမ်သော ဈေးကွက်တစ်ခုအဖြစ် မကြာမီပေါ်ပေါက်လာနိုင်ကြောင်း အိမ်ခြံမြေအကြောင်း ကျွမ်းကျင်သူများက ပြောသည်။

မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် အိမ်ခြံမြေဈေးကွက်ကြီးမြင့်မှု၊ လျှပ်စစ်မီးပုံမှန်ရရှိမှု၊ တည်ငြိမ်သောဥပဒေများ ထုတ်ပြန်ထားမှုများကို အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်သုံးသပ်ချိန်ဆသောအခါတွင် အခြားနိုင်ငံများက အားသာချက်ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံတွင်းဝင်ရောက်မှုနည်းပါးခြင်းဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေနှင့်ပတ်သက်၍ ဖြစ်ပွားတတ်သော ပြဿနာများအကြောင်းကို “အိမ်ခြံမြေအရောင်းအဝယ်တစ်ခု လုပ်မယ်ဆိုရင် စည်ပင်သာယာမှာ ပိုင်ဆိုင်မှုမှန်၊ မမှန်အရင်စစ်ရပါတယ်။ နောက်ပြီး ကန့်ကွက်တဲ့သူရှိ၊ မရှိစစ်ပါတယ်။ အဲဒါတွေမှန်မှ ကျွန်တော်တို့ကစရန်ချပြီး အရောင်းအဝယ်လုပ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်က ပိုင်ဆိုင်မှုတွေက နည်းနည်းလေး ရှုပ်ထွေးနေတဲ့ အပိုင်းတွေရှိတယ်။ ဥပမာအားဖြင့် အမည်ပေါက်ကတစ်ယောက် တကယ်တမ်းပိုင်တာကတစ်ယောက်ဖြစ်နေတာမျိုးတွေပေ့ါ။ ဒါမျိုးတွေက အများကြီးရှိနေတာပါ။ အရောင်းအဝယ်တစ်ခုလုပ်မယ်ဆိုရင် စစ်စစ်ဆေးဆေးလုပ်မှ အဆင်ပြေမှာပါ။ အိမ်ခြံမြေနဲ့ပတ်သက်တဲ့အမှုအခင်းတွေကို လေ့လာကြည့်တဲ့အခါမှာ အောက်ခြေမှာ ဖြေရှင်းလို့ရတဲ့ကိစ္စတွေရှိတယ်။ အောက်ခြေမှာဖြေရှင်းလို့ရတဲ့ကိစ္စတွေက ရုံးပေါ် တက်သွားတဲ့အခါကျတော့ အချိန်ရော လုပ်အားတွေပါ ဆုံးရှုံးတယ်”ဟု ဦးမျိုးမြင့်အောင်က ရှင်းပြသည်။

လက်ရှိ အိမ်ခြံမြေအခွန်နှုန်းထား မြင့်မားနေသည့်အပေါ် တာဝန်ရှိသူများက အခွန်နှုန်းထားလျှော့ချနိုင်ရန် ကြိုးစားပေး မည်ဟု ပြောဆိုထားခြင်းများရှိကြောင်းလည်း သိရသည်။ ယခင်အစိုးရလက်ထက်တွင် အိမ်ခြံမြေအခွန်နှုန်းထားများ တိုးမြှင့်လိုက်သည့်အတွက် ရသင့်ရထိုက်သော ဘဏ္ဍာငွေများ မရရှိဘဲ ၂၀၁၅ ခုနှစ်တွင်ရရှိသောအခွန်နှင့် ၂၀၁၆ ခုနှစ်ရရှိသော အခွန်မှာ သိသိသာသာကွာခြားသွားကြောင်း လေ့လာသူ အချို့ကပြောသည်။ ရန်ကုန်အိမ်ခြံမြေနှင့်ပတ်သက်ပြီး ထပ်မံသတိထားရမည့် အချက်မှာ ပွဲစားများကဏ္ဍဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ တွင် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေရှိသောကြောင့် အကျိုးဆောင်တစ်ယောက်၏ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ပြဋ္ဌာန်းကာကွယ်ပေးထားပြီးဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောကြောင့် ဝယ်သူအတွက် အာမခံချက်ရှိသည်။ တစ်နေရာနှင့်တစ်နေရာ၊ မြို့နယ်တစ်ခုနှင့်တစ်ခု သတ်မှတ်ဈေးနှုန်းထက် ပိုဈေးခေါ်၍မရသည့်အတွက် ဈေးများခြင်း၊ ဆုံးရှုံးနစ်နာခြင်းများ ကြုံတွေ့မှုမရှိနိုင်ပေ။

ထပ်မံတင်ပြလိုသည်မှာ မြေရှင်နှင့် ကန်ထရိုက်တာများအကြောင်းပင်။ ဝယ်သူနှင့် ကန်ထရိုက်တာအကြားတွင် ယုံကြည်မှုပျက်ပြားနေသည်ဟု ယူဆရသည်။ “ကန်ထရိုက်တွေက တာဝန်မဲ့လုပ်ချင်တာလုပ်ပြီး ရှောင်ထွက်သွားကြ တယ်။ ဥပဒေသည် အပြစ်ရှိတယ်ဆိုရင် အပြစ်ရှိတဲ့သူကိုအရေးယူရမှာပါ။ တရားစွဲတဲ့အခါကျတော့ တကယ်အပြစ်ရှိတဲ့ ကန်ထရိုက်ကို မစွဲဘဲနဲ့ မြေရှင်ကိုတရားစွဲတယ်။ ဘာမှနားမလည်တဲ့ မြေရှင်ကိုတရားစွဲတော့ နစ်နာတာပေ့ါ”ဟုဝေဖန်သူအချို့ကပြောသည်။

မြို့တော်ရန်ကုန်၌ အိမ်ခြံမြေတိုက်ခန်း၊ အရောင်းအဝယ် အငှားအတော်များများရှိနေသည်။ ထို့ပြင် အိုးပိုင်အိမ်ပိုင်မရှိသူများ၊ ကျူးကျော်များလည်း ရန်ကုန်မြို့၌ တစ်ပုံတစ်ပင် ရှိနေသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ လူတစ်ဦးချင်း ဝင်ငွေနည်းပါးခြင်း၊ အိမ်ခြံမြေတိုက်ခန်း ဈေးနှုန်းကြီးမြင့်ခြင်းစသောအကြောင်းအချက်များက ကုန်စည်နှင့် ဝယ်ယူသူကြား မျက်နှာချင်း မဆိုင်မိအောင် တားဆီးထားသော အချက်များ ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။ ။

> **ရန်ကုန်အိမ်ခြံမြေဈေးကွက်အနေဖြင့် အတက်ကြမ်းခဲ့သော အိမ်ခြံမြေ ရွှေခေတ်ကဲ့သို့ ဝရုန်းသုန်းကား ဈေးတက်ခြင်းမျိုး မျှော်လင့်၍ မရနိုင်တော့ချေ။ အများသူငါဝယ်ယူနိုင်သော တည်ငြိမ်သော ဈေးကွက် တစ်ခုအဖြစ် မကြာမီပေါ်ပေါက်လာနိုင်**

နိုင်ငံတော်တော်များများရဲ့ မြို့ကြီးတွေဟာ တစ်နေ့တခြား လူဦးရေပိုများလာပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ စာရင်းမှတ်တမ်းများအရ ၂၀၁၁ ခုနှစ်မှ ကမ္ဘာ့လူဦးရေရဲ့တစ်ဝက်လောက်ဟာ မြို့ပြတွေမှာနေထိုင်နေပြီး ၂၀၃၀ ပြည့်နှစ်မှာ တော့ ၇၀ ရာခိုင်နှုန်းလောက်ဟာ မြို့ပြတွေမှာနေလာကြမယ်လို့ ခန့်မှန်းထားပါတယ်။ မြို့ပြတွေမှာ လူဦးရေများလာတာနှင့်အမျှ အခြေခံအဆောက်အအုံတွေ ပိုမိုလိုအပ်လာပါမယ်။ ရန်ကုန်လိုမြို့ကြီးတွေမှာတော့ ခရီးသွားလာဖို့လွယ်ကူစေဖို့ မြေအောက်ရထားတွေ၊ မြေအောက်ကားလမ်းတွေ လိုအပ်လာမှာပါ။ မြို့ကြီးတွေကြီးလာသလို မြေတန်ဖိုးတွေလည်းတက်လာလို့ မြေအောက်ရေိယာကို ပိုသုံးလာရမှာပါ။

ဇော်တင်မောင်အေး

မြို့ပြများနှင့် ရေကြီးခြင်းပြဿနာ

(အပိုင်း-၂)

ဒီနေရာမှာရန်ကုန်မြို့လိုမိုးများရင် ရေကြီးနိုင်တဲ့နေရာမှာ မြေအောက်အဆောက်အအုံ (underground structures) မြေအောက်ရထားလမ်း၊ မြေအောက်ဘူတာရုံ၊ မြေအောက်ကားရပ်တဲ့နေရာတွေဆောက်မယ်ဆိုရင် ရေကြီးတဲ့အခါ ရေမြုပ်မှာစိုးရိမ်စရာရှိပါတယ်။ ဒါပေမယ့် မြေအောက်အဆောက်အအုံတွေကို စနစ်တကျတွက်ချက်၊ အဆင့်အတန်းမီအောင် ဆောက်လုပ်ရင် ရေကြီးတဲ့အန္တရာယ်က ကာကွယ်နိုင်ပါတယ်။

ဥပမာပြောရရင် စာရေးသူ ဗန်ကောက်မြို့ရဲ့ပထမဦးဆုံး မြေအောက်ရထားဆောက်လုပ်ရေးစီမံကိန်းအတွက် ဥမင်လိုဏ်ခေါင်းများနှင့် မြေအောက်ဘူတာရုံများ ဒီဇိုင်းလုပ်တဲ့ အဖွဲ့ဝင်အနေနဲ့ပါဝင်ခဲ့တုန်းက (၁၉၉၇ခုနှစ်) Risk Assessment တွေလုပ်တဲ့အထဲမှာ တော်တော်လေးအရေးကြီးတဲ့ အချက်ကို တွက်ချက်စဉ်းစားခဲ့ကြပါတယ်။ မြေအောက်ရထားဘူတာရုံတွေနဲ့ ဥမင်လိုဏ်ခေါင်းတွေ တူးနေစဉ် (During construction) နဲ့ ရထားတွေ စပြေးတဲ့အခါ(Operation period) မှာရေကြီးခဲ့ရင် မြေအောက်ဘူတာရုံထဲ ရေမဝင်ရအောင် ဘယ်လိုလုပ်ရမယ်လို့ ဒီဇိုင်းထုတ်တဲ့ အချိန်ကတည်းက တွက်ချက်ပြီးလုပ်ဆောင်ရမယ့်အချက်တွေကို အသေးစိတ်တင်ပြရပါတယ်။ နှစ်တစ်ရာရေကြီးနိုင်တဲ့ အမြင့်ပေ (100 year flood level)ကိုအဓိကထားလို့ မြေအောက်အဆောက်အအုံတွေကို ဒီဇိုင်းထုတ်ရပါတယ်။ ဗန်ကောက်မြို့ရဲ့ မြေအောက်ဘူတာရုံတွေရဲ့ဝင်ပေါက်တွေဟာ လမ်းမပေါ်ကနေ သုံးပေကနေ ငါးပေအထိ မြင့်ပါတယ်။ နှစ်တစ်ရာရေကြီးနိုင်တဲ့ အမြင့်ပေထက် မြင့်ပါတယ်။ ဒါကြောင့် ဗန်ကောက်မြို့က မြေအောက်ဘူတာတွေထဲဆင်းရင် လှေကားငါးထစ် ခြောက်ထစ်တက်ပြီးမှ ပြန်ဆင်းရတာပါ။ တကယ်လို့များ ရေကြီးတဲ့အမြင့်က အဲ့ဒီထက်ပိုခဲ့ရင် ကာကွယ်နိုင်အောင် လှေကားထစ်နဲ့တက်ရတဲ့အပြင် နောက်တစ်ဆင့်အနေနဲ့ ရေမဝင်နိုင်တဲ့ တံခါးအရှင်တွေ (STOP LOCKS) တပ်လို့ရအောင် လုပ်ထားပါတယ်။ အဲ့ဒီ တံခါးအရှင်တွေရဲ့ အမြင့်ဟာ ငါးပေလောက်ရှိတဲ့အတွက် ရေကြီးလာရင် မြေအောက်ဘူတာရုံတွေကို လမ်းမရဲ့အထက် ရှစ်ပေမှ ၁၀ ပေအထိကာကွယ်ထားပြီးသား ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဗန်ကောက်မြို့ ရေကြီးစဉ်က မြေအောက်ရထားတွေ အသွားအလာမပျက်ခဲ့ပါဘူး၊ တချို့စိုးရိမ်ရမယ့် ဘူတာတွေရဲ့ အဝင်ဝတွေဟာ STOP LOCK တွေနဲ့ ကြိုတင်ပိတ်ခဲ့ပါတယ်။ တကယ်ရေကြီးတဲ့ အမြင့်က အဝင်လှေကားထိပ်အထိတောင် မရောက်ခဲ့ပါဘူး။

အဲ့ဒီနှစ်မှာ ထိုင်းနိုင်ငံတစ်ခုလုံး (ဗန်ကောက်အပါအဝင်) ရေကြီးတာဟာ ကမ္ဘာပေါ်မှာ ငွေကြေးအရ စတုတ္ထဆုံးရှုံးမှုအများဆုံးလို့ ကမ္ဘာ့ကုလသမဂ္ဂက ခန့်မှန်းခဲ့ပါတယ်။ ဆုံးရှုံးမှုအမေရိကန်ဒေါ်လာ ၄၅ ဘီလီယံရှိတယ်လို့ ခန့်မှန်းပါတယ်။ မြေအောက်ရထားဘူတာရုံတွေရဲ့အဝင်ဝတွေကိုသာ စနစ်တကျဒီဇိုင်းမလုပ်ခဲ့ရင် မြေအောက်ဥမင် (Tunnels) တွေပါ ရေမြုပ်ပြီးပျက်စီးဆုံးရှုံးမှု အဆမတန်ပိုများမှာပါ။

တခြား မြေအောက်အဆောက်အအုံတွေ ဆောက်တဲ့အခါမှာလည်း နှစ်တစ်ရာရေကြီးနိုင်တဲ့ အမြင့်ပေကိုစနစ်တကျတွက်ချက်ပြီးမှ ဒီဇိုင်းဆွဲဆောက်လုပ်ရတာပါပဲ။

ဥပမာ မြေအောက်ကားရပ်နားတဲ့ အဆောက်အအုံတွေ (Underground Car Park Buildings) တွေရဲ့အဝင်ဝတွေဟာ နှစ် ၁၀၀ ရေကြီးမှတ် (100 years flood level) ထက်မြင့်နေရပါမယ်။ လက်ရှိဆောက်ပြီးသား အဆောက်အအုံတွေရဲ့အဝင်ဝတွေကို မြှင့်လို့မရရင်တော့ STOP LOCK တံခါးရှင်တွေတပ်ဖို့ လုပ်ရပါလိမ့်မယ်။ ရန်ကုန်မြို့ရဲ့ တာမွေလို ရေမကြာခဏကြီးတဲ့နေရာတွေမှာ ရေကြီးတာကို ကာကွယ်နိုင်တဲ့ ရေနုတ်မြောင်းတွေဆောက်လုပ်လို့ မပြီးသေးခင်တော့ အန္တရာယ်ရှိတဲ့ မြေအောက် သို့မဟုတ် လမ်းမတွေထက် နိမ့်နေတဲ့ အဆောက်အအုံတွေကို STOP LOCK (တံခါးရှင်) တွေနဲ့ ကာကွယ်သင့်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်က ရန်ကုန်မှာ လက်ရှိရေကြီးတာတွေဟာ ရေပါတဲ့မိုးများများရွာရင် ရုတ်တရက် ချက်ချင်းကြီးနိုင်တဲ့ (Flash Flood) တွေဖြစ်လို့ ရေမကြီးခင် ကြိုတင်ကာကွယ်ရမှာ ဖြစ်တယ်။STOP LOCK လို ရေကိုတားနိုင်တဲ့ တံခါးရှင်တွေကို အရေးပေါ် အလွယ်တကူတပ်ထားနိုင်အောင် ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။

တခြားနိုင်ငံတွေမှာတော့ မိုးရေချိန်တိုင်းတဲ့ Station တွေကို မြို့နယ်အလိုက်ထားပြီး မိုးရေချိန်ပမာဏကို ကြေညာပေးတာတွေ ကြိုတင်သတိပေး (Flood Warning System) တာတွေရှိပါတယ်။ ရန်ကုန်မြို့မှာလည်း အခုလို မကြာခဏ ရေကြီးနေလို့ Flood Warning System တွေ ရှိသင့်ပါပြီ။ ရေခဏခဏကြီးတတ်တဲ့နေရာတွေကို ဦးစားပေးလုပ်ဆောင်သင့်ပါသည်။ ရေကြီးမှုအန္တရာယ်နဲ့ပတ်သက်လို့ ပညာပေးတဲ့ အစီအစဉ်တွေကိုလည်း စနစ်တကျလုပ်သင့်ပါတယ်။

ရေကြီးမှုကာကွယ်ရေးနဲ့ ပျက်စီးဆုံးရှုံးမှု လျှော့ချရေးစီမံကိန်းတွေကို အောက်ပါအဆင့်တွေနဲ့ လုပ်သင့်ပါတယ်။

(၁) Flood Maps / Flood Prone Area Maps (ရေကြီးနိုင်သောနေရာများပြ မြေပုံထုတ်လုပ်ခြင်း)

(၂) Flood Risk Assessment (ရေကြီးမှုအန္တရာယ်ကို တွက်ချက်သုံးသပ်ခြင်း)

(၃) Setting Flood Management Strategy (ရေကြီးမှုကာကွယ်ရေးဗျူဟာရွေးချယ်ခြင်း)

(၄) Flood Management System Implementation (ရေကြီးမှုအန္တရာယ်ကာကွယ်ရေးစနစ်ကို အကောင် အထည်ဖော်ခြင်း)

(၅) Regular Review and Improvement (ပြန်လည်စစ်ဆေးသုံးသပ်ခြင်းနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း)

ငွေကြေးဘတ်ဂျက် လုံလောက်မှုမရှိလို့ ဒါတွေကို စနစ်တကျလုပ်ဖို့ အခက်အခဲရှိပါလိမ့်မယ်။ အပေါ်မှာရေးထားတဲ့ အချက် (၂) Flood Risk Assessment ရဲ့ အပိုင်းတစ်ခုအနေနဲ့ Impact Assessment (သက်ရောက်ဆုံးရှုံးမှုကို စစ်ဆေးတွက်ချက်မှု)ကို လုပ်ရပါတယ်။ အဲ့ဒီကနေရတဲ့ အချက်အလက်တွေကိုကြည့်ရင် တချို့နေရာတွေမှာ ရေကြီးလို့ဖြစ်တဲ့ အကျိုးဆက်ဆုံးရှုံးမှုတွေဟာ သိပ်များပါတယ်။ ပိုင်ဆိုင်မှုတွေ ပျက်စီးဆုံးရှုံးခြင်း (ကား၊ အိမ်၊ အခြားအသုံးအဆောင် များ)၊ မြို့ပြအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးခြင်း(လမ်း၊ တံတား၊ လျှပ်စစ်မီး) ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးခြင်း (သစ်ပင်၊ သဘာဝရေကန်)တွေအပြင် အခြားစီးပွားရေး အရဆုံးရှုံးခြင်းတွေ (Economic loss) အများကြီးရှိပါတယ်။ ဒါကြောင့်မို့ ရေကြီးတာကို ကာကွယ်ဖို့၊ ပျက်စီးဆုံးရှုံးမှုတွေကို လျှော့ချနိုင်ဖို့ လုံလောက်တဲ့ငွေကြေးဘတ်ဂျက်တွေကို သုံးရမှာပါပဲ။ အမှန်တကယ်လိုတဲ့ ဘတ်ဂျက်တွေကို ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့က ချေးငွေအနေနဲ့ ပေးလေ့ရှိပါတယ်။ တခြားနိုင်ငံတွေကလည်း အကူအညီပေးနိုင်ပါတယ်။

ငွေကြေးအကုန်အကျနည်းပြီး အချက်အလက် (Data)နဲ့ ရှေ့ပြေးလေ့လာမှု (Preliminary study)တွေအတွက် တက္ကသိုလ်တွေနဲ့ပေါင်းပြီး လုပ်လို့ရတာတွေရှိပါတယ်။ တက္ကသိုလ်တွေကနေ ဘွဲ့လွန် (မဟာအင်ဂျင်နီယာ၊ ပါရဂူဘွဲ့) တွေလုပ်နေတဲ့ကျမ်းတွေ (Thesis၊ Dissertation) နဲ့ လေ့လာပြုစုရင် လိုအပ်တဲ့အချက်အလက်တွေကို စနစ်တကျရနိုင်ပါတယ်။ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ပူးပေါင်းလုပ်မယ်ဆိုရင် နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ပညာရှင်တွေ၊ ပါမောက္ခတွေ ကျမ်း (Thesis) ကော်မတီဝင်တွေအနေနဲ့ ပါဝင်လာမှာဖြစ်လို့ အသုံးဝင်တဲ့ အကြံကောင်းတွေရနိုင်ပါတယ်။ ဗန်ကောက်မြို့မှာရှိတဲ့ Asian Institute of Technology (AIT) ဟာ ဘွဲ့လွန်ကျောင်းသားတွေကို လက်ရှိဖြစ်နေတဲ့ ပြဿနာတွေနဲ့ ပတ်သက်တဲ့သုတေသနကျမ်းတွေ (Thesis) တွေ လုပ်ခိုင်းတာများပါတယ်။

အဲ့ဒီ Thesis တွေဟာ တကယ့်လက်တွေ့စီမံကိန်းတွေ လုပ်တဲ့အခါမှာ အများကြီးအသုံးဝင်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ပြည်တွင်းတက္ကသိုလ်နဲ့ နိုင်ငံတကာတက္ကသိုလ်တွေပူးပေါင်းလုပ်နေတာတွေ ရှိပါတယ်။ ဘွဲ့လွန်ကျောင်းသားတွေကိုလက်တွေ့ကျတဲ့ သုတေသနတွေ များများလုပ်ခိုင်းရင် ဒီနေ့ဖြစ်နေတဲ့ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ အများကြီးအသုံးဝင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ပထဝီအနေအထားအရ ပိုဆိုးလာတဲ့ ရာသီဥတုဖောက်ပြန်မှုတွေရဲ့အခြေအနေတွေကြောင့် ရေကြီးတဲ့အန္တရာယ်ကို ရှေ့ဆက်ပြီးရင်ဆိုင်နေရဦးမှာပါ။

နိုင်ငံတော်အစိုးရဦးဆောင်ပြီး ပညာရှင်တွေနဲ့ ပြည်သူတွေပါဝင်တဲ့ စီမံကိန်းတွေကို စည်းစည်းလုံးလုံးအကောင်အထည်ဖော်နိုင်ရင် သဘာဝဘေးအန္တရာယ်တွေကိုကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

ရန်ကုန်မြို့ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းမပေါ်ရှိ တာမွေမီးပွိုင့်အနီး Ocean Super Center ရှေ့၌ ရေကြီးရေလျှံနေမှုကို ဇွန် ၄ ရက်က တွေ့ရစဉ် ဓာတ်ပုံ - မင်းထက်(မြန်မာ့အလင်း)

နိုင်ငံရဲ့ ပထဝီအနေအထားအရ ပိုဆိုးလာတဲ့ ရာသီဥတုဖောက်ပြန်မှုတွေရဲ့ အခြေအနေတွေကြောင့် ရေကြီးတဲ့အန္တရာယ်ကို ရှေ့ဆက်ပြီး ရင်ဆိုင်နေရဦးမှာ

ဘီယာ ယမကာယဉ်ကျေးမှု နှင့် ယနေ့ရန်ကုန်

မောင်မောင်ထွေး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးနှင့်အတူ ဆိုရှယ်လစ်စီးပွားရေးစနစ်ပြိုလဲပြီး ဈေးကွက်စီးပွားရေးစနစ်အစားထိုးဝင်ရောက်လာချိန်မှာတော့ ရန်ကုန်ရဲ့ လူမှုယဉ်ကျေးမှုစနစ်ကလည်း အလျင်အမြန်ပြောင်းလဲသွားတယ်။

"ဘီယာဟာအရက်တော့ မဟုတ်ပါ၊ တငွေ့ငွေ့လေးနဲ့ အတော်လာတာ" ဆိုတဲ့ ကြော်ငြာသီချင်းနဲ့အတူ ၁၉၈၈ နောက်ပိုင်း ရန်ကုန်မှာ ဖြစ်ရည်ဆိုင်တွေ၊ ယမကာဆိုင်တွေ မိုးဦးကျ မှိုပေါက်သလို တစ်ဆိုင်ပြီးတစ်ဆိုင် တိုးပွားလာတယ်။

၁၉၈၈ မတိုင်ခင်က ရန်ကုန်သားအများစုရဲ့ဘုမ်ိနက်သန်ဆုံရပ်က လက်ဖက်ရည်ဆိုင်တွေပဲဖြစ်ပါတယ်။ နေ့ညမရွေး လူငယ်တွေ ကျောက်ချပြီး ထိုင်လွန်းလို့ အဆိုတော်ကိုင်ဇာရဲ့ "သူငယ်ချင်းရေ လက်ဖက်ရည်ဆိုင်ကို သွားကြပါစို့လေ" ဆိုတဲ့သီချင်းက နာမည်ကျော်ခဲ့တယ်။ လက်ဖက်ရည်ဆိုင် အချို့ကလည်း အမေ့အိမ်ဆိုတဲ့ အမည်ပေးခဲ့တဲ့အထိပါ။

၁၉၉၀ ကျော်လွန်နှစ်များအတွင်းက ရန်ကုန် လက်ဖက်ရည်ဆိုင်တွေရဲ့ ဈေးကွက်မြှင့်တင်မှုမှာ အရေးပါဆုံးအရာကတော့ ဆောင်းဘောက်စ်နဲ့ ချိတ်ဆက်ထားတဲ့ ကက်ဆက်ပါပဲ။ တစ်စတစ်စ ယိုင်နဲ့ ဆိုးရွားလာတဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကြောင့် နိုင်ငံပိုင်စက်ရုံတွေ ရပ်တန့်ခဲ့ပြီး နယ်စပ်မှောင်ခို စီးပွားရေးတစ်ခုကိုပဲ အားပြုနေ ရတဲ့နိုင်ငံမှာ ရန်ကုန်လူငယ်ထုရဲ့ထွက်ပေါက်က လက်ဖက်ရည်ဆိုင်က ကက်ဆက်ဖြစ်လာတာ မဆန်းပါဘူး။

အိမ်တိုင်းကက်ဆက်တစ်လုံးမပိုင်ဆိုင်ကြတော့ စတီရီယိုသီချင်းတွေနားထောင်ချင်ရင် ကက်ဆက်ရှိရာလက်ဖက်ရည်ဆိုင်တွေကိုပဲ ရန်ကုန်လူငယ်ထုတွေသွားပြီး နားသောတဆင်ကြရတယ်။

လက်ဖက်ရည်ဆိုင်နဲ့ ဒီကက်ဆက်တိပ်ခွေကိစ္စကို အကြောင်းပြုပြီး ရှစ်လေးလုံးလူထုအရေးတော်ပုံကြီး ပေါ်ပေါက်လာလိမ့်မယ်လို့ လည်း ကျွန်တော်အပါအဝင် မည်သူမျှ ၁၉၈၈ မတိုင်ခင်ကစဉ်းစားမိခဲ့ကြမှာမဟုတ်ပါဘူး။

နှစ်ရှည်လများ တစ်ပါတီကြီးစိုးမှုအောက်က ဆိုရှယ်လစ်စီးပွားရေးစနစ်ကြောင့် ဘက်ပေါင်းစုံအထွေထွေအကျပ်တည်းဆိုတဲ့ယမ်းပုံကြီးကနေ မီးတောက်ကြီးအဖြစ်ပြောင်းလဲလာမယ့် လူထုတော်လှန်ရေးရဲ့ မီးပွားတစ်စက ကျွန်တော်တို့ နှစ်ရှည်လများ ယဉ်ပါးနေကြတဲ့ လက်ဖက်ရည်ဆိုင် ကက်ဆက် တိပ်ခွေကိစ္စက အစပြုခဲ့တာ ပါလားလို့ တစ်ခါတစ်ရံ ကျွန်တော် တွေးမိတယ်။

> **မဟာရန်ကုန်ရဲ့ညနေဆည်းဆာ နေဝင်ဖျိုးဖျ အချိန်ရောက်ရင် ရန်ကုန်သား အများစုရဲ့ဆုံရပ်က ဖြစ်ရည်ဆိုင်နဲ့ယမကာဆိုင်တွေပဲဖြစ်လာ**
>
> **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်မှာပဲ အရက်ထုတ်လုပ်ရောင်းချမှုက ငွေကျပ် ၆၃ ဒသမ ၂၉၅ ဘီလီယံရရှိ**

ယနေ့ မဟာရန်ကုန်မှာတော့ တစ်ခေတ်တစ်ခါက ရန်ကုန်လူငယ်တွေလို လက်ဖက်ရည်ဆိုင်ထိုင်ပြီး စတီရီယိုတေးသီချင်းတွေကို စွဲလမ်းနှစ်ခြိုက်စွာ နားထောင်ကြတဲ့ ဓလေ့ ယဉ်ကျေးမှုတွေ မတွေ့ရတော့ဘူး။

ယနေ့မဟာရန်ကုန်ရဲ့ ညနေဆည်းဆာ နေဝင်ဖျိုးဖျ အချိန်ရောက်ရင် ရန်ကုန်သားအများစုရဲ့ဆုံရပ်က ဖြစ်ရည်ဆိုင်နဲ့ယမကာဆိုင်တွေပဲဖြစ်လာတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်မှာပဲ အရက်ထုတ်လုပ်ရောင်းချမှုက ငွေကျပ် ၆၃ ဒသမ ၂၉၅ ဘီလီယံရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်မှာအစီရင်ခံခဲ့တာကြားသိရပါတယ်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှာ အရက်ထုတ်လုပ်ရောင်းချမှုမှာ ငွေ ကျပ် ၁၃ ဒသမ ၅၈၇ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၆၉ ဒသမ ၇၁၅ ဘီလီယံရရှိခဲ့တဲ့အတွက် မြန်မာ နိုင်ငံမှာ အရက်သောက်သုံးမှု တစ်နှစ်ထက်တစ်နှစ် ပိုများပြားလာခဲ့တာကို စာရင်းဇယားများအရ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

အချပ်ပို(ယ)သို့

ရွှေလင်ပန်းစက်မှုဇုန် ကနောင်မင်းသားကြီးလမ်း ဆိုးရွားစွာပျက်စီးနေမှုကြောင့် စက်ရုံအလုပ်သမားများနှင့် ကွန်တိန်နာယာဉ်များသွားလာရေး အခက်အခဲကြုံနေ

ရန်ကုန်တိုင်းဒေသကြီးတွင် အကြီးဆုံးစက်မှုဇုန်ဖြစ်သော လှိုင်သာယာစက်မှုဇုန်၌ လမ်းများပျက်စီးမှုသည် မိုးရာသီတွင် အများဆုံးဖြစ်ပေါ်နေလျက်ရှိရာ ရွှေလင်ပန်းစက်မှုဇုန်ရှိ ကနောင်မင်းသားကြီးလမ်းမှာ စက်ရုံဆင်းအလုပ်သမားများနှင့် ကွန်တိန်နာယာဉ်များသွားလာရေးအခက်အခဲကြုံတွေ့နေရလျက်ရှိ၍ ထိုကတ္တရာလမ်းမှာ မိုးရာသီတွင် ဆိုးရွားစွာပျက်စီးနေသည်ကို တွေ့ရသည်။

"ရွှေလင်ပန်းစက်မှုဇုန်လမ်းတွေ ပျက်နေတာကြာပြီ။ စက်ရုံကားနဲ့ ပြန်တဲ့သူတွေတောင် သွားလာရေးခက်ခဲရင် လမ်းလျှောက်ပြန်ရတဲ့ စက်ရုံအလုပ်သမားတွေ ပိုဆိုးတာပေါ့ဗျာ။လမ်းကောင်းနေရင် မိုးရေလျှံပေမယ့် တော်သေးတယ်။ လမ်းမကောင်းတော့ ယာဉ်ကော လူပါ သွားလာရတာ အဆင်မပြေဘူး။ ညပိုင်းမှာ ယာဉ်တိုက်မှု ဖြစ်တာ၊ ချိုင့်ထဲကျပြီး ယာဉ်တိမ်းမှောက်တာတွေ မကြာခဏဖြစ်တယ်။ သွားနေကျသူတွေ ဘယ်နေရာချိုင့်ခွက်ရှိ တာသိပေမယ့် အချို့ယာဉ်မောင်းတွေမသိတော့ သွားလာ ရေးလည်း ပိုခက်ကုန်တာပေါ့။ ရွှေလင်ပန်းစက်မှုဇုန်ရုံးအနီးက ချိုင့်ကပိုကြီးတယ်"ဟု အထည်ချုပ်စက်ရုံယာဉ်မောင်း ကိုသီဟက ပြောသည်။

လှိုင်သာယာမြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ကျန်စစ်သားလမ်းမကြီးမှာ ရွှေလင်ပန်းမီးသတ်စခန်းအဝိုင်းကြီးတွင် ကနောင်မင်းသားကြီးလမ်းအဖြစ် ရွှေပြည်သာတံတားသို့ ဖြတ်သန်းဖောက်လုပ်ထားလျက်ရှိရာ စက်ရုံကြို/ပို့ယာဉ်များ၊ စက်ရုံဆင်းအလုပ်သမားများနှင့် ကုန်စည်ပို့ဆောင်သော ကွန်တိန်နာယာဉ်များမှာ ရွှေလင်ပန်းစက်မှုဇုန် ကနောင်မင်းသားကြီးလမ်းမှ ဖြတ်သန်းရာတွင် ကတ္တရာလမ်းမှာ ကြီးမားစွာပေါက်ပြဲနေမှုကြောင့် ယာဉ်ကြီးများ လမ်းကောင်းသောနေရာဘက် ကိုသာ ရှောင်တိမ်းမောင်းနှင်ရာတွင် စက်ရုံဖယ်ရီများနှင့် အခြားကွန်တိန် နာယာဉ်များနှင့်လည်းကောင်း၊ ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် လည်းကောင်း ထိခိုက်မှုများမကြာခဏဖြစ်ပွားလျက်ရှိပြီး ညပိုင်းတွင် ပိုမိုဖြစ်ပွားလျက်ရှိရာ ဆိုးရွားစွာပျက်စီးနေသော အဆိုပါ ကနောင်မင်းသားကြီးလမ်းအား စက်ရုံအလုပ်သမားများနှင့် ယာဉ်များဖြတ်သန်းသွားလာရာတွင် အဆင်ပြေချောမွေ့စေလျက် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် စက်မှုဇုန်မှ အမြန်ဆုံးပြုပြင်ဖာထေးရန်လိုအပ်နေကြောင်း သိရသည်။

ဓာတ်ပုံ-သစ္စာ

မောင်သင်းပျံ့

Water Bus ဇူလိုင်လအတွင်း စတင်ပြေးဆွဲနိုင်မည်

ဆုနှင်းလဲ့

ရန်ကုန်မြို့၏ မြစ်ချောင်းများအတွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း Water Bus ပြေးဆွဲခြင်းကို လာမည့်ဇူလိုင်လအတွင်း စတင်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

Yangon Water Bus ပြေးဆွဲခြင်းကို ဇွန်လအတွင်း စတင်နိုင်ရန် ပြင်ဆင်ထားသော်လည်း ပြည်ပမှ တင်သွင်းလာမည့် ရေယာဉ်များမရောက်ရှိသေးခြင်းကြောင့် ဇူလိုင်လအတွင်း တွင် စတင်ပြေးဆွဲနိုင်မည်ဟု သိရသည်။

"Water Bus ပြေးဆွဲဖို့ကတော့ ဆိပ်ကမ်းပိုင်းဆိုင်ရာတွေ ဆိုက်ကပ်ဖို့တွေ အားလုံးကတော့ အဆင်သင့်ဖြစ်နေပါပြီ။ ပြည်ပကနေလာမယ့် ရေယာဉ်တွေရောက်ရှိလာဖို့ပဲ လိုပါတော့တယ်။ မကြာမီရောက်ရှိလာမှာဖြစ်တဲ့အတွက် ဇူလိုင်လအတွင်း ပြေးဆွဲနိုင်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Yangon Water Bus ခရီးစဉ်အနေဖြင့် ရန်ကုန်-အင်းစိန်-လှိုင်သာယာခရီးစဉ်ကိုပထမဦးဆုံးအနေဖြင့် စတင်ပြေးဆွဲသွားမည်ဟု ပြီးခဲ့သည့် မေ ၅ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အဆိုပါလုပ်ငန်းကို တင်ဒါအောင်၍ ဆောင်ရွက်ခွင့်ရရှိခဲ့သူ တင့်တင့်မြန်မာကုမ္ပဏီများအုပ်စုမှ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောကြားခဲ့သည်။

ခရီးစဉ်များအဖြစ် ရေလမ်းကြောင်း ခရီးစဉ်သုံးခုပြေးဆွဲသွားရန်စီစဉ်ထားပြီး ကနဦးအနေဖြင့် လှိုင်သာယာ-ရန်ကုန် ခရီးစဉ်၊ ဆက်လက်၍ သန်လျင် Star City အိမ်ရာဘက်သို့ခရီးစဉ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ဘေလီတံတားအနီးမှ ရန်ကုန်မြို့တွင်း ဗိုလ်တထောင်ခရီးစဉ်တို့ကို ပြေးဆွဲအကောင်အထည်ဖော်သွားမည်ဟု Yangon Water Bus သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

"မြစ်ကြောင်းသုံးကြောင်းဖြစ်တဲ့အတွက် မြစ်ပုံစံသုံးမျိုးကွဲနေတဲ့အပေါ်မှာ သင်္ဘောအမျိုးအစား သုံး၊ လေးမျိုးနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သင်္ဘောတွေကိုလည်း နေရာသုံးနေရာဖြစ်တဲ့ ဩစတြေးလျက ဝယ်ယူထားသလို ထိုင်းနိုင်ငံမှာလည်း ဆောက်လုပ်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း ဆောက်လုပ်နေပါတယ်"ဟု ဒေါ်တင့်တင့်လွင်က ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

စတင်ပြေးဆွဲမည့် ခရီးစဉ်တွင် ခရီးစဉ်လမ်းကြောင်းတစ်လျှောက် မှတ်တိုင်များမှာ အင်းစိန်ကြိုးတံတားအနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်ဘူတာရုံလမ်း၊ ကြည့်မြင်တိုင်(ဈေးကြီးတံတား)၊ လသာ(လမ်းသစ်တံတား)၊ ပန်းဆိုးတန်း(နန်းသီတာ)၊ ဗိုလ်တထောင်(တံတားအမှတ် ၄) တို့ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။ ဆိပ်ကမ်းများတွင်လည်းစနစ်တကျ လက်မှတ်အရောင်းကောင်တာများ၊ စက်ဘီးရပ်နားနိုင်ရန် နေရာများ၊ ရေယာဉ်ပေါ်တွင် အစားအသောက်ရောင်းချခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကနဦးအနေဖြင့် လက်မှတ်စနစ်ပုံစံပြေးဆွဲသွားမည်ဖြစ်ကာ ဆက်လက်၍ ကတ်စနစ်၊ မိုဘိုင်းဆော့ဖ်ဝဲမှတစ်ဆင့် လက်မှတ်ဝယ်ယူသည့်စနစ်၊ အွန်လိုင်းလက်မှတ်ဝယ်စနစ်၊ ငွေပေးချေစနစ်ကို တိုးချဲ့သွားမည်ဟုသိရသည်။ အသုံးပြုမည့် ရေယာဉ်များကိုလည်း ဩစတြေးလျ၊ ထိုင်းနိုင်ငံတို့မှ မှာယူထားပြီး ပြည်တွင်းတွင်လည်းတည်ဆောက်နေကြောင်း သိရသည်။ အဆိုပါပြည်ပမှ မှာယူထားသည့် ရေယာဉ်များရောက်ရှိလာသည်နှင့် Water Bus ခရီးစဉ်များကို စတင်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

Yangon Water Bus ပြေးဆွဲခြင်းကို ဇွန်လအတွင်း စတင်နိုင်ရန် ပြင်ဆင်ထားသော်လည်း ပြည်ပမှတင်သွင်းလာမည့် ရေယာဉ်များ မရောက်ရှိသေးခြင်းကြောင့် ဇူလိုင်လအတွင်းတွင် စတင်ပြေးဆွဲနိုင်မည်

"လှိုင်သာယာ-ဗိုလ်တထောင်ခရီးစဉ်က ဘယ် boat နဲ့မဆို ပြေးဆွဲလို့ရပါတယ်။ အခု ဩစတြေးလျက ဝယ်ယူထားတဲ့ သင်္ဘောတွေနဲ့ ပြေးဆွဲသွားမှာပါ။ ငမိုးရိပ်ချောင်းကတော့ သဲသောင်တွေရှိတာရယ်၊ သဲသင်္ဘောတွေရှိတာရယ်ကြောင့် သင်္ဘောအသေးနဲ့ပဲ ပြေးဆွဲလို့ရပါတယ်။ သန်လျင် Star City ဘက်ကိုပြေးဆွဲမယ့်ဟာကတော့ ပင်လယ်ဘက်နဲ့ကပ်နေတဲ့အတွက်ကမ်းရိုးတန်းပြေးတဲ့ သင်္ဘောမျိုးတွေနဲ့ ပြေးဆွဲမှာပါ" ဟု ဒေါ်တင့်တင့်လွင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

Water Bus ခရီးစဉ်များနှင့် ပတ်သက်၍ ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစွာဖြင့် သွားလာနိုင်ရေးကို အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က အဓိကထားကြပ်မတ်ကာ ဆောင်ရွက်စေလျက်ရှိပြီး အဆိုပါကုမ္ပဏီကလည်း ဟန်ဂေရီနိုင်ငံတွင် အသုံးပြုနေသည့် ဂျီပီအက်စ်စနစ်ကိုအသုံးပြု၍ ထိန်းချုပ်စင်တာမှတစ်ဆင့် သင်္ဘောမောင်းသူများ သတ်မှတ်ထားသည့်အရှိန်ထက် ပိုမောင်းခြင်းများသတိပေးခြင်း၊ သင်္ဘောအန္တရာယ်တစ်ခုခုကြုံပါက ကူညီကယ်ဆယ်ရေးများလုပ်ဆောင်နိုင်ရန် ပြင်ဆင်ထားခြင်းစသည်တို့ကို ဂျီပီအက်စ်စနစ်ဖြင့် ထိန်းချုပ်သွားမည်ဟု သိရသည်။



အချပ်ပို(ဂ)မှ

အလားတူ မြန်မာနိုင်ငံရဲ့ ဘီယာသောက်သုံးမှုက ထိုင်း၊ ဗီယက်နမ်တို့နဲ့ နှိုင်းယှဉ်ရင် ၁၀ ပုံ ၁ ပုံခန့်သာရှိပေမယ့် ၂၀၁၄ ခုနှစ်မှာ ကီလိုလီတာပေါင်း ၂၁၀၀၀၀ အထိရှိခဲ့တယ်လို့ စာရင်းများအရ သိရတယ်။

၂၀၁၈ ခုနှစ်ရောက်ရင် ၂၀၁၃ ခုနှစ်ရဲ့ဈေးကွက်ပဏာမထက်နှစ်ဆကျော်မြင့်တက်လာမယ်လို့လည်း ဘီယာကုမ္ပဏီများက မျှော်မှန်းထားကြတယ်။ လက်ရှိ မြန်မာ့ဈေးကွက်မှာတော့ မန္တလေးဘီယာလုပ်ငန်းကို ဂျပန်ယန်းသန်းပေါင်းများစွာ ပေးဝယ်ဖို့စီစဉ်နေတဲ့ ဂျပန်နိုင်ငံအခြေစိုက် Kirin Holding ကုမ္ပဏီက နယ်သာလန်အခြေစိုက် Heineken နဲ့ ဒိန်းမတ်အခြေစိုက် Carlsberg စတဲ့နာမည်ကျော် ပြိုင်ဘက်များနဲ့ယှဉ်ပြိုင်နေဆဲပါ။

ကျွန်တော်ကတော့ ဘီယာအရောင်းမြှင့်တင်ရေး လုံမပျိုလေးတွေငေးကြည့်ရင်း တစ်ခေတ်တစ်ခါက ရန်ကုန်လက်ဖက်ရည်ဆိုင်လေးတွေကို လွမ်းနေမိပါရဲ့။